
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၂၀၀၂၀၉၀၂၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၁၀၀၄၀၉
ထုတ်ဝေသူ
ဦးကျော်ဆန်း (မြ-၀၉၃၂)
(ရဲအောင်စာအုပ်တိုက်)
အမှတ်(၂)၊ ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
အတွင်းမျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင် ,(ရွှေခြင်္သေ့ပုံနှိပ်တိုက်) (မြ-၀၅၄၁၇)
အမှတ် (၂၂၅)၊ ၃၂-လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
ကွန်ပျူတာစာစီ - ခန့်ခန့်ဆင့်
ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ မေလ။
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၀၀ ကျပ်
ဖြန့်ချိရေး - စိုးမိုးစာပေ

၈၉၅ . ၈၃
နိုင်ဗိမာန်
ဂမ္ဘီရမောင်းညို / နိုင်ဗိမာန် ။ - ရန်ကုန်
ရဲအောင်စာပေ၊ ၂၀၀၉
၂၆၄ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ဂမ္ဘီရမောင်းညို

## အခန်း (၁)

### ဂမ္ဘီရ ဇာတ်လမ်းရှာဖွေနေသူ

တစ်နေ့သော နေ့လည်ခင်းအချိန်တွင် စာရေးဆရာ မင်းဒိဗ္ဗက သူ့ရှေ့မှ စားပွဲပေါ်တွင် စာရွက်စာတမ်းများကိုချကာ စာရေးနေသည်။ စာရေးဆရာ မင်းဒိဗ္ဗက ဂမ္ဘီရဇာတ်လမ်းကို ရေးသားပြီး စာအုပ်ထုတ်နေသူ တစ်ဦးဖြစ်သည်။

ယခင်ကတော့ မဂ္ဂဇင်း ဂျာနယ်မျိုးစုံတွင် ကလောင်အမည်မှိုင်းလုံးညီဖြင့် စာမျိုးစုံရေးသားနေသူဖြစ်သည်။ စာရေးသက်(၂၅)နှစ်ကာလအတွင်း စာမျိုးစုံပုဒ်ရေ (၁၅၀၀)ခန့် ရေးသားခဲ့သော်လည်း လုံးချင်းတစ်အုပ်မှမထွက်ခဲ့။ သူနှင့်တစ်ချိန်တည်း ရေးခဲ့ကြသော ရေးဖော်တွေကလုံးချင်းဝတ္ထုတွေ ဟိုတစ်အုပ်၊ ဟောတစ်အုပ်ထွက်နေတာ မြင်ရတော့ မှိုင်းလုံးညီ အားကျလာသည်။

www.burmeseclassic.com



ပြီးတော့ သည်နှစ်ပိုင်းအတွင်း အချစ်ဝတ္ထုတွေထက်စာလျှင် ဂမ္ဘီရဝတ္ထုတိုတွေကို မဂ္ဂဇင်းများတွင်ရေးသားကြသည်။ စာရေးဆရာ (၇)ဦးလောက်ပေါင်းပြီး ဂမ္ဘီရဝတ္ထုတိုများဟု လုံးချင်းထုတ်ကြသည်။ စာအုပ်ရောင်းရသည့်ဈေးကွက်ကောင်းလာသည်နှင့်အမျှ ထုတ်ဝေသူအတော်များများမှာ ဂမ္ဘီရဝတ္ထုရှည်များကိုသာ အားသွန်ခွန်စိုက်ထုတ်ဝေလာကြသည်။

BURMESE CLASSIC

သူလည်း ဂမ္ဘီရ။ ငါလည်း ဂမ္ဘီရပေါ့။

ဂမ္ဘီရ ဝတ္ထုတွေနှင့်နာမည်ကြီးနေသည့် သူဌေးဖြစ်သွားကြသည့် စာရေးဆရာတွေကလည်း ရှိနေတာကိုး။ ကဗျာဆရာများပင် ဂမ္ဘီရစာရေးဆရာများဖြစ်ကုန်ကြသည်။

သည်တော့ မှိုင်းလုံးညိုကလည်း ကလောင်တစ်ခုမွေးလိုက်သည်။ မင်းဒိဗ္ဗ တဲ့။ သည်ကလောင်နာမည်ဖြင့် ဂမ္ဘီရ ဝတ္ထုရှည်ရေးသားပြီး ထုတ်ဝေသူများကိုလိုက်ပြသည်။ ထုတ်ဝေသူတွေက သူ့ဂမ္ဘီရဝတ္ထုရှည်များကို ထုတ်ဝေပေးသည်။ အခြားစာရေးဆရာတွေ တစ်လတစ်အုပ်ထုတ်နေချိန်တွင် မင်းဒိဗ္ဗက တစ်နှစ်မှနှစ်အုပ်လောက် ထွက်နေတော့ သူ့နာမည်က ပေါ်လာလိုက်၊ ပျောက်သွားလိုက်ဆိုသလို ဖြစ်နေသည်။

အခြားထုတ်ဝေသူကို ရေးပြီးသမျှလိုက်ပြတော့လည်း သူတို့





ဘိုက်မှာ ရေးနေသူတွေများနေလို့ပါဟု လက်ကာပြသည်။

သူ့လက်ထဲတွင် ရေးပြီးသား ငါးအုပ်လောက်ရှိနေသ...။ ဆက်လက်ရေးဖို့လည်း အားမွေးထားသည်။ သူ့ကိုလက်ရှိ ထုတ်ဝေပေးနေသော ထုတ်ဝေသူကလည်း ငွေအင်အားမတောင့်တင်း။ တစ်အုပ်ထုတ်ပြီးစာအုပ်ဖိုးငွေတွေပြန်သိမ်းပြီးတော့မှ နောက်တစ်အုပ် ထုတ်ဝေနေရသည့်အခြေအနေ။

သည်တော့ မှိုင်းလုံးညို စိတ်ပျက်လာသည်။ ထုတ်ဝေရေးလုပ်ငန်းကို စနစ်တကျလေ့လာပြီး သူ့စာမူကိုသူကိုယ်တိုင် ထုတ်ဝေသည်။

မင်းဒိဗ္ဗ၏ ဝတ္ထုကတော့ အကောင်းဆုံးဝတ္ထု။

အံ့ဩထိတ်လန့်စရာများ ရေးသားထားသဖြင့် စိတ်ဝင်စားစရာ အမှန်ပင်ကောင်းသည်။

ရောင်းတန်းဝင်စာအုပ်ဖြစ်သွားပြီ စသဖြင့် စာဖတ်ပရိသတ်များက ချီးကျူးဝေဖန်ကြလိမ့်မည်ဟု မင်းဒိဗ္ဗက မျှော်လင့်ထားခဲ့သည်။ ...ဝတ္ထုဇာတ်လမ်းကို အကောင်းဆုံးဖြစ်အောင် ကြိုးစားရေးသား...ခဲ့သည်ကိုး။

မင်းဒိဗ္ဗ၏ စွန့်စားခြင်းတစ်ရပ်ဆိုကလည်း မမှားပါချေ။

သို့ပေမယ့် သူ့ဂမ္ဘီရလုံးချင်းက ထင်သလောက် ရောင်း



www.burmeseclassic.com

www.burmeseclassic.com



မကောင်း။ မိတ်ဆွေအပေါင်းအသင်းများက အားမလျှော့ဘဲ ဆက်ပြီး ကြိုးစားဖို့ တိုက်တွန်းကြသည်။

မင်းဒိဗ္ဗကလည်း စာပေနှင့်ပတ်သက်လာလျှင် ဖွဲကြီးပြီးသား ဝါသနာပါလွန်း၍ စာစတင်ရေးစက မဂ္ဂဇင်းများသို့ စာမူပို့လျှင် ပထမပိုင် အပယ်ချည်းခံနေရသည်။ မင်းဒိဗ္ဗက စိတ်ဓာတ်မကျ။ တစ်ပုဒ်ပယ်လျှင် နှစ်ပုဒ်ထပ်ပို့သည်။

ဟော အဲသလို ကြိုးစားတော့ မဂ္ဂဇင်းစာမျက်နှာများတွင် သူ နာမည်ရခဲ့သည်။ စာမျိုးစုံရေးနိုင်သည့် စာရေးဆရာဟု ချီးကျူး ခြင်းခံရသည်။

မဂ္ဂဇင်းလောကနှင့် လုံးချင်းလောကက မတူ။ မဂ္ဂဇင်း စာရေးဆည့်ဖေပါင်းစုံ၏လက်ရာမျိုးစုံဖြင့် သွားရသော ခရီး။ လုံးချင်း လောကကတော့ တစ်ယောက်တည်းသွားရသော လမ်း။

မိမိဇာတ်လမ်းက စာဖတ်သူကို အလွန်ဆွဲဆောင်နိုင်မှ ပေါ် ရောက်နိုင်မည်ကို သိနေသည်။

မင်းဒိဗ္ဗက ကိုယ်ပိုင်လုံးချင်းစာအုပ် သုံးအုပ်ထုတ်ဝေပြီးခဲ့ တွင် ထုတ်ဝေသူတို့၏ဘဝကို စာနာလာမိသည်။ စာအုပ်ဖိုးလိုက်သိ နေသော သူတို့၏ဘဝကို ခံစားတတ်လာသည်။

သူ့စာအုပ်တွေက ထင်သလောက် မရောင်းရသဖြင့် သူ့အ





သည် စီးပွားရေး အခက်အခဲများနှင့်တွေ့ကြုံရင်ဆိုင်လာရသည်။ တင်းထားသော ဖွဲကို မလျှော့အောင် ထိန်းထားရသည်။

မင်းဒိဗ္ဗက ထူးဆန်းသော အကြောင်းအရာများကို ရှာဖွေ၍ ရေးသားနေဆဲဖြစ်သည်။ သူ့အဘ(သူ့အမေ၏အဖေ)က မင်းဒိဗ္ဗ စာရေးနေသည်ကို ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်နေရာမှ ကြည့်ရင်း ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

သူ့အဘ ဦးဝိုင်းက မင်းဒိဗ္ဗကို အောင်မြင်စေချင်သဖြင့် အားပေးသည်။ မင်းဒိဗ္ဗ၏ စာအုပ်များကို ဖတ်ရှုပြီး ဝေဖန်အကြံပေးသည်။ မင်းဒိဗ္ဗက ဆေးပေါ့လိပ်ကိုဖွာရှိုက်ရင်း စဉ်းစားနေသည်။ သူ့အဘ ဦးဝိုင်းက မင်းဒိဗ္ဗ၏ စာရေးစားပွဲအနီးသို့လျှောက်လာသည်။

"ဟဲ့ ငါ့မြေး စဉ်းစားလှချည်လား"

သူ့အဘိုး ဦးဝိုင်း၏စကားသံကြောင့် မင်းဒိဗ္ဗ ပခုံးတွန့်သွား၏။

"ဟုတ်တယ် အဘရယ်၊ ရေးနေရင်း ဘယ်လိုဆက်ရေးရရင်ကောင်းမလဲလို့ စဉ်းစားနေတာ"

"တကယ့်အဖြစ်အပျက်တွေက စိတ်ကူးယဉ်ဇာတ်လမ်းတွေထက် အကြောင်းအရာ ပိုမိုနိုင်မြဲတာပေါ့ကွယ်"

"ဟုတ်ပါတယ် အဘ"



www.burmeseclassic.com

www.burmeseclassic.com



''တကယ်တော့ လူလေးရဲ့ ဂမ္ဘီရဆိုတာ အကြမ်းဖျဉ်းပြောမယ်ဆိုရင် နက်နဲတော့ ထူးခြားဆန်းကြယ်တာလို့ အဓိပ္ပါယ်ရတယ်၊ လူဆိုတာ စပ်စုတတ်တဲ့သဘောဆန္ဒရှိကြတယ်၊ ဘာကိုမဆိုသိချင် တယ်၊ အဲ့ဒီလူတွေရဲ့ သိချင်တဲ့ဆန္ဒဟာ အစာအဟာရကို မှီဝဲသုံး ဆောင်လိုတဲ့ ဆန္ဒလိုပဲ ကြီးမားတယ်၊

လူတွေဟာ စူးစမ်းလိုတဲ့စိတ်ကြောင့် အာဖရိကတောနက်ထဲ၊ အမေဇုန်တောနက်ထဲကို ဝင်ကြတယ်၊ ဧဗရက်တောင်ထိပ်ကို တက်ကြတယ်၊ သမုဒ္ဒရာကြမ်းပြင်အောက်ကို ဆင်းသက်ကြတယ်၊ ဒီလူစွန့်စားတွေဟာ ချီးကျူးစရာပါပဲ၊ လေးစားဖို့လည်း ကောင်းတယ်၊

ဘာဖြစ်လို့လည်းဆိုတော့ သာမန်လူတွေ မဆောင်ရွက်နိုင်တဲ့အလုပ်ကို သူတို့က သက်စွန့်ဆံဖျားကြိုးစားကြတာကိုး။ အဲဒီအတွက် အဘတို့က တောအကြောင်း၊ တောင်အကြောင်း၊ ပင်လယ်အကြောင်းတွေကို သိကြရတယ်၊ အဲဒီတောထဲတောင်ထဲ ပင်လယ်ထဲက သယံဇာတတွေကို ထုတ်ယူသုံးစွဲနိုင်ခဲ့ကြတယ်

ထူးခြားနက်နဲတဲ့အကြောင်းအရာတွေထဲမှာ စိတ်ပိုင်းနဲ့ဆိုင်တဲ့အကြောင်းအရာတွေက ပိုပြီးနက်ရှိုင်းတယ်၊ တကယ်တော့ ဂမ္ဘီရပညာဟာ စိတ်ပိုင်းနဲ့ဆိုင်တယ်ကွ၊ အဲဒါအပြင် ဘယ်နယ်ပယ်မှာမဆို နက်နဲတဲ့ပညာတွေဟာ ယှဉ်တွဲနေတတ်ကြတယ်၊ ဒီကိစ္စဟာ ဘယ်





အကြောင်းကြောင့်ဖြစ်လာရသလဲဆိုတာကို သိပ္ပံနည်းနဲ့စူးစမ်းလို့မရဘူး၊ တောအကြောင်း၊ တောင်အကြောင်း၊ ပင်လယ်အကြောင်းကို အစဉ်တစိုက်လေ့လာနေသူတွေကတော့ အဖြေကိုသိလိမ့်မယ်''

''ဟုတ်ပါတယ် အဘ၊ လူနဲ့လူ့ပတ်ဝန်းကျင်ထဲမှာ ထူးခြားဆန်းကြယ်အံ့သြဖွယ်ရာ ဖြစ်ရပ်တွေအများကြီးပဲရှိပါတယ်၊ တစ်ခါတလေမှာ ဘယ်လိုမှတွေးခေါ်စဉ်းစားမရအောင် လောကသဘာဝ တွေကို ဂမ္ဘီရလို့ဆိုမလား၊ ဘယ်လိုဆိုရမှန်းတောင် မသိတော့ပါဘူး''

''အဘ အသက်ငါးဆယ်အရွယ်လောက်က မန္တလေးတဲ့ဆွေမျိုးသားချင်းတွေဆီ သွားလည်ရင်း မန္တလေးရဲ့အနီးအပါးမှာရှိ်တဲ့ ခေတ်ပုထိုးတွေကို ဖူးတယ်၊ မရောက်ဘူးသေးတဲ့ ရွာတွေကို လျှောက်သွားတယ်၊ မိတ်ဆွေတစ်ဦးက အတင်းခေါ်တာနဲ့ မန္တလေးနဲ့မိုင်နှစ်ဆယ်လောက်ဝေးတဲ့နေရာက ရွာတစ်ရွာကိုရောက်သွားတယ်၊ မိတ်ဆွေက အဘကို မယုံကြည်နိုင်အောင် ထူးဆန်းတဲ့အရာကို ပြချင်လို့ခေါ်သွားတာ၊

အဲ့ဒီ ထနောင်းစုဆိုတဲ့ ရွာရဲ့အရှေ့ဘက်မှာ တောကြီး ရှိတယ်၊ အဲဒီတောထဲမှာ ကျောက်တောင်တွေရှိတယ်၊ အဲဒီ ကျောက်တောင်တွေထဲက ကျောက်တောင်လေး တစ်တောင်အောက်က ကျောက်ခွက်ထဲကို ဆင်းသွားတယ်၊ ကျောက်တောင်အောက်မှာ ရေကန်လေးတစ်ခုလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာပေါ့၊ ကျောက်ခွက်ထဲက ရေကကြည်လင်နေတာပဲ၊

အဲဒီ ကျောက်ခွက်ထဲက ရေကိုစင်ကြယ်စွာ အသုံးပြုရင် ကျောက်တောင်က ရေစိမ့်ထွက်နေတယ်၊ အသုံးမပြုရင်တော့ ကျောက်တောင်က ရေထွက်တာ ရပ်သွားတယ်လို့ မိတ်ဆွေက ပြောပြတယ်၊ အဲဒါ သစ္စာဆိုထားတာတဲ့၊

မိတ်ဆွေက အဲသလိုပြောတော့ အဘက စိတ်ဝင်စားသွား

ထဲ ကာပေါ့၊ ဘယ်လိုသစ္စာဆိုခဲ့တာလဲ မေးကြည့်တော့ စော်ဘွားနဲ့

တက် စော်ဘွားကတော်တို့က သစ္စာဆိုသွားကြတာတဲ့''

ဒီလူစွ ဦးဝိုင်းက ဆေးပြင်းလိပ်ကို မီးညှိဖွာရှိုက်နေသည်။

''အဲသလို သစ္စာမဆိုခင်တုန်းက ကသည်းသူပုန်တွေက သိန္နီ

တဲ့ သီပေါနယ်တွေကို ကျူးကျော်တိုက်ခိုက်တယ်၊ စစ်ရှုံးသွားတဲ့ စော်ဘွားနဲ့စော်ဘွားကတော် အပေါင်းအပါတွေက ဒီဒေသဘက်ကို ထွက်ပြေးတိမ်းရှောင်လာကြတယ်၊ ကသည်းသူပုန်တွေက မြားနဲ့လိုက်ပစ်လို့ ဒီတောထဲမှာ ပုန်းအောင်းနေကြတယ်၊ သူတို့က မန္တလေး နေပြည်တော်ကို သွားရောက်ခိုလှုံဖို့ စိတ်ကူးပြီး ပြေးလာကြတယ်လေ၊ ကသည်းသူပုန်တွေက သူတို့ကို အသေသတ်ဖို့ လိုက်လာကြတာ။

အသက်လုပြီး ပြေးလာရတာဆိုတော့ ရက်ပေါင်းများစွာ အစာငတ် ရေငတ်နေတာပေါ့၊ ဒီတော့ စော်ဘွားက





''ငါတို့သည် သူတစ်ပါးနယ်ကို မကျူးကျော်၊ သူတစ်ပါး ကသာ မိမိထံသို့လာရောက်တိုက်ခိုက်သဖြင့် ထီးနန်းစွန့်ပစ်ပေးခဲ့ရ တာပါ၊ သည်သစ္စာ စကားမှန်ပါလျှင် ကသည်း သူပုန်များက မိမိတို့အား မတွေ့မမြင်ပါစေနှင့်၊ ဒီကျောက်တောင်မှအေးမြကြည်လင် သော ရေသည် သူ့အလိုလိုထွက်လာပြီး သောက်သုံးရပါစေသား''

လို့ သစ္စာဆိုတယ်၊ သီလကို အစဉ်အမြဲစောင့်ထိန်းတဲ့ စော်ဘွားဒေဝီ ကလည်း သစ္စာဆိုတယ်၊

အဲဒီအခါ ကျောက်တောင်ကြားထဲက အေးမြကြည်လင်တဲ့ ရေတွေကျလာတာကို သူတို့အားလုံး ထူးဆန်းစွာမြင်တွေ့လိုက်ရတယ်၊ အဲဒီရေကို သူတို့သောက်သုံးကြရတယ်၊ အဲဒီအချိန်မှာ ကသည်း သူပုန်တွေက တောင်အောက်က တက်လာပြီး သူတို့ကို ဝိုင်းထား လိုက်ကြတယ်၊ သူတို့ကို ကသည်းသူပုန်တွေက ဖမ်းဆီးလိုက်ကြတယ်၊ ကျောက်တောင်က ထွက်နေတဲ့ရေဟာ ရုတ်ချည်းရပ်သွားတယ်၊

ကသည်း သူပုန်တွေက စော်ဘွားလင်မယားနဲ့အပေါင်းအပါ တွေကို ဖမ်းဆီးခေါ်ဆောင်လာတဲ့အချိန်မှာ စော်ဘွားရဲ့တပ်တွေက လမ်းကဖြတ်တိုက်ပြီး အနိုင်ယူလိုက်တယ်၊ အဲဒီကတည်းက ကျောက် တောင်က ရေထွက်နေတာ အခုထက်ထိပဲလို့ဆိုတယ်၊ အဲဒီ ရေထွက် နားမှာ မဖွယ်မရာမပြုရဘူး၊ ရေချိုးလို့မရဘူး၊ မသန့်စင်တဲ့လက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ရေမခပ်ရဘူး၊ စော်ဘွားလင်မယားရဲ့သစ္စာတရားကြောင့် ဒီလောက် သိပ်သည်းနေတဲ့ ကျောက်တောင်က အပေါက်မရှိဘဲ ရေတွေစိမ့် ထွက်နေတာ ဘယ်လောက်အံ့ဩစရာကောင်းသလဲ၊ အဲဒါ ဂမ္ဘီရကွ''

''အဲသလို ဂမ္ဘီရဆန်တဲ့ ဖြစ်ရပ်မျိုးတွေကို ကျွန်တော်က ဓာတ်လမ်းရေးချင်တာ အဘရဲ့''

မင်းဒိဗ္ဗက အားတက်သရော ပြောလိုက်သည်။

''အဲဒါဆိုရင်တော့ အဘမိတ်ဆွေတစ်ဦးမြေးဆီကို ငါ့မြေး သွားရောက်တွေ့ဆုံပြီး သူ့အဘိုးကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေကို သွားမေးပေတော့''

''အဘမိတ်ဆွေရဲ့မြေးက ဘယ်မှာနေတာလဲ''

''လိပ်စာနဲ့တကွ ခရီးစဉ်ကို အဘပြောလိုက်မှာပေါ့''

အဘ ဖြစ်သူ၏လမ်းညွှန်စီစဉ်ပေးချက်အရ မင်းဒိဗ္ဗက အဘ၏မိတ်ဆွေ ဦးမောင်ညို၏မြေးဖြစ်သူ ညိုအောင်ထံသို့ သွား ရောက်တွေ့ဆုံရန် စိတ်ကူးထားသည်။ ဦးမောင်ညို ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို စာအုပ်တစ်အုပ် ရေးသားရန် စိတ်ပိုင်းဖြတ် လိုက်သည်။

အဘဖြစ်သူ ဦးပိုင်းက မင်းဒိဗ္ဗကို သူ့မိတ်ဆွေ၏မြေး လိပ်စာကို ရေးပေးပြီး သွားရမည့်ခရီးစဉ်ကို အမှားအယွင်းမရှိစေရန် မြေပုံဆွဲပြသည်။





မင်းဒိဗ္ဗက သူမရောက်ဘူးသေးသည့် ဒေသသို့ သွားရမည်မို့ စိတ်ထဲတွင် တစ်မျိုးဖြစ်နေသည်။

''ကိုမောင်ညိုက သတ္တိရှိတယ်၊ စိတ်ဓာတ်ကြံ့ခိုင်တယ်၊ အများအတွက်ဆိုရင် စွန့်လွှတ်အနစ်နာခံရဲတယ်၊ သူတွေ့ကြုံရတဲ့ အဖြစ်အပျက်တွေကို သူ့မြေးဖြစ်သူ ညိုအောင်ကို ကိုမောင်ညိုက ပြောပြခဲ့လို့ ကိုမောင်ညိုရဲ့အကြောင်းကို အသိဆုံးသူဟာ ညိုအောင် ဖြစ်နေတယ်''

''ဟုတ်ကဲ့ပါ အဘ''

တစ်နေ့ နံနက်တွင် မင်းဒိဗ္ဗက ဦးမောင်ညို၏မြေးဖြစ်သူ ညိုအောင်ရှိရာသို့ လာခဲ့သည်။ ညိုအောင်က (---)မြို့တွင် နေထိုင် သည်။ လမ်းခရီးတွင် မင်းဒိဗ္ဗက ညိုအောင်နှင့်တွေ့လျှင် မေးမြန်း ကြည့်မည့် အကြောင်းအရာများကို စဉ်းစားလာခဲ့သည်။ သည်လို အဖြစ်အပျက်ကောင်းမျိုးကို ရလျှင် ဓာတ်လမ်းကောင်းကောင်းဆင် ပြီး ရေးနိုင်မည်ကိုတွေးပြီး မင်းဒိဗ္ဗက မျှော်လင့်နေသည်မှာ ကြာပြီ။ သည်လို ဓာတ်လမ်းမျိုးကို စာဖတ်ပရိသတ်က နှစ်ခြိုက်သွားလျှင် သူသည် စာတစ်အုပ်တည်းနှင့်နာမည်ကြီးပြီ။ ရောင်းတန်းဝင် စာရေး ဆရာဖြစ်သွားပြီ။

ဦးမောင်ညိုနှင့်ပတ်သက်သော အကြောင်းအရာ အစိစိတ်

www.burmeseclassic.com



တစ်ဒေသကို မင်းဒိဗ္ဗ၏အဘိုးဖြစ်သူက ပြောပြခဲ့သည်။ ထိုအကြောင်းအရာများကို မင်းဒိဗ္ဗက ပြန်လည်စဉ်းစားနေမိသည်။

ဦးမောင်းညို၏မွေးရပ်ဇာတိသည် အထက်အညာဇာတိဖြစ်သည်။ စစ်ဘေးစစ်ဒဏ်ကို ရှောင်ရှားရင်း အရပ်ဒေသအသီးသီးသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ဦးမောင်းညိုတို့ ဆွေစဉ်မျိုးဆက် အားလုံးတို့သည် ရောက်လေရာ အရပ်ဒေသတွင် ဆန်စက်များ တည်ထောင်ကာ စပါးငွေကြိတ်ခဲ့သည်။ သို့ကြောင့် ဦးမောင်းညို တို့ဆွေစဉ်မျိုးဆက် အားလုံးသည် ချမ်းသာကြွယ်ဝခဲ့ကြသည်။ ဦးမောင်းညို ကွယ်လွန်သွားတော့ မိသားစုစီးပွားရေးကို ဦးမောင်းညို၏သား ဦးခွေးညိုက ဆက်လက်လုပ်ကိုင်ခဲ့သည်။ ဟော ယခုတော့ သူတို့မိသားစု၏ စီးပွားရေးလုပ်ငန်းများကို ညိုအောင်က ဦးစီးလုပ်ကိုင်နေသည်။

မင်းဒိဗ္ဗသည် ဦးမောင်းညို၏အကြောင်းကို ရေးသားရန် စိတ်အားထက်သန်နေသည်။ သို့ပေမယ့် မည်သည်ကစပြီး ရေးသားရမည်ကို စဉ်းစားမရဘဲရှိနေသဖြင့် စိတ်ပျက်သွားမိသည်။ မင်းဒိဗ္ဗ က ရည်ရွယ်ချက်တစ်ခုကို အောင်မြင်အောင် ဆောင်ရွက်တတ်သည့် ဖွဲ့ရိုးရာ စိတ်ပျက်နေမှုကို ဖျောက်ဖျက်ပစ်လိုက်သည်။

မင်းဒိဗ္ဗက 'ကိုယ်ပိုင်ကားများ မဝင်ရ' ဟူသော ဆိုင်းဘုတ်ကလေး ရေးထားသည့် လမ်းထဲသို့ ဝင်လာခဲ့သည်။ သည်လမ်းက





ကားကလေးတစ်စီးဝင်ရုံသာရှိသည်။ ကားဝင်လာလျှင် လူက လမ်းသွားဖို့မလွယ်တော့။ ထို့ကြောင့် လမ်းထိပ်တွင် စာရေးထားမှန်း မင်းဒိဗ္ဗက သိလိုက်သည်။ ကိုယ်ပိုင်ကားရှိသူများကို အမြင်ကပ်၍ လမ်းထဲသို့ အဝင်မခံလိုခြင်းမျိုးတော့ မဟုတ်ပါ။ လမ်းထိပ်မှ အိမ်တစ်အိမ်သို့ ဝင်မေးလိုက်သည်နှင့် ညိုအောင်၏အိမ်ရှိနေသည့် နေရာကို သိလိုက်ရသည်။ သည်လမ်းအဆုံးတွင် ညိုအောင်၏အိမ်က ထီးထီးမားမားကြီး ရှိနေသည်။

ဟိုးရှေးဆီတွင် ညိုအောင်၏အိမ်ကို လှမ်းမြင်နေရပြီး ရှေ့သို့ရောက်လျှင် ပန်းခြံအကွယ်မှ ခွေးကြီးများထွက်လာပြီး မင်းဒိဗ္ဗကို လှမ်းဟောင်နေသည်။ ခြံစည်းရိုးကို အုတ်တံတိုင်းခတ်ထားသည်။ ဝင်းပေါက်တံခါးနှစ်ချပ်ကို သံလုံးများဖြင့် ပြုလုပ်ထားသည်။ ခြံထဲက ခွေးကြီးများက ခြံအပြင်တွင် သူစိမ်းကိုမြင်သဖြင့် မာန်ဖီကာ ဟောင်နေသည်။

မင်းဒိဗ္ဗ ကထွားကြိုင်းသော ဇွေးကြီးများကိုသာ ကြည့်နေသဖြင့် ခွေးများ၏နောက်မှလိုက်လာသော မိန်းကလေးကိုမမြင်။

"ဒီမှာ လမ်းဆုံးနေပြီလေ၊ ရှင်က ဘယ်ကိုသွားမှာလဲ"

ဆိုသည့် မိန်းကလေး၏အသံကို ကြားတော့မှ မင်းဒိဗ္ဗက မိန်းကလေးကို လှမ်းကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဒါ ဆန်စက်ပိုင်ရှင် ကိုညိုအောင်တို့အိမ် မဟုတ်လား''

မင်းဒိဗ္ဗက မိန်းကလေးကိုမေးလိုက်သည်။

''ဟုတ်ပါတယ်''

မိန်းကလေးက မဖြေချင်သလိုနှင့်ဖြေသည်။

''ကျွန်တော် သူနဲ့တွေ့ချင်လို့လာတဲ့''

''ရှင့်နာမည် မင်းဒိဗ္ဗ မဟုတ်လား''

''ဗျာ''

မိန်းကလေးက သူ့နာမည်ကိုသိနေသဖြင့် မင်းဒိဗ္ဗ အံ့သြသွားသည်။ ပြီးမှ

''ဟုတ်ပါတယ် ဟုတ်ပါတယ်''

ဟု ဖြေလိုက်သည်။

မိန်းကလေးက မင်းဒိဗ္ဗကို အကဲခတ်သလိုကြည့်နေသည်။

''ကိုညိုအောင် ရှင့်ကိုစောင့်မျှော်နေပါတယ်၊ ရှင့်ကို သူတို့မိသားစုက စောင့်နေကြပါတယ်၊ သူတို့ဆီရောက်အောင် ကျွန်မ ပို့ပေးပါ့မယ်''

''ဝုတ် ဝုတ် ဝုတ်''

အရောင်မည်းမည်းခွေးကြီးက ခြံတံခါးပေါက်နားအထိ တိုးကပ်လာပြီးဟောင်နေသည်။



''ခဏလေးစောင့်ပါဦးနော်၊ တံခါးဖွင့်ပေးပါ့မယ်''

မိန်းကလေးက ခွေးကြီးများ၏လည်ပတ်တွင် သံကြိုးချည်ကာ အိမ်ဘေးသို့ခေါ်သွားသည်။ ပြီးမှ ခြံဝင်းတံခါးသော့ကို ဖွင့်ပေးသည်။

''ဒီအိမ်က ခွေးတွေက တအားဆိုးတာ၊ ခြံထဲကိုလာတဲ့ လူစိမ်းဆိုရင် အသားတစ်ထွက်အောင်ကိုက်တာ၊ သူတို့က ကိုညိုအောင်ရဲ့ကိုယ်ရံတော်တွေလေ၊ သူတို့ကို ကျွေးမွေးရတဲ့ အမဲသားက မနည်းဘူး''

မိန်းကလေးက ခြံဝင်းတံခါးကိုဖွင့်ပေးရင်း ပြောနေသည်။

''ကျွန်မနောက်ကိုလိုက်ခဲ့ပါ မင်းဒိဗ္ဗ''

မိန်းကလေးက ခြံဝင်းတံခါးကို ပြန်ပိတ်ပြီးသည်နှင့်ပြော သည်။

မင်းဒိဗ္ဗက မိန်းကလေးခေါ်ရာနောက်သို့ လိုက်လာရင်း မိန်းကလေးနှင့်ပတ်သက်ပြီး စဉ်းစားလာမိသည်။

သည်မိန်းကလေးသည် ကိုညိုအောင်နှင့် မည်သို့တော်စပ်သနည်း။ ညီမလား။ တူမလား။

မိန်းကလေးက မင်းဒိဗ္ဗကို အိမ်ကြီးထဲသို့ခေါ်လာသည်။ အိမ်ကြီး၏ကြမ်းပြင်က ပြောင်လက်တောက်ပနေသည်။ မင်းဒိဗ္ဗက အိမ်ကြီးထဲသို့မဝင်မီ ဖိနပ်ကိုချွတ်ကာ ခြေထောက်ကို ဖုန်သုတ်နေ



www.burmeseclassic.com

သည်။ ကြမ်းပြင်ပေါ်သို့ ခြေချနင်းရန် မဝံ့မရဲဖြစ်နေသည်။

ဧည့်ခန်းမှထိုင်ခုံတွင်ထိုင်နေကြသော မိသားစုတစ်ခုကို မင်းဒိဗ္ဗ မြင်တွေ့လိုက်ရသည်။ နှစ်ယောက်တွဲထိုင်ခုံပေါ်တွင် ထိုင်နေ သော ဥပမိရုပ်က ခန့်ညားလှသည်၊ ဧည့်ခန်းတွင်ထိုင်နေကြသော မိသားစုသည် မင်းဒိဗ္ဗကို မြင်လျှင် အပြုံးဖြင့်ဆီးကြိုကြသည်။ ဧည့်ခန်းထဲတွင် ထိုင်နေသူများမှာ (၁၀)ယောက်ခန့်ရှိသည်။ မိန်းကလေးက ဧည့်ခန်းတွင် ထိုင်နေသူများနှင့်မိတ်ဆက်ပေးသည်။

ဥပမိရုပ်ခန့်ညားလှသူမှာ ကိုညိုအောင် ဖြစ်ကြောင်း မင်းဒိဗ္ဗ သိလိုက်ရသည်။

''ထိုင်ပြီး အမောအပန်းဖြေပါဦး ဆရာမင်းဒိဗ္ဗ၊ ဆရာ ကျွန်တော့်ဆီကို လာမယ်ဆိုတဲ့အကြောင်းတော့ ဆရာ့အဘ ဦးပိုင်းက ကျွန်တော့်ဆီကို ကြိုတင်ပြီးစာရေးထားပါတယ်၊ အခုလို မြန်မြန်ဆန် ဆန်ကြီး ရောက်လာလိမ့်မယ်လို့ မထင်မိဘူး၊

ဆရာ ကျွန်တော့်ဆီကိုလာမယ့်အကြောင်း ကျွန်တော့်ဆီကို ကြိုတင်အကြောင်းကြားရောပေါ့ဗျာ၊ ဆရာ့ဆီကို ကျွန်တော် ကား လွှတ်မှာပေါ့၊ အင်းလေ ဒါတွေက အရေးမကြီးပါဘူး၊အရေးကြီးတာ က ဆရာ ကျွန်တော့်ဆီကို ရောက်လာတာပဲ ဝမ်းသာနေမိပါတယ်''

ကိုညိုအောင်နှင့်မိသားစုက မင်းဒိဗ္ဗကို ကော်ဖီ၊ မုန့်များ





ဖြင့် တည်ခင်းဧည့်ခံသည်။ ကိုညိုအောင်သည် မင်းဒိဗ္ဗကို အခုမှ မြင်တွေ့ဖူးပေမယ့် နှစ်ပေါင်းများစွာက ခင်မင်ရင်းနှီးခဲ့သူပမာ ပြောဆို ဆက်ဆံသည်။ စာပေလောကအကြောင်းကို မေးမြန်းသည်။ မင်းဒိဗ္ဗ က မဂ္ဂဇင်းလောကအကြောင်း၊ လုံးချင်းလောကအကြောင်းတို့ကို နားလည်အောင်ရှင်းပြသည်။

ကိုညိုအောင်က မင်းဒိဗ္ဗ ထုတ်ဝေခဲ့သော ဝတ္ထုများကို ဖတ်ဖူးနေသည်။ ထို့အပြင် မင်းဒိဗ္ဗကို အားမနာတမ်း ဝေဖန်ဆွေး နွေးသည်။ ကိုညိုအောင်သည် စာဖတ်အားကောင်းသော သူတစ် ယောက်မှန်း မင်းဒိဗ္ဗ သိလိုက်ရသည်။

ကိုညိုအောင်က သူဖတ်ဖူးသော ဂမ္ဘီရ စာအုပ်များအကြောင်း ကို မင်းဒိဗ္ဗ အားပြောပြသည်။ ကိုညိုအောင်က မင်းဒိဗ္ဗ အားပညာ များပေးနေသကဲ့သို့ရှိသည်။

မင်းဒိဗ္ဗက ကော်ဖီနှင့်မုန့်ကို စားနိုင်သည်ထက်ပိုစားနေရ သည်။ စားပါဦး သောက်ပါဦးဟု မကြာခဏ ပြောနေသဖြင့် အားတုံ့ အားနာနှင့်စားရင်း ဗိုက်ထဲတွင် ပြည့်တင်းလာသည်။

''စားပါဦး ဆရာ မင်းဒိဗ္ဗရဲ့''

''မရတော့ဘူး ကိုညိုအောင်၊ ဗိုက်ပေါက်ထွက်တော့မယ်''

မင်းဒိဗ္ဗ၏စကားကြောင့် ကိုညိုအောင်နှင့်မိသားစုများက

www.burmeseclassic.com



သဘောကျပြီး ရယ်မောနေကြသည်။ ကိုညိုအောင်က ယခု အိမ်ကြီး
တွင် နေထိုင်သောသူတို့မိသားစု၏အကြောင်းများကိုလည်း ပြောပြ
နေသည်။ သူတို့မိသားစုသည် တက်ညီလက်ညီ စီးပွားရှာကြပြီး
ငွေကိုစနစ်တကျသုံးစွဲကြောင်း သိလာရသည်။ တစ်ဖက်သား နားဝ
အောင်၊ ခင်မင်လာအောင် ပြောတတ်ဆိုတတ်သည်။

သူတို့မိသားစု၏နှစ်လိုဖွယ် အပြုံးများက တကယ် ခင်မင်
စရာကောင်းလှသည်။

ကိုညိုအောင်က မင်းဒိဗ္ဗ ကိုခေါ်ကာ သူ့ခြံထဲသို့လိုက်ပြ
သည်။ အိမ်၏နောက်ဘက် ကျယ်ဝန်းသော မြေနေရာတွင် သီးနှံ
စားပင်မျိုးစုံကို စိုက်ပျိုးထားသည်။ အိမ်ရှေ့တွင် အလှပန်းပင်များကို
စိုက်ပျိုးထားသည်။ သည်ခြံ၏ ဥယျာဉ်မှူးမှာ ကိုညိုအောင်ပင်ဖြစ်
သည်။

မင်းဒိဗ္ဗက ခြံတံခါးဖွင့်ပေးပြီး အိမ်ထဲသို့လိုက်ပို့သော
မိန်းကလေး၏အကြောင်းကို မေးမြန်းကြည့်သည်။

''ဩော် ဒီ မိန်းကလေးက ကျွန်တော်တို့ဆွေမျိုးသားချင်း
ထဲက မဟုတ်ပါဘူး''

ဟု ကိုညိုအောင်က ပြောပြသည်။

''ကျွန်တော့်သားသမီးတွေကို ထိန်းကျောင်းပေးနေသူ ဆ





တော့''

''သူဟာ ကျွန်တော်တို့မိသားစုထဲက တစ်ယောက်နဲ့
ပတ်သက်ခဲ့ဖူးတယ်၊ ဆရာ့အနေနဲ့အဲသလောက်ပဲ သိထားပါဦး''

''သူက ဆတ်ဆတ်ကြဲ စိတ်ဓာတ်ရှိလို့ သူ့ကို ကျွန်တော်
တို့က ဘီလူးမကြီးလို့ခေါ်ကြတယ်၊ သူ စိတ်ဆိုးရင် သူ့မျက်လုံး
ကြီးနှစ်လုံးက သိပ်ကြောက်စရာကောင်းတာ''

ကလေးငယ်များက ဝိုင်းပြီးပြောကြသည်။ ကိုညိုအောင်က
ကလေးများပြောသည်ကို မဟန့်တားသဖြင့် မင်းဒိဗ္ဗ စိတ်ထဲတွင်
တစ်မျိုးဖြစ်သွားသည်။ မင်းဒိဗ္ဗက သူတို့မျက်နှာအားလုံးကို အကဲခတ်
ကြည့်မိသည်။ သူတို့မျက်နှာများသည် ပြောင်းလဲသွားရာမှ တင်းမာ
သွားကြသလိုထင်ရသည်။

ထိုမိန်းကလေးက စရိုက်ကြမ်းလို့လား။ အပြောအဆို ရိုင်း
သီးလို့လား။ မင်းဒိဗ္ဗ တွေးမရ။

ကိုညိုအောင်က သူ့အိမ်အပေါ်ထပ်မှ စာကြည့်ခန်းထဲသို့
မင်းဒိဗ္ဗ ကိုခေါ်သွားသည်။ အခန်းထဲရှိ ပရိဘောဂများမှာ ရှေးဟောင်း
လက်ရာ ပရိဘောဂများဖြစ်သဖြင့် တန်ဖိုးရှိလှသည်။

''ထိုင်ပါဦး၊ ဆရာမင်းဒိဗ္ဗ''

မင်းဒိဗ္ဗက ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချ လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကိုညိုအောင်က သူသောက်နေကျ စီးကရက်ဖြင့် မင်းဒိဗ္ဗ ကို ညွှန်ခဲ့သည်။

"ဒီအခန်းက အဘိုးသက်ရှိထင်ရှား ရှိနေစဉ်တုန်းက နေခဲ့တဲ့ အခန်းပဲ၊ အဘိုးဟာ စစ်ဘေးဒဏ်ကြောင့် အညာဒေသက ပြေးလာစဉ်အချိန်တုန်းက သူ့လက်ထဲမှာတစ်ပြားမှပါတာ မဟုတ်ဘူး။ အဘိုးက ကြိုးစားတော့ အခုဆိုရင် ကျွန်တော်တို့ဆွေစဉ်မျိုးဆက်ဟာ လူချမ်းသာတွေ ဖြစ်လာရတယ်၊ ကျွန်တော်တို့ ဆွေစဉ်မျိုးဆက်ရဲ့အကြောင်းက သိပ်စိတ်ဝင်စားဖို့ကောင်းတာ၊ အဲဒါကို ကျွန်တော်တို့ ဆွေစဉ်မျိုးဆက်မှတ်တမ်းတွေရေးထားတာ ရှိတယ်"

ကိုညိုအောင်က ဗီရိုထဲမှ ထုထဲသော စာအုပ်ကြီးတစ်အုပ်ကို ထုတ်ယူလိုက်သည်။ ထို့အပြင် ဆန်စက်တစ်လုံးတည်ဆောက်သည့်အတိုင်းအတာ ပုံကြမ်းများရေးဆွဲထားသည့် စာအုပ်ကိုလည်း မင်းဒိဗ္ဗ ကိုပြသည်။ အလွန် စနစ်ကြီးသော မိသားစုအသိုင်းအဝိုင်းဟု သိလာရသည်။

ကိုညိုအောင်က ဆန်စက်တည်ဆောက်ပုံကို ရေးဆွဲထားသော စာအုပ်ကို ဗီရိုထဲသို့ပြန်ထည့်လိုက်သည်။

"ဆန်စက်တည်ဆောက်တာတွေကို ပြောပြနေရင် ဆရာစိတ်ဝင်စားမှာ မဟုတ်ပါဘူး၊ ဆရာသိချင်တာက အဘိုးရဲ့အကြောင်း





မဟုတ်လား၊ အဲဒီအကြောင်းအရာတွေဟာ ဒီစာအုပ်ကြီးထဲမှာ ရှိတယ်"

ကိုညိုအောင်က မှတ်တမ်းစာအုပ်ကြီးကို လက်ဖြင့်ပုတ်ပြရင်းပြောသည်။

"ပြီးခဲ့တဲ့ (၅)နှစ်လောက်က ကျွန်တော့်အဖေရဲ့အစ်မကြီးတစ်ဦး၊ ကျွန်တော့် ကြီးတော်တစ်ယောက်ဟာ သေဆုံးသွားခဲ့တယ်၊ အဲဒီ ကြီးတော်အတွက် စေတီ၊ပုထိုး၊ကျောင်းကန်တွေ မှာတစ်ခုခုလှူပေးဖို့ ကျွန်တော်တို့ဆွေမျိုးသားချင်းတွေ ငွေစုကြတာ ငွေအတော်များများရခဲ့တယ်၊ ကြီးတော်က သူသေမယ်ဆိုတာ သိနေတော့ ကျွန်တော်တို့က ဆရာဝန်ခေါ်ပြီး ဆေးကုပေးတာကို လက်မခံခဲ့ဘူး၊ သူသေသွားရင် အုတ်ဂူမလုပ်ပါနဲ့၊ မီးသဂြိုလ်ပေးပါလို့ မှာခဲ့တယ်၊

အဲဒါကြောင့် ဆွေမျိုးသားချင်းတွေ ငွေစုပြီး သူ့အတွက် လှူဒါန်းပေးဖို့ စိတ်ကူးခဲ့ကြတယ်၊ ကျွန်တော့် ကြီးတော်က အမျိုကြီးဆိုတော့ သူပိုင်ဆိုင်တဲ့ ရွှေငွေလက်ဝတ်လက်စားတွေက ကျန်ခဲ့တယ်၊ ကျွန်တော်တို့ ငယ်စဉ်က ကျွန်တော်တို့ညီအစ်ကို မောင်နှမတွေကို ထိန်းကျောင်းပေးခဲ့တဲ့ ကြီးတော်ဆိုတော့ သူကောင်းရာမွန်ရာ ရောက်အောင် သူ့အတွက် ရည်စူးပြီး ကောင်းမှုကုသိုလ်လုပ်ပေးရမှာပေါ့"

"ကိုညိုအောင်တို့ ဆွေမျိုးသားချင်း အားလုံးရဲ့စိတ်ကူးဟာ အလွန်မှန်မြတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုညိုအောင်က သူတို့ဆွေစဉ်မျိုးဆက် ဖယားကိုရေးသား ပြ ရှင်းပြသည်။ အဘိုး ဦးမောင်းညို သေဆုံးသွားတော့ ဦးကြီ "ဦးအောင်မောင်းက မိသားစုအားလုံး၏အကြီးအကဲဖြစ်လာသည်။ ထို နောက် ကြီးတော် ဒေါ်စိန်ပု၊ သည့်နောက် ညိုအောင့်အဖေ၊ ပြီးနောက် သားငယ် ခွေးညို၊ သူတို့အားလုံး ကွယ်လွန်သွားတော့ မိသားစုထဲတွင် သားကြီးဖြစ်သော ညိုအောင်က အကြီးအကဲဖြစ် လာရသည်။

''အဘိုး ဦးမောင်းညိုရဲ့ အကြောင်းကို သိလာရရင် ဆရ ပိုပြီး အံ့သြစရာဖြစ်သွားလိမ့်မယ်၊ ဒီအကြောင်းကို လူတိုင်း စိတ်ဝင်စားမှာတော့ အမှန်ပဲ၊ ဆရာ့အနေနဲ့ အားလုံးက စိတ်ဝင်စာ အောင်ရေးနိုင်လိမ့်လို့လည်း ကျွန်တော်ယုံကြည်ထားတယ်''

''အဘိုး ဦးမောင်းညိုရဲ့အကြောင်းကို ရေးချင်လို့လည် ကိုညိုအောင်ကို ကျွန်တော်လာတွေ့ရတာပဲ''

''ဟုတ်ပါတယ်၊ ကျွန်တော်ကလည်း ဆရာစာအုပ်တစ်အု ရေးပြီးသွားတဲ့အထိ အစစအရာရာ ကူညီမှာပါ၊ အဲဒီစာအုပ်ကို ထုတ်ဝေ ကျွန်တော် အရင်းအနှီးထုတ်ပေးမယ်၊ စာအုပ်ရောင်းရငွေ၊ အမြတ်ငွေ အားလုံးကို ဆရာ့ကိုပေးမယ်၊ ကျွန်တော့်အဘိုး တွေ့ကြုံခဲ့ရတာတွေ အများသူငှာတွေသိစေချင်လို့ပါ၊ အဘိုးရဲ့ဂုဏ်ပုဒ်ကို ဖော်ကြူးတာ ကြွားတာ ဝါတာတွေ မပါစေရဘူး''





ကိုညိုအောင်က အားတက်သရော ပြောနေသည်။ မင်းဒိဗ္ဗ က တွေဝေကာ စဉ်းစားနေသည်။

သည်စာအုပ်က အချိန်ကာလ ဘယ်လောက်ကြာအောင် ရေးရဦးမည်မသိ။ သည်ကြားထဲ စားဝတ်နေရေး ပြဿနာက ရှိနေ သည်။ သည့်အတွက် မင်းဒိဗ္ဗက စိုးရိမ်ပူပန်နေမိသည်။

''ဘာတွေစဉ်းစားနေတာလဲ ဆရာ မင်းဒိဗ္ဗ''

''ဘာမှမဟုတ်ပါဘူး ကိုညိုအောင်''

မင်းဒိဗ္ဗက မုသားစကားသုံးလိုက်ရသည်။ မျက်နှာမပျက် အောင် ဟန်ဆောင်ထားရသည်။ ကိုညိုအောင်က မင်းဒိဗ္ဗ၏မျက်နှာ ကို အကဲခတ်နေသည်။

မင်းဒိဗ္ဗသည် ကိုညိုအောင်၏နောက်စားပွဲပေါ်တွင် တင်ထား သော ကျားရုပ်ကလေးကို ကြည့်နေမိသည်။ ကျားရုပ်ကလေးက မာန်ပါပြီး ခွန်နှင့်လုပ်ထားသည်ဟု ထင်ရသည်။ ထိုအခြင်းအရာကို ကိုညိုအောင်က သတိထားမိပုံရသည်။

''ဆရာ ကျွန်တော့်နောက်က ကျားရုပ်ကို ကြည့်နေတာ ဆင်တယ်''

''ဩော် ဟုတ်တယ် ကိုညိုအောင်၊ ကျားရုပ်ကလေးက ထူးခြားနေသလို မြင်နေရလို့''



www.burmeseclassic.com

www.burmeseclassic.com



"ဆရာက ဒီအရုပ်ကလေးကို ရွှေနဲ့လုပ်ထားတယ်လို့ ထင်နေလို့လား"

"ရွှေနဲ့လုပ်ထားတာ မဟုတ်ဘူးလား"

"မဟုတ်ဘူးဗျ၊ သစ်သားနဲ့လုပ်ထားတာ ဘယ်လောက် လက်ရာမြောက်သလဲ"

"ဟုတ်ပါ့ ကိုညိုအောင်ရယ်၊ မာန်ပါလိုက်တာ"

"အဘိုးရဲ့အသက်ကို ဒီအရုပ်ကလေးက ကယ်တင်ခဲ့တာ၊ အဘိုးက သူ့အသက်ကို ဒီအရုပ်ကလေး ကယ်တင်ခဲ့မှန်း မသိခဲ့ဘူး။ တန်ဖိုးလည်း မထားခဲ့ဘူး"

"ဟင် ဘယ်လိုလဲ၊ ပြောပြပါဦး ကိုညိုအောင်"

"ဒီ ကျားရုပ်ကလေးကို အဘိုးက ရိုးမတောကြီးတစ်ခုထဲမှာ ရှိတဲ့ ကျောက်ဂူကြီးတစ်ဂူထဲက ရလာတာလေ၊ အဲဒီ ကျောက်ဂူထဲမှာ အဲသလို အရုပ်မျိုးတွေ အများကြီးရှိတယ်ဆိုပဲ၊ ဒါပေမဲ့ ဒီအရုပ်ကို အဘိုးနဲ့သူ့အပေါင်းအသင်းတွေက သေသေချာချာ ဂရုမထားခဲ့ကြပါဘူး၊ အဘိုးက လွယ်လွယ်တွေ့တဲ့ အရုပ်ကလေးကို ယူလာခဲ့တာတဲ့ဗျ"

"ဒီအရုပ်ကို အဘိုး ဦးမောင်ညိုက ယူလာခဲ့တာ ဘယ်အချိန်တုန်းကလဲ"





မင်းဒိဗ္ဗက သိချင်၍မေးလိုက်သည်။

"၁၉၄၅ ခုနှစ် ဂျပန်တွေရဲ့စစ်အကျဉ်းစခန်းက ထွက်ပြေးပြီး ရိုးမထဲက ကျောက်ဂူကြီးထဲကို ရောက်သွားတုန်းက တွေ့ခဲ့တာပါ"

"အဘိုး ဦးမောင်ညိုက ဂျပန်စစ်အကျဉ်းသားဖြစ်ခဲ့သေးတယ်ပေါ့ ဟုတ်လား ကိုညိုအောင်"

"ဟုတ်တယ် ဆရာ၊ အဘိုးတို့ အကျဉ်းသားတွေဟာ အကျဉ်းစခန်းက ထွက်ပြေးဖို့ ကြိုးစားခဲ့ကြတယ်၊ ဒါပေမဲ့ တောကြီးမျက်မည်းထဲမှာဆိုတော့ ဘယ်ပြေးလို့ပြေးရမှန်းမသိတာကြောင့် လွတ်သမ်းမရှိပါဘူး၊ ဂျပန်တွေက အဘိုးတို့ကို ပြန်လည်ဖမ်းမိသွားတာပေါ့"

"ဟာ ပြန်ဖမ်းမိသွားတော့ ဂျပန်တွေက အဘိုးတို့ကို ဘာလုပ်သလဲ၊ ဖက်ဆစ်ဂျပန်တွေရဲ့ ရက်စက်ညှင်းပန်းပုံတွေကို စာအုပ်တွေထဲမှာ ရုပ်ရှင်တွေထဲမှာပဲ မြင်ဖူးတာ"

"သိတဲ့အတိုင်း ဖက်ဆစ်ဂျပန်တွေက ထွက်ပြေးတဲ့သူတွေကို ခေါင်းဖြတ်သတ်ပစ်ခဲ့တယ်၊ ဒါပေမဲ့ ဖက်ဆစ်ဂျပန်တွေက အဘိုးကိုတော့ မသတ်ဘူး၊ ညှင်းပန်းနှိပ်စက်ခဲ့တယ်၊ အဘိုးရဲ့တစ်ကိုယ်လုံးမှာ ဖက်ဆစ်ဂျပန်တွေ နှိပ်စက်လို့ရခဲ့တဲ့ ဒဏ်ရာ အမာရွတ်တွေကို တွေ့ရတယ်၊ သူ့နေရာမှာ ခံစားကြည့်ပါလားဆိုရင်တောင် မခံစားရဲပါဘူး၊ အဘိုးက သေလုမျောပါးခံစားခဲ့ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဘိုးနဲ့တွက်ပြေးခဲ့တဲ့ သူတွေရော"

"ဖက်ဆစ်ဂျပန်တွေက သတ်ပစ်တာ"

"ဩော် ဒါနဲ့ ဒီကျားရုပ်ကလေးက အဘိုး ဦးမောင်ညို ရဲ့ ဒဿက်ကိုကယ်တင်ခဲ့တယ်လို့ ကိုညိုအောင် ပြောခဲ့တယ်နော်၊ ဘယ်လို ကယ်တင်ခဲ့တာလဲ"

"အဲဒီအကြောင်းကို ပြောပြရရင် တစ်နေ့တည်းနဲ့ပြီးမှာ မဟုတ်ဘူး"

"ဩော်"

"ကျွန်တော် ရေးထားတဲ့ မှတ်တမ်းကို ဆရာဖတ်ကြည့်ပြီး ပြီ၊ လိုအပ်တာတွေကို မေးပါ၊ ကျွန်တော် သိသလောက် ပြောပြ ပေးပါ့မယ်"

"ဟုတ်ပြီ အဲဒါကောင်းတယ်၊ ကိုညိုအောင်"

"ဆရာက ကျွန်တော့်အိမ်မှာ တည်းမယ်မဟုတ်လား"

ကိုညိုအောင်က မေးသည်။ မင်းဒိဗ္ဗက ခေါင်းခါပြသည်။

"ကိုညိုအောင် အိမ်မှာက မိသားစုတွေများတယ်၊ ပြီးတော့ ကလေးတွေရဲ့ဆော့ကစားသံတွေနဲ့ဆို ကျွန်တော် အေးအေးဆေးဆေး စာရေးလို့ရမှာမဟုတ်ဘူး၊ ကျွန်တော့်သူငယ်ချင်းရဲ့အစ်ကို ကျောင်းထိုင်လုပ်နေတဲ့ဆရာတော်က တစ်မြို့တည်းနေခဲ့ကြတာဆိုတော့ ဆရာ





တော်က လိုအပ်တာတွေကို ဆောင်ရွက်ပေးပါလိမ့်မယ်"

"အားနာစရာကောင်းလိုက်တာ ဆရာရယ်"

"ဘာမှ အားမနာပါနဲ့ ကိုညိုအောင်ရယ်၊ ကျွန်တော် စာကို အေးအေးဆေးဆေး ရေးချင်လို့ပါ"

"ကျွန်တော့်အိမ်မှာ မကြာခဏ ထမင်းကြွပါ၊ ဆရာက သည်၊ ကျွန်တော်က အိမ်ရှင်၊ ဧည့်ဝတ်မကျေရာကျနေပြီ"

"အဲသလို သဘောမထားပါနဲ့ ကိုညိုအောင်ရယ်၊ ကျွန်တော် ဆောင်ရွက်မယ့် လုပ်ငန်းအောင်မြင်ဖို့က အဓိကပါ"

ကိုညိုအောင်က မင်းဒိဗ္ဗကို ညစာကျွေးမွေးပြီးမှ တည်းခို ဘုန်းကြီးကျောင်းကို ကားဖြင့်လိုက်ပို့သည်။ ကိုညိုအောင်က ကားကို လမ်းထိပ်မှ အိမ်တစ်အိမ်တွင် ကားဂိုဒေါင်ဖြင့်ထားသည်။

ကျောင်းထိုင် ဆရာတော်က မင်းဒိဗ္ဗကို အခန်းတစ်ခန်း ပေးသည်။

"ဘုန်းကြီးက မင်းကို ကိုမှိုင်း အနေနဲ့ပဲသိတာ၊ မင်းက ဒိဗ္ဗဖြစ်နေတာ မသိဘူး၊ ဒကာ ကိုညိုအောင်က သူ့ကြီးတော်ကို ဇုံးပြီး ကျောင်းဝင်းထဲမှာ နတ်လမ်းတည်ဆောက် လှူဒါန်းမှာကွ၊ ဒကာရင်းတွေပါပဲ၊ မင်းအဘိုးနဲ့သူ့အဘိုးက မိတ်ဆွေတွေ နေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



''မှန်ပါ့ဘုရား၊ တပည့်တော်က ထူးခြားတဲ့ ဂမ္ဘီရဇာတ်လမ်း ရေးချင်လို့ ကိုညိုအောင်အဘိုးရဲ့ ဘဝဇာတ်ကြောင်းကို လာပြီးယူနေ တာ''

''အေးကွာ၊ တစ်မြို့တည်းသားတွေပဲ၊ ငါ့ကျောင်းမှာ လွတ် လွတ်လပ်လပ်သာနေ၊ လိုတာရှိရင်ပြော''

''တင်ပါ့ဘုရား''

မင်းဒိဗ္ဗက အိပ်ရာပေါ်တွင် လှဲလျောင်းရင်း အနားယူနေ မိသည်။

မင်းဒိဗ္ဗက သူနှင့်မဂ္ဂဇင်းတိုက်တွင် တွေ့ဆုံပြီး ခင်မင်ခဲ့ရသော စာရေးဆရာ ဖိုးတောမြေမြင့်ခေါင်ရှိသည့် ရွှေနံ့သာရပ်ထဲသို့ လာခဲ့သည်။ ဖိုးတောမြေမြင့်ခေါင်က သည်မြို့တွင် ဖိုးသီးပွဲရုံ ထောင်ထားသည့် ကိုယ်ပိုင်တိုက်၊ ကိုယ်ပိုင်ကားဖြင့် နေထိုင်သူဖြစ်သည်။ မိဘများက အညာသားစစ်စစ်။ ဖိုးသီးပွဲရုံက ဆွေစဉ်မျိုးဆက် ထောင်ထားသော လုပ်ငန်းဖြစ်သည်။ ဖိုးတောမြေမြင့်ခေါင်က ချမ်းသာပေမယ့် ဝါသနာ အရ အညာကျေးလက်ဒေသမှ ဖိုးသီးကောက်၍ ဘဝရပ်တည်နေသူများ ထန်းသမားတို့၏ဘဝကို သရုပ်ဖော်သည့် ဝတ္ထုများရေးသားပြီး တင် နေသူဖြစ်သည်။

ဖိုးတောမြေမြင့်ခေါင်က ကုန်သည်ပွဲစား ကိုညိုအောင်နှင့် ရင်း





ခင်မင်သည်။ ထို့ကြောင့် ကိုညိုအောင်၏ တိုက်တွန်းချက်အရ ဖိုးတော မြေမြင့်ခေါင်က ဦးမောင်းညို၏အကြောင်း (x x x)မဂ္ဂဇင်းထဲတွင် 'လူစွန့် စား မောင်းညို' အမည်ဖြင့် ဝတ္ထု မတိုမရှည်လေး ရေးသားခဲ့ဖူးသည်။ သည်အကြောင်းကို ကိုညိုအောင်က ပြောပြသဖြင့် မင်းဒိဗ္ဗက သိနေ သည်။ ဖိုးတောမြေမြင့်ခေါင်နှင့်လည်း ရင်းနှီးနေသဖြင့် ဦးမောင်းညို နှင့်ပတ်သက်ပြီး သိလိုသမျှကို မေးမြန်းနိုင်ရန် ကိုညိုအောင်ထံမှ လိပ်စာ တောင်းပြီး ရွှေနံ့သာရပ်ထဲသို့ လာခဲ့သည်။

ဖိုးတောမြေမြင့်ခေါင်က ဦးမောင်းညို၏စွန့်စားခန်းကို ရေးသား သားသည့်မှာ စိတ်ဝင်စားမှုနည်းပါးနေသည်ဟု မြေးဖြစ်သူ ကိုညိုအောင် က မင်းဒိဗ္ဗကို ပြောပြသည်။ စာဖတ်သူကို စိတ်ဝင်စားအောင် ဆွဲဆောင် အားနည်းနေသည်ဟု ကိုညိုအောင်က မှတ်ချက်ချသည်။

ဖိုးတောမြေမြင့်ခေါင်က မင်းဒိဗ္ဗနှင့် သက်တူရွယ်တူ။ ဖိုးတော မြေမြင့်ခေါင်၏မျက်နှာက တည်ကြည်သည်။ စကားပြောပြတ်သားသည်။

မင်းဒိဗ္ဗခြံဝသို့ရောက်တော့ လှမ်းမခေါ်ရဘဲ ဖိုးတောမြေမြင့် ခေါင်၏အလုပ်သမားတစ်ဦးက တံခါးလာဖွင့်ပေးသည်။

''ဆရာရှိပါတယ်၊ ကုန်သည်တွေနဲ့ဖုန်းပြောနေလို့ ဧည့်ခန်းထဲ မှာ ခဏလောက်စောင့်ပါဦး''

အလုပ်သမားက မွန်မွန်ရည်ရည် စကားပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့ ရပါတယ်''

မင်းဒိဗ္ဗက အလုပ်သမားနှင့်အတူ ညှော်ခန်းထဲသို့ လိုက်လာသည်။ ညှော်ခန်းထဲတွင် ဖုန်းပြောနေသော ကိုမြင့်ခေါင်က မင်းဒိဗ္ဗကို မြင်သည်နှင့် ခဏထိုင်နေပါဟု လက်ဟန်ဖြင့် ပြုံးရွှင်စွာ အမူအရာ ပြသည်။ မင်းဒိဗ္ဗက ခေါင်းညိတ်ပြလိုက်သည်။ ညှော်ခန်းကြမ်းပြင်က မှန်ရောင်ထမတတ် ပြောင်လက်နေသည်။ ညှော်ခန်းနံရံတွင် ရှေးမြန်မာဆန်သော အမျိုးသား၊ အမျိုးသမီးကြီးများ၏ ဓာတ်ပုံကိုချိတ်ဆွဲထားသည်။ ကိုမြင့်ခေါင်နှင့်အမျိုးသမီးတစ်ဦးတို့ စုံတွဲရိုက်ကူးထားသော ဓာတ်ပုံကို နံရံတစ်နေရာတွင် တွေ့ရသည်။ ကိုမြင့်ခေါင်က ဖုန်းဖြင့် စီးပွားရေးလုပ်ငန်းများအကြောင်းကို ပြောနေသည်။

ကိုမြင့်ခေါင်က ဖုန်းကိုချပြီး မင်းဒိဗ္ဗ၏အနားတွင် လာထိုင်သည်။ မင်းဒိဗ္ဗကို ညှော်ခံရန် သောက်စရာတစ်ခုခု စီစဉ်လာခဲ့ဟု သူ့အလုပ်သမားကို လက်ဟန်ဖြင့်ပြောသည်။

''စိတ်မရှိပါနဲ့နော်၊ ဖိုးသီးယူမယ့် ကုန်သည်တစ်ဦးနဲ့ စကားပြောနေလို့''

ကိုမြင့်ခေါင်က တောင်းပန်သည်။

''ဆရာ ကျွန်တော်ဆီလာလိမ့်မယ်ဆိုတဲ့ အကြောင်းကို ကိုညီအောင်ကဖုန်းဆက်ထားပါတယ်၊ ကျွန်တော် ဘယ်လို ကူညီရမလဲ





ာလုပ်ပေးရမလဲ''

ကိုမြင့်ခေါင်က စီးကရက်ဘူးကို မင်းဒိဗ္ဗထံသို့ လှမ်းပေးရင်းသည်။

''ဟိုးလွန်ခဲ့တဲ့ သုံးနှစ်ကျော်လောက်က ဦးမောင်းညိုနဲ့ပတ်သက် ဝတ္ထုတစ်ပုဒ် ရေးခဲ့ဖူးတယ်ဆိုတာ ကျွန်တော် သိထားလို့''

''ဟုတ်တယ် ဆရာ၊ ကိုညီအောင်က သူ့အဘိုး ဦးမောင်းညိုအကြောင်းကို လုံးချင်းဝတ္ထုရေးပါလို့ ကျွန်တော့်ကို တိုက်တွန်းပြီး တာဝန်ထားတယ်ဆိုပါတော့''

ကိုမြင့်ခေါင်က ခေါင်းညိတ်သည်။

''ဪ အဲသလိုလား၊ သူ့အိမ်ကို ဆရာ ရောက်နေတဲ့ ကြောင်းကိုသာ ဖုန်းဆက်ထားတာ၊ သူ့အဘိုးအကြောင်းကို ဆရာ့ ာအုပ်ရေးခိုင်းမယ့် အကြောင်းတော့ တစ်လုံးတစ်ပါဒမှ မပြောဘူး ကျွန်တော်က မိတ်ဆွေစာရေးဆရာချင်းဆိုတော့ သူ ဖုန်းဆက် ကြောင်းကြားကတည်းက ကျေးဇူးတင်နေတာ၊ ဘာလဲ ကျွန်တော် ားခဲ့တဲ့ ဝတ္ထုတိုထဲက အကြောင်းအရာ အချက်အလက်ကို ထည့် ်လို့လား''

''မဟုတ်ပါဘူး၊ ကိုညီအောင်ကိုသာ အသေးဂ်တ် မေးမြန်း ်ရပ်မှန် စွန့်စားခန်းဖာတ်လမ်းမျိုး ရေးသားမှာပါ ဆရာ၊ ကိုညီ



www.burmeseclassic.com

www.burmeseclassic.com



အောင်ကလည်း ဇာတ်လမ်းထဲမှာ လျှို့ဝှက်သင့်တဲ့အကြောင်းအရာတွေ မလျှို့ဝှက်တော့ဘဲ ဖွင့်ထုတ်ရေးသားပေးဖို့ မေတ္တာရပ်ခံခဲ့တယ် ဆရာ ဦးမောင်ညိုရဲ့အကြောင်းကို ရေးသားတုန်းက လျှို့ဝှက်ထားခဲ့တာ ရှိတယ်လို့ ပြောတယ်''

မင်းဒိဗ္ဗက စကားကို ခဏရပ်လိုက်ပြီး ကိုမြင့်ခေါင်၏မျက်နှာ ကို အကဲခတ်နေမိသည်။ ကိုမြင့်ခေါင်က သူ့မျက်လုံးကို မသိမသာ ပင့်လိုက်ပြီး ကိုမြင့်ခေါင်ကို ကြည့်နေသည်။

''ဦးမောင်ညိုရဲ့ အကြောင်းက တကယ်စိတ်ဝင်စားစ ကောင်းပါတယ်၊ ကျွန်တော်က ဝတ္ထုရေးတဲ့နေရာမှာ ဆရာ့လော မကျွမ်းကျင်တော့ ကျွန်တော်ရေးခဲ့တဲ့ ဝတ္ထုက ဆွဲဆောင်မှုအားနည် နေတယ်ဆိုတာ ကျွန်တော် သိတယ်၊ ပြီးတော့ ဝတ္ထုတိုရေးသားဆိုတေ အကြောင်းအရာ စုံလင်အောင်ထည့်ရေးနိုင်တာပေါ့၊ လုံးချင်းဝတ္ထုတစ် ဖြစ်သွားအောင် ကြိုးစားဖန်တီးပေးလိုက်ပါဆရာ၊ ကိုညိုအောင်က ခ သာပေမယ့် မာနမရှိဘူး၊ သဘောမနောကောင်းတယ်၊ ဆရာ ကြိုး ပေးသလောက် သူက ကျေးဇူးတုံ့ပြန်မှာ သေချာပါတယ်''

ကိုမြင့်ခေါင်က စိတ်ရှည်လက်ရှည် ပြောပြသည်။ အလုပ်သ လာပို့သော လက်ဖက်ရည်ကို သူတို့နှစ်ဦး သောက်ကြသည်။

''ကျွန်တော်က သူ့ဆီက အကျိုးအမြတ်ကို မမျှော်လင့်ပါ





ကျွန်တော့်အတွက် ဇာတ်လမ်းကောင်းတစ်ပုဒ် ရရင်ပဲ ကျေနပ်လှပါပြီ၊ ကိုညိုအောင်ကို မေးလိုက်ရေးလိုက်လုပ်ပြီး လုံးချင်းစာအုပ်ရေးပြီးမှ ကျွန်တော် ပြန်မယ်''

''ကောင်းတယ်၊ သိပ်ကောင်းတဲ့စိတ်ကူးပဲ ဆရာ၊ ဆရာ ကျွန်တော့်ဆီကို လာလည်တုန်း စားရင်း သောက်ရင်းစကားပြောကြ တာပေါ့၊ ဆရာ့ကို စားတော်ဆက်တစ်ခုမှာ နေ့လည်စာနဲ့တည်ခင်း ဧည့်ခံ ပါရစေ''

''ဆရာက ချမ်းသာတဲ့သူဆိုတော့ ကျွေးရင်စားရတာပေါ့''

သူတို့နှစ်ယောက်သည် အနီးဆုံး ပျော်ပွဲစားရုံ တစ်ခုသို့ သွား ကြသည်။

''ကဲ စားချင်တာမှာစား၊ အညာဒေသက ပူပြင်းတော့ အမော ပြေအောင် အချိုရည်လေးနဲ့ အသားကင်စားရင်း စကားပြော ကြတာပေါ့၊ ဆရာက လုံးချင်းတောင်ထုတ်ဝေပြီးပြီဆိုတော့ ရှေ့လျှောက် နာမည်ကြီးဖို့ပဲ ရှိတော့တာပေါ့''

ဆိုင်၏ထောင့်ကျသော စားပွဲတွင် နှစ်ဦးသားထိုင်မိသည်နှင့် ကိုမြင့်ခေါင်က ပြောသည်။ မင်းဒိဗ္ဗက ဆိုင်ထဲမှ လူများကို လိုက်ကြည့်နေ သည်။ ဆိုင်အတွင်းတွင် ခြေတံရှည်စားပွဲဝိုင်း (၁၀)ဝိုင်းခန့်ကို လှပသော စားပွဲ ခင်းများဖြင့် ခင်းကျင်းထားသည်။ မင်းဒိဗ္ဗက ကိုမြင့်ခေါင်ပြောသော



www.burmeseclassic.com

www.burmeseclassic.com



စကားကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရင်းမှ

"နာမည်ကြီးတစ်ယောက်ဖြစ်ဖို့ဆိုတာကတော့ အတော်ကြိုး ရဦးမယ်ဗျ၊ အခုခေတ်မှာ ဂမ္ဘီရဝတ္ထုမရေးတဲ့သူတွေ မနည်းဘူး၊ နည်းသူ့ဟန်နဲ့ စာပေလောကမှာ ချီတက်နေကြတယ်၊ တစ်အုပ်တည် ထွက်ပြီး ပျောက်ကွယ်သွားတဲ့သူလည်းရှိတယ်၊ ဆက်တိုက်အရှုံးခံပြ ထုတ်ဝေနေတဲ့သူတွေလည်း ရှိတယ်၊ ဂမ္ဘီရဝတ္ထုတွေကို အပြိုင်အဆို ရေးနေကြပေမယ့် အကြောင်းအရာ ထူးခြားပြီး တင်ပြပုံကောင်းတဲ့ စာရေးဆရာက နာမည်ကြီးသွားမှာပဲ"

ကိုမြင့်ခေါင်က စားပွဲထိုးကောင်လေးကို အချိုရည်နှင့်အသာ ကင်မှာနေသည်။ ထို့နောက် သူ့အင်္ကျီအိတ်ထဲမှ စီးကရက်ဘူးနှင့် ဖ မီးခြစ်ကို မင်းဒိဗ္ဗထံသို့ လှမ်းပေးသည်။ မင်းဒိဗ္ဗက စီးကရက်တစ်လိ ကို မီးညှိဖွာရှိုက်နေသည်။

"ကျွန်တော်တို့ အညာဒေသက ပူပြင်းတော့ ဆရာနေထိုင် တာ အဆင်ပြေရဲ့လား"

"ကျွန်တော် တည်းခိုနေတဲ့ ဘုန်းကြီးကျောင်းက သစ်ပင်ကြ တွေရှိတော့ သိပ်မပူပြင်းဘူးလို့ ထင်ရတယ်၊ ကျွန်တော်က ရာသီဥ ပူတာအေးတာတွေကို သိပ်ဂရုမထားပါဘူး၊ ဇာတ်လမ်းကောင်းတစ် ရေးချင်လို့ လာခဲ့တာပဲ၊ ပူတာ အေးတာကိုတော့ ခံစားရမှာပဲ"





"အင်း၊ အဲသလို စိတ်မွေးထားတာ ကောင်းပါတယ်"

စားပွဲထိုးလေးက အချိုရည်နှစ်ဖန်ခွက်နှင့် အသားကင်တစ်ပွဲ ကို စားပွဲပေါ်သို့ လာချပေးသည်။ မင်းဒိဗ္ဗက အချိုရည်ကို တစ်ချိုက်မော့ သောက်ပြီး ဖန်ခွက်ကို စားပွဲပေါ်သို့ ပြန်ချထားလိုက်သည်။

"အခု ဒီမှာထိုင်နေရင်းက ကျွန်တော့်ခေါင်းထဲမှာ စိတ်ကူး လေး တစ်ခုရလာတယ် ဆရာ"

မင်းဒိဗ္ဗက ပြောသည်။

"ဘာများလဲ ဆရာ၊ ပြောပါဦး"

"ဦးမောင်းညိုအကြောင်း ဆရာရေးထားတဲ့ဝတ္ထုတိုလေးကို ကျွန်တော် ဖတ်ကြည့်ချင်သေးတယ်"

"ရပါတယ်ဗျာ၊ ဆရာ ပြန်ရင်စာအုပ် ပေးလိုက်မယ်လေ၊ ဦးမောင်းညိုရဲ့အကြောင်းက စိတ်ဝင်စားစရာ ကောင်းတာတော့ အမှန်ပဲ၊ ဆရာ့ကို မိတ်ဆွေရင်းလို သဘောထားပြီး ပြောလိုက်ဦးမယ်၊ ကိုညိုအောင် က သူ့အဘိုး ဦးမောင်းညို စွန့်စားခဲ့တဲ့ အကြောင်းကို သိပ်ဂုဏ်ယူနေ သလိုပဲ၊ အမျိုးဂုဏ်တက်အောင် လုပ်ချင်နေတဲ့ လူလို့ ကျွန်တော်တော့ မြင်တယ်၊ ငါ့အဘိုးက အဲသလို စွန့်စားခဲ့တာကွ၊ ဘာမှတ်သလဲဆိုပြီး လူအများကို သိစေချင်နေတယ်"

"ကျွန်တော်က ဦးမောင်းညိုနဲ့ပတ်သက်ပြီး ဘာမှမသိသေး



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ဆရာရေးခဲ့တဲ့ ဝတ္ထုကိုဖတ်ပြီးမှ အနည်းအကျဉ်းသိလာရမယ့် သဘောပဲ၊ ကိုညိုအောင် ပြောပြတာတွေကို မှတ်တမ်းပြုပြီး ဇာတ်လမ်း ဆင်ရေးရမှာ မဟုတ်လား၊ စာဖတ်သူတွေ စိတ်ဝင်စားအောင်တော့ အတော် ကြိုးစားပြီး ရေးရမယ်ဆိုတာတော့ သိနေတယ်''

မင်းဒိဗ္ဗက အသားကင်တစ်ဖတ်ကို ခရင်းခွဖြင့် ထိုးပြီး ပါးစပ် ထဲသို့ထည့်ကာ ဝါးနေသည်။

''ကျွန်တော့်တုန်းကတော့ အဲဒီ ဝတ္ထုမရေးမီ ကိုညိုအောင် ပြောပြတာတွေကို အပြန်ပြန် အလှန်လှန် စဉ်းစားရတယ်၊ ဒါက အရေး ကြီးတယ်လေ၊ ကျွန်တော်တို့ နယ်အတွင်းက ချမ်းသာတဲ့ ကုန်သည်ကြီး တစ်ယောက်ရဲ့ အဘိုးအကြောင်းကို ရေးရမှာ မဟုတ်လား၊ တိတိကျကျ မှန်မှန်ကန်ကန် ဖြစ်ဖို့ ဂရုစိုက်ပြီး ရေးရမယ်ဆိုတာကို သိနေတယ်၊

အဲသလို ဝတ္ထုရေးဖို့ စဉ်းစားနေတုန်း ဦးမောင်းညိုကို ကယ်တင် ခဲ့တဲ့ စက်လှေက အလုပ်သမားတစ်ဦးနဲ့ အမှတ်မထင်တွေ့ခဲ့ရတယ်၊ ဦးမောင်းညို သက်ရှိထင်ရှားရှိစဉ်က အဲဒီ စက်လှေက အလုပ်သမား ကို သူ့အိမ်ကို တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်နိုင်ပြီး ထောက်ပံ့ကြေးငွေ ပေးနေတာလေ၊ ဦးမောင်းညို မရှိတော့လည်း ကိုညိုအောင်က အဲဒီ အလုပ်သမားကြီးကို ငွေကြေးဆက်လက်ပေးကမ်းနေတာကိုး''

ကိုမြင့်ခေါင်၏စကားကို မင်းဒိဗ္ဗက စိတ်ဝင်စားသွားသည်၊





''အဲဒီ အဘကို ကျွန်တော်က အသေအချာမေးကြည့်တာပေါ့၊ သူက ဦးမောင်းညိုကို ကယ်တင်ခဲ့ကြတာကို ကောင်းကောင်းမှတ်မိနေ တယ်၊ ဦးမောင်းညိုကို သူတို့ကယ်တင်တော့ ဦးမောင်းညိုက အခြေအနေ အတော်ဆိုးတယ်၊ အနှိပ်အစက် အညှင်းပန်းခံထားရတဲ့ ဒဏ်၊ ကျောက် တောင်ပေါ်က တောင်အောက်ကိုကျတဲ့ ဒဏ်တွေကြောင့် ပင်ပန်းချိနဲ့ နေတယ်လို့ ဆိုတယ်''

ကိုမြင့်ခေါင်က သူတို့နှစ်ဦး စားရန် ထမင်းနှင့်ဟင်းမျိုးစုံကို မှာသည်။ အချိုရည်နှင့် အသားကင်ကို လက်စသတ်လိုက်သည်။

''ကျွန်တော် ဒီစာမူကို ရေးနေတဲ့ကာလအတွင်းမှာ ဆရာဆီကို မကြာခဏ လာရောက်ပြီး အကြံဉာဏ်တောင်းရဦးမှာပါ''

''ဆရာက အတွေ့ရဲရင့်တယ်၊ လိုရင်းကိုရောက်အောင် စာရေး တဲ့ အတတ်ပညာနဲ့စိတ်ဝင်စားအောင် ဖန်တီးနိုင်မယ်ဆိုတာ ကျွန်တော် ယုံကြည်ထားပါတယ်၊ ဆရာ့ရဲ့ကြိုးစားအားထုတ်မှုကိုလည်း လေးစား တယ်''

စားပွဲထိုးကောင်လေးက ထမင်းနှင့်ဟင်းမျိုးစုံကို လာချပေး သည်။

''ကဲ ဆရာ အေးအေးဆေးဆေးနဲ့ ဝအောင်စား၊ မှာချင်တာ လည်း ထပ်မှာစားဦး''



www.burmeseclassic.com

www.burmeseclassic.com



“ဟာ တော်ပါပြီဗျာ၊ မှာထားတဲ့ဟင်းတွေက စုံနေတယ်၊ တစ်မျိုး နှစ်မျိုးဆိုရပါပြီ”

“စားစမ်းပါ ဆရာရယ်၊ ဆရာနဲ့တွေ့ရတာကို ဝမ်းသာနေမိလို့ ဆရာ အားတဲ့အခါ ကျွန်တော့်ဆီကိုလာခဲ့ပါ၊ စာအကြောင်း ပေအကြောင်း ဆွေးနွေးကြတာပေါ့”

“လာပါ့မယ်ဗျာ၊ လာလွန်းလို့ အလုပ်ပျက်တယ်ဆိုပြီး အပြစ်တင်ခံရမှာပဲ စိုးရိမ်နေမိတယ်”

သူက ဒီလိုလွတ်လပ်စွာ နေချင်သည်။ ဦးမောင်းညို၏ ဘဝဖြတ်လမ်းကို မှတ်တမ်းရေးသားထားသော စာအုပ်ကြီးကို ပြန်ဖတ်သည်။ ညဘက်တွင် ဖြတ်လမ်းဆင်ကာ စာရေးသည်။ မှတ်တမ်းကြီးကို အခေါက်ခေါက် အခါခါ ဖတ်ကြည့်မိသောအခါ ထူးခြားသော ဖြစ်စဉ်များကို သတိရလာသည်။

■ ■ ■



## အခန်း (၂)

## မောင်းညိုဘဝနိဒါန်း

ဦးမောင်းညို၏ ရုပ်သွင်က ခန့်ညားသည်။ အထက် အညာသားဆိုတော့ အသားဂျတော့ မည်းသည်။ သူ့အရပ်အမောင်းနှင့် သူ့ခန္ဓာကိုယ်သည် လိုက်လျောညီထွေ ရှိလှသည်။

စစ်အတွင်းကာလတွင် သူသည် တောကြီးမျက်မည်းထဲတွင် သွားလာရင်း ခရီးဆက်ခဲ့သည်၊ အစာငတ်မွတ်သည့် ဘေးနှင့်ကြုံခဲ့ရသည်။ ငှက်ဖျားရောဂါကြောင့် သေလုမျောပါးဝေဒနာကို ခံစားခဲ့ရသည်။ အရိုးပေါ်အရေတင်ကာ ကမ္ဘာ့ဗြာန်းရုပ်ပေါက်ခဲ့ရသည်။

သူတို့စစ်ဘက်ကို ကြောက်ရွံ့ပြီးပြေးခဲ့သူတစ်စုသည် မြန်မာပြည် အရှေ့ဖျားဒေသသို့ပင် ရောက်ခဲ့သည်။ ထိုသို့သွားလာရင်း ဖက်ဆစ်ဂျပန်တို့၏ဖမ်းဆီးခြင်းကိုခံခဲ့ရသည်။ သူတို့ကို ဖက်ဆစ်ဂျပန် တို့က



www.burmeseclassic.com

www.burmeseclassic.com



မော်လမြိုင်စစ်အကျဉ်းစခန်းတွင် ချုပ်နှောင်ထားခဲ့သည်။

ထို့နောက် ဖက်ဆစ်ဂျပန်တို့သည် ၎င်းတို့ဖမ်းဆီးထားသော ထောင်ပေါင်းများစွာသော လူတို့အား ဘန်ကောက်၊ မော်လမြိုင် မီးရထားလမ်းမကြီး ဖောက်လုပ်ရန် တောထဲသို့ပို့ခဲ့သည်။

ဖက်ဆစ်ဂျပန်တို့သည် ထိုမီးရထားလမ်းကို စစ်သုံ့ပန်း(၁၀)သိန်းနီးပါးခန့်ရှိသော အသက်များကို စတေးပြီးတစ်နှစ်အတွင်း အပြီးဆောက်လုပ်ခဲ့သည်။

ဂျပန်သည် မြန်မာပြည်သို့ဝင်ရောက်လာပြီး မကြာမီမှာပင် ဖက်ဆစ်စနစ်ကို ကျင့်သုံးလာသည်။

ဖက်ဆစ်စနစ်ဟူသည်မှာ ရက်စက်ကြမ်းကြုတ်သော အစိုးရစနစ်ဖြစ်သည်။ ဂျပန်တို့သည် မြန်မာပြည်တွင် ဖက်ဆစ်စနစ်ကို အဘယ်မျှ ဆိုးဆိုးဝါးဝါး ယုတ်ယုတ်မာမာ ကျင့်သုံးခဲ့သည်ကို ဖော်ပြရလျှင် မယုံနိုင်စရာပင်ဖြစ်မည်။

နယ်ချဲ့အင်္ဂလိပ် စစ်ပုလိပ်များသည် ဗုဒ္ဓရုပ်ပွားတော်များကို သေနတ်နှင့်ပစ်၍ စော်ကားခဲ့သည်။ ဖက်ဆစ်ဂျပန်တို့ကား ဗုဒ္ဓရုပ်ပွားတော်များကို ထင်သလို ပြုမူစော်ကားသည့်အပြင် မြန်မာဘုန်းတော်ကြီးများကိုပင် ပါးရိုက်ခဲ့ကြသည်။

ဂျပန်ခေတ်အခါက မြန်မာပြည် အနယ်နယ်အရပ်ရပ်တို့တွင်





ပါးရိုက်သံမိုးမွှန်ခဲ့သည်။ မြန်မာပြည်အမျိုးသမီးများသည် ဖက်ဆစ်ဂျပန်၏ ကျင့်ကြံစော်ကားခြင်းကို ခံခဲ့ရသည်။

လူအရှင်လတ်လတ်ကို ရေနွေးလောင်းခြင်း၊ နေပူလှမ်းခြင်း၊ လက်သည်းခွံခွာခြင်း၊ ပါးစပ်ထဲမှသွားများကို တစ်ချောင်းစီနှုတ်ပစ်ခြင်း၊ ထုတ်တွင် ဖောက်ထိုးဆွဲခြင်းစသည်တို့မှာ ဖက်ဆစ်တို့၏မရေမတွက်နိုင်သော ညှင်းပန်းနှိပ်စက်မှုများမှ တစိတ်တဒေသသာလျှင် ဖြစ်သည်။ ဖက်ဆစ်ဂျပန်တို့သည် အပြစ်မဲ့ယောက်ျားများကို ဖမ်းဆီးကာ ချွေးတပ်ဆွဲသည်။ မီးရထားလမ်းဖောက်လုပ်ရာတွင် စေခိုင်းသည်။ ထောင်ပေါင်းများစွာသော လူတို့မှာ အစာငတ်၍လည်းကောင်း၊ ငှက်ဖျားရောဂါကြောင့်လည်းကောင်း၊ သေဆုံးခဲ့ရသည်။

ဂျပန်ခေတ်၏ဆင်းရဲမွဲတေပုံမှာ စာဖွဲ့၍မကုန်နိုင်အောင်ဖြစ်သည်။ ဂုံနီအိတ်ကို လုံချည်ချုပ်ဝတ်ရပြီး လူတိုင်းလိုလို ဝဲစွဲ၍ သန်းကိုက်ခံရသည်အထိဖြစ်သည်။

ဖက်ဆစ်ဂျပန်တို့သည် ရထားလမ်းဖောက်လုပ်၍ အသက်မသေဘဲ ကျန်ခဲ့သည့် စစ်သုံ့ပန်း(ချွေးတပ်သား)များကို မော်လမြိုင်ရှိ စစ်အကျဉ်းစခန်းများသို့ ပို့ခဲ့သည်။

မောင်ညို(ထိုစဉ်အခါက သူ့အသက်သည် ၂၅ နှစ်ဝန်းကျင်သာရှိသေးသဖြင့် မောင်ညိုဟုသာ ဆိုပါစို့) က ဖက်ဆစ်ဂျပန်တို့နှင့်



www.burmeseclassic.com

www.burmeseclassic.com



သတ်ဖြတ်သဖြင့် ဖက်ဆစ်ဂျပန်တို့က သူ့ကို စစ်အကျဉ်းစခန်းသို့ ပြန်မပို့ခဲ့ချေ။

တောထဲတွင် ဖက်ဆစ်ဂျပန်တို့နှင့်အတူရှိနေသော မောင်ညိုသည် ငှက်ဖျားတက်ပြီး ဝေဒနာကို အပြင်းအထန်ခံစားနေရသည်။

ငှက်ဖျားက တက်လိုက်ပျောက်လိုက်။ သည်ရောဂါက အတော်ဆိုးသည်။ မသေရုံတမယ်ပင်။

တစ်နေ့တွင် မောင်ညိုနှင့်အဖွဲ့သည် ဂျပန်များ၏အလစ်တွင် တောထဲသို့ထွက်ပြေးခဲ့ကြသည်။ တောနက်ထဲသို့ရောက်လာသည်။ ထိုထွက်ပြေးသူများထဲတွင် မောင်ညို၏အစ်ကိုအရင်း စံလုံးညိုလည်းပါဝင်ခဲ့သည်။ အနယ်နယ်အရပ်ရပ်မှ ချွေးတပ်စခန်းသို့ရောက်လာသူများလည်း ပါသည်။

သည်တုန်းက မောင်ညိုတို့ညီအစ်ကိုက တော်လှန်ရေးစစ်သားဘဝ။ ဖက်ဆစ်ဂျပန်တို့၏ဖမ်းဆီးခြင်းကိုခံရပြီး ချွေးတပ်စခန်းသို့အပို့ခံရခြင်းဖြစ်သည်။

ထိုအချိန်က သူတို့ဘဝသည် ဖက်ဆစ်ဂျပန်တို့၏ လက်မှလွတ်မြောက်မည်လား၊ မလွတ်မြောက်မည်လားကို စဉ်းစား၍မရနိုင်သေး။ တောထဲတွင် အသက်လုကာ ပြေးနေရခြင်းဖြစ်သည်။ မြန်မာပြည်တွင်း နှင့်မိုင်ပေါင်းများစွာဝေးသော နေရာသို့ သူတို့ရောက်နေကြသည်။ ချွေး





တပ်သားအများစုမှာ လမ်းမလျှောက်နိုင်အောင်ဖြစ်နေကြသည်။

သူတို့အဖွဲ့က ရှေ့ကဦးဆောင်ပြီးသွားနေသူမှာ ဆင်ဦးစီး စောမိဟဲ ဖြစ်သည်။ မောင်ညိုက ကရင်စကားတတ်သဖြင့် စောမိဟဲ နှင့်ခင်မင်နေသည်။

ဆင်ဦးစီး စောမိဟဲမှာလည်း ဖက်ဆစ်ဂျပန်တို့ထံတွင် အလုပ်လုပ်နေရင်းမှ ထွက်ပြေးလာခြင်းဖြစ်သည်။ ဆင်ဦးစီး စောမိဟဲက တောလမ်းခရီးကိုကျွမ်းကျင်သည်။ တောတောင်ထဲတွင် နှစ်ပေါင်းများစွာ အလုပ်လုပ်ကိုင်ခဲ့သဖြင့် တောတိုးရဲသည်။

မောင်ညိုတို့ပြေးလာသူ အုပ်စုမှာ(၇)ဦးသည် ဆင်ဦးစီး စောမိဟဲက ဆင်ကိုစီး၍ခရီးလမ်းပြပေးသည်။ ကျန်သူများက ခြေလျင်လျှောက်လာကြသည်။

သူတို့သည် ခြုံနွယ်ပိတ်ပေါင်းများစွာပေါက်ရောက်နေသော တောနက်ကြီးထဲတွင် သူတို့နှင့်အတူပါလာသော ဓားနှစ်ချောင်းဖြင့် ခုတ်ထွင်ရှင်းလင်းပြီး လာရသဖြင့် ခရီးမတွင်လှပေ။

သူတို့အားကိုးအားထားပြုနေသော ဆင်ဦးစီး စောမိဟဲကိုယ်တိုင် ...ဦးတည့်ရာသို့ပြေးလာမိသဖြင့် လမ်းမှန်ကို မမှန်းဆတတ်ဘဲ ဖြစ်နေသည်။

တောတွင်းတစ်နေရာတွင် သူတို့ထိုင်ပြီးနားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"စောမိဟဲ ကျုပ်တို့လူစု ဒီလိုသာ လျှောက်သွားနေရင်တော့ မျက်စိကို အဝတ်စည်းပြီးလျှောက်သွားသလို ဖြစ်နေလိမ့်မယ်"

မောင်ညိုက ပြောသည်။ ကျန်လူများကလည်း

"ဟုတ်တယ် စောမိဟဲ၊ ကျုပ်တို့ဖက်ဆစ်ဂျပန်တွေရဲ့ လက်က လွတ်မြောက်အောင် ဘယ်လိုခရီးဆက်ကြမယ်ဆိုတာ စဉ်းစားပါဦး"

"ကျုပ်တို့တောင်ကြီးတစ်တောင်ပေါ်ကို ရောက်အောင်တော့ သွားရမယ်၊ အဲဒါမှ ကျုပ်တို့ဘယ်နေရာကို ရောက်မယ်ဆိုတာ သိနိုင်မယ်"

မောင်ညိုတို့လူစုသည် ခရီးဆက်ခဲ့ကြသည်။ သူတို့သည် မည်သည့်အရပ်သို့ ဦးတည်သွားနေသည်ကို မသိရသေး။

အရှေ့လား။ အနောက်လား။ တောင်လား။ မြောက်လား။

ရာသီဥတုကလည်း အလွန်ဆိုးဝါးနေသဖြင့် နေကိုမမြင်ရ လကိုလည်းမမြင်ရ။ အမှောင်ရိပ်သန်းလာသည်နှင့် ရောက်သည့်နေရာတွင် စခန်းချကာ ရပ်နားကြသည်။

သူတို့တွင် ဘာရိက္ခာမှမပါသဖြင့် ဆင်ဦးစီး စောမိဟဲရှာ ပေးသော သစ်သီး၊ သစ်ဥများကိုမှုဝေစားကြရသည်။ သည်ကြား နက်ကျော်က ငှက်ဖျားတက်ပြီး လမ်းမလျှောက်နိုင်သဖြင့် ဆင်ပေါ် လိုက်နိုင်းရသည်။



သည်နောက် သူတို့လူစုသည် တစ်ယောက်ပြီးတစ်ယောက် ဖျားကြသည်။ သူတို့အားလုံး ဖျားနာကြသောအခါ ဆင်ပေါ်တွင် စီးရန် အခက်အခဲကြုံရတော့သည်။ တောထဲတောင်ထဲတွင် သူတို့အားလုံး ဆင်စီးပြီးသွားလို့ မဖြစ်တော့။ ဆင်ပေါ်မှလိမ့်ကျပြီး နက်ကျော်က သက်ကျိုးသလိုဖြစ်နေသည်။ ထို့ကြောင့် တစ်နေရာတွင် သူတို့စခန်းချ နေကြသည်။ စမ်းချောင်းကလေး၏ဘေးတွင် ဖြစ်သည်။ နာဖျားနေသူ အချင်းချင်း ပြုစုနေရသည့် အခြေအနေ။

သူတို့သည် အဖျားကျသည့်အခါ ဝိုင်းဖွဲ့စကားပြောကြသည်။

"စောမိဟဲ ဒီတောထဲမှာ ကျွားရှိသလား"

သာထူးက မေးသည်။

"ရှိတာပေါ့ဗျ။ အခု ကျုပ်တို့လူစုရောက်နေတာ အရှေ့ရိုးမ တောကြီး"

စောမိဟဲ၏စကားကြောင့် ကျန်လူတို့မှာ အခုမှ ကြောက်ရမှန်း သိသွားသည်။ ဖက်ဆစ်ဂျပန်တို့၏လက်မှလွတ်မြောက်ရန် စိတ်တူကိုယ်တူ ကြိုးစားလာတုန်းကတော့ တောကောင်တို့၏အန္တရာယ်ကို သတိမထားမိ။

"ခင်ဗျားက ဒီတောထဲမှာ မြိတ်သျှအစိုးရလက်ထက် ကတည်းက အလုပ်လုပ်လာခဲ့တာဆိုတော့ ကျွားနဲ့ရင်ဆိုင်တွေ့ဖူးသလား"

"ကျုပ်မွေးဖွားရာ ဇာတိက ပဲခူးတိုင်း၊ ကျောက်တံခါးနယ်က



www.burmeseclassic.com

www.burmeseclassic.com



မထိုစီပကုံးရွာ၊ ဗြိတိသျှ အစိုးရသစ်ကုမ္ပဏီမှာ အမှုထမ်းနေတုန်းကပေါ့''

■ ■ ■

တစ်နေ့တွင် စောမီဟဲနှင့် စောထူးပလဲတို့က မုန်ယိုနေသဖြင့် တောထဲတွင် လွှတ်ထားသော ဆင်ထီးကိုပြန်ကောက်ရန် (ဖမ်းရန်) အမဲလိုက်ခွေးများဖြင့် လာခဲ့ကြသည်။ တောထဲတွင် ဆင်ထီးကိုရှာဖွေပေမယ့် မတွေ့သေး။ တောထဲတွင် သားရဲတိရစ္ဆာန်တို့၏အန္တရာယ်ကို ကြောက်ရသဖြင့် အမဲလိုက်ခွေးများကိုခေါ်လာရသည်။ အမဲလိုက်ခွေးများက အားကိုးရသည်။

''အခု တစ်ရက် နှစ်ရက်အတွင်းမှာ ငါ့အောက်မျက်ခမ်းတွေ လှုပ်နေတာ ခဏ ခဏပဲ၊ ပြီးကနဲ ဖျတ်ခနဲလှုပ်တာကွ''

လမ်းခရီးတွင် ခဏနားကြစဉ် စောမီဟဲက ပြောသည်။

''ဟဲ့ကောင်ရာ၊ ရန်ဖြစ်စရာဆိုလို့ နင်နဲ့ငါပဲရှိတာပဲ''

''ဟာ မဟုတ်တာ စောထူးရာ''

စောမီဟဲက မျက်နှာပြုံးရွှင်စွာဖြင့် ပြောသည်။ စောမီဟဲက မျက်နှာကို အမြဲပြုံးရွှင်နေတတ်သည်မှာ မွေးရာပါအကျင့်စရိုက်လိုဖြစ်နေသည်။

''ရွာကို မပြန်ရတာလဲ အတော်ကြာပြီ၊ မျက်နှာဖြူ သစ်တောအရေးပိုင်က မပြန်ရဘူးလို့ ချောင်းခေါင်းကြီး ဦးသန်းတင်က ပြောတာ





ပဲ ငါတို့က အဲဒီ မျက်နှာဖြူပြောတဲ့စကားကို နားမလည်ပါဘူး''

''ဒီကောင်တွေက ငါတို့ကို သေအောင်နိုင်းနေတာကွ''

''ငါတို့နိုင်ငံ၊ ငါတို့လူမျိုးက သူတို့လက်အောက်ကျရောက်နေတာကိုး ဘာတတ်နိုင်မလဲ''

''ဘာလဲ မင်းက အမေနဲ့ရွာကို လွမ်းနေပြန်ပြီလား''

''ကိုယ့်ရပ်ကိုယ့်ရွာကိုတော့ သတိရတာပေါ့ကွာ၊ နင်ကော ရွာကို ပြန်ချင်ဘူးလား''

''ပြန်ချင်တာပေါ့ကွာ၊ ချောင်းခေါင်းကြီး ဦးသန်းတင်ကို မျက်နှာဖြူ သစ်တောအရေးပိုင်ကို ပြောခိုင်းရဦးမယ်''

''ဟို ငနွားက ပြန်ခိုင်းမှာမဟုတ်ပါဘူး၊ သူတို့ ဘိုနာမည်တွေက ခေါ်လွန်းတော့ အဲဒီ ငနွားနာမည်ကို ပြောမပြတတ်ပါဘူး''

စောမီဟဲနှင့် စောထူးပလော့တို့က တောထဲတွင် ဆင်ထီးကို လိုက်ရှာနေပြန်သည်။

တောတွင်းတစ်နေရာသို့အရောက်တွင် စောမီဟဲထံသို့ပြေးခုန်လာသော အရိပ်တစ်ခုကို သတိပြုမိလိုက်သည်။

''မီဟဲ သားကောင်''

ကျားတစ်ကောင်က စောမီဟဲထံသို့ ခုန်အုပ်လိုက်သည်။ အမှတ်မဲ့ ကျားခုန်အုပ်လိုက်သော အရှိန်ဖြင့် စောမီဟဲ လဲကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



စောမိဟဲ အား ကျားက သဲကြီးမဲကြီးကိုက်ခဲ့သည်။ အမဲလိုက်

ခွေးများ၏ ဟောင်သံက တစ်တောလုံးဆူညံသွားသည်။ စောမိဟဲ

လက်နှစ်ဖက်ဖြင့် ကျား၏ကုတ်ခြစ် ကိုက်ခဲမှုကိုကာကွယ်သည်။

စောထူးပလော့က တစ်ခါမှမတွေ့ကြုံဖူးသည်မို့ ကြောင်အမ်

အမ်းဖြင့် ရပ်ကြည့်နေသည်။

ပြီးမှ ကျားကို ရဲဒင်းဖြင့် ဝင်ခုတ်ပေမယ့် ထိချက်ကမနာ

သခင်ကို ကိုက်ခဲနေသော ကိုးတောင်ကျားကို အမဲလိုက်ခွေးများ

အသက်စွန့်၍ဝင်ကိုက်သည်။ စောမိဟဲက ကျားကိုလုံးထွေးသတ်ပုတ်

သည်။ အမဲလိုက်ခွေးများ၏ကိုက်ခဲမှုကြောင့် ကိုးတောင်ကျားက တော

သို့ဝင်ပြေးသွားသည်။

စောမိဟဲမှာ ဘယ်လက်ဖျံ၊ လက်မောင်း၊ ညာဘက်လည်ပင်

အောက်တို့တွင် ကျားကိုက်ခံထားရသည့်ဒဏ်ရာတွေက ပြင်းထန်နေတော့

စောထူးပလော့ စိုးရိမ်သွားသည်။ ထို့ကြောင့် စောထူးပလော့က သူ

လုံချည်ကိုဖြဲပြီး စောမိဟဲ၏ဒဏ်ရာများကို ပတ်တီးစည်းပေးသည်

စောထူးပလော့က စောမိဟဲကို ဆင်စခန်းသို့ရောက်အောင် ထမ်းပြီးခေါ်

လာခဲ့သည်။

"မိဟဲ အားတင်းထားနော်၊ ဘာမှမဖြစ်ဘူး"

စောမိဟဲသည် ဒဏ်ရာကြောင့် သတိမေ့မျောသွားသည်။ ဆင်





ခန်းသို့ရောက်တော့ ဆင်လုပ်သားများက ပြေးလာကြသည်။ ချောင်း

ခေါင်းကြီး ဦးသန်းတင်က

"စောထူး၊ စောမိဟဲနဲ့မင်းတို့ တောထဲမှာ ဆင်ထိန်းသွားကောက်

တာ ဘာဖြစ်လာကြသလဲ၊ စောမိဟဲရဲ့တစ်ကိုယ်လုံးမှာလည်း ဒဏ်ရာ

တွေ မနည်းပါလား"

ဟု မေးသည်။

"ကိုးတောင်ကျားက ခုန်အုပ်ပြီး စောမိဟဲကို ကုတ်ခြစ်ကိုက်ခဲ

သွားတာ ချောင်းခေါင်းကြီး"

"ဆင်စခန်းမှာ အရေးပိုင်လည်း ရောက်နေတယ်"

ထိုသို့ ပြောဆိုနေကြစဉ်

"ဟော ဟိုမှာ အရေးပိုင်လာနေပြီ"

မျက်နှာဖြူ သစ်တောအရေးပိုင်က ဒဏ်ရာရပြီး သတိမေ့မျော

နေသော စောမိဟဲကိုကြည့်ကာ ချောင်းခေါင်းကြီး ဦးသန်းတင်အား

မေးသည်။

"တောတွင်းထဲမှာ ကိုးတောင်ကျားနဲ့လုံးထွေးသတ်ပုတ်လာတာ

ပါ သခင်၊ ဒဏ်ရာတွေက ပြင်းထန်လို့ သတိမေ့မျောနေတာပါ"

"သင်တို့နှစ်ယောက်က ကျားကိုသေအောင် မလုပ်နိုင်ဘူးလား"

မျက်နှာဖြူ သစ်တောအရေးပိုင်စကားကြောင့် စောထူးပလော့



www.burmeseclassic.com

www.burmeseclassic.com



၏မျက်နှာ ခက်ထန်သွားသည်။

"ဒီနွားတော့ မဟုတ်တာ ပြောနေပြီ"

ဟု တီးတိုးပြောလိုက်သည်။

"သင်တို့သာ ကျားကိုဖမ်းမိလာရင် ကျွန်ုပ် ကျားသားဟ

စားရမှာ"

စောထူးပလော့၏စိတ်ထဲတွင် ပို၍ခံပြင်းလာသည်။

"ကျားသားထက်ကောင်းတဲ့အသားကို ကျွန်တော်မျိုး ရှာ

ကျွေးပါ့မယ်၊ အခုလောလောဆယ် စောမီဟဲ့ရဲ့ဒဏ်ရာတွေက သွေးထွ

မလွန်အောင် ဆေးရုံပို့ရပါမယ် သခင်"

စောထူးပလော့က တစ်စုံတစ်ရာကိုတွေးမိသွားသည်မှ

လိုက်သည်။ မျက်နှာဖြူသစ်တောအရေးပိုင်က စောမီဟဲကို ဆေး

ပို့နိုင်းသည်။ ချောင်းခေါင်းကြီး ဦးသန်းတင်၊ စောထူးပလော့

ဆင်လုပ်သားအချို့က ဆေးရုံသို့လိုက်လာသည်။

"ဟိုနွား အမေးအမြန်းထူနေတာနဲ့ စောမီဟဲ သွေးထွက်

နေပြီလား မသိဘူး တောက်"

စောထူးပလော့က ဒေါသသံဖြင့်ပြောသည်။

"အဲသလောက် မစိုးရိမ်ပါနဲ့ စောထူး၊ ဒဏ်ရာတွေကို

ပတ်တီးစည်းပေးထားတာပဲ၊ စောမီဟဲ သတ္တိက မသေးဘူး။ ကိုးတေ





ကျားကို ပြန်လည်ခုခံရဲတာ မတွေးဝံ့စရာပဲ"

စောမီဟဲ ဆေးရုံရောက်တော့ ပန်ချာပီဆရာဝန်က ဒဏ်ရာများကို ကြည့်ရှုပြီး ဆေးထည့်ပေးသည်။ ဆေးထိုးပေးသည်။ စောထူးပလော့က လူနာစောင့်အဖြစ် ဆေးရုံတွင်နေခဲ့သည်။ ချောင်းခေါင်းကြီး ဦးသန်းတင်က သူတို့နှစ်ယောက် ဝယ်ယူစားသောက်ရန် ငွေပေးခဲ့သည်။ ထိုညတွင် စောမီဟဲက ပြန်လည်သတိရလာသည်။ စောထူးပလော့ ဝမ်းသာသွားသည်။

နောက်သုံးလေးရက်ကြာတော့ စောမီဟဲ၏ဒဏ်ရာများ သက်သာလာပြီး ရယ်မောစကားပြောနိုင်သည်။ ချောင်းခေါင်းကြီး ဦးသန်းတင် စောမီဟဲ၏အခြေအနေကို လာကြည့်သည်။

"ဟော့ကောင် မီဟဲ၊ ရယ်မောနိုင်နေပြီလား"

"အခုမှ ရယ်မောနိုင်တာပါ ဆရာရယ်၊ ကျားနဲ့နပန်းဖက်လုံးနေတုန်းက ကိုယ့်အသက်သေရမှာစိုးလို့ အားကုန်အင်ကုန် လှုပ်ရှားနေရတာ၊ ကျွန်တော် ဒီလောက် ဒဏ်ရာရခဲ့တာ၊ အမဲလိုက်ခွေးတွေရဲ့ အကူအညီကြောင့်ပါ၊ ကိုယ့်ကိုကိုယ်သေပြီလို့ သဘောထားတာ၊ စောထူးပလော့ ချောင်းခေါင်းကြီးနဲ့ ဆင်လုပ်သားတွေကြောင့် ကျွန်တော် အသက်ရှင်ရတာပါ"

"မင်းရဲ့ဒဏ်ရာတွေက နာကျင်သေးသလား"



www.burmeseclassic.com

www.burmeseclassic.com



"မနာတော့ဘူး ဆရာ၊ ဆရာဝန်ကြီးက မကြာခင်မှာ ဆေးရုံ ကဆင်းရမယ်လို့ ပြောတယ်"

ဆေးရုံမှဆင်းသည့်နေ့တွင် စောထူးပလော့က လမ်းတွင်တွေ့ သော သတ္တဝါတစ်ကောင်ကို သတ်ပြီး ဂုနီအိတ်ထဲသို့ထည့်သည်။ ထို့နောက် ထမ်းပြီး ဆင်စခန်းသို့ယူလာသည်။

လမ်းတွင်တွေ့သောချောင်းတွင် သူသတ်လာသော သတ္တဝါအား အသားဖျက်သည်။ အသားများကိုသာ နီးဖြင့်တွဲ၍ဝါးလုံးလျှိုကာ ထမ်းလာ သည်။

ဆင်စခန်းသို့ရောက်လျှင် ချောင်းခေါင်းကြီး ဦးသန်းတင်ကို ခေါ်၍ မျက်နှာဖြူသစ်တောအရေးပိုင်တဲသို့ သွားတွေ့သည်။ သူထမ်း လာသော အသားများကို ပေးသည်။

"ဟဲလို မောင်မင်း။ အဲဒါ ဘာသားကောင်လဲ"

မျက်နှာဖြူ သစ်တောအရေးပိုင်က မေးသည်။ သားကောင်သား ကိုစားရတော့မည်မို့ ဝမ်းသာနေဟန်ရှိသည်။

"ဆိတ်ကတုံးသားပါ သခင်၊ ကျွန်တော်မျိုးနဲ့ စောမီဟဲတို့ ဆေးရုံက ဆင်းပြီး ဆင်စခန်းကိုပြန်အလာမှာ မိအောင်ဖမ်းဆီးသတ်ဖြတ် လာခဲ့တာပါ၊ သခင့်ကို စားစေချင်လို့ပါ"

"မောင်မင်းတို့ အလွန်တော်ပါပေတယ်၊ မောင်မင်းတို့ ပင်ပန်း





သာတယ် မဟုတ်လား၊ အနားယူပါဦးတော့"

"ကောင်းလှပါပြီ သခင်"

ချောင်းခေါင်းကြီး ဦးသန်းတင်က စောထူးပလော့၏စကားကို နားထောင်ပြီး သူ့လျှာကိုအတင်းကိုက်ထားသည်။ မျက်နှာဖြူ သစ်တော အရေးပိုင်၏အခန်းထဲမှ စောထူးပလော့ထွက်သွားတော့ သူပါလိုက်ထွက် လာသည်။

"စောထူး မင်းကတော့ကွာ"

ဟုပြောသည်။

မျက်နှာဖြူ သစ်တောအရေးပိုင်က စောထူးပလော့ ပေးသော အသားကို သူ၏စားဖိုမှူးအား ချက်ပြုတ်နိုင်းသည်။ ထို့နောက် အသား ဟင်းကို အမြည်းအဖြစ်စားလိုက်၊ အရက်သောက်လိုက်နှင့် ချောင်းခေါင်း ကြီး ဦးသန်းတင်က မျက်နှာမထားတတ်အောင်ဖြစ်နေသည်။

"မစ္စတာ သန်းတင်၊ ဆင်လုပ်သား လာပို့တဲ့ အသားဟင်းက အတော်ကောင်းတာပဲ"

"အားရပါးရ သုံးဆောင်ပါ သခင်"

ညဥ့်နက်ချိန်တွင် မျက်နှာဖြူ သစ်တောအရေးပိုင်က မကြာ ခဏ ရေချိုးနေသည်။ ဆင်လုပ်သားများက မျက်နှာဖြူသစ်တော အရေးပိုင် ရေတစ်ခါချိုးတိုင်း တစ်ခါကြိတ်ရယ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



''သခင် ဘာဖြစ်လို့ ရေ ခဏ ခဏချိုးနေရတာလဲ''

''မစ္စတာ သန်းတင်၊ ကျွန်ုပ် ရင်ဘတ်ထဲမှာ Very H
ဖြစ်နေလို့''

■ ■ ■

ဆင်ဦးစီး စောမီဟဲ၏စကားအဆုံးတွင် ကျန်သူများက အာ
ပါးရ ရယ်မောနေကြသည်။

''ဆိတ်ကတုံးရဲ့အသားက စားပြီးရင် ဝမ်းမီးကိုတစ်အာ
တောက်စေတယ်၊ အသွေးအသားတွေကို ပူလောင်စေတယ်၊ မျက်နှာဖြ
သစ်တောအရေးပိုင်က ဆိတ်ကတုံးသားဟင်းကို စားကောင်းကောင်
စားပြီး နေမထိထိုင်မသာဖြစ်နေတာပေါ့''

ဘဲတုတ်က ပြောသည်။

''အဲဒီအချိန်ကစပြီး မျက်နှာဖြူသစ်တောအရေးပိုင်ဟာ ဆေ
ကောင်သားကို ရှာပေးဖို့ ဘယ်သူ့ကိုမှ မပြောတော့ဘူး...ကဲ ကျွ
အားလုံး ကျန်းမာရေးအခြေအနေကောင်းလာကြပြီဆိုတော့ ခရီးဆ
ကြဦးစို့''

သူတို့လူစုသည် တောတွင်းထဲတွင် ခရီးဆက်ရင်း ရိက္ခာပြ
သွားခဲ့သည်။ ဆင်ဦးစီး စောမီဟဲက သစ်သီး၊ သစ်ဥများကို ရှာ
ရန်ထွက်သွားသည်။ မောင်းညိုတို့က ထိုင်စောင့်နေကြသည်။





''စားစရာမရှိပါဘူးဆိုမှ ဗိုက်ထဲက ဆာလိုက်တာ''

ဖိုးထင်က ပြောသည်။

''ဟုတ်ပါရဲ့ဗျာ၊ ရေကလည်း နည်းနည်းပဲရှိတော့တယ်''

သူတို့သည် သစ်ပင်ရိပ်တွင်ထိုင်ရင်း အမောအပန်းဖြေနေကြသည်။ ထိုစဉ် ကောင်းကင်ကြီးက မည်းမှောင်လာသည်။

''ဟင် ဒီနေ့ မိုးချုပ်တာ မြန်လိုက်တာ''

''ဟာ မိုးချုပ်တာမဟုတ်ပါဘူး၊ မိုးရွာတော့မယ် ထင်တယ်''

ဆင်ဦးစီး စောမီဟဲက မည့်နေသော ငှက်ပျောခိုင်ကြီးကို ထမ်းပြီး ပြန်လာသည်။ သူတို့သည် ငှက်ပျောသီးများကို အငမ်းမရ ဖြုတ်စားကြသည်။ ထိုအချိန်တွင် မိုးကလည်း သည်းထန်စွာရွာသွန်းလာသည်။ သူတို့တစ်ကိုယ်လုံး မိုးရေများစိုရွှဲကုန်ကြသည်။ အေးစိမ့်သော ဒဏ်ကို အလူးအလဲခံနေကြရသည်။

မောင်းညိုက ကောင်းကင်ကိုမော့ကြည့်ပြီး ဂါထာတစ်ပုဒ်ကို အဆက်မပြတ် ရွတ်ဆိုနေသည်။ ကျန်သူများက ချမ်းအေးလွန်း၍ တဆတ်ဆတ်တုန်နေကြသည်။ မောင်းညိုက ကောင်းကင်ကိုမော့ကြည့်ပြီး ဂါထာတော်ကိုရွတ်ဆိုနေဆဲ။

သဲကြီးမဲကြီး ရွာသွန်းနေသောမိုးသည် ရုတ်ချည်းရပ်စဲသွားသည်။ မောင်းညိုက ကောင်းကင်ကိုလက်အုပ်ချီပြီး ရှိခိုးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''မောင်းညို ခင်ဗျား ဘာတွေလုပ်နေတာလဲ၊ မိုးတွေရွာနေ တုန်းကလည်း ပါးစပ်က ပွစိပွစိနဲ့၊ မိုးတိတ်သွားတော့လည်း ကောင်းကင် ကိုကန်တော့နေပြန်တယ်၊ ပြောပြစမ်းပါဦး''

သာထူးက မေးသည်။

''မိုးတွေ သဲကြီးမဲကြီး ရွာနေတာမို့ ဂါထာရွတ်နေတာ၊ မိုး တိတ်သွားတော့ မိုးနတ်သားကို ကန်တော့တာ၊ ဘာဂါထာလည်းဆိုတာ ခင်ဗျားတို့ သိအောင်ပြောပြမယ်

သီဟိုဠ်ရာဇဝင်မှာ အလွန်ထင်ရှားတဲ့ ဒုဋ္ဌဂါမဏိဆိုတဲ့ မင်းကြီး တစ်ပါးရှိတယ်၊ ဒုဋ္ဌဂါမဏိ မင်းကြီးဟာ ကဿပလဆင်တော်ကို စီးပြီး ဧဠာရ ကျေးမင်းနဲ့စစ်တိုက်တဲ့အခါ သူ့ရဲ့ ဗောင်းတော်ထဲမှာ ဗုဒ္ဓဘုရား ရှင်ရဲ့ ဂါထာသုံးဂါထာကို ဆောင်ကာ စစ်တိုက်ခဲ့တယ်၊ အဲဒီ ဂါထာ သုံးဂါထာကို ရွတ်ပြမယ်

(၁) ဗုဒ္ဓေါ တိလောက သရဏော၊
ဗုဒ္ဓေါတိ သုရိယော တမော၊
ဂစ္ဆန္တိ သရဏံ ဗုဒ္ဓံ၊
နဿ မယံ ရောဂံ သဒါ။

(၂) ဓမ္မော တိလောက သရဏော
ဓမ္မောတိ သုရိယော ဓမံ





ဂစ္ဆန္တိ သရဏံ ဓမံ
နဿ မယံ ဘယံ သဒါ။

(၃) သံဃော တိလောက သရဏော၊
သံဃောတိ သုရိယော တမော၊
ဂစ္ဆန္တိ သရဏံ သံဃံ၊
နဿ မယံ ဘယံ သဒါ။

ဒုဋ္ဌဂါမဏိမင်းကြီးဟာ ရတနာသုံးပါးကိုအတော်အားထား ယုံကြည်တော်မူတဲ့အတိုင်း ဗောင်းတော်ထဲမှာ ကျုပ်အခုရွတ်ပြတဲ့ ဂါထာ ဂါထာကို ဆောင်ထားတဲ့အပြင် တိုင်းပြည်မှာ ရာသီဥတုတွေ ဆိုးဝါး ဲ့အခါ ဒီဂါထာတော်တွေကို ရွတ်ဖတ်လို့ ရာသီဥတုကောင်းမွန်လာတယ် ို့ ကျုပ်ရဲ့ အဘဘုန်းကြီးက မိန့်ကြားထားလို့ ကျုပ်က အလွတ်ကျက် တ်ထားတာ အခု ရွတ်လိုက်တာနဲ့ သည်းသည်းမည်းမည်း ရွာနေတဲ့ ဟာ တိတ်သွားတာ ခင်ဗျားတို့အမြင်ပဲ''

သူတို့လူစုသည် စိတ်ထဲက မှန်းဆပြီး ခရီးဆက်ခဲ့ကြရာ ဘာရွာလေးတစ်ရွာသို့ အမှတ်မထင်ဘဲ ရောက်သွားကြသည်။ သို့သော် သူ့ရွာသားများက လက်မခံရဲကြ။ ဖက်ဆစ်ဂျပန်တို့ကို ကြောက်ရွံ့ ကြသောကြောင့် ဖြစ်သည်။

မောင်းညိုတို့လူစုကို မြင်သည်နှင့် ချွေးတပ်စခန်းမှထွက်ပြေး



www.burmeseclassic.com

www.burmeseclassic.com



လာကြောင်း သိသာလှသည်။ ဖက်ဆစ်ဂျပန်တို့ ညှင်းပန်းနှိပ်စက်ထား
သည့် ဒဏ်ရာများက သက်သေခံနေသည်။

ရွာသူရွာသားများက ပိုလျှံသော အစားအစာများကို သူတို့ကို
ပေးပြီး ရွာထဲမှ အမြန်ဆုံးထွက်ခွာသွားရန် ပြောဆိုကြသည်။

မောင်ညိုတို့လူစုသည် ရက်ဆက်ခရီးနှင်လာကြသဖြင့် ပင်
ပန်းနွမ်းနယ်နေကြပြီ။ ထို့ကြောင့် အနားယူချင်နေကြသည်။ သို့သော်
သူတို့လူစုနားနေရန် နေရာကို မတွေ့ရသေး။

သို့နှင့်ခရီးဆက်လာခဲ့ရာ ကျောက်တောင်ကြီးတစ်ခုကို မြင်ရ
သည်။ ကျောက်တောင်ကြီးပေါ်သို့ တက်ပြီး ဘေးပတ်ဝန်းကျင်၏အခြေ
အနေကို ကြည့်ရှုရန် စိတ်ကူးကြသည်။ သူတို့လူစုသည် တောင်
ကမ်းပါးတစ်ခုကို ခက်ခဲစွာတက်နေကြသည်။

''ဟော့ ဟိုမှာ''

''မောင်ညိုက သူ့လူများကို လက်ညှိုးထိုးပြနေသည်။ ကမ်းပါး
အထက် (၁၅)ပေကျော်မြင့်သောနေရာတွင် ဂူကြီးတစ်ဂူတွေ့လိုက်ရ
သောကြောင့်ဖြစ်သည်။ ကျန်လူများက မမြင်။

''ဘာလဲ မောင်ညို''

ဂူအပေါက်ဝတွင် ခြုံနွယ်ပိတ်ပေါင်းများစွာပိတ်ဆို့သဖြင့် သာမန်
ကြည့်လျှင် မမြင်နိုင်။





''ကမ်းပါးဝ အထက်မှာ ကျောက်ဂူကြီးတစ်လုံး''

''အေး ဟုတ်သားပဲကွ''

သူတို့သည် ဂူကြီးကိုမြင်ရသောအခါ ဝမ်းသာသွားကြသည်။
ကိုယ်ထဲတွင် ကိန်းအောင်းနေသော အဖျားများပင်လွင့်ပျောက်သွား
သလား ထင်ရသည်။ သူတို့၏စိတ်ဓာတ်များလည်း တက်ကြွလာကြသည်။

ဂူ . . .

သဘာဝကျောက်ဂူကြီး။

သူတို့လူစု အနားယူနိုင်သောဂူ။ သူတို့အားလုံးသည် ရာသီဥတု
အန္တရာယ်၊ သားရဲတိရစ္ဆာန်တို့၏အန္တရာယ်မှ ကင်းဝေးသော နေရာ၊
လို လုံခြုံစိတ်ချရသော နေရာတွင် ခြေပစ်လက်ပစ်အနားယူချင်
ကြသည်မှာ ကြာပြီ။

သို့ပေမယ့် ကျောက်ဂူကြီးပေါ်သို့ ရောက်ရန်က မလွယ်သေး။
င်ကမ်းပါးက မတ်စောက်သည်။ ဆင်ဦးစီး စောမိဟဲတွင် ဆင်တစ်
င်ကလည်းပါလာသေးသည်။

မောင်ညို၊ သာထူးနှင့်ဘတုတ်တို့က တောင်ခြေတွင်တွေ့ခဲ့
ာ ဝါးရုံရှိရာသို့ သွားသည်။ ဝါးများကို ခုတ်ယူလာသည်။ ဝါးအချို့
ဖြာသည်။ လှေကားတစ်ခုပြုလုပ်သည်။

မောင်ညိုက ကျောက်ဂူရှိရာသို့ အရင်ဦးဆုံးတက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဂူဝတွင် ပိတ်ဆို့နေသော ခြုံနွယ်ပိတ်ပေါင်းများကို ခါးဖြင့် ခုတ်ထွင်ရှင်းလင်းသည်။ မောင်ညိုက အသံပေးပြီး ကျောက်ဂူထဲသို့ ဝင်သွားသည်။ တောင်အောက်မှ လှမ်းမေးနေသံများကို မောင်ညိုက ကြားသည်။ သို့သော် မောင်ညိုက သူတို့ကို ဘာမှပြန်မပြော။

မောင်ညိုက ဂူအတွင်းသို့ ဝင်မိသည်နှင့် တအံ့တဩ ဖြစ်သွား သည်။ သူ့ကိုယ်သူ ငါအိပ်မက်မက်နေတာများလားဟု ထင်သွားမိသည်။

ဂူကြီးထဲတွင် ပြခန်းတစ်ခုသဖွယ် မြင်လိုက်ရသောကြောင့် ဖြစ်သည်။ တိရစ္ဆာန်ပေါင်းစုံတို့၏ ရုပ်တုများ။ လူခေါင်းရုပ်တုများ ပန်းအိုး၊ ညောင်ရေအိုး၊ သစ်ခေါင်းထွင်းရုပ်တုများ။

ပန်းပုပြပွဲတစ်ခု ပြသထားသည်နှင့်တူလှသည်။ ရုပ်တုများ၏ လက်ရာမှာ အလွန်ခန့်ညားသည်။ သို့ပေမယ့် ထိုပစ္စည်းများသည် ကျောက်ဂူ၏မြေပြင်ပေါ်တွင် ပြန့်ကျဲနေသည်။

''မောင်ညို ဟေ့ မောင်ညို''

အောက်မှ သူ့နာမည်ကို တစ်ယောက်ပြီးတစ်ယောက် အော်ခေါ် နေကြသည်။ မောင်ညိုက အသံမပေးသေး။

ပန်းပုဆရာ တစ်ယောက်က ဒီဂူထဲတွင် နှစ်ပေါင်းများစွာ နေထိုင်ပြီး သူ့စိတ်ကြိုက် ပန်းပုလက်ရာများကို ထုဆစ်သွားလေသလား ဟု မောင်ညိုက ထင်လိုက်မိသည်။ ဂူ၏အမိုးမှရေများ တစ်စက်





တစ်စက်နှင့်စိမ့်ထွက်နေသည်။ ရေစက်ကျသော နေရာတွင် ကျောက်ခွက် မှာဖြစ်နေသည်။

မောင်ညိုက ကျောက်ဂူအဝသို့ ပြန်၍ထွက်လာသည်။

''မောင်ညို ငါတို့အော်နေတာ မကြားဘူးလား၊ ကျောက်ဂူထဲ မှာ ဘာတွေရှိသလဲ''

နက်ကျော်က လှမ်းမေးနေသည်။

''လေ့ကားက တစ်ယောက်ချင်း တက်လာခဲ့ကြ''

စံလုံးညို၊ ဘတုတ်၊ နက်ကျော်၊ ဖိုးထင်၊ သာထူးတို့ ကျောက် ဂူပေါ်သို့ တက်လာကြသည်။

''စောမိဟဲ့ တက်လာခဲ့လေ''

''ငါ တက်မလာတော့ဘူး၊ ငါ့ခြင်က နေမှာမဟုတ်ဘူး၊ ထွက် ပြေးသွားလိမ့်မယ်၊ ငါ တောင်ခြေမှာပဲနေတော့မယ်''

မောင်ညိုက ကျန်လူများကို ကျောက်ဂူထဲသို့ခေါ်လာသည်။ သူတို့သည် ရွာသားများပေးလိုက်သော ရိက္ခာကို ခွဲဝေ၍စားကြသည်။ သူတို့သည် ကျောက်ဂူထဲတွင် အားရပါးရ အနားယူကြသည်။

ညအမှောင်သို့ရောက်သော်လည်း ကျောက်ဂူထဲတွင် ဘယ်က ဘယ်လာမှန်းမသိသော အလင်းရောင်ကြောင့် မြင်နေရသည်။

''ပန်းပုလက်ရာတွေကတော့ အတော်ထူးခြားတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



သာထူးက ပြောသည်။

"ဒီကျောက်ဂူထဲမှာ ဘယ်သူနေသွားတာလဲ မသိဘူး။ ဆင်ဦးစီး စောမိဟဲက ဒီကျောက်ဂူကြီးနဲ့ပတ်သက်ပြီး သိချင်သိနိုင်တယ်"

မောင်းညိုက ထင်မြင်ချက်ပေးသည်။

"သူ့ဆင်က ငါတို့ထွက်ပြေးလာတဲ့ လမ်းကြောင်းတစ်လျှောက် အသုံးဝင်ခဲ့ပေမယ့် ဒီနေရာကျတော့ ပြဿနာပဲ၊ တောင်အောက်မှာ စောမိဟဲ တစ်ယောက် ပျင်းနေမှာပေါ့"

"သူက သူ့ဆင် ထွက်ပြေးသွားမှာ စိုးရိမ်နေတယ်"

"ညနေက မင်းတို့အားလုံးက ပင်ပန်းပြီးအိပ်ပျော်နေကြတယ်၊ မှောင်ခါနီးမှ ဂူအပြင်ထွက်ကြည့်တော့ တောင်ခြေမှာ စောမိဟဲရော သူ့ဆင်ကော မတွေ့ရတော့ဘူး"

"ဟုတ်ရဲ့လား ဖိုးထင်ရာ"

မောင်းညိုနှင့်နက်ကျော်က ဂူအပေါက်ဝသို့ ထွက်သွားသည်။

"စောမိဟဲ စောမိဟဲ"

"ဟုတ်ပါပြီ ဖိုးထင်ပြောတာ မှန်နေပါပြီ"

မောင်းညိုနှင့်နက်ကျော်က ဂူထဲသို့ပြန်ဝင်လာသည်။

"ဘယ်လိုလဲ မောင်းညို၊ စောမိဟဲ တောင်ခြေမှာရှိနေသလား"

"မရှိတော့ဘူး၊ သူ့ဆင်ကိုစီးပြီး လစ်ပြီထင်တယ်"





"ငါတို့လည်း ဒီကျောက်ဂူကြီးထဲမှာ ကြာကြာနေလို့မဖြစ်ဘူး၊ ကျောက်ဂူက ဘာကျောက်ဂူကြီးမှန်းလည်း မသိ၊ လူနေထိုင်ခဲ့တဲ့ ခြေအနေမျိုးမတွေ့ရတာကတော့ ထူးဆန်းနေတယ်၊ ငါတို့ ဘယ်အရပ် သကို ရောက်နေမှန်းလည်းမသိဘူး၊ တောလမ်းခရီးကို ကျွမ်းကျင်တဲ့ ာမိဟဲကလည်း ငါတို့ကို ထားခဲ့ပြီးပြေးပြီ

တစ်ခါက စောမိဟဲ ပြောခဲ့ဖူးသလို တောင်ကြီးတစ်တောင်ပေါ် က်ပြီး အဲဒီ တောင်ပေါ်ကနေ ပတ်ဝန်းကျင်အခြေအနေကို လေ့လာ ည့်ရအောင်၊ ဒီအနီးအနားမှာမြစ်တွေ့ရရင်လည်း သစ်ဖောင်ဖွဲ့ပြီး ဆင်းသွားရအောင်"

"ဖက်ဆစ် ဂျပန်တွေက ငါတို့ကို ပြန်ဖမ်းမိသွားမှ"

"နေ့အခါ နီးစပ်ရာကမ်းနားမှာ အနားယူအိပ်စက်နေပြီး ကျတော့မှ သစ်ဖောင်စီးသွားတာပေါ့"

"စဉ်းစားကြဦးမှော်၊ သေချင်တဲ့ကျား တောပြောင်းသလို နေပြီ"

"ငါကတော့ ဒီကျောက်ဂူထဲနေရတာ စိတ်ထဲမှာ တစ်မျိုးကြီး နေတယ်၊ စိတ်ထဲက လန့်နေသလိုပဲ၊ အပြင်ဘက်မှာ ဒီလောက် ာင်နေပြီး ကျောက်ဂူထဲမှာကျတော့ လင်းနေတာ စဉ်းစားစရာပဲ"

ထိုညက သူတို့လူစုသည် တစ်နေရာတည်းတွင် စုဝေးပြီး



www.burmeseclassic.com

www.burmeseclassic.com



အိပ်စက်ကြသည်။ နောက်တစ်နေ့နံနက်တွင် သူတို့လူစုသည် ကျောက်
ထဲမှထွက်လာခဲ့ကြသည်။ တောင်ကုန်းပေါ်သို့ တက်ကြည့်ရန်စိတ်က
ကြသည်။ သို့သော် တောင်ကုန်းများက မြင့်မားပြီး မတ်စောက်သည်

ထို့အပြင် သစ်တောမှာလည်း ထူထပ်လွန်းသဖြင့် ပတ်ဝန်း
ကျင်အခြေအနေကို ကွဲကွဲပြားပြား မမြင်နိုင်ချေ။

မောင်းညိုက အရဲစွန့်ကာ တောင်ကုန်းတစ်ကုန်းပေါ်သို့ တက်
ကြည့်သည်။ အောက်တွင် ရှိနေသူများက အသည်းတယားယား ရ
တဖိုဖို။

ခပ်လှမ်းလှမ်းတွင် မြစ်တစ်မြစ်ကို မောင်းညိုလှမ်းမြင်ရသည်
မြစ်က ကောက်ကွေ့နေသည်။ အနောက်ဘက် ပင်လယ်ရှိရာသို့ စီးဆင်
သွားကြောင်း ခန့်မှန်းရသည်။

သူတို့လူစုသည် တောင်ကုန်း၏ တစ်ဖက်သို့ဆင်းသွားကြသည်
တောင်ကုန်းသည် မတ်စောက်ရာမှ ဆင်ခြေလျှောလေးဖြစ်လာသည်
ထို့နောက် အောက်ဘက်တွင် မြေပြန့်ကိုတွေ့ရသည်။

ထိုမြေပြန့်သည် မြစ်ရှိရာသို့ သွားရာလမ်း။

သူတို့သည် မည်သို့ခရီးဆက်ရမှန်း စဉ်းစားမရဖြစ်နေသည်
မောင်းညိုက တောင်ကုန်းတစ်ကုန်းပေါ်သို့ ထပ်မံတက်ပြီး ပတ်ဝန်းကျင်
အခြေအနေကို အကဲခတ်သည်။ ထိုစဉ် မမျှော်လင့်စရာ အဖြစ်အပျက်





စ်ခုနှင့်ကြုံတွေ့ရသည်။

မောင်းညိုရပ်ကြည့်နေသော ကျောက်တုံးက ရုတ်တရက်လှုပ်
သွားကာ အောက်ဘက်သို့ ရှန်းကန်လိမ့်ဆင်းသွားသည်။ မောင်းညို
သည် ပေ(၄၀)ခန့် ရှိသော နေရာသို့ ကျောက်တုံးနှင့်အတူ ကျသွား
သည်။ တောင်ကုန်း၏တစ်နေရာတွင် ရှိနေသော ကျန်လူများက
မောင်းညို ကျသွားရာကို ငုံ့ရှုကြည့်သည်။ မောင်းညိုသည် ပက်လက်
န်လဲနေရာ လက်ကိုဝှေ့ရမ်းပြရင်း သူတို့ကိုစကားပြောနေသည်။
သော်လည်း မောင်းညို၏စကားသံကို သူတို့မကြား။

စံလုံးညိုက တောင်ကုန်း၏ ကမ်းပါးမှ အောက်သို့တွယ်ကပ်
ဆင်းလာသည်။ ကျန်လူများက မောင်းညိုကို ဆွဲတင်ရန် ကြိုးစားကြ
သည်။

မောင်းညိုက ခြေထောက်နှစ်ချောင်းစလုံး ကျိုးနေပြီ။ ခန္ဓာ
ကိုယ်မှာလည်း ကျောက်တုံးများနှင့် အကြိမ်ကြိမ်ဆောင့်ထားသဖြင့်
ဏ်ရာတွေက ဗလပွ။ သူ့တစ်ကိုယ်လုံးမှာ သွေးများယိုစိမ့်ထွက်နေပြီး
ညည်းနေသည်။

"ဟာ မောင်းညို မင်းဒဏ်ရာတွေက မနည်းပါလား"

စံလုံးညိုက ညီဖြစ်သူကိုပွေ့ထားလိုက်သည်။

"ရေ ရေ"



www.burmeseclassic.com

www.burmeseclassic.com



စံလုံးညိုက မောင်းညို၏ခါးကြားမှ ရေဘူးကိုဖြုတ်သည်
မောင်းညို၏ရေဘူးထဲတွင် ရေမရှိတော့ စံလုံးညိုက သူ့ရေဘူးထဲ
လက်ကျန်ရေကို မောင်းညို၏ပါးစပ်ထဲသို့ထည့်ပေးသည်။

"အေ့ ဝေါ့ ဝေါ့"

"ဟင်"

မောင်းညို၏ ပါးစပ်ထဲမှ သွေးများအန်ထွက်လာသည်။

"မောင်းညို မင်း ဘာမှမဖြစ်စေရဘူး၊ အားတင်းထားနော်

မောင်းညို ခေါင်းကို ဖြေးညင်းစွာခါရမ်းပြသည်။ သာထူးနှ
နက်ကျော်ကလည်း မောင်းညို ကျသွားသည့် ချောက်ကမ်းပါးထဲ
ဆင်းသွားသည်။

"မောင်းညိုကို အပေါ်ရောက်အောင် ဘယ်လိုဆွဲတင်မလဲ

သာထူးက မေးသည်။

"သူ့ကိုအပေါ်ရောက်အောင် ဆွဲတင်ဖို့ထက် သူ မချိမဆ
ခံစားနေရတွေ သက်သာအောင် ပြုစုပေးဦးမှဖြစ်မယ်"

စံလုံးညိုက ပြောသည်။

"ဖိုးထင်နဲ့ဘတုတ် မင်းတို့တောထဲမှာ နွယ်ကြိုးသွားရှာကြစ

နက်ကျော်က အပေါ်တွင်ကျန်ခဲ့သော လူနှစ်ယောက်ကို အေ
ပြောသည်။





"သွားတော့ မင်းတို့သွားတော့၊ ငါ့ကိုထားခဲ့"

မောင်းညိုက ပြောသည်။ သူ့ပါးစပ်ထဲမှ သွေးများထွက်နေ
သဖြင့် စကားပြောသံက ဗလုံးဗထွေး။

"ဟာ ဒုက္ခရောက်ခဲ့ကြတဲ့သူ အချင်းချင်း မင်းကို ငါတို့က
ဘာလို့ထားခဲ့ရမှာလဲ ပြီးတော့ မင်းမှာ ဒဏ်ရာတွေနဲ့"

"မင်းတို့သွားတော့ ငါ့အခြေအနေကို ငါသိတယ်၊ အဟင်း"

"စကားမပြောနဲ့ မောင်းညို၊ မင်းမောနေတယ်"

မောင်းညိုက သူ့အစ်ကို စံလုံးညို၏ရင်ခွင်ထဲတွင် ခေါင်းမှီကာ
မှိန်းနေသည်။ နက်ကျော်နှင့်သာထူးက မောင်းညို၏ဒဏ်ရာများကို
ကြည့်ကာ စိတ်မကောင်းဖြစ်နေကြသည်။

"နွယ်ကြိုးသွားခုတ်တဲ့သူတွေကလည်း ကြာလိုက်တာ"

မောင်းညိုက လက်ကာပြသည်။

"အစ်ကို မင်းတို့သွားတော့၊ ငါ့အတွက်နဲ့ အပင်ပန်းမခံကြနဲ့၊
ငါရထားတဲ့ဒဏ်ရာတွေက နည်းတာမဟုတ်ဘူး၊ ငါ့ရင်ဘတ်ထဲ ကျော
ထဲကလည်း တစ်အား အောင့်နေတယ်၊ မင်းတို့ဆက်ရမယ့်ခရီးက
အဝေးကြီးကျန်သေးတယ်၊ ငါ့စကားကို နားထောင်ကြပါကွာ"

စံလုံးညိုက ကြိတ်မှိတ်ကာ ငိုကြွေးနေသည်။ သာထူးနှင့်နက်
ကျော်က စိတ်ထိခိုက်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"နက်ကျော် မင်းမှာ ဆေးလိပ်ရှိသလား၊ ငါသောက်ချင်လိုက်တာ"

"ငါ့မှာ တစ်လိပ်ရှိသေးတယ် မောင်ညို"

နက်ကျော်က ဆေးလိပ်ကိုမီးညှိပြီး မောင်ညို၏ပါးစပ်နားသို့ တေ့ပေးသည်။ မောင်ညိုက ဆေးလိပ်ကို ဖြည်းဖြည်းချင်းဖွာနေသည်။ အားယူ၍ သူ့လက်နှင့်ဆေးလိပ်ကို ကိုင်သည်။

"အစ်ကို ငါ့ကို ကျောက်ဆောင်မှာ မှီပေးခဲ့၊ မင်းတို့ ပြန်တက်ကြတော့၊ ငါ့စကားကို မင်းတို့နားမထောင်ရင် တောင်အောက်ရောက်အောင် လိမ့်ဆင်းလိုက်မယ်နော်"

စံလုံးညိုသည် မောင်ညို၏စိတ်ဓာတ်ကို သိသည်။ မောင်ညိုက သူပြောသည့်အတိုင်း လုပ်တတ်သည့် လူစား။ စံလုံးညိုက သာထူးကို ခေါင်းဆတ်၍ပြသည်။ မောင်ညိုကို ကျောက်ဆောင်ဘေးတွင် အသာအယာမှီပေးခဲ့သည်။ ထို့နောက် သူတို့သုံးယောက်သည် ကျောက်ဆောင်ကြီးပေါ်သို့ တွယ်ကပ်ပြီး ပြန်တက်လာကြသည်။

"ညီလေး ညီလေး"

စလုံးညိုက ငိုကြွေးရင်း တက်နေသည်။ သာထူးနှင့်နက်ကျော်က မျက်ရည်များဝဲနေသည်။ နှစ်ဦးစလုံး အံကြိတ်ထားကြသည်။ စံလုံးညို အကျႌသည် မောင်ညို၏သွေးများဖြင့်နီရဲနေသည်။





"အစ်ကို"

မောင်ညိုက လှမ်းခေါ်သည်။ စံလုံးညိုက မောင်ညိုရှိရာသို့ ဆင်းလာခဲ့သည်။

"ဘာလဲ မောင်ညို"

"ငါ့ကျောပိုးအိတ်ထဲမှာ"

"ဘာလဲ ညီလေး"

"ငါ ကျောက်ဂူထဲက ယူလာတဲ့ ပန်းပုရုပ်ကလေးတွေ ရှိတယ်၊ ...ရုပ်တုကလေးတွေထဲက ကျားရုပ်ကလေးကို မင်းယူသွားပါ၊ အဲဒီ ...ကလေးက မင်းကိုစောင့်ရှောက်ပေးပါလိမ့်မယ်၊ မင်းကို ကုသိုလ်ကံ ...င်းသူဖြစ်အောင် ဖန်ဆင်းပေးလိမ့်မယ်"

"မောင်ညို မင်းအပေါ်က လိမ့်ကျပြီး ခေါင်းနဲ့ဆောင့်မိလို့ ...ယောင် ချောက်ချားတွေဖြစ်သွားပြီလား"

"ငါ ဘာမှမဖြစ်ဘူး အစ်ကို၊ ငါပြောသလို မင်းကျားရုပ်ကလေး ...သွားပါ"

စံလုံးညိုက သူ့ညီနိုင်းသည့်အတိုင်း ကျားရုပ်ကလေးကို ယူ

"အ အ"

မောင်ညို တစ်ချက်တွန့်ပြီး ငြိမ်သက်သွားသည်။ စံလုံးညိုက



www.burmeseclassic.com

www.burmeseclassic.com



သူညီ၏လက်ကောက်ဝတ်ကို စမ်းကြည့်သည်။ သွေးမတိုးတော့။

"မောင်ညို"

စံလုံးညို၏အော်သံက တောထဲတွင် ပဲ့တင်ထပ်သွားသည်

"စံလုံးညို ဘာဖြစ်သလဲ"

အပေါ်မှ လှမ်းမေးကြသည်။

"မောင်ညို သေပြီ"

စံလုံးညိုက ငိုသံကြီးဖြင့်ပြောသည်။

"ဟာ"

"ဟင်"

ကျန်လူများသည် မောင်ညိုရှိရာသို့ တောင်ကိုတွယ်က
ဆင်းလာကြသည်။

"အဖြစ်ဆိုးလိုက်တာ မောင်ညိုရယ်"

တက်ခေါက်သူခေါက်။ သက်ပြင်းရှည်ကိုချသူက ချနှင့်

"ဖက်ဆစ်ဂျပန် ညှင်းပန်းနှိပ်စက်လို့ မသေရဘဲ အသေ
နဲ့သေရတယ်"

စံလုံးညိုက ခြေပစ်လက်ပစ်ထိုင်ချရင်း ငိုနေသည်။

"စံလုံးညို သေသွားသူက ပြန်ရှင်လာမှာမဟုတ်တော့
ငါ ကိုယ်ချင်းမစာလို့ ပြောနေတာမဟုတ်ဘူးနော်၊ ငါတို့ခရီးဆ

ယ် မဟုတ်လား"

ဖိုးထင်က ပြောသည်။

"ဟုတ်ပါတယ်၊ ငါသိပါတယ်၊ ငါ့မျက်စိရှေ့မှာဖြစ်သွားတာဆိုတော့ ယူကြုံးမရဖြစ်နေတာပါ၊ ကဲ အပေါ်ကိုပြန်တက်ရအောင်"

စံလုံးညိုက နောက်ဆုံးမှတက်သည်။ ရှေ့မှသွားနှင့်ပြီဖြစ်သောသူများကို စံလုံးညိုက အမီလိုက်ရာ မြစ်ကမ်းနံဘေးတွင်သွား၍ မီလာသည်။

သူတို့၏ အပြန်လမ်းမှာ ဖြောင့်ဖြူးနေပြီ။

သူတို့သည် မြစ်ကမ်းနားတွင်ထိုင်၍ အမောအပန်းဖြေကြသည်။ မြစ်ထဲဆင်းပြီး ရေချိုးကြသည်။ ရက်ပေါင်းများစွာ ဝတ်ထားသောအဝတ်အစားများကို လျှော်ဖွပ်ကြသည်။

သူတို့သည် အားလုံးကိုမေ့ပြီး စိတ်လွတ်ကိုယ်လွတ်ဖြစ်နေကြသည်။ ထိုအချိန်တွင် မြန်မာလမ်းပြများပါလာသည့် ဖက်ဆစ်ဂျပန်တိုက်ကင်းအဖွဲ့တစ်ဖွဲ့နှင့် ရင်ဆိုင်တွေ့သည်။ သူတို့က မြစ်ထဲတွင်ရေချိုးနေတုန်းဖြစ်၍ ပြေးမလွတ်သာတော့။

ဂျပန်ကင်းပေတိုင်က သူတို့ကို သေနတ်နှင့်ချိန်ရွယ်ထားရင်းနေသည်။ စံလုံးညိုက မြန်မာစကားပြန်အား အဖြေပေးသည်။

ဖက်ဆစ် ဂျပန်တို့က သူတို့ကို လူဆိုး သူခိုးများဟု ထင်မှတ်



www.burmeseclassic.com

နေကြသည်။ နေရာတွင်ပင် သေနတ်ဖြင့်ပစ်သတ်မည်ဟု ကြိမ်းဝါးနေသည်။ စံလုံးညိုက အဖြစ်မှန်ကို နားလည်အောင်ရှင်းပြသည်။

သို့သော် သူတို့အတွက် မျှော်လင့်ချက်က ဝေးသွားခဲ့သည်။ ဂျပန်ကင်ပေတိုင်က သူတို့လူစုကို ရေထဲမှာပင် တန်းစီနိုင်းသည်။

ဖက်ဆစ်ဂျပန်တို့က သူတို့တစ်ကိုယ်လုံးကို ရှာဖွေကြသည်။ စံလုံးညိုထံမှ သူညီမောင်းညို ပေးလိုက်သော မာန်ကြွနေသည့် ကျားရုပ်ကလေးကို တွေ့သွားသည်။ ဂျပန်စစ်ဗိုလ်က ကျားရုပ်ကလေးကို ရွှေရုပ်ကလေးဟု ထင်မှတ်နေသည်။

''ဟော့ကောင် မယူနဲ့၊ မင်းတို့နဲ့ ဘာမှမဆိုင်ဘူး''

စံလုံးညိုက အော်ပြောနေသည်။ ဖက်ဆစ်ဂျပန်တို့က ရွှေရောင် ကျားရုပ်ကလေးကို ဝိုင်းကြည့်နေကြသည်။ တဟားဟားနှင့်ရယ်မောနေကြသည်။

ဂျပန်စစ်ဗိုလ်က ဤမျှ အဖိုးတန်သော ရွှေရုပ်ကလေးကို တောတွင်းထဲသို့ ဘာလို့ယူလာရတာလဲဟု မေးသည်။ စံလုံးညိုက မြန်မာစကားပြန်မှတဆင့် မှသားသုံး၍ပြောလိုက်သည်။

ဂျပန်စစ်ဗိုလ်က ရွှေရောင်ကျားရုပ်ကလေးကို သိမ်းဆည်းလိုက်သည်။

''ဒီရွှေရောင် ရုပ်တုကလေးရဲ့သက်တမ်း အတော်ကြာပြီ





ကျုပ်ယူဆတယ်၊ ဒီရုပ်တုကလေးဟာ တကယ် အသက်ဝင်နေသလိုပဲ၊ ဒီရုပ်တုကလေးကို ကျုပ်တို့ရဲ့ အကြီးအကဲကို ပေးရမယ်''

ဂျပန်စစ်ဗိုလ်က ဝမ်းသာအားရ ပြောနေသည်။ စံလုံးညိုက

''မြန်မာစကားပြန် ကျုပ် ဂျပန်စစ်ဗိုလ်ကို စကားပြောချင်တယ်''

စကားပြန်က ဂျပန်စစ်ဗိုလ်ကို ခွင့်တောင်းသည်။ ဂျပန်စစ်ဗိုလ်က ခေါင်းညိတ်သည်။

''ဘာ ပြောချင်သလဲ ပြောပါတဲ့''

''ဒီအရုပ်ကလေးထဲမှာ တန်ခိုးကြီးတဲ့နတ်တစ်ပါးရှိတယ်၊ လေးလေးစားစား ဂရုတစိုက် မကိုင်တွယ်မိခဲ့တာကြောင့် အဲဒီ အရုပ်ကလေးထဲက နတ်က ကျုပ်ညီကို အသက်သေအောင်လုပ်ခဲ့တယ်''

စကားပြန်က ဂျပန်စစ်ဗိုလ်ကို ပြောပြသည်။ ဂျပန်စစ်ဗိုလ်လေး၏မျက်နှာက ပြုံးနေသည်။ ထို့နောက် သူတို့ဘာသာစကားဖြင့် ပြောသည်။ စကားပြန်က စံလုံးညိုကို ပြန်လည်ပြောပြသည်။

''သူ့အနေနဲ့ နတ်ဆိုတာကို မကြောက်ပါဘူးတဲ့၊ သူ ကြောက်တာက သူတို့အကြီးအကဲတဲ့၊ ဒီရွှေရောင်ရုပ်တုကလေးကို သူတို့ကြီးအကဲကို ပေးလိုက်ရင် သူအခွင့်အရေးရမှာပဲ သိတယ်တဲ့''

''မယုံကြည်ရင်လည်း ကျုပ်မတတ်နိုင်ဘူး၊ အခုသူက ရွှေ



www.burmeseclassic.com

www.burmeseclassic.com



ရောင်ကျားရုပ်တုကလေးကို မရှိမသေနဲ့သိမ်းဆည်းသွားတာ၊ သူ့အတွက် ဆိုးကျိုးကံကြမ္မာဟာ မကြာခင်မှာ ကျရောက်တော့မှာ အမှန်ပဲ၊ ထားပါလေ၊ ဒါက သူ့ထိုက်နဲ့သူ့ကံပေါ့၊ နားမလည်သူကို ပြောပြရတာ ကျွဲပါးစောင်းတီးသလိုဖြစ်နေမှာပဲ''

ဂျပန်စစ်ဗိုလ်လေးက သူတို့ကို အဝတ်အစားများ ပြန်ဝတ်ခိုင်းသည်။ ထို့နောက် သူတို့ကို ဖက်ဆစ်ဂျပန်စခန်းရှိရာသို့ ခေါ်သွားကြသည်။ သူတို့ကို သစ်လုံးများဖြင့် ကာရံထားသော ကွင်းလယ်ခေါင်က အချုပ်ခန်းထဲတွင် ချုပ်နှောင်ထားသည်။

ဂျပန်ကင်ပေတိုင်များက ဖိုးထင်ကို ညှင်းပန်းနှိပ်စက်ပြီး သတ်ပစ်ဆိုက်ကြသည်။ သူတို့ကို လက်ပြန်ကြိုးတုပ်ပြီး ခရီးရှည်ကြီးတစ်ခုကိုခေါ်သွားသည်။ ဖက်ဆစ်ဂျပန်တို့က သူတို့လူစုကို တော်လှန်ရေးစစ်သားများဟု ထင်မှတ်ပြီး ရိုက်နှက်စစ်ဆေးနေသည်။ ခံစားရသည်မှာ မရှုမလှ။

စံလုံးညိုတို့သည် ဖက်ဆစ်ဂျပန်တို့၏လက်မှ လွတ်မြောက်ရန်မလွယ်တော့။ တစ်လမ်းလုံးတွင် ဂျပန်စစ်သားများက သူတို့ကို လုံ့စွပ်သေနတ်များဖြင့်ထိုးချိန်ပြီး ခေါ်လာကြသည်။

ထိုရက်ပိုင်းအတွင်းတွင် ဖက်ဆစ်ဂျပန်တို့က သူတို့ကို အစာမဝရေစာကျွေးပြီး ရေကို အနည်းငယ်သာ တိုက်သည်။ လုံးဝမစား





မသောက်ရသေးသည်နှင့်စာလျှင် တော်သေးသည်ပေါ့။

လူသားတို့အပေါ် ရက်စက်ကြမ်းကြုတ်နေသော ဖက်ဆစ်ဂျပန်တို့၏စိတ်ထားသည် ဘယ်သို့ကြောင့် သူတို့အပေါ် ကြင်နာသယောင်ပြုနေရလေသနည်း။

နောက်တစ်နေ့ မနက်တွင် ခရီးထွက်လာခဲ့သည်။ နေကအလွန်ပူပြင်းနေသဖြင့် ဂျပန်စစ်ဗိုလ်တို့က သူတို့ကို သစ်ပင်ရိပ်အောက်တွင် အနားပေးထားသည်။ အမျိုးယုတ် ဖက်ဆစ်တို့က သစ်ပင်၏ပင်စည်ကိုမှီကာ ရေကလေးသောက်လိုက်၊ စီးကရက်ကလေး သောက်လိုက်နှင့်။

''တောက် ငါ့မိသားစုကို သတိရလိုက်တာကွာ၊ လယ်ယာလုပ်ငန်းတွေမှလုပ်ကိုင်ရရဲ့လား မသိဘူး။ ပြီတိသျှ အစိုးရလက်ထက်ကလည်း လယ်ယာတွေ၊ နွားတွေ အသိမ်းခံရ၊ သူကြီးအိမ်မှာ ထိပ်တုံးအခတ်ခံရနဲ့၊ ငါ့အဖေက အင်္ဂလိပ်စစ်ဗိုလ်က မတရားညစ်ပတ်ပြီး သတ်လို့သေရတယ်၊ ငါက ဖက်ဆစ်တွေ အဖမ်းခံရပြီး ချွေးတပ်စခန်းကို ရောက်လာတယ်၊ ငါ့အမေက မုဆိုးမကြီးဘဝနဲ့ ညီမတွေရဲ့ဘဝကို ရင်လေးလိုက်တာ''

နက်ကျော်က ပြောပြီး သက်ပြင်းချသည်။ မျက်လုံးထဲတွင် မျက်ရည်တွေဝဲနေသည်။ အံကိုတင်းတင်းကြိတ်ထားသည်။ ကောင်းကင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို မော့ကြည့်နေသော သူ့မျက်နှာက ညှိုးနွမ်းနေသည်။

နက်ကျော်၏စိတ်များက လှုပ်ရှားနေသလိုပင်။ နက်ကျော် သည် ထိုင်နေရာမှ ထပြေးသည်။

''ဟော့ ခူးယား ခူးယား''

ဂျပန် စစ်ဗိုလ်က နက်ကျော်ကို သေနတ်ဖြင့်လှမ်းပစ်သည်။

''ဒိုင်း''

''အား''

နက်ကျော်၏ပေါင်ကို သေနတ်ထိမှန်ပြီး လဲကျသွားသည်။ နက်ကျော်သည် မြေကြီးပေါ်တွင် လူးလှိမ့်နေသည်။ ဖုန်တထောင်းထောင်း ထနေ၏။ စံလုံးညိုတို့လူစုက နက်ကျော်ထံသို့ပြေးသွားပြီး ဝိုင်းဝန်း ပြုစုပေးကြသည်။ သို့သော် နက်ကျော်သည် အသက်ကို ပြင်းစွာ တစ်ချက်ရှူလိုက်ပြီး ငြိမ်သက်သွားသည်။

ဂျပန်စစ်ဗိုလ်က တည်ငြိမ်သွားသော မျက်နှာအနေအထား ဖြင့် နက်ကျော်၏အလောင်းနားသို့ လျှောက်လာသည်။ စံလုံးညိုတို့ကို သူတို့ဘာသာစကားဖြင့် ပြောသည်။

''စကားပြန် သူဘာတွေပြောနေတာလဲ''

စံလုံးညိုက မြန်မာစကားပြန်ကို မေးသည်။

''မလွတ်မှန်းသိရက်နဲ့ ထွက်ပြေးတာကို သေရတာပေါ့တဲ့၊





စိတ်မကောင်းပါဘူးတဲ့''

''ဒီကောင်တွေမှာ စိတ်မကောင်းဘူးဆိုတာ ရှိလို့လား''

ဂျပန်စစ်ဗိုလ်လေး၏မျက်နှာက မိုးကောင်းကင်ပေါ်သို့ ကြည့်နေ သည်။ သာထူးက နက်ကျော်၏အလောင်းကို ကြည့်ပြီး စိတ်ကနာမငြိမ် ဖြစ်သွားသည်။

ဖက်ဆစ်ဂျပန်တို့သည် နက်ကျော်၏အလောင်းကို ထိုနေရာမှာ ပင် ထားခဲ့ပြီး ခရီးဆက်ခဲ့ကြပြန်သည်။ သာထူး၏ဒူးခေါင်းမှအနာက ပြည်တည်နေသဖြင့် ထော့နင်းထော့နင်းနှင့်လျှောက်နေရသည်။

သာထူး၏ဒဏ်ရာက တစ်နေ့တစ်ခြား ပိုဆိုးလာသည်။ လမ်းကို ကောင်းစွာမလျှောက်နိုင်တော့။ လမ်းလျှောက်ရင်း မကြာခဏလဲနေသည်။ အားအင်တွေလည်း ဆုတ်ယုတ်နေရှာပြီ။ နောက်ဆုံးတော့ ဂျပန်စစ်ဗိုလ် က သာထူးကို သေနတ်နှင့်ပစ်သတ်လိုက်သည်။

စံလုံးညိုနှင့်ဘတုတ်တို့နှစ်ယောက်သာ ကျန်တော့သည်။ ဘတုတ်က စံလုံးညိုကို အားပေးစကားပြောနေပေမယ့် စံလုံးညိုက စိတ်ဓာတ်ကျနေသည်။

သူတို့နှစ်ဦး၏ဘဝသည် သေမင်းနိုင်ငံသို့သွားမည့် ခရီးသွား များပမာဖြစ်နေသည်။ လမ်းခရီးတစ်လျှောက်တွင် ဂျပန်စစ်သားများက သူတို့နှစ်ယောက်ကို တင်းတင်းကြပ်ကြပ် စောင့်ကြပ်လာသည်။ ခရီး



www.burmeseclassic.com

www.burmeseclassic.com



သွားလာနေသည့် အချိန်တွင်လည်းကောင်း၊ အနားယူနေသည့်အခါတွင်လည်းကောင်း၊ ဂျပန်စစ်သားများက သူတို့ကို အလစ်မပေးတော့ချေ။

စံလုံးညိုနှင့်မောင်းညိုတို့က ရွာဘုန်းတော်ကြီးကျောင်းတွင် ဘုန်းကြီးကျောင်းသားလုပ်ခဲ့ဖူးသည်မို့ ဘာသာရေးကို နားလည်သည်။ လမ်းခရီးတွင် သွားလာနေရင်းလည်း စံလုံးညိုက ဘုရားကို အာရုံပြုပြီး တရားစာများကို ရွတ်ဆိုနေမိသည်။ အနားယူနေသည့်အချိန်တွင်လည်း မျက်စိကိုစုံမှိတ်ပြီး တရားစာများကို ရွတ်ဆိုနေမိသည်။ ဘတုတ်ကတော့ သူ့ကိုယ်သူ သေလူဟု သဘောထားနေပုံရသည်။

စံလုံးညိုက ဘတုတ်ကို တရားစာများ သင်ပေးသည်။ ဘတုတ်က စိတ်ဝင်စားပုံမရ။

''မင်းမှာ သစ္စာ၊ လူမှာကတိ ဆိုတဲ့ ငါတို့ မြန်မာစကားပုံရှိတာပဲ၊ ငါတို့လည်း သစ္စာဓိဋ္ဌာန်ပြုပြီး ဆုတောင်းလို့ရတယ်၊ ငါတို့က တရားကို ငါတို့သိမြင်နိုင်တာ မဟုတ်ဘူး၊ ဟိုးဘဝက ငါတို့က သူတစ်ပါးကို ချုပ်နှောင်ခဲ့လို့ အခု ငါတို့ချုပ်နှောင်ခံနေရတယ်၊ ဒီဝဋ်ကြွေးက မလွတ်ဘူးလို့ မပြောနိုင်ဘူး၊ ဘုရားအလောင်း ငုံးမင်းဇာတ်ကို မင်းကြားဖူးသလား''

ဘတုတ်က ခေါင်းခါပြသည်။

''ဘုရားအလောင်းတော် ငုံးမင်းဘဝဖြစ်စဉ်က ငုံးမင်းကလေး





မပျံနိုင်သေးတဲ့အရွယ်မှာ တောမီးကြီးလောင်ကျွမ်းခဲ့တယ်၊ သူ့ရဲ့မိဘနှစ်ပါးက ငုံးမင်းကလေးကို ခေါ်ဆောင်သွားချင်ပေမယ့် ပျံနိုင်စွမ်းမရှိတဲ့အရွယ်ဖြစ်နေတာမို့ မခေါ်ဆောင်နိုင်ဘဲ ပစ်ထားခဲ့ပြီး သူတို့က ပျံသန်းသွားကြတယ်

တောမီးကလည်း ငုံးမင်းကလေးနဲ့ နီးသထက်နီးလာပြီ၊ ကြံရာမရဖြစ်နေတဲ့ ငုံးမင်းကလေးက ''အို တောမီး၊ ငါ့မှာ အတောင်ရှိပါ၏၊ သို့သော် မပျံနိုင်ပါ၊ ငါ့မှာခြေထောက်လည်းရှိပါ၏၊ သို့သော် မသွားနိုင်ပါ၊ အမိအဖနှစ်ပါးတို့ကလည်း ငါ့ကိုထားခဲ့ပြီးသွားကုန်ကြလေပြီ၊ ဤစကားသည် မမှားကေန်စစ်စစ်သာ ဖြစ်ပါသည်၊ ဤမှန်သော သစ္စာစကားကြောင့် အသင် တောမီးသည် ငါ့ထံသို့မရောက်ဘဲ ငြိမ်းပျောက်သွားပါစေသတည်း'' လို့သစ္စာဓိဋ္ဌာန်ပြုတယ်၊ အဲဒီ သစ္စာအဓိဋ္ဌာန်ရဲ့စကားကြောင့် ကိုက်စားဝါးမျိုတော့မယောင် တဟုန်းဟုန်းတဟိန်းဟိန်းနဲ့တောက်လောင်လာတဲ့ အသက်မရှိတဲ့မီးဟာ သစ္စာစကားကို နားလည်ဘိအလား ငုံးမင်းကလေးရဲ့မလှမ်းမကမ်းမှာ ငြိမ်းအေးသွားတယ်၊

ငုံးမင်းကလေးရဲ့ သစ္စာဓိဋ္ဌာန်က ရိုးရိုးရှင်းရှင်းလေးပဲ၊ ဘယ်လိုအထူးအဆန်းစကားမှ မပါဘူး၊ အမှန်တွေချည်းဖြစ်တယ်၊ ယင်းအမှန်များဖြစ်တဲ့သစ္စာဓိဋ္ဌာန်ကြောင့် ဘုရားလောင်းငုံးမင်းကို တောမီးက



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကွင်းသွားရတယ်၊ သစ္စာစိဋ္ဌာန်ပြုရင် ဂါထာမန္တာန်ထက်တောင် အကျိုးအာနိသင်ရှိတယ်လို့ ငါတို့ဆရာ ဘုန်းကြီးကဆုံးမဖူးတယ်''

''ငါတို့ ဘယ်လိုသစ္စာစိဋ္ဌာန်ပြုရမှာလဲ စံလုံးညိုရဲ့''

''ငါတို့ကို ဖက်ဆစ်တွေက မတရားဖမ်းဆီးခေါ်ဆောင်လာခဲ့တာ မဟုတ်လား၊ အဲဒီ စကားမှန်ကန်ပါလျှင် တပည့်တော်တို့သည် ဖက်ဆစ်တို့လက်မှ လွတ်မြောက်ပါစေသားလို့ ဆုတောင်းပေါ့ကွာ''

ဘတုတ်က စံလုံးညိုပြောသည့်အတိုင်း ဆုတောင်းသည်။

နောက်ဆုံးတွင် သူတို့နှစ်ဦးသည် ဖက်ဆစ်ဂျပန်အရာရှိကြီး၏ ရှေ့မှောက်သို့ စစ်သုံ့ပန်းအဖြစ် ရောက်သွားကြသည်။ ဂျပန်စစ်ဗိုလ်လေးက ရွှေရောင်ကျားရုပ်ကလေးကို အရာရှိကြီးထံသို့ပေးအပ်ပြီး ပြောနေသည်။

ဖက်ဆစ်ဂျပန် အရာရှိကြီးက စံလုံးညိုကို မေးမြန်းသည်။ သူတို့နှစ်ဦးသည် စကားပြန်၏အကူအညီဖြင့် စကားပြောကြသည်။ ထိုစဉ်က အရာရှိကြီးကို စံလုံးညိုက ဘာတွေပြောခဲ့မိသည်ကို အမှတ်မရတော့။

ရွှေရောင်ကျားရုပ်ကလေးကို တောတွင်းတစ်နေရာရှိ ရတနာသိုက်ထဲမှ ရခဲ့သည်ဟု စံလုံးညိုက ပြောခဲ့သည်။ ထို့ကြောင့် ဖက်ဆစ်ဂျပန်တို့က သူတို့နှစ်ဦးကို ညှင်းပန်းနှိပ်စက်ပြီး တောတွင်းထဲမှ ရတနာ





သိုက်ကို စစ်မေးမြန်းခဲ့သည်။

စံလုံးညိုနှင့် ဘတုတ်က တောတွင်းထဲမှ ဂူကြီးရှိသည့်နေရာကို အတိအကျမမှတ်တော့၍ မပြောနိုင်သည်ကို ဖက်ဆစ်ဂျပန်တို့က လိမ်ညာသည့်ထင်ပြီး ရိုက်နှက်ကြသည်။

ဖက်ဆစ်ဂျပန်တို့က သူတို့နှစ်ဦးကို ချော့တစ်ခါ နှိပ်စက်တစ်လှည့်ဖြင့် စစ်ဆေးနေသည်။ ဖက်ဆစ်ဂျပန်များက ဂျပန်စီးကရက်နှင့် ဝီစကီအရက်များကို သူတို့နှစ်ယောက်ကို ပေးတိုက်ကြသည်။ ထိုရက်များကတော့ စံလုံးညိုနှင့်ဘတုတ်တို့သည် စိတ်ညစ်ညစ်နှင့်အရက်တွေသောက်ပြီးမူးနေကြသည်။ ဖက်ဆစ်ဂျပန်တို့က စစ်ဆေး၍ အမှန်ကို မပြောနိုင်သောအခါ အရိုက်အနှက်ခံကြရပြန်သည်။

ဘတုတ်သည် ကြံ့ခိုင်ပြီး ဖက်ဆစ်တို့ရိုက်နှက်ချက်ကို ကြိတ်မှိတ်ခံနိုင်သူဖြစ်သည်။ သူက ပေတေပြီး ကြိတ်မှိတ်ခံလေ ဖက်ဆစ်တို့က ရက်စက်လေလေ။

လူတစ်ယောက်၏ခံနိုင်ရည်စွမ်းရည်သည် မည်မျှရှည်ကြာနိုင်မည်နည်း။

တစ်နေ့ ဖက်စစ်ဂျပန်တို့က စစ်ဆေးပြီး အချုပ်ခန်းသို့ ပြန်အပို့ ဘတုတ်က စိတ်မထိန်းနိုင်တော့ဘဲ အစောင့်စစ်သားကို ကိုယ်လုံးဖြင့်အတင်းတိုက်ကာ ထွက်ပြေးသည်။ သို့သော် ဘတုတ်မလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်စစ်သားများက နေရာတွင်ပင် သေနတ်ဖြင့်ပစ်သတ်လိုက်သည်။

ဂျပန်စစ်ဗိုလ်ဇလေးက စံလုံးညိုကိုတော့ ချိုသာစွာဆက်ဆံခဲ့သည်။ သူသည် စံလုံးညိုကို ဖျောင်းဖျသိမ်းသွင်းပြီး မေးမြန်းသည်။

တစ်နေ့တွင် မဟာမိတ်စစ်တပ်များက ဖက်ဆစ်တို့၏စခန်းကို အင်အားအလုံးအရင်းနှင့်ဝင်ရောက် တိုက်ခိုက်သည်။ မဟာမိတ်တပ်များသည် တောတွင်းထဲမှ ဖက်ဆစ်တို့၏စခန်းကို ရက်အတန်ကြာအောင် လေ့လာပြီးမှ တိုက်ခိုက်ခြင်းဖြစ်ရာ ဖက်ဆစ်တို့အရေးနိမ့်သွားခဲ့သည်။

မဟာမိတ်စစ်သားများက စံလုံးညိုကို မော်လမြိုင်ဆေးရုံသို့ ပို့ပေးခဲ့သည်။

"ဟင်း"

မင်းဒိဗ္ဗသည် မှတ်တမ်းစာအုပ်ကြီးကို ဖတ်နေရင်းမှ ခဏရပ်နားထားလိုက်သည်။ ဒီမှတ်တမ်းကြီးကို ဖတ်လိုက် ဇာတ်လမ်းဆင်ပြီး အကြမ်းရေးလိုက်နှင့် မင်းဒိဗ္ဗလုပ်နေသည်မှာ ငါးရက်ရှိခဲ့ပြီ။ မှတ်တမ်းစာအုပ်ထဲမှ ဖြစ်ရပ်များက စိတ်ဝင်စားစရာကောင်းသလို သူ့အတွေးနှင့် ရေးသား ဖန်တီးယူမှုများကလည်း ထူးဆန်းနေသည်။

■ ■ ■



အခန်း (၃)

## ဂမ္ဘီရ နယ်မြေထဲမှာ

တစ်နေ့ ညနေဘက်တွင် မင်းဒိဗ္ဗက ကိုညိုအောင်ထံသို့ လာခဲ့သည်။ မင်းဒိဗ္ဗက ဦးမောင်းညိုအကြောင်းရေးသားနေရင်း သူ့အတွက် မရှင်းမလင်းသော အကြောင်းအရာများကို မှတ်တမ်းထဲတွင် ကိုညိုအောင်ထံသို့ သွားရောက်မေးမြန်းသည်။ အိမ်ဖော် အမျိုးသမီးက မင်းဒိဗ္ဗကိုမြင်သည်နှင့် အိမ်တံခါးဖွင့်ပေးသည်။

"ဆရာ ကိုညိုအောင် အိမ်မှာမရှိပါဘူးရှင်၊ အပြင်သွားနေပါတယ်"

"ဘယ်တော့ ပြန်လာမှာလဲ"

"သူ့မိတ်ဆွေ ကုန်သည်တစ်ဦးကို နေ့လည်စာ သွားကျွေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



''သူ့ အမျိုးသမီးကော ရှိသလား''

''ဆရာကတော်က သူညီမ နေမကောင်းလို့ အဲဒီ အိမ်မှာ သွားနေတာ နှစ်ရက်လောက်ရှိပါပြီ''

''ဪ''

မင်းဒိဗ္ဗက လှည့်ပြန်ရန် စဉ်းစားပြီးဟန်ပြင်လိုက်သည်။

''ဆရာ မင်းဒိဗ္ဗ''

ခေါ်သံကြောင့် မင်းဒိဗ္ဗက နောက်သို့လှည့်ကြည့်လိုက်တော့ ကိုညိုအောင် အိမ်သို့ ပထမဦးဆုံးအကြိမ်လာစဉ်က တံခါးလာဖွင့်ပေးသော မိန်းကလေး၊ သူ့နာမည်က အင်ကြင်း။ ကိုညိုအောင်၏သားသမီးများကို ထိန်းကျောင်းပေးနေသူ။ စကားပြောသွက်လက်ပြီး ရဲတင်းသည်။ ကိုညိုအောင်တို့ လင်မယားက သူ့ကိုဆွေမျိုးသားချင်းပမာ ဆက်ဆံသည်။ မင်းဒိဗ္ဗက သည်အိမ်သို့ သုံးလေးကြိမ်လာရောက်ဖူးပြီဖြစ်၍ မျက်မှန်းတန်းမိနေသည်။

''ကိုညိုအောင်က ရှင့်ကို မျှော်နေတာ''

အင်ကြင်းက လျှောက်လာရင်း ပြောသည်။ မင်းဒိဗ္ဗက အိမ်ဘက်သို့ ပြန်လှည့်သည်။ အင်ကြင်း၏မျက်နှာက ပြုံးနေသည်။

''ကိုညိုအောင် နောက်နှစ်နာရီလောက်ကြာရင် အိမ်ကိုပြန်လာပါလိမ့်မယ်၊ သူပြန်လာဖို့ များပါတယ်၊ ဆရာ့မှာ အကြောင်းထူးရှိနေလို့





လား''

''အကြောင်းထူးတော့ မရှိပါဘူး၊ သူ့စကားသံတွေ အသံသွင်းပေးထားတဲ့ တိပ်ခွေကိုလာပေးတာပါ၊ မအင်ကြင်းက ကိုညိုအောင့်ကို ပေးပေးပါ''

''ဆရာ ကိုညိုအောင်ကို စောင့်နေပါဦးလား၊ ကိုညိုအောင်ကလည်း ဆရာ့ကိုတွေ့ချင်နေတယ်၊ ကျွန်မတို့တစ်ခုခု သောက်ရင်း ကိုညိုအောင်ကို စောင့်နေကြရအောင်၊ မကောင်းဘူးလား''

အင်ကြင်းက မင်းဒိဗ္ဗကို ဧည့်ခန်းထဲတွင် ထိုင်နိုင်းပြီး နောက်ဖေးခန်းထဲသို့ ဝင်သွားသည်။ မင်းဒိဗ္ဗက ဧည့်ခန်း၏စားပွဲပေါ်တွင် တွေ့သော သတင်းစာကိုကောက်ယူဖတ်နေမိသည်။ ဖတ်နေရင်း တွေးနေသည်။

အင်ကြင်း၏အလှကို မင်းဒိဗ္ဗက သတိထားမိသည်။ အင်ကြင်းက ရိုးရိုးလေးနှင့်ယဉ်သည်။ ခေတ်လည်း သိပ်မဆန်။ အညာသူမတွေလို ရိုးရိုးစင်းစင်းကြီးလည်း မဟုတ်။ သူမလည်ပင်းတွင် လော့ကတ်သီးပါသော ရွှေဆွဲကြိုးလေးကိုသာ ဆွဲထားသည်။ လက်ဝတ်လက်စားကို ဝတ်ဆင်ထားခြင်း မရှိချေ။ သူမ၏အပြုံးက နှစ်လိုဖွယ်ကောင်းသည်။

အင်ကြင်းက မင်းဒိဗ္ဗနှင့် အတွက် ကော်ဖီနှစ်ခွက် ဖျော်လာပြီး မင်းဒိဗ္ဗကို တစ်ခွက်လှမ်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"သုံးဆောင်လိုက်ပါဦး ဆရာ"

"သြော် ဟုတ်ကဲ့"

"မနေ့က ကိုညိုအောင်က ဆရာမလာဘူးဆိုပြီး ပြောနေသေးတယ်၊ ဆရာက ဘယ်မှမသွားဘဲ စာရေးနေတာလား၊ တစ်နေရာကို သွားပြီး လေ့လာနေတာလား။ ကျွန်မတို့ အညာဒေသမှာတော့ လေ့လာစရာတွေ အများကြီးပါပဲ ဆရာရယ်"

"ကျွန်တော် ဘယ်မှမသွားပါဘူး။ စာရေးနေလို့ မလာတာပါ"

"သြော် ဆရာ့ကို မေးစရာတစ်ခုရှိတယ်၊ ကိုညိုအောင်က သူ့ဘကြီး ဦးစံလုံးညိုနဲ့ပတ်သက်ပြီး ဘာတွေပြောပြသေးလဲ"

အင်ကြင်း၏ အမေးစကားကြောင့် မင်းဒိဗ္ဗ အံ့သြသွားသည်။

"ပြောတော့ ပြောတယ်၊ သိပ်မယ်မယ်ရရတော့ မဟုတ်ပါဘူး။ ဘာတွေပြောပြခဲ့တယ်ဆိုတာတောင် ကျွန်တော် မမှတ်မိတော့ပါဘူး"

အင်ကြင်း မျက်နှာပျက်သွားသည်။

"ဦးစံလုံးညိုနဲ့ပတ်သက်ပြီး ကောင်းမွန်တဲ့စကားကိုတော့ ပြောမှာ မဟုတ်ပါဘူး။ ဦးစံလုံးညိုက သူ့အဘိုး ဦးမောင်းညိုအပေါ်မှာ စိတ်ထား ကောက်ကျစ်တဲ့အကြောင်းကိုပဲ ပြောမှာပါ"

"အင်ကြင်းပြောသလိုတော့ မပြောတာ အမှန်ပဲ၊ တကယ်ပြောကာ"





"အခု မပြောသေးရင်လည်း နောက်တော့ ပြောပြမှာပေါ့၊ အဲဒီအခါကျရင် ကျွန်မပြောတာကို ဆရာ အမှတ်ရလာလိမ့်မယ်"

မင်းဒိဗ္ဗက ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။

"ဆရာသိအောင် ပြောပြထားရဦးမယ်၊ ကျွန်မက ဦးစံလုံးညိုရဲ့မြေး ညိုမင်းလွင်ရဲ့ချစ်သူပါ၊ ဦးညိုအောင်ရဲ့ညီ တစ်ဝမ်းကွဲရဲ့ချစ်သူ၊ အဲဒါကို ကိုညိုအောင်က မသိသေးလို့ သူ့သားသမီးတွေရဲ့ ကလေးထိန်း အဖြစ်ခန့်ထားတာ၊ သိသွားရင်တော့ စိတ်ထားပြောင်းလဲသွားချင်သွားနိုင်တယ်"

"ဦးစံလုံးညိုနဲ့ ဦးမောင်းညိုက ညီအစ်ကိုဆို"

မင်းဒိဗ္ဗက အင်ကြင်းကိုမေးသည်။

"သူတို့ အဘိုးချင်း ပြဿနာလေးတွေရှိကြတယ်၊ သူတို့ ဆွေမျိုးသားချင်းတွေပဲသိတဲ့ ပြဿနာပါ၊ ညီအစ်ကိုချင်းဖြစ်တဲ့ ပြဿနာကြောင့် ဆွေမျိုးသားချင်းတွေ ဆွေခန်းမျိုးခန်း ဖြတ်တဲ့အထိ ဖြစ်နေကြတယ်"

"သြော် မသိပါဘူးဗျာ"

မင်းဒိဗ္ဗက အရိုးသားဆုံးပြောလိုက်သည်။

"ရာသီဥတုက ပူတော့ အိမ်ထဲမှာ အိုက်တယ်၊ ပန်းခြံထဲမှာ သွားထိုင်ရအောင်လား ဆရာ"

အင်ကြင်းက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းသားပဲ အင်ကြင်း"

သူတို့နှစ်ယောက်သည် ပန်းခြံထဲသို့ လာခဲ့ကြသည်။ စကားမပြောမိကြ။ မင်းဒိဗ္ဗက ပန်းခြံထဲတွင် လိုက်ကြည့်နေသည်။ ထို့နောက် ခရေကန်၏ဘေးမှ ခုံတန်းလျားတွင် ထိုင်ကြသည်အထိ စကားမပြောကြသေး။ ခဏကြာတော့ အင်ကြင်းက ပခုံးလေးကို တွန့်လိုက်သည်။

"ဘာဖြစ်လို့လဲ အင်ကြင်း"

"ကျွန်မအတွေးလွန်ပြီး ကျောထဲစိမ့်ခနဲ ဖြစ်သွားလို့ ဆရာ"

ပန်းခြံထဲဆင်းလာကတည်းက အင်ကြင်း တစ်စုံတစ်ရာကို တွေးနေသည်ကို မင်းဒိဗ္ဗက သတိပြုမိသည်။

"ဆရာ အဘိုး ဦးမောင်းညို အကြောင်းရေးနေတာ ဘယ်အခြေအနေကို ရောက်နေပြီလဲ"

မင်းဒိဗ္ဗက အင်ကြင်းသိအောင် ပြောပြလိုက်သည်။ ဦးမောင်းညို အကြောင်းကို ဇီးတောင်မြေမြင့်ခေါင်၏ဝတ္ထုကို ဖတ်ပြီး ပို၍စိတ်ဝင်စားမိသွားကြောင်း၊ ကိုညိုအောင် ရေးထားသော မှတ်တမ်းနှင့် ပြောပြချက်များကို အခြေခံပြီး ဇာတ်လမ်းဆင်ကာ ရေးသားနေကြောင်း ရှင်းပြလိုက်သည်။

"အင်ကြင်း ကျွန်တော့်အကြောင်းပြောတဲ့ ဆရာမြင့်ခေါင်ရဲ့ ဝတ္ထုတိုကို ဖတ်ဖူးသလား"





"အင်း ဖတ်ဖူးပါတယ်၊ အဲဒီ စာရေးဆရာက ကြောက်စရာ ထိတ်လန့်စရာတွေဖြစ်အောင် တမင်ဖန်တီးရေးသားထားတာပါ"

သူတို့နှစ်ဦး စကားပြောနေကြစဉ် ကိုညိုအောင်က အပြင်မှ ပြန်လာသည်။ အင်ကြင်းက ထိုင်ရာမှထပြီး အိမ်ထဲသို့ဝင်သွားသည်။ မင်းဒိဗ္ဗနှင့်ကိုညိုအောင်တို့က ခုံတန်းလျားတွင် ထိုင်ရင်း စကားပြောနေကြသည်။

"ရောက်နေတာ ကြာပြီလား"

ကိုညိုအောင်က အပေါ်အင်္ကျီကိုချွတ်ရင်း မေးသည်။

"အင်း ကြာပြီဆိုပါတော့၊ ကိုညိုအောင် အပြင်သွားနေတယ် ဆိုတာနဲ့ ပြန်တော့မလို့ အင်ကြင်းက ကိုညိုအောင်ကို စောင့်ဆိုင်းပြီး တွေ့ပါဦးဆိုလို့ သူနဲ့စကားပြောနေတာ"

"ကျွန်တော့် သားသမီးတွေက သူ့အမေနောက်ပါသွားတယ်၊ ဒီတော့ အင်ကြင်းက အလုပ်အားပြီး ပျင်းနေတာပေါ့၊ သူ့ကို ကျွန်တော့် ပွဲရုံစာရင်းဇယားတွေ စစ်ဆေးခိုင်းထားရတယ်"

"မိန်းကလေးက ဖော်ရွေပါတယ်"

"ညနေစာ စားပြီးမှ ပြန်တော့"

■ ■ ■

မင်းဒိဗ္ဗသည် အားလပ်ချိန်ဟု သတ်မှတ်ထားသော အချိန်



www.burmeseclassic.com

www.burmeseclassic.com



များတွင် ကိုညိုအောင်အား သွားရောက်တွေ့ဆုံသည်။ တကယ်တော့ မင်းဒိဗ္ဗနှင့်ကိုညိုအောင်တို့က သက်တူရွယ်တူ အသက်သုံးဆယ်ဝန်းကျင်တွေဆိုတော့ ပွင့်လင်းစွာ စကားပြောဆိုကြသည်။

ကိုညိုအောင်၏ရုပ်ရည်က တည်ကြည်သည်။ စကားပြောပြတ်သားသည်။ သူဖတ်နေသော စာအုပ်ကို ဘေးသို့ချထားလိုက်သည်။

"လာပါ ဆရာမင်းဒိဗ္ဗ၊ ကျွန်တော်က ဆရာမလာလို့ မျှော်နေတာ၊ ဘယ်လိုလဲ မှတ်တမ်းကြီးကို အတော်ဖတ်ပြီးပြီလား၊ ကျွန်တော်က ဆရာတို့လို စာရေးဆရာ မဟုတ်တော့ ကျွန်တော် ရေးတတ်သလို ရေးထားတာပဲ၊ ပြီးတော့ ကျွန်တော့်လက်ရေးက အလွန်ရှုပ်တော့ ဆရာဖတ်ရရဲ့လား မသိဘူး"

မင်းဒိဗ္ဗက ကိုညိုအောင်နှင့်မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်၏။

"မှတ်တမ်းကြီးကိုတော့ ဖတ်နေဆဲပါပဲ၊ မှတ်တမ်းကို ဖတ်လိုက်၊ ဇာတ်လမ်းဆင်ပြီး အကြမ်းရေးလိုက်နဲ့မို့ ကိုညိုအောင်ဆီကို မလာဖြစ်တာပါ၊ ကျွန်တော် သတိရပါတယ်၊ မှတ်တမ်းကို ဖတ်ပြီးသလောက်တော့ အတော် စိတ်ဝင်စားဖို့ကောင်းပါတယ်"

"ဆရာ နားမလည်တဲ့ အချက်တွေရှိလာရင် လာမေးပါ၊ ကျွန်တော်ကလည်း စိတ်ဝင်စားလို့ မှတ်တမ်းကိုအပင်ပန်းခံပြီး ရေးထားတာပါ"





"ဒီမှတ်တမ်းကြီးဟာ ကိုညိုအောင်တို့ ဆွေစဉ်မျိုးဆက်အတွက် ထူးခြားမှုတစ်ခုပါပဲ"

မင်းဒိဗ္ဗက စကားကိုရပ်လိုက်ပြီး ကိုညိုအောင်၏မျက်နှာကို အကဲခတ်နေသည်။ ကိုညိုအောင်ကလည်း သူ့မျက်လုံးကို မသိမသာ ပင့်လိုက်ပြီး မင်းဒိဗ္ဗကိုကြည့်နေသည်။ ထို့နောက် ကိုညိုအောင်က သူနှင့်အတူ နေ့လည်စာစားရန် မင်းဒိဗ္ဗကိုဖိတ်ခေါ်သည်။

သူတို့သည် အိမ်နှင့်အနီးဆုံးပျော်ပွားစားရုံတစ်ခုသို့ သွားကြသည်။ မင်းဒိဗ္ဗက ကိုညိုအောင်၏စိတ်နေသဘောထားကို နှစ်ခြိုက်သည်။ ကိုညိုအောင်က ပွင့်လင်းဖော်ရွေသည်။

"ဆရာ ဘုန်းကြီးကျောင်းမှာနေရတာ အဆင်ပြေရဲ့လား"

ကိုညိုအောင်က သူနှင့်မင်းဒိဗ္ဗ စားရန် အသားဟင်းတစ်ပွဲ၊ အခေါက်ကင်တစ်ပွဲ၊ ကြက်သားသုပ်နှင့် ဟင်းချိုကို စားပွဲထိုးကောင်လေးထံတွင် မှာကြားပြီးသည်နှင့် မင်းဒိဗ္ဗကိုမေးသည်။

"အင်း အဆင်ပြေပါတယ် ကိုညိုအောင်၊ ဆရာတော်က ကျွန်တော် အေးအေးဆေးဆေး စာရေးရအောင်ဆိုပြီး အခန်းတစ်ခန်း စီစဉ်ပေးထားပါတယ်"

"ဆရာ ရေးသားပြီးသမျှ စာမူကြမ်းကိုတော့ ကျွန်တော် ဖတ်ကြည့်ချင်ပါတယ်၊ အဲဒါမှ လိုအပ်တာတွေကို ထောက်ပြနိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြင်သင့်တာကို ပြင်လို့ရအောင်လို့ပါ''

''ရပါတယ် ကိုညိုအောင် နောက်နေ့တွေမှာ ကျွန်တော် ရေးသားပြီးသမျှကို ကိုညိုအောင် ဖတ်ရအောင် လာပို့ပေးထားပါ့မယ်''

''လူတိုင်းလူတိုင်းမှာ မျိုးရိုးစဉ်ဆက်ဆိုတာ ရှိကြတာပဲ၊ ခေတ်ကာလအလျောက် ကောင်းတာရော ဆိုးတာရော ကြုံတွေ့ခဲ့ရတာပဲ၊ ကျွန်တော်တို့ မျိုးရိုးကျတော့မှ မှတ်တမ်းတွေဘာတွေနဲ့ဆိုတော့ ဆရာ မအံ့ဩမိဘူးလား''

မင်းဒိဗ္ဗက ကိုညိုအောင်ကို ခေါင်းခါပြလိုက်သည်။

''မအံ့ဩမိပါဘူး၊ လူတိုင်း စစ်ဘေးစစ်ဒဏ်ကို တွေ့ကြုံခံစားခဲ့ရတာ မှန်ပါတယ်၊ ဒါပေမဲ့ တစ်ဦးနဲ့တစ်ဦး ကြုံတွေ့တာချင်း မတူကြပါဘူး၊ ထူးဆန်းစွာ ကြုံတွေ့ရတာမျိုးကျတော့ စိတ်ဝင်စားဖို့ကောင်းတာပေါ့''

ကိုညိုအောင်က ထမင်းစားနည်းသည်။

''ကျွန်တော်က အိမ်မှာလည်း အဲသလောက်ပဲစားပါတယ်၊ ဆရာ အားရပါးရဝအောင်စားနော်၊ လိုအပ်တာရှိရင် ထပ်မှာပါဦး''

''ဟာ မလိုအပ်ပါဘူး၊ ကိုညိုအောင် မှာထားတာတွေကတောင် အများကြီးဖြစ်နေတယ်''

''အေးအေးဆေးဆေး စားပါဆရာ၊ ကျွန်တော့်အိမ်ရဲ့ဧည့်ခန်း





ထဲမှာ မြန်မာဆန်ဆန်ဝတ်ဆင်ထားပြီး ဓာတ်ပုံရိုက်ထားတဲ့ပုံကြီးနှစ်ပုံကို ဆရာမြင်တွေ့မိတယ် မဟုတ်လား''

''ဟုတ်ကဲ့ မြင်ပါတယ်''

''အဲဒါ ကျွန်တော့် အဘိုး ဦးမောင်းညိုနှင့်ဦးစံလုံးညိုတို့ရဲ့ ပုံတွေပါပဲ၊ ကျွန်တော့်အဖေရှိစဉ်ကတည်းက ပုံကြီးချဲ့ပြီး ချိတ်ဆွဲထားတာ''

''သူတို့ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေက အတော်စိတ်ဝင်စားဖို့ ကောင်းပါတယ်''

''ဒီမှတ်တမ်းကြီးကို ကျွန်တော်မရေးခင် အဘိုးတို့ကို အထပ်ထပ် အခါခါမေးမြန်းခဲ့တယ်၊ တိကျမှန်ကန်တဲ့ မှတ်တမ်းကြီးတစ်ခု ဖြစ်ချင်တာကိုး''

''မှန်ပါတယ်၊ ဒီမှတ်တမ်းကြီးကို ဘယ်သူပဲဖတ်ဖတ် စိတ်ဝင်စားမှာ သေချာတယ်''

''ရှေ့လျှောက်ပြီး စိတ်ဝင်စားစရာတွေ တွေ့ရပါဦးမယ်''

မင်းဒိဗ္ဗက သူရေးသားပြီးသမျှ စာမူကြမ်းများကို ကိုညိုအောင်ထံသို့လာပို့သည်။ ကိုညိုအောင် ရေးသားထားသော မှတ်တမ်းကြီးကိုလည်း တစ်ဖက်မှာ ဖတ်နေဆဲ။

မောင်းညိုသည် ဖက်ဆစ်ဂျပန်တို့၏ရွှေးတပ်စခန်းသို့



www.burmeseclassic.com

www.burmeseclassic.com



သူ့အစ်ကို စံလုံးညိုနှင့်မရောက်ခင် အထက်အညာမှရွာတွင်နေထိုင်စဉ်က နှစ်ဖက်မိဘများ၏သဘောတူညီချက်အရ စေ့စပ်ထားသော မိန်းကလေး တစ်ဦးရှိခဲ့သည်ဟု မင်းဒိဗ္ဗ သိရသည်။

ထိုမိန်းကလေး၏နာမည်က မဆောင်းခင်။

မောင်ညိုတို့ညီအစ်ကိုကို ဖက်ဆစ်ဂျပန်တွေက ဖမ်းဆီးခေါ်ဆောင်သွားသောအခါ မဆောင်းခင်က မောင်ညို၏မိဘများအိမ်သို့ လာနေပြီး မောင်ညို၏မိဘနှစ်ပါးကို ချက်ပြုတ်ကျွေးမွေးခဲ့သည်ဟု သိရသည်။

မင်းဒိဗ္ဗသည် ဟိုသည်တွေးရင်း လျှောက်လာရာ ကိုညိုအောင်၏အိမ်ရှေ့သို့ ရောက်လာသည်။ အသက် (၈၀)ကျော်အရွယ် အဘိုးအိုတစ်ဦးက ခြံတံခါးဖွင့်ပေးရင်း

''မောင်ညိုအောင် အိမ်မှာမရှိဘူး''ဟု ဆီးကြို၍ ပြောသည်။ ထိုအဘိုးအိုမှာ ကိုညိုအောင်၏ဧည့်ခန်းထဲတွင် ချိတ်ဆွဲထား ဓာတ်ပုံနှစ်ပုံအနက် တစ်ပုံထဲမှ အဘိုးကြီးနှင့်ရုပ်ဆင်း ခပ်ဆင်ဆင်တူနေသည်။

''သူ ဘယ်တော့ပြန်လာမှာလဲ အဘ''

ဟု မင်းဒိဗ္ဗက ပြန်မေးလိုက်သည်။

''အိမ်မှာ ထမင်းစားမကောင်းလို့ နေ့လည်စာသွားစားမယ်ပြောတာပဲ''





''သူ့မိသားစုတွေကော အိမ်မှာရှိသလား''

''ဟင့်အင်း တစ်ယောက်မှမရှိပါဘူး''

မင်းဒိဗ္ဗက တွေဝေကာ စဉ်းစားနေသည်။

''သူ့ဆီကို ကျွန်တော် ရေးသားထားတဲ့ စာမူကြမ်းတွေကို လာပို့တာပါ အဘကပဲ စာမူကြမ်းတွေကို လက်ခံယူထားပြီး သူ့ကိုပေးပေးပါ''

အဘိုးအိုက မင်းဒိဗ္ဗ၏မျက်နှာကို သေချာစွာကြည့်နေသည်။

''မင်း သူ့ကိုစောင့်နေပါဦးလား။ သူက မင်းကိုတွေ့ချင်နေသလိုပဲ၊ လာပါ ဧည့်ခန်းမှာထိုင်နေပါဦး၊ အဘ မင်းအတွက် အဆာပြေ အစားအစာတစ်ခုခုစီစဉ်ပေးပါ့မယ်''

မင်းဒိဗ္ဗက မငြင်းသာတော့သဖြင့် ဧည့်ခန်းထဲသို့လိုက်လာပြီး ထိုင်ခုံတစ်ခုံတွင် ထိုင်နေလိုက်သည်။ အဘိုးအိုက မင်းဒိဗ္ဗ သုံးဆောင်ရန် ကော်ဖီနှင့်မုန့်ကို စီစဉ်ပေးသည်။

မင်းဒိဗ္ဗက အဘိုးအိုကို သေချာစွာအကဲခတ်ကြည့်မိသည်။ အဘိုးအိုက အသက်အရွယ်ကြီးရင့်နေပေမယ့် အသွားအလာ လျင်မြန်သွက်လက်နေဆဲရှိသေးသည်။ မင်းဒိဗ္ဗက အဘိုးအိုကို ကိုညိုအောင်နှင့်ဘယ်လိုတော်စပ်ပါသလဲဟု မေးကြည့်ချင်ပေမယ့် အားတုံ့အားနာဖြစ်နေမိသဖြင့် မမေးတော့။



www.burmeseclassic.com

www.burmeseclassic.com



''မင်းက စာရေးဆရာဆို''

''ဟုတ်တယ် အဘ''

''မင်းက ကိုမောင်ညိုတို့အကြောင်းကို ရေးမလို့ဆို''

''ဟုတ်ပါတယ် အဘ''

''အင်း ကောင်းပါတယ်၊ ပြည့်ပြည့်စုံစုံဖြစ်သွားအောင် မသိတာရှိရင် မောင်ညိုအောင်ကိုမေးပေါ့၊ မောင်ညိုအောင်က မောင်းညိုချစ်သူ မဆောင်းခင်နဲ့ပတ်သက်တဲ့အပိုင်းကျတော့ သိပ်မသိပါဘူး''

''အဘက သိသလား''

''သိတာပေါ့ကွဲ့၊ မင်းရေးထားတဲ့စာမူကို မောင်ညိုအောင်က ဖတ်မှာပဲ၊ အဘက သူ့ကိုပြန်မေးကြည့်မယ်၊ လိုအပ်တာကို အဘက ပြောပေးမယ်''

''ကောင်းပါတယ် အဘ''

''ကော်ဖီသောက်လိုက်ပါဦး''

မင်းဒိဗ္ဗက ကော်ဖီသောက်သည်။

''မဆောင်းခင်က သူနဲ့စေ့စပ်ထားတဲ့ အင်း စေ့စပ်ထားတုန်းမှာပဲ သူတို့ချစ်သူတွေဖြစ်သွားကြတယ်ဆိုတော့ သူ့ချစ်သူလို့ပြောလို့ရတယ်၊ ဒါက မင်းနားလည်အောင် အဘက ပြောပြနေတာ၊ မဆောင်းခင်က မောင်းညိုသေဆုံးသွားတယ်ဆိုတာကို မယုံဘူး။ မောင်းညို





အစ်ကို စံလုံးညိုရဲ့မျက်စိရှေ့မှာ မောင်းညိုက သေဆုံးသွားခဲ့တာ၊ အစ်ကိုဖြစ်သူက ပြောတာကိုတောင် မဆောင်းခင်က မယုံကြည်ဘူး။ မောင်းညို အသက်ရှင်နေဆဲရှိတယ်လို့ ပြောနေတယ်၊ ဒီအချက်တွေဟာ မင်းရေးနေတဲ့ ဇာတ်လမ်းထဲမှာ အရေးမပါဘူးလား''

''သိပ်ပါတာပေါ့ အဘရယ်''

''ဟော ဟိုမှာ မောင်ညိုအောင် ပြန်လာပြီ''

အဘိုးအို၏စကားကြောင့် မင်းဒိဗ္ဗက အိမ်ပေါက်ဝသို့လှမ်းကြည့်သည်။ ကိုညိုအောင်က သူ့ကိုပြုံးပြနေသည်။ ထို့နောက် မင်းဒိဗ္ဗနှင့် ကိုညိုအောင်တို့သည် ထိုင်၍စကားပြောနေကြသည်။ မင်းဒိဗ္ဗက အဘိုးအိုပြောပြသော မဆောင်းခင်၏အကြောင်းကို ကိုညိုအောင်နှင့်ဆွေးနွေးသည်။

''အဘ မောင်းညိုနဲ့ဒေါ်ဆောင်းခင်တို့က ဟိုးငယ်စဉ်ကတည်းက တစ်ရွာတည်းမှာအတူနေလာခဲ့ကြတာ၊ လူပျိုပေါက် အပျိုပေါက်အရွယ်မှာသူကြီးရဲ့သားရန်ကို ကြောက်ပြီး နှစ်ဖက်မိဘချင်းနားဖောက်ထားကြတယ်၊ သူတို့ချင်းချစ်သူတွေဖြစ်သွားကြတယ်၊ ဒီအကြောင်းကို ဆရာ မင်းဒိဗ္ဗ နားလည်အောင် ပြောပြဦးမယ်၊

တစ်နေ့တော့ အဘ မောင်းညိုက မြို့ကဈေးကိုသွားပြီး အပြန်မှာ နိုင်ငံခြားသားတွေရောင်းတဲ့ရွှံ့နဲ့လုပ်တဲ့ အမြင့်တစ်ထွာလောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ ကျားရုပ်ကလေးတစ်ရုပ်ဝယ်လာတယ်၊ မဆောင်းခင်ကို ပေးခဲ့တယ်၊ အဲဒီ ကျားရုပ်ကလေးရဲ့ကျောပေါ်မှာ ပိုက်ဆံထည့်လို့ရတဲ့ အပေါက်ကလေး ပါတယ်၊ ပိုက်ဆံစုတဲ့အရုပ်ကလေး ဆိုပါတော့၊ ကျားရုပ်ရဲ့ခန္ဓာကိုယ်က အခေါင်းပေါ့၊ ဒေါ်ဆောင်းခင်က အဘိုးမောင်းညိုပေးတဲ့ ကျားရုပ်ကလေး ကိုလှုပ်ကြည့်တော့ အထဲက ကလောက် ကလောက်မြည်နေတော့ ပိုက်ဆံတွေထည့်ထားမှန်း သိလိုက်တယ်၊ ဒေါ်ဆောင်းခင်က ငွေဘယ် လောက်ထည့်ထားသလဲလို့ အဘ မောင်းညိုကို မေးတော့ အဘ မောင်းညိုက ပြူးပြူးရွှင်ရွှင်နဲ့ရွှေဒင်္ဂါးတွေ ထည့်ထားတယ်လို့ ပြောတယ်၊

ဒေါ်ဆောင်းခင်က အဘ မောင်းညိုစကားကို ယုံတစ်ဝက် မယုံတစ်ဝက်ပေါ့၊ သိပ်မကြာပါဘူး၊ အဘ မောင်းညိုတို့ ညီအစ်ကိုကို ဖက်ဆစ်ဂျပန်တွေက ဖမ်းဆီးပြီး ချွေးတပ်စခန်းကိုပို့လိုက်ကြတယ်၊ တိုက်ဆိုင်တယ်လို့ပြောရမလား မသိဘူး၊ အဲဒီနေ့မှာပဲ ဒေါ်ဆောင်းခင် ဗီရိုပေါ်မှာတင်ထားတဲ့ ကျားရုပ်ကလေးက သူ့အလိုလို ကြမ်းပြင်ပေါ်ကို ကျပြီး ကွဲသွားတယ်၊ အထဲက ရွှေဒင်္ဂါးတွေဆိုတာ မနည်းဘူး

ဒေါ်ဆောင်းခင်က အဘမောင်းညိုသေသွားပြီဆိုတာကို လုံးဝ မယုံဘူး၊ စိတ်ခံစားမှုကြောင့် ဒေါ်ဆောင်းခင် ပြောနေတာပဲလို့ အားလုံးက မှတ်ယူကြတယ်၊ အဘ စံလုံးညိုကို မောင်းညိုကျန်ခဲ့တဲ့ နေရာကို မေးတယ်၊ အဘ မောင်းညိုသေသွားပြီဆိုတဲ့နေရာကို အဘစံလုံးညိုက





သေသေချာချာ စဉ်းစားရင်း မှတ်မိလိမ့်မယ်လို့ ယုံကြည်နေတယ်၊

အဘ စံလုံးညိုတို့က ဖက်ဆစ်ဂျပန်တွေ ညှင်းပန်းနှိပ်စက် တာကို အလူးအလဲခံခဲ့ရတာဆိုတော့ မှတ်ဉာဏ်တွေက မကောင်းတော့ ဘူး၊ အဲဒါကြောင့် ဂျပန်စစ်ပိုလ်လေးက ကျောက်ဂူရှိတဲ့နေရာကို မေး တာတောင် ပြောမှမပြောနိုင်ဘဲ၊ ထမင်လိမ်ညာခဲ့တာ မဟုတ်ဘူး၊ တကယ်ကို မမှတ်မိတော့တာ''

''ဦးစံလုံးညိုက သူတို့သွားလာခဲ့တဲ့ ခရီးလမ်းကိုရော မမှတ် မိတော့ဘူးလား''

မင်းဒိဗ္ဗက ကြားဖြတ်၍မေးသည်။

''အဘက အိပ်မက်ဆိုးတွေမက်နေသလိုဖြစ်နေတယ်၊ သူတို့ လှုစုကသွားလာ ထွက်ပြေးရင်း ကျောက်ဂူကိုတွေ့တယ်၊ အရုပ်တွေကို တွေ့တယ်၊ ညှင်းပန်းနှိပ်စက်ခံထားရလို့ သွေးပျက်နေတဲ့သူတွေဆိုတော့ အချိန်တိုင်းမှာ ကြောက်လန့်နေတယ်၊ ဖက်ဆစ်ဂျပန်က သူတို့ကို ပြန်မိတာနဲ့ သတ်ပစ်မယ်ဆိုတာ သိနေတာကိုး၊

သူတို့ ဘာဆက်လုပ်မယ်ဆိုတာ ဆွေးနွေးတဲ့အခါတောင်မှ သဘောထားတွေက ကွဲလွဲနေကြတယ်၊ တစ်ယောက်က ရှေ့ကိုဆက်သွား မယ်၊ နောက်တစ်ယောက်က လာလမ်းအတိုင်းပြန်မယ်၊ ဒီတော့ စဉ်းစား သာကြည့်''



www.burmeseclassic.com

www.burmeseclassic.com



"အင်း စဉ်းစားရမှာပေါ့၊ ကိုညိုအောင်ရယ်၊ အခုတော့ ညနေစောင်းလာပြီမို့ ကျွန်တော်ပြန်ဦးမယ်"

"ဆရာ့ စာမူကြမ်းတွေကို ကျွန်တော် အေးအေးဆေးဆေး ဖတ်ကြည့်ပါမယ်၊ ဆရာ့အတွက် အကောင်းဆုံးဇာတ်လမ်း ဖြစ်သွားမှာပါ"

■ ■ ■

မင်းဒိဗ္ဗ ဘုန်းကြီးကျောင်းသို့ပြန်ရောက်တော့ ညအမှောင်သို့ ရောက်နေပြီ။ မင်းဒိဗ္ဗက ဘုန်းကြီးကျောင်းသားလေးများနှင့်အတူ ညစာ စားသည်။ ကျောင်းထိုင်ဆရာတော်အား နှင်းနှိပ်ပေးပြီးမှ သူ့အခန်းသို့ ပြန်လာခဲ့သည်။

မှတ်တမ်း စာအုပ်ကို ဆက်ဖတ်ရန် ရှိသေးသည်။ အိပ်ရာပေါ်တွင်လဲလျောင်းရင်း အနားယူသည်။ ကိုညိုအောင်နှင့်သူ့အိမ်မှ အဘိုးအိုတို့ပြောသော စကားများအရ ဦးမောင်းညို၏ချစ်သူ ဒေါ်ဆောင်းခင်က ဒီဇာတ်လမ်းတွင် အရေးပါသောလူတစ်ယောက်အဖြစ် တွေ့လာရသည်။ ဒေါ်ဆောင်းခင်က သူ့ချစ်သူ မောင်းညို မသေဘူးဟု ယုံကြည်ထားသူ ပီပီ ဘယ်လိုဆက်လက်လှုပ်ရှားခဲ့သလဲဆိုတာကို မင်းဒိဗ္ဗက သိချင်နေသည်။ သူရေးသားနေသော ဇာတ်လမ်းထဲတွင် စိတ်ဝင်စားစရာဖြစ်အောင် ထည့်သွင်းချင်သည်။ ထို့ကြောင့် မှတ်တမ်းစာအုပ်ကို ဆက်ဖတ်သည်။

■ ■ ■





မဆောင်းခင်က မောင်းညိုပေးခဲ့သော ရွှေဒင်္ဂါးများကို ရောင်းချသည်။ မောင်းညို သေဆုံးခဲ့သည်ဆိုသော နေရာကို မဆောင်းခင်က အရဲစွန့်ကာ သွားရှာချင်နေသည်။ နောက်ဆုံးတွင် မဆောင်းခင်က သူ့မောင်လေးတစ်ယောက်ကိုခေါ်ကာ မော်လမြိုင်သို့ လာခဲ့သည်။ မော်လမြိုင်တွင် သူသိလိုသမျှကို စုံစမ်းသည်။ မောင်းညိုတို့ ချွေးတပ်စခန်းနေရာသို့တိုင် ရောက်သွားသည်။

ထိုနေရာမှ မောင်းညိုတို့လူစုထွက်ပြေးသွားသော လမ်းကြောင်းကို မှန်းဆ၍ကြည့်သည်။ မောင်းညိုတို့လူစုရေချိုးနေစဉ် ဖက်ဆစ်ဂျပန်တို့က ပြန်လည်ဖမ်းဆီးမိသွားသောမြစ်ကို မဆောင်းခင်က သိချင်နေသည်။

သည်အချိန်ကာန်းက မော်လမြိုင်နိမိတ်တည်ရှိပုံကို မည်သူကမှ အတိအကျ မပြောနိုင်သေးသည့် အခြေအနေ။ မဆောင်းခင်က စိတ်မလျှော့။

မောင်းညို စံလုံးညိုတို့တွေ့ရှိခဲ့သော ကျောက်ဂူကြီးထဲတွင် ရတနာသေတ္တာများ ရှိနေသလား။ ထို့ကြောင့် စံလုံးညိုတို့က ထိုနေရာကို မမှတ်မိတော့ဘူးဟု ပြောနေတာလား။

မဆောင်းခင်က စံလုံးညိုအပေါ်တွင် သံသယဖြစ်နေသည်။ စံလုံးညို နေရပ်သို့ပြန်ရောက်တော့ ကမ္ဘာ့ဌာန်းရုပ်ပေါက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မော်လမြိုင် ဆေးရုံပေါ်တွင် ငှက်ဖျားရောဂါဒဏ်ကို အလူးအလဲခံစားရင်း သက်သာအောင် ဆေးကုသမှုကိုခံယူပြီးမှ နေရပ်သို့ပြန်လာခြင်းဖြစ်သည်။ အိမ်သို့ပြန်ရောက်တော့ တိုင်းရင်းမြန်မာဆေးဆရာနှင့်ဆက်လက် ကုသရသည်။

မဆောင်းခင်သည် မော်လမြိုင်နှင့်ကရင်တို့၏ဒေသအတွင်းတွင် သီတင်းစုံစမ်းရင်း စောဖတုံးဆိုသူနှင့်တွေ့ဆုံခဲ့သည်။ စောဖတုံးက မောင်းညို၊ စံလုံးညို၊ ဘတုတ်၊ နက်ကျော်၊ ဖိုးထင်၊ သာထူးတို့နှင့်အတူ ဖက်ဆစ်ဂျပန်တို့၏ အကျဉ်းစခန်းတွင် အတူတကွနေခဲ့ဖူးသူဖြစ်သည်။ သူသည်လည်း ဖက်စစ်ဂျပန်တို့၏အကျဉ်းစခန်းမှ ထွက်ပြေးလွတ်မြောက်လာသူဖြစ်သည်။

စောဖတုံးက မဆောင်းခင်နှင့်သူ့မောင်လေး တိုးနီကို သူနေသော နေရာသို့ခေါ်သွားသည်။

"ဖက်ဆစ်ချွေးတပ်စခန်းမှာ အကျဉ်းကျနေတဲ့သူတွေထဲမှာတော့ ကိုမောင်းညိုဟာသတ္တိအရှိဆုံးလူပဲ၊ သူ့သတ္တိကတော့ ထူးခြားတယ်လို့ဆိုရမယ်"

စောဖတုံးက ပြောသည်။

"ကိုမောင်းညိုက ထူးခြားတယ် ဟုတ်လား"

မဆောင်းခင်က ပြန်မေးသည်။ စောဖတုံး၏မျက်နှာကိုလည်း





စိုက်ကြည့်နေသည်။

"ဟုတ်တယ် ချွေးတပ်စခန်းက လူတွေနဲ့အချိန်ပြည့်တိုင်ပင်ပြီး လွတ်မြောက်ဖို့ ကြိုးစားနေတဲ့သူဗျ"

"ချွေးတပ်စခန်းက ထွက်ပြေးကြတော့ ရှင်ကဘယ်ကိုပြေးမလဲ"

"ကိုယ့်အသက်သေမှာစိုးရိမ်ပြီး ခြေဦးတည့်ရာကို ပြေးခဲ့ရတာ၂"

"ရှင်က ဒီနယ်အတွင်းမှာနေတာဆိုတော့ ဒီအရှေ့တောတောင်တွေထဲကို ရောက်ဖူးသလား"

"အင်း ရောက်ဖူးတယ်၊ နေရာအနှံ့တော့ မဟုတ်ဘူးပေါ့"

"ကျောက်တောင်ပေါ်မှာ ဂူကြီးတစ်လုံးရှိတယ်ဆိုတဲ့ တောတောင်ထဲကို ရောက်ဖူးသလား"

"ကျွန်တော် ချွေးတပ်စခန်းက ထွက်ပြေးာနန်းက ခင်ဗျားပြောတဲ့ ကျောက်တောင်ပေါ်မှာ ဂူကြီးတစ်ခုရှိနေတာကို အောက်ကလှမ်းမြင်မိတယ်၊ သဘာဝအတိုင်း ဖြစ်နေတာ၊ အသေအချာကြည့်မှမြင်ရတာနော်၊ ဂူအပေါက်ဝမှာ ခြုံနွယ်ပိတ်ပေါင်းတွေက ပိတ်ဆို့နေတယ်"

"ကိုမောင်းညိုက အဲဒီ ဂူကြီးနဲ့မလှမ်းမကမ်း ချောက်ကမ်းပါးထဲကို ကျပြီးသေဆုံးသွားတာတဲ့၊ သူ့အစ်ကို စံလုံးညိုက ပြောပြတယ်၊ ကျွန်မစိတ်ထဲမှာတော့ ကိုမောင်းညို မသေဘူးလို့ထင်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အိမ်မှာတည်းခိုနေပါဦး၊ ကျွန်တော် စုံစမ်းပေးပါ့မယ်၊ ဒီဒေသတွေက ကျွန်တော်သွားလာနေတာဖြစ်လို့ သွားရင်းလာရင်း သတင်းမေးလို့ရပါတယ်"

"ကျွန်မကတော့ တောကြီးထဲက ကျောက်ဂူကိုသွားရှာချင်တယ်၊ ကိုမောင်းညိုဟာ တကယ်သေတယ်ဆိုရင် သူ့အရိုးစုဟာ ယနေ့အထိ ရှိနေမှာပဲ၊ ခြေထောက်ရိုးနှစ်ဖက် ကျိုးနေတဲ့ အရိုးစုကို တွေ့ရင် မောင်းညိုသေတာ အမှန်ပဲ"

မဆောင်းခင်က စိတ်ဖွဲကြီးမှန်း စောဖတုံးက သိနေသည်။ မဆောင်းခင်က စောဖတုံးကို အားနာသဖြင့် သုံးယောက်စာကို သူကိုယ်တိုင်ဝယ်ယူချက်ပြုတ်သည်။

တစ်နေ့ညနေတွင် စောဖတုံးက အိမ်သို့ရေးကြီးသုတ်ပျာအသွင်နှင့်ပြန်လာသည်။ မဆောင်းခင်တို့ မောင်နှမကာ စောဖတုံးပြန်လာလျှင် ထမင်းအတူစားကြဖို့ ထိုင်စောင့်နေသည်။ စောဖတုံး၏မျက်နှာက ထူးခြားနေသည်။

"ဘာတွေ အရေးကြီးလာလို့လဲ စောဖတုံးရဲ့"

စောဖတုံးက ကြမ်းပြင်ပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချသည်။

"သံလွင်မြစ်ကမ်းနားမှာနေတဲ့ လူတစ်ယောက်နဲ့တွေ့ခဲ့တယ်၊ ကိုမောင်းညိုနဲ့ပတ်သက်တဲ့ သတင်းကိုရခဲ့တယ်"





စောဖတုံးစကားကြောင့် မဆောင်းခင်၏မျက်နှာဝင်းလက်သွားသည်။ စောဖတုံးက အိမ်သို့အပြေးကလေးပြန်လာသဖြင့် မောဟိုက်နေ၏။

"ဘယ်လိုသတင်းရခဲ့တာလဲ စောဖထုံး"

"အဲဒီလူနဲ့ကျွန်တော်နဲ့ မော်လမြိုင်ဈေးထဲမှာတွေ့တာ၊ အဲဒီလူဆီမှာ ကိုမောင်းညိုရဲ့စာတစ်စောင်ရှိနေတယ်"

"စောဖတုံး ပြောတဲ့စကားကို ကျွန်မ နားမလည်ဘူးဖြစ်နေတယ်"

"အဲဒီလူရဲ့နာမည်က ဒန်ပူးတဲ့၊ ဟိန္ဒူဘာသာဝင်ပဲ ဒီနေ့သူ့ဆီမှာ စာပါမလာလို့ မနက်ဖြန်ထပ်ချိန်းထားတယ်၊ သူ မော်လမြိုင်ဈေးထဲကိုလာလိမ့်မယ်၊ သူ့ကို မဆောင်းခင်ဆီကို ကျွန်တော်ခေါ်လာခဲ့မယ်၊ သူတို့မိသားစုတွေက တံငါအလုပ်နဲ့အသက်မွေးကြတယ်၊ ဒီစာကို သူ ဘယ်လိုရခဲ့တယ်ဆိုတာတော့ မနက်ဖြန်ကျရင်ပြောပြလိမ့်မယ်၊ သူတို့မိသားစုက ဆင်းရဲတော့ ဒီစာနဲ့ပတ်သက်ပြီး ငွေတော့ပေးရလိမ့်မယ်ထင်တယ်"

"ရှင်"

စောဖတုံး၏စကားကြောင့် မဆောင်းခင် အံ့သြသွားသည်။

"ဟုတ်တယ် မဆောင်းခင်၊ ဒီစာနဲ့ပတ်သက်ပြီး သူတောင်းတဲ့ငွေကို ပေးရမယ်အခြေအနေတော့ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူက စောဖတုံးလို ကိုမောင်းညိုအကြောင်းကိုသိပြီး တမင်လိမ်ညာပြီး ကိုမောင်းညိုက စာရေးထားသယောင် လိမ်ညာရင်ကော ကိုမောင်းညိုရဲ့အစ်ကို စံလုံးညိုက မော်လမြိုင်ဆေးရုံမှာတက်ပြီး ဆေးကုသခဲ့ရသေးတာဆိုတော့ စံလုံးညိုရဲ့ပြောစကားအရ ဓာတ်လမ်းထွင်ပြီး စာရေးထားတာကော မဖြစ်နိုင်ဘူးလား"

"မဆောင်းခင်ပြောတာ ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ကိုမောင်းညို သေတယ်လို့သိရတာ နှစ်နှစ်ကြာလာခဲ့ပြီ မဟုတ်လား၊ ဒန်ပူးက ဒီစာ သူ့တို့လက်ထဲရောက်လာတာ ခြောက်လကျော်ပဲရှိသေးတယ်လို့ ပြောတယ်"

"ကိုမောင်းညိုရဲ့လက်ရေးကို ကျွန်မမှတ်မိပါတယ် မနက်ဖြန် ကျရင် ဟုတ်မဟုတ်လေ့လာကြည့်တာပေါ့"

စောဖတုံး ရေချိုးပြီးလျှင်ညစာစားကြသည်။

"စောဖတုံးလည်း ကျွန်မစိတ်ချမ်းသာရေးအတွက် စုံစမ်းပေးရတာ ပင်ပန်းလှပြီ"

"ရပါတယ် မဆောင်းခင်ရယ်၊ ဒီနေ့ကိုမောင်းညိုရဲ့သတင်းအစကို ရလိုက်တော့ ဝမ်းသာသွားတယ်၊ မနက်ဖြန် ဒန်ပူးယူလာတဲ့စာဟာ ကိုမောင်းညိုရဲ့စာ အစစ်အမှန်ဖြစ်နေရင်တော့ အတိုင်းမသိ ဝမ်းသာရတော့မှာပဲ၊ အစ်ကိုဖြစ်တဲ့သူက ညီသေပြီလို့ပြောတာကို





မဆောင်းခင်က မသေသေးဘူးလို့ ယုံကြည်နေတာ အံ့သြစရာပဲ"

"ဒါက ဒီလိုလေ စောဖတုံးရဲ့၊ ကိုမောင်းညို တောထဲမှာ တောင့်အောက်ကျပြီး သေသွားပြီလို့ ယူဆတဲ့အချိန်မှာပေါ့"

■ ■ ■

"ဟော့ မဆောင်း မဆောင်း"

အသံကြားရုံဖြင့် မဆောင်းခင်က သူ့ချစ်သူ မောင်းညို၏ အသံမှန်းသိနေသည်။ မောင်းညိုနှင့်သူ့အစ်ကို စံလုံးညိုတို့ မြို့သို့ဈေးသွားဝယ်စဉ် ဖက်ဆစ်ဂျပန်တို့က ဖမ်းသွားသည်။ ဘာတင်းမှစုံစမ်းမရတော့။ မဆောင်းခင်မှာ နေ့စဉ်နှင့်အမျှ ငိုပွဲဆင်နေရသည်။ ရွာဦးစေတီတွင် ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးများကပ်လှူပူဇော်ပြီး မောင်းညို အမြန်ဆုံး ပြန်လာပါစေဟု ဆုတောင်းရသည်မှာ အမော။

မောင်းညို၏အမေက မျက်ရည်နှင့်မျက်ခွက်။ မောင်းညို၏ အဖေက တက်တခေါက်ခေါက်။ တစ်နေ့ပြန်လာနိုး စောင့်မျှော်နေရသည်မှာ နေ့စဉ်နှင့်အမျှ။

ဟော အခုတော့ မောင်းညိုပြန်လာပြီ။ မဆောင်းခင်က အိမ်ရှေ့သို့ပြေးထွက်လာသည်။ မောင်းညိုက ကျောပိုးအိတ်ကြီးလွယ်လို့

"မောင်းညို"

"မဆောင်း"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသား ပွေ့ဖက်ထားမိကြသည်။

"မဆောင်း အဖေနဲ့အမေတို့ကော"

"တောင်ယာထဲကို သွားတယ် မောင်းညို၊ နင့်အစ်ကို စံလုံးညိုကော"

"စံလုံးညိုတို့က ငါ့ကိုထားခဲ့ပြီးသွားကြတာ"

"ဟင် နင့်တစ်ကိုယ်လုံးမှာ ဒဏ်ရာတွေမနည်းပါလား"

"ဖက်ဆစ်တွေက ညှင်းပန်းနှိပ်စက်တဲ့ဒဏ်ရာတွေနဲ့ တောင်ကုန်းပေါ်က ချောက်ကမ်းပါးထဲကိုကျပြီး ရထားတဲ့ဒဏ်ရာတွေ၊ စံလုံးညိုကို နင့်အတွက်ဆိုပြီး ကျားရုပ်ကလေးတစ်ရုပ်ပေးလိုက်တယ်"

"နင် ငါ့ကို ဟိုတစ်ခါက ပေးထားတဲ့ငွေစုတဲ့ ကျားရုပ်လား မောင်းညို"

"မဟုတ်ဘူး အလွန်လက်ရာမြောက်ပြီး ရွှေနဲ့လုပ်ထားတယ် ထင်ရတဲ့ ပန်းပုရုပ်ကလေး"

"ဟင် ဟုတ်လား ငါမြင်ချင်လိုက်တာ"

"ငါက စံလုံးညိုကို ရွာကိုပြန်ရောက်နေပြီလို့ ထင်တာ"

"နင့်အဖေနဲ့အမေက နင်တို့ညီအစ်ကိုနှစ်ယောက်တော့ ဂျပန်တွေသတ်လို့ သေပြီထင်ပြီး သပိတ်သွတ်ဖို့တောင် စိတ်ကူးနေတယ်"

"ဒီကောင်တွေနှိပ်စက်တာကို သေလုမျောပါးခံခဲ့ရတာ"





မဆောင်းခင်က မောင်းညို၏ဒဏ်ရာများကို ကြည့်ပြီး စိတ်မကောင်းဖြစ်နေသည်။

"နင်ခရီးပင်ပန်းလာတယ် မဟုတ်လား၊ အနားယူပါဦး"

"နင်က အိမ်မှာလာပြီး ချက်ပြုတ်ပေးနေတာလား"

"မဟုတ်ဘူး၊ နင်တို့ညီအစ်ကိုကို ဖက်ဆစ်ဂျပန်တွေ ဖမ်းသွားတယ်လို့ သတင်းကြားကတည်းက အရီးလေးတို့နဲ့လာနေတာ"

"နင်က သိတတ်လိုက်တာ"

"သူတို့က နင့်အဖေနဲ့အမေဆိုတော့ ငါ့အဖေနဲ့အမေလို သဘောထားပြီး လာနေပေးရတာပေါ့"

"နင့်မိဘအိမ်ကိုရော မပြန်ဘူးလား"

"နေ့ခင်းဘက်ကျရင် ခဏပြန်တယ်"

မောင်းညိုက လှေကားပေါ်သို့တက်သွားသည်။ မောင်းညိုတို့အိမ်က နှစ်ထပ်ဆင်ဝင်အိမ်ကြီးဖြစ်သည်။ အိမ်မျက်နှာစာ၏လက်ဝဲဘက်တွင် အိမ်ပေါ်သို့တက်သည့် လှေကားရှိသည်။ မောင်းညိုက အထစ် (၁၁)ထစ်ရှိသော လှေကားအလယ်သို့ရောက်သွားသည်။ မဆောင်းခင်က အိမ်အောက်ထပ်သို့ဝင်သွားသည်။

"ဝုန်း"

"အား"



www.burmeseclassic.com

www.burmeseclassic.com



လှေကားကြီးက သူ့အလိုလို ပြိုကျလာသည်။ မောင်းညိုက လှေကားနှင့်အတူပါသွားသည်။

"အောင်မလေး"

မဆောင်းခင်က လန့်ဖျပ်ပြီးအော်လိုက်၏။

မဆောင်းခင်သည် နှစ်ခြိုက်စွာအိပ်ပျော်နေရာမှ လန့်နိုးသွားသည်။ သူ့တစ်ကိုယ်လုံးချွေးများစို့ရွှဲနေသည်။ တကယ့် လက်တွေ့တွင် မောင်းညိုတို့ညီအစ်ကိုက အိမ်ပြန်မရောက်သေး။ မဆောင်းခင်က အိပ်မက်ကို ပြန်စဉ်းစားရင်း ရင်ထဲတွင် ဆို့နစ်စွာခံစားနေရသည်။

နောက်နှစ်လခန့်ကြာတော့ စံလုံးညိုက အရှိုးပေါ်အရေတင်နေသည့် ရုပ်နှင့်ရွာသို့ပြန်ရောက်လာသည်။

မောင်းညိုက တောတွင်းထဲမှ ချောက်ထဲကျပြီး သေသွားပြီတဲ့။ မဆောင်းခင်က ဟိုးတစ်လောက မြင်မက်သော အိပ်မက်ကိုပြန်လည်၍ သတိရသွားမိသည်။ မောင်းညို၏ဝိညာဉ်က သူ့ထံသို့ရောက်လာလေသည်လား။ သည့်နောက်တော့ ဘာအိပ်မက်မှမမက်။

မဆောင်းခင်က မောင်းညို သေဆုံးသွားပြီဆိုသည်ကို မယုံချင်။ မောင်းညိုသည် အသက်ရှိထင်ရှားရှိနေဆဲဟု ထင်ထားမိသည်။

မောင်းညိုက ဘယ်လိုသေဆုံးသွားတာလဲဟု မဆောင်းခင်က စံလုံးညိုကိုမေးတော့ သူ့အဖေနှင့်အမေ၏ရှေ့တွင် တစ်ခါလားပြော





သည်။ မဆောင်းခင်သိချင်၍ထပ်မေးတော့ မပြောဘဲအော်လွှတ်သည်။

သည်အကြောင်းတွေကို ပြန်ပြောပြလျှင် သူ့ညီအတွက်ခံစားနေရသလိုလို။ သို့ကြောင့် မဆောင်းခင်က မမေးတော့။

■ ■ ■

နောက်တစ်နေ့ နေ့လည်ပိုင်းတွင် စောဖတုံးက ဧည့်သည်တစ်ယောက်ကို အိမ်သို့ခေါ်လာသည်။

"မဆောင်းခင်၊ သူက ကျွန်တော်ပြောတဲ့ ဒန်ပူး"

စောဖတုံးက မဆောင်းခင်နှင့်ဒန်ပူးကို မိတ်ဆက်ပေးသည်။

"ကိုဒန်ပူးက ကိုမောင်းညိုရေးတဲ့စာကို ဘယ်လိုရရှိခဲ့တာလဲ"

ဒန်ပူးက စောဖတုံးမျက်နှာကို လှမ်းကြည့်သည်။

"ဆုငွေအတွက်လား ဒန်ပူး၊ အဲဒီအတွက်တော့ ငါ တာဝန်ယူပေးတယ်၊ ကိုမောင်းညိုရဲ့စာ အစစ်အမှန်ဖြစ်လို့ကတော့ မဆောင်းခင်က မင်းကို ထိုက်ထိုက်တန်တန် ဆုချမှာအမှန်ပဲ"

ဒန်ပူးက ခေါင်းညိတ်သည်။

"ကျွန်တော်တို့က တံငါသည်တွေပါ အစ်မ၊ တစ်နေ့ ကျွန်တော့်အဖေနဲ့ဦးလေး မြစ်ထဲမှာ ဝါးလုံးအဆစ်အပိုင်းလေးတစ်ခု မျောပါလာတာကိုတွေ့တယ်၊ အဖေက ဝါးလုံးအဆစ်အပိုင်းကလေးကို ဆယ်ယူလိုက်တယ်၊ ဝါးဆစ်ထိပ်ပိုင်းကို ဖောက်ပြီး ပြန်ပိတ်ထားတာတွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတော့ အံ့ဩသွားမိတာပေါ့၊ ဝါးဆစ်ပိုင်းကိုလှုပ်ကြည့်တော့ အထဲမှာ တစ်စုံတစ်ရာပြေးနေတာကို သတိထားမိတယ်၊ အိမ်ရောက်တော့ ဝါးဆစ်ပိုင်းကို ခွဲကြည့်တယ်၊ အထဲက စာရွက်လေးတစ်ရွက် ထွက်လာတယ်"

ဒန်ပူးက ပြောပြနေသည်။

"ဒီဝါးဆစ်ပိုင်းကို သံလွင်မြစ်ထဲက ရတာလား"

"မဟုတ်ပါဘူး၊ တောတောင်ထဲက စီးဆင်းလာတဲ့ မြစ်လက်တက်တစ်ခုလေးထဲက ရတာပါ"

"စာထဲမှာ ဘာတွေရေးထားသလဲ"

ဒန်ပူးက လက်ကာ၍ပြသည်။

"အစ်မ ကျွန်တော့်ကို ဘယ်လောက်ဆုငွေပေးမလဲဆိုတာ ပြောပါဦး"

မဆောင်းခင်က နှုတ်ခမ်းတွန့်သွားသည်။

"ကိုမောင်ညိုရဲ့ စာအစစ်အမှန် ဟုတ်၊မဟုတ် မသိရဘဲ ကျွန်မက ဒန်ပူးကို ဆုငွေဘယ်လိုပေးရမလဲ"

"ကျွန်တော့် ဦးလေးက စီးပွားရေးဆန်လို့ပြောနေရတာပါ၊ အစ်မကို ပြောရတာတော့ အားနာမိပါတယ်"

"ရပါတယ် ပွင့်ပွင့်လင်းလင်းပြောရတာ ကောင်းပါတယ်"

"စာထဲမှာ ပါတဲ့အကြောင်းအရာကို ခဏထားပါဦး၊ ဘယ်သူ့





နာမည်တပ်ပြီး ရေးထားသလဲဆိုတာ ဒန်ပူးက အရင်ပြောပေါ့၊ ကိုမောင်ညိုတို့ တွေ့ကြုံခဲ့ရတာတွေကို မဆောင်းခင်က သိထားပြီးသားပဲ မဟုတ်လား။ ကျွန်တော်ကလည်း သူ့ကို ကိုမောင်ညို ချွေးတပ်စခန်းက ပြေးလာတုန်းက ဘယ်သူတွေပါတယ်ဆိုတာ ပြောမထားပါဘူး"

စောဖတုံးက ကြားဖြတ်ဝင်ပြောသည်။ မဆောင်းခင်က ဒန်ပူး၏မျက်နှာကို အကဲခတ်ရင်း ခေါင်းညိတ်သည်။

"ကဲ ကိုဒန်ပူး ပြောပါဦး"

ကိုဒန်ပူးက သူ့အကျီအိတ်အတွင်းမှ စာအုပ်သေးသေးကလေးတွင် ရေးသားထားသော နာမည်များကို ဖတ်ပြသည်။

"စံလုံးညို၊ နက်ကျော်၊ ဖိုးထင်၊ ဘတုတ်၊ သာထူးတဲ့"

"ဟုတ်သလား မဆောင်းခင်"

"ကိုမောင်ညိုတို့ ချွေးတပ်စခန်းက ထွက်ပြေးလာတုန်းက လူနာမည်တွေတော့ မှန်နေပြီ၊ ဒီတော့ ကိုဒန်ပူးကို ကျွန်မက ရွှေဂါး(၅)ပြားပေးမယ် ဘယ့်နှယ်လဲ"

ဒန်ပူးက တွေဝေကာ စဉ်းစားနေသည်။

"မဆောင်းခင်က သူ့ချစ်သူ သေမသေသိချင်လို့ ဒီနယ်မြေအထိ လိုက်လာပြီးစုံစမ်းနေတာ၊ မဆောင်းခင် ပေးတဲ့ ဆုငွေဟာ မနည်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ပါတယ် ကျွန်တော့်အနေနဲ့ကတော့ မနည်းပါဘူး၊ ကျွန်တော့်ဦးလေးက ရတာနည်းတယ်လို့ပြောမလားလို့ပါ''

စောဖတုံး၏မျက်နှာက ခက်ထန်သွားသည်။

''တော်ပြီကွာ၊ မင်းတို့နှစ်ဦးနှစ်ဖက် အဆင်ပြေအောင် ငါက တွေ့ဆုံပေးတာ၊ မင်းကဈေးကိုင်နေရင်တော့ ပြန်တော့ ဒန်ပူးရေ''

စောဖတုံး စကားကြောင့် ဒန်ပူး မျက်နှာပျက်သွားသည်။ မဆောင်းခင်၏မျက်နှာက ပြုံးနေသည်။

ဒန်ပူးက သူ့အံတွင်းအင်္ကျီအိတ်ထဲမှ စာရွက်တစ်ရွက်ကို နှိုက်ယူလိုက်သည်။ စက္ကူမှာ ဟောင်းနွမ်းနေသည်။ မဆောင်းခင်မျက်လုံးများက စာရွက်ကလေးပေါ်သို့ အာရုံစိုက်ထားသည်။ မဆောင်းခင်က စာရွက်ကလေးကို ရင်ခုန်စွာဖြင့် ဖတ်လိုက်သည်။ စာရွက်ပေါ်တွင် မှင်အနီရောင် ဖောင်တိန်နှင့်ရေးသားထားသော စာသားများကိုတွေ့ရသည်။

စံလုံးညို၊ နက်ကျော်၊ ဖိုးထင်၊ ဘတုတ်၊ သာထူး

ငါအခုအချိန်အထိ အသက်မသေသေးဘူး။ အသက်ရှင်လျက်ရှိနေတုန်းပဲ၊ ဒါပေမဲ့ အကူအညီတော့ မဲ့နေတယ်၊ ငါ့ကို မင်းတို့ ပြန်လာပြီး ကယ်ကြပါလား၊ ငါ့ကို နတ်ကောင်းနတ်မြတ်တွေက စောင့်ရှောက် ကယ်မလို့ ငါအသက်မသေတာ အမြန်ဆုံးလာ





ကယ်ပါ။

မောင်းညို

ငါးရေဝန်ရွာ၊ မုံရွာမြို့။

မဆောင်းခင်က အားရပါးရပြုံးနေသည်။

''စောဖတုံးက ဖက်ဆစ်ဂျပန်ခေတ်တုန်းက ချွေးတပ်စခန်းက ထွက်ပြေးတဲ့လူတွေကို လိုက်စုံစမ်းတယ်၊ ဂျပန်စစ်တပ်ကို မဟာမိတ်တပ်တွေက ပိတ်ဆို့တိုက်ခိုက်ခဲ့တဲ့ နေရာကိုမေးတယ်၊ တောတောင်ထဲက သံလွင်မြစ်ထဲကို စီးဝင်တဲ့ မြစ်တွေကိုမေးတယ်၊ ဒီလူ အကြောင်းမဲ့တော့ မေးတာမဟုတ်ဘူးလို့ ကျွန်တော် သိလိုက်တယ်၊

အဲဒီ အချိန်မှာ ကျွန်တော့် အဖေနဲ့ဦးလေးကလည်း မြစ်ထဲက ထူးဆန်းတဲ့စာတစ်စောင်ကို ရထားတယ်၊ အဲဒါကြောင့် စောဖထုံးကို ဘာကြောင့် အဲဒါတွေလိုက်မေးရတာလဲလို့ ပြန်မေးမိတာဖွဲ့၊ အခုတော့ အကြောင်းအရာအားလုံးက တိုက်ဆိုင်နေတာ အံ့ဩစရာပဲ''

ဒန်ပူးက ပြောသည်။ မဆောင်းခင်က ဒန်ပူးကို ချွေးငွေ (၅)ပြားပေးသည်။

''ကိုမောင်းညို မသေဘူးဆိုတာ သိရလို့ ဝမ်းသာနေပြီ''

မဆောင်းခင်က စာလေးကိုသူ့ရင်ဘတ်ပေါ်တွင် ဖိကိုင်ကာ ရင်းပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမောင်းညို မသေဘူးဆိုတာက ထားပါဦး၊ ကိုမောင်းညိုရဲ့ စာထဲမှာ သူ့ကိုအမြန်ဆုံး လာကယ်ပါလို့ရေးထားတယ်၊ ကျွန်တော့် အဖေနဲ့ဦးလေးတို့ ဒီစာကိုတွေ့တာက သံလွင်မြစ်ထဲစီးဝင်တဲ့ မြစ်လက်တက်ထဲမှာနော်၊ သံလွင်ဟာ အတော်ရှည်လျားတဲ့မြစ်"

"ဟုတ်ပါတယ် အဲဒါကို ကျွန်မသိပါတယ်၊ ကျွန်မတို့ မောင်နှမနှစ်ယောက် ဒီဒေသကိုရောက်ကတည်းက စုံစမ်းနေတာပါ၊ ကိုမောင်းညိုတို့ကို ချုပ်နှောင်ထားခဲ့တဲ့ စစ်အကျဉ်းစခန်းဟာ မြန်မာ–ယိုးဒယား (ထိုင်း) နယ်စပ်မှာရှိတယ်၊ မော်လမြိုင်ရဲ့တောင်ဘက် မီးရထားလမ်းနားမှာရှိတယ်၊ ဒါကို ကျွန်မမေးမြန်းစုံစမ်းခဲ့တဲ့ သူတွေဆီက သိရတာပဲ၊ ကိုမောင်းညိုတို့ ထွက်ပြေးကြတဲ့သူတွေထဲမှာ ဆင်ဦးစီးတစ်ယောက်က ပါတော့ သူတို့တောထဲမှာ ဆင်နဲ့ခရီးသွားခဲ့ကြတယ်၊ အဲသလို သွားလာရင်း ကျောက်တောင်ပေါ်က ကျောက်ဂူကိုတွေ့တယ်၊ ကိုမောင်းညိုက ချောက်ကမ်းပါးထဲလိမ့်ကျခဲ့တယ်၊

စံလုံးညိုတို့လူစု မြစ်ထဲမှာ ရေချိုးနေတုန်း ဖက်ဆစ်ဂျပန်က ဖမ်းမိသွားတယ်၊ အဲဒီ မြစ်လက်တက်ကို ကျွန်မက သွားရှာချင်တာ"

"ဒီတော ဒီတောင်တွေက ငှက်ဖျားကြမ်းတယ်၊ မဆောင်းခင်လို နုနယ်တဲ့မိန်းမသား တစ်ယောက်အနေနဲ့မသွားသင့်ဘူး၊ တောတောင်ထူထပ်သလို သားရဲတိရစ္ဆာန်လည်းပေါတယ်"





"အဲသလိုဆိုရင် ကိုမောင်းညိုကို တွေ့အောင် ဘယ်လိုရှာမလဲ"

"သိပ်စိတ်မပူပါနဲ့ဦး မဆောင်းခင်ရယ်၊ ကျွန်တော် သူငယ်ချင်းတွေနဲ့တိုင်ပင်ပြီး ကိုမောင်းညိုကို သွားရှာပေးပါ့မယ်"

မဆောင်းခင်က မောင်းညိုမသေဘူးဆိုတာသိရလို့ ဝမ်းသာနေပေမယ့် မတွေ့ရသေးသဖြင့် စိတ်မောနေသည်။ စောဖထုံးက တောထဲသို့သွားရန် စီစဉ်နေသည်။ မဆောင်းခင် စိတ်သောကရောက်နေမှန်း စောဖထုံးက သိသည်။ စောဖတုံးက စိတ်ချရသော သူ့သူငယ်ချင်းနှစ်ယောက်ကို အိမ်သို့ခေါ်လာသည်။ မဆောင်းခင်နှင့်မိတ်ဆက်ပေးသည်။ မဆောင်းခင်က မောင်းညို၏အကြောင်းကို အသေးစိတ်ပြောပြသည်။

"တောတွင်းထဲမှာကို မောင်းညိုရှိနေတယ်ဆိုတာမှန်ရင်တော့ မတွေ့တွေ့အောင်ရှာပေးပါ့မယ်"

မဆောင်းခင်က စောဖတုံးတို့သုံးယောက် တောတွင်းထဲတွင် စားသောက်ရန် ရိက္ခာများဝယ်ပေးသည်။ ဆေးဝါးများဝယ်ပေးသည်။

စောဖတုံးတို့သုံးယောက်က သူတို့ဘာသာဘုရားကျောင်းသို့ သွားပြီး ဆုတောင်းသည်။ ဓားလှံလက်နက်များကို ယူဆောင်သွားရန် အသင့်ပြုလုပ်ထားသည်။

■ ■ ■

ညစာစားပြီးသည်နှင့် စောဖတုံးနှင့်သြဂတ်စတင်းတို့က ရေနွေး



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းသောက်ရင်း စကားပြောနေကြသည်။ စောဖတုံးက မောင်းညို၏ အကြောင်းနှင့်သတင်းအစအန ရှိပုံကို ဩဂုတ်စတင်းသိရအောင် ပြောပြသည်။

ဒန်ပူး၏ဖခင် နာကီးနှင့် အလီဘိုင်တို့က မော်လမြိုင်အနီး သံလွင်မြစ်ဝတွင် ငါးဖမ်းတတ်သည့် တံငါများဖြစ်သည်။ နာကီးနှင့် အလီဘိုင်တို့က အရက်ပုလင်းကို တစ်ယောက်တစ်လှည့်မော့ရင်း လှေကို လှော်ခတ်လာကြသည်။ မြစ်ထဲတွင် လေက တဟူးဟူးနှင့်တိုက်ခိုက်နေသည်။ သူတို့တစ်ကိုယ်လုံးတွင် အေးစိမ့်နေသည်။ အရက်ကလေး သောက်ထားတော့ ချမ်းအေးသောဒဏ်ကို အန်တုနိုင်သည်။

"အလီဘိုင် တော်ဦးလေ၊ သိပ်မသောက်နဲ့ဦး၊ အရက်မူးပြီး ရေထဲကျဦးမယ်၊ ရေစီးက အလွန်သန်တာကွ၊ မြစ်ဝကို အမြန်ဆုံး ရောက်အောင် လှေကိုလှော်စမ်းပါဦး၊ ဒီနေ့ ငါးတွေအများကြီးရအောင် ဖမ်းမှဖြစ်မှာနော်၊ အရက်ကြွေးတွေက မနည်းဘူး၊ မနေ့က ငါတို့နှစ်ယောက် ဟင်းစားလောက်ပဲ ရတာမဟုတ်လား"

နာကီးက သူ့ညီကိုပြောသည်။

"ရမှာပါ အစ်ကိုရာ၊ မြစ်ထဲမှာ ချမ်းစိမ့်နေလို့ ဝမ်းထဲကို အပူဓာတ်ပေးနေတာ နွေးထွေးသွားပါပြီ"

သူတို့ ညီအစ်ကိုသည် မြစ်ကမ်းကို ကပ်ပြီးလှေကိုလှော်လာခဲ့





ရာ သံလွင်မြစ်ဝသို့ ရောက်လာကြသည်။ လှေတွင် ချည်ထားသော ကြိုးကို ကိုင်၍ အလီဘိုင်က ကမ်းပါးပေါ်သို့တက်ပြေးသည်။ ကြိုးကို ကမ်းနားမှ သစ်ပင်တစ်ပင်တွင် ချည်ထားလိုက်သည်။ နာကီးက မြစ်ထဲတွင် ပိုက်ကွန်ကိုပစ်ချလိုက်သည်။ ပိုက်ကိုပြန်ရုတ်လိုက်ပြီး လှေပေါ်သို့ တဖြည်းဖြည်းချင်း ဆွဲတင်သည်။ ပိုက်ကွန်ထဲတွင် ငါးတစ်ကောင်နှင့် အတူ ဝါးဆစ်ပိုင်းလေးတစ်ခုကိုတွေ့ရသည်။ ဝါးဆစ်ပိုင်းတိုလေးက တစ်ထွာခန့်သာရှိသည်။

"ဟ ဒီဝါးဆစ်ပိုင်းလေးက အသေအချာလုပ်ထားတာကွ"

"ကလေးတွေ ဆော့ကစားပြီး မြစ်ထဲလွှင့်ပစ်ထားတာနေမှာပါကွာ"

အလီဘိုင်က အရက်ရှိန်ကလေးနှင့်ပြောသည်။

"မဟုတ်သေးဘူးကွ၊ ဝါးဆစ်ပိုင်းလေးရဲ့အထဲက အသံလိုလို ကြားနေရတယ်"

နာကီးက ဝါးဆစ်ပိုင်းလေးကို လှုပ်ကြည့်တော့ အထဲတွင် ဘာစုံတစ်ခုရှိနေသည်ကို တွေ့ရသည်။ ဝါးဆစ်ပိုင်းကလေးကို အသေအချာကြည့်သည်။ အံချင်းစွပ်သည့်ဘူးကလေးကို ပြုလုပ်ထားမှန်းသိ၍ ဖွင့်ကြည့်လိုက်သည်။

"ဟင် စာကလေးတစ်စောင်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



နာကီးက စာကိုယူပြီးဖတ်ကြည့်သည်။ လူတစ်ယောက်က သူ့သူငယ်ချင်းများကို လာပြီး ကယ်တင်ရန် ရေးသားထားသည်။

"ဒီစာဟာ မြစ်ကြောင်းအတိုင်း မျောပါလာတာ မဟုတ်ဘူး။ တောထဲတောင်ထဲက မြစ်ကြီးထဲကိုစီးဝင်တဲ့ ချောင်းကလေးတွေက ရေထဲမှာပါလာတာပဲဖြစ်ရမယ်၊ ဘာမှန်းမသိပါဘူး။ ငါတို့ ငါးရဖို့က အဓိက၊ ငါးရအောင် ကွန်ဆက်ပစ်စို့"

သူတို့ညီအစ်ကိုနှစ်ယောက် ပိုက်ကွန်ဆက်ပစ်ကြသည်။ ညနေစောင်းတော့ သူတို့နှစ်ဦး ငါးအတော်များများရသဖြင့် အိမ်သို့ပြန်လာကြသည်။ လှေကို ကမ်းစပ်မှ တိုင်တွင်ချည်နှောင်သည်။ ငါးပလိုင်းနှင့်ပိုက်ကွန်ကို ထမ်းပြီး မြစ်ကမ်းပါးပေါ်သို့ တက်လာသည်။

"အစ်ကို လှေပေါ်က ဝါးဆစ်ပိုင်းလေးကို ယူလာဦးလေ"

အိမ်သို့ပြန်ရောက်လျှင် နာကီးနှင့်အလီဘိုင်တို့က သူတို့၏ မိသားစုများကို ထူးဆန်းသော စာအားပြသသည်။ သူတို့ မိသားစုများသည် ထူးဆန်းသော စာနှင့်ပတ်သက်ပြီး မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို စဉ်းစားမရအောင်ဖြစ်နေသည်။

"လူတစ်ယောက်က ဒုက္ခရောက်နေပုံရတယ်၊ သူ့သူငယ်ချင်းတွေကို လာကယ်ဖို့ ရေးထားတာပဲ၊ သူ့သူငယ်ချင်းတွေက ဘယ်သူ့နမှန်းမသိတာ၊ ငါတို့က ဘယ်လိုကူညီရမလဲ ခက်လိုက်တာ"





"အေး ဟုတ်ပါရဲ့ကွာ၊ အခုကိစ္စက ရာဇဝတ်မှုနဲ့ကင်းသလား၊ မကင်းသလားလည်း မသိတော့ ရဲကိုအသိပေး၊ အကူအညီတောင်းရဖို့ကလည်း အခက်။

နာကီးတို့ညီအစ်ကိုက အရက်ဆိုင်တွင် ခင်မင်သူများအား စာနှင့်ပတ်သက်ပြီးပြောသည်။ သည်သတင်းက တစ်ယောက်တစ်စ ပျံ့နှံ့သွားသည်။ သူတို့၏မိတ်ဆွေက

"ဒီစာကို နေ့စဉ်ထုတ်သတင်းစာမှာ သွားပြီး ကြေညာပေးလိုက်ပါလား၊ မင်းတို့ အချည်းအနှီးမဖြစ်နိုင်ပါဘူး၊ ကယ်တင်နိုင်းသူရဲ့သူငယ်ချင်းတွေက သတင်းစာကို ဖတ်မိရင် မင်းတို့ဆီလိုက်လာမှာပဲ"

ဟု အကြံပေးသည်။ အလီဘိုင်က လူလည်တစ်ယောက်ဆိုတော့ မိတ်ဆွေအကြံပေးသည့်အတိုင်း မြန်မာသတင်းစာတိုက်တစ်ခုသို့ သွားသည်။ အကျိုးအကြောင်းပြောပြသည်။ သတင်းစာဆရာများက အိန္ဒိယတံငါသည်တစ်ယောက်၏ စကားကို အလေးအနက်မထား။ မယုံကြည်ကြပေ။ အလီဘိုင်ကိုခြိမ်းချောက်၍လွှတ်လိုက်သည်။ အလီဘိုင်က ကြောက်ပြီး နေရပ်သို့ပြေးလာခဲ့သည်။ သည်သတင်းက မော်လမြိုင်တစ်မြို့လုံးအတွက် စိတ်ဝင်စားစရာသတင်းဖြစ်သွားသည်။

တစ်နေ့တော့ စောဖတုံးက မော်လမြိုင်ဈေးထဲသို့ လာရင်း အိန္ဒိယတံငါသည် နှစ်ယောက်က ရေထဲမှ စာတစ်စောင်ရသည်ဆိုသည်



www.burmeseclassic.com

www.burmeseclassic.com



သတင်းကို ကြားသည်။ စိတ်ဝင်စားလွန်းသဖြင့် စောဖတုံးက စုံစမ်းကြည့်သည်။ စာထဲမှအကြောင်းအရာ တစ်စိတ်တစ်ဒေသကို စောဖတုံးသိလာရသည်။ စာရေးသူက 'မောင်းညို'မှန်းသိရသဖြင့် ပို၍စိတ်ဝင်စားသည်။ ထို့ကြောင့် စောဖတုံးက စာနှင့်ပတ်သက်ပြီး ဆက်လက်စုံစမ်းရာ ဒန်ပူးနှင့်ဆက်သွယ်မိသွားသည်။

"မင်းတို့မြစ်ထဲက ရရှိထားတဲ့စာထဲမှာ စာရေးသူဟာ မောင်းညိုလို့ ငါတို့သိရတယ်၊ အဲဒါ အမှန်ပဲလား"

စောဖတုံးက ဒန်ပူး၏မျက်နှာကိုအကဲခတ်ရင်း ပြောသည်။

"ဟုတ်တယ် ဘာဖြစ်လို့လဲ"

"အဲဒီ မောင်းညိုဆိုတာကို ငါ စိတ်ဝင်စားလို့၊ မင်းကို ဆက်သွယ်ပြီးမေးနေတာ၊ သေချာရင်တော့ မင်းတို့လုပ်အားခရမှာပေါ့"

"ကျွန်တော်တို့ကလည်း ဒီစာအတွက် စုံစမ်းနေတာ၊ ဒီစာနဲ့ပတ်သက်နေတဲ့သူရှိရင်တော့ သူ့ဆီက ထိုက်ထိုက်တန်တန် လိုချင်တယ်"

"ဒီစာနဲ့ပတ်သက်တဲ့သူကို မတွေ့ရင် မင်းတို့ ဒီစာကို ကိုင်ထားပြီး ဘာလိုက်ဆံရမှာလဲ၊ မင်းတို့က ဒီစာကိုရတာနဲ့မျှော်လင့်ချက်ထားတယ်ပေါ့၊ အတော်ဟုတ်တဲ့လူတွေကွာ"

စောဖတုံးက ဒန်ပူးကို မကျေမနပ်ကြည့်နေရင်းမှ ပြောသည်။

"ခင်ဗျား ကျွန်တော်နဲ့တွေ့ချင်တာ ဒီစာနဲ့ပတ်သက်ပြီး စုံစမ်း





ရုံလေးပဲလား၊ အဲဒါဆိုရင် ကျွန်တော်ပြန်မယ်၊ အိမ်မှာ အလုပ်ရှိသေးတယ်"

ဒန်ပူးက မျက်နှာသုန်သုန်မှုန်မှုန်ဖြင့် ပြောသည်။

"ဒီစာနဲ့ပတ်သက်ပြီး သိချင်နေသူက တစ်ယောက်ကွ၊ မောင်းညိုရေးတဲ့စာ အစစ်အမှန်ဆိုရင်တော့ မင်းတို့ မနစ်နာစေရဘူးလို့ ငါ အတတ်ပြောရဲတယ်၊ စာကိုလက်ထဲမှာကိုင်ထားပြီး မင်းတို့က ဘယ်လို စုံစမ်းမလဲ၊ စုံစမ်းချင်စုံစမ်းကြည့်ဦးလေ"

စောဖတုံး၏စကားကြောင့် ဒန်ပူး ဇဝေဇဝါဖြစ်သွားသည်။

"ခင်ဗျားက ကြားထဲက ဆက်သွယ်ပေးမယ်ဆိုရင် အဲဒီစာကို ကျွန်တော် မနက်ဖြန်ယူလာခဲ့မယ်"

"ကောင်းတယ်၊ ငါ ဒီနေရာက လာစောင့်နေမယ်"

စောဖတုံးက ဩဂုတ်စတင်းနားလည်အောင် ပြောပြနေသည်။

"မောင်းညို မသေသေးဘူးဆိုတာ သိရလို့ မဆောင်းခင်က အလွန်ဝမ်းသာနေပုံပဲ"

"အေးလေ ငါတို့က သူတို့ချစ်သူနှစ်ယောက် ပြန်လည်တွေ့ရအောင် ကူညီရမှာပဲ၊ အခုလည်း ကြည့်လေ၊ စားနပ်ရိက္ခာတွေ၊ ဆေးတွေ ဝယ်ပေးထားတာ မနည်းဘူး၊ ငါက မဆောင်းခင်ကို သနားပြီး ကူညီနေတာ၊ တောလမ်းခရီးသွားရမှာဆိုတော့ ဘယ်လောက် အန္တရာယ်များ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ မင်းလည်း သိတာပဲ''

အရင်တုန်းကဆိုရင် မခေါင်းခင်ရဲ့မျက်နှာဟာ အမြဲ ညှိုးနွမ်းနေတယ်၊ ညဘက်ဆိုရင်လည်း တဟင်းဟင်းနဲ့ သက်ပြင်းချနေတတ်တယ်၊ မအိပ်ဘူး၊ ငါက ငို့ညီမလေးလို သဘောထားပြီး စောင့်ရှောက်ပါတယ်၊ အခုတော့ မခေါင်းခင် စိတ်ပျော်ရွှင်လန်းနေတာ မင်းအမြင်ပဲ၊ ဒါတောင် မောင်းညီမသေဘူးဆိုတာပဲ သိရသေးတာနော်၊ မသေသေးဘူး ဆိုရင် ပြန်လည်တွေ့ဖို့က မျှော်လင့်ချက်ရှိသေးတာပဲ''

''အချိန် ညဉ့်နက်နေပြီ ငါတို့ အိပ်ကြဦးစို့၊ နောက်နေ့တွေကျရင် ငါတို့ ပင်ပန်းတော့မှာ အမှန်ပဲ''

စောဖတုံးနှင့် ညြဂတ်စတင်းက လွယ်အိတ်ကို ခေါင်းအုံးပြီး အိပ်စက်ကြသည်။

■ ■ ■



## အခန်း (၄)

## ခရီးကြမ်းသို့ လှမ်းခဲ့ကြပြီ

စောဖတုံး၊ ညြဂတ်စတင်း၊ မခေါင်းခင်တို့က လှေတစ်စင်းကို ငှားရမ်းပြီး သံလွင်မြစ်ကမ်းဘေးတစ်လျှောက် အစုန်အဆန်သွားလာပြီး သတင်းစုံစမ်းရန်စိတ်ပိုင်းဖြတ်ထားကြသည်။ စောဖတုံး၏သူငယ်ချင်းတစ်ယောက်ကလိုက်မည်ဟု ပြောဆိုပြီးမှ အပြင်းဖျားနေသဖြင့် နေခဲ့ရသည်၊ သည်တော့ မခေါင်းခင်ကိုယ်တိုင် လိုက်လာသည်။ မခေါင်းခင်က ဆံပင်ကို ဘိုကေပုံစံညှပ်ပြီး ယောကျ်ားတစ်ယောက်ပမာ ဝတ်ဆင်ထားသည်။

ပထမဦးစွာ မြစ်ကမ်းနား တံငါရွာမှ လှေကြီးတစ်စင်းကို ငှားသည်။ အိပ်ရာလိပ်၊ စားနပ်ရိက္ခာထုပ်များကို တင်ဆောင်သည်။ လှေကို ငှက်သမ္မန်သဘောမျိုး ဖြစ်အောင် လျှော်တက်ကြီးနှစ်ခု တပ်ဆင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သံလွင်မြစ်ကြောင်းတစ်လျှောက် စောဖတုံးနှင့်ဩဂတ်စတင်းတို့က လှော်တက်တစ်ခုစီကို လှော်ခတ်ရင်း ဆန်တက်လာကြသည်။ မဆောင်းခင်က လှေပေါ်တွင်ထိုင်ပြီး မြစ်ကြောင်းတစ်လျှောက်မှရှုခင်းများကို ကြည့်ရှုလာသည်။

"မြန်မာပြည်ဟာ ဖက်ဆစ်ဂျပန်ရဲ့လွှမ်းမိုးချုပ်ချယ်နေမှုအောက်က လွတ်မြောက်သွားတာ ဘာမှမကြာသေးတော့ တိုင်းပြည်ရဲ့အခြေအနေက မငြိမ်သက်သေးဘူး။ အလံနီ၊ အလံဖြူ၊ ကရင်သောင်းကျန်းသူတွေက ဆူပူလှုပ်ရှားနေတယ်၊ နောက်ပြီး တရုတ်ကွန်မြူနစ်တွေက တိုက်ထုတ်လိုက်လို့ မြန်မာပြည်နယ်စပ်နားမှာ ရောက်နေတဲ့ တရုတ်ဖြူတွေကရှိသေးတယ်၊ မဆောင်းခင်က ကိုမောင်ညိုအပေါ်မှာ အတော်သံယောဇဉ်ကြီးမှန်း သိနေလို့ ကျွန်တော်တို့က ကူညီတာ၊ အလွန်အန္တရာယ်များတယ်ဗျ"

"စောဖတုံးတို့ရဲ့စိတ်စေတနာကို ကျွန်မနားလည် သဘောပေါက်ပါတယ်"

စောဖတုံးတို့လူစုသည် မြစ်ကမ်းကသစ်ပင်ရိပ်များတွင် လှေကိုကြိုးချည်ရပ်နားပြီး နေ့လည်စာစားကြသည်။

မြစ်လက်တက်များကိုတွေ့လျှင် မြစ်လက်တက်များအတွင်းဝင်ရောက်လှော်ခတ်သွားသည်။ မြစ်ကမ်းနံဘေးတွင် နေထိုင်သူများအား





စုံစမ်းမေးမြန်းသည်။ မဆောင်းခင်တို့ သိချင်နေသော နေရာမှာ စံလုံးညိုတို့လူစု ကျောက်ဂူရှိရာမှပြန်လာပြီး ရေချိုးသောမြစ်ဖြစ်သည်။ ထိုမြစ်နှင့်မနီးမဝေးတွင် ကျောက်တောင်ပေါ်မှာရှိသော ကျောက်ဂူကြီးရှိရာသို့ ရောက်မည်ကို မဆောင်းခင်က သိထားသည်။

စောဖတုံးနှင့် ဩဂတ်စတင်းတို့ကလည်း မြစ်လက်တက်တစ်ခုကို တွေ့သည်နှင့် မြစ်ကြောင်းထဲသို့ဝင်သွားသည်။ လှေကိုကမ်းနားတွင် ဆိုက်ကပ်ပြီး ကမ်းပါးပေါ်သို့တက်သည်။ ကမ်းနားတွင် ရွာရှိမရှိ လေ့လာသည်။ ရွာကိုတွေ့လျှင် ဒီရွာ၏အနီးအနားရှိ ကျောက်တောင်ပေါ်တွင် ကျောက်ဂူကြီးတစ်လုံးရှိမရှိစုံစမ်းသည်။

တစ်နေ့တွင် မဆောင်းခင်တို့လူစုသည် တောတွင်းတစ်နေရာတွင် ဖက်ဆစ်ဂျပန်တို့စခန်းချခဲ့သော နေရာကိုတွေ့ခဲ့ကြသည်။ ထိုနေရာနှင့် မနီးမဝေးတွင် လူအရိုးစုများကိုတွေ့ရသည်။

လသာသောညများတွင် စောဖတုံးက သစ်ပင်များပေါ်တွင် အိပ်တန်းတက်နေသော ငှက်များကိုဖမ်းသည်။ တောကြက်များကိုဖမ်းသည်။ မီးနှင့်ကင်ပြီး နောက်တစ်နေ့စာအတွက် စုဆောင်းသည်။

မြစ်လက်တက်ဘေးတွင် နေထိုင်သောရွာများတွင် စုံစမ်းရင်း ထူးခြားမှုတစ်ခုကို မဆောင်းခင်တို့သိခဲ့ရသည်။

တာရာဖန်မြစ်နှင့်သံလွင်မြစ်ဆုံရာနေရာသို့ အရောက်



www.burmeseclassic.com

www.burmeseclassic.com



အောင်သွားပါဟုလည်း လမ်းညွှန်သည်။ ရှုစောဖတုံးက

"တာရာဇန်မြစ်က မော်လမြိုင်ရဲ့မြောက်ဘက်မိုင်(၈၀)ခန့် အကွာမှာ သံလွင်မြစ်ထဲကို စီးဝင်သွားတယ်၊ တာရာဇန်မြစ်က မြစ်ငယ် သဟာသာရှိတယ်"

"အဲဒါ ဘယ်လိုသွားရသလဲ စောဖတုံး"

"ကျွန်တော်တို့ ဘားအံကိုသွားရမယ်၊ နောက်ပြီး သံလွင်မြစ်ကို မော်တော်နဲ့ဆန်တက်ရမယ်"

"ကျွန်မအတွက် ဘာမှအားမနာပါနဲ့ စောဖတုံး၊ ကျွန်မက မောင်ညိုကိုတွေ့ချင်တဲ့ ဇောကရှိနေတော့ ပင်ပန်းဆင်းရဲတာကို ဂရုမစိုက်တော့ပါဘူး"

စောဖတုံးက သူ့အသိမိတ်ဆွေတစ်ဦးထံမှ စက်လှေကို ငှားသည်။ သူကိုယ်တိုင်က စက်လှေမောင်းတတ်နေသဖြင့် ဟန်ကျသွားသည်။ မြစ်ကမ်းနားသစ်ပင်ရိပ်နားတွင် စခန်းချရပ်နားကြသည်။ ညဘက်တွင် သူတို့အိပ်ရာအနီးတွင် မီးဖိုထားသည်။ မီးဖိုမှမီးရောင်က တောတွင်းထဲမှ တိရစ္ဆာန်များ၏အန္တရာယ်ကို ဟန့်တားထားသလိုရှိသည်။

စောဖတုံးက ဘားအံမှဝယ်လာသော စီးကရက်ဘူးကိုဖွင့်လိုက်သည်။ ဩဂတ်စတင်းက ပခုံးတွန့်လိုက်သည်။

"ကျွန်တော်ကတော့ စီးကရက်သောက်ပြီး အပန်းဖြေဖို့စိတ်





မကူးမိဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ ကျုပ်တို့အခုလာခဲ့တဲ့ ခရီးဟာ အပျော်ခရီးမဟုတ်ဘူးနော်၊ အခက်အခဲ ပြဿနာအမျိုးမျိုးနဲ့တွေ့ကြုံရမယ်၊ အနှောင့်အယှက်တွေလည်း တွေ့ကောင်းတွေ့နိုင်မယ်"

"အဲသလောက်ကြီးတွေးတောပူပန်မနေပါနဲ့ ဩဂတ်စတင်းရယ် ကျုပ်တို့လူပျောက်ရှာဖွေဖို့ထွက်လာတာကို သက်ဆိုင်ရာအာဏာပိုင်တွေက ခွင့်ပြုထားပြီးသားပဲ"

"ဘာပဲဖြစ်ဖြစ်လေ၊ ကျွန်မတို့က မောင်ညိုကို မြန်မြန်တွေ့အောင် ကြိုးစားရှာဖွေမှုဖြစ်မယ်"

"အဲဒါကတော့ ဟုတ်ပါတယ်"

စောဖတုံးသည် စိတ်မြန်ကိုယ်မြန်သမား။ ကရင်ဒေသအနှံ့အပြားသို့လည်း ရောက်ဖူးသူဖြစ်သည်။

"သံလွင်မြစ်က ရေစီးငြိမ်သလိုပဲနော်"

"အင်း မဆောင်းခင်က ထင်တာပါ၊ အပေါ်ပိုင်းရောက်ရင် ရေစီးက တအားကြမ်းတာပဲ"

စောဖတုံးနှင့်မဆောင်းခင်ကို နေပူသက်သာစေရန် လှေတွင် ပေါင်းမိုးတပ်ဆင်ပေးထားသည်။ သံလွင်မြစ်ရေက ရေစီးကြမ်းလာသည်။ မဆောင်းခင်က ထိတ်လန့်စပြုလာသည်။ စောဖတုံးက ညနေစောင်းသည်နှင့် မီးဖိုသည်။ ချက်ပြုတ်သည်။ ညစာစားပြီးသည်နှင့်စကားဝိုင်းဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

"တာရာဖန်မြစ် ရှိရာကို သွားဖို့သိပ်အလှမ်းမဝေးတော့ပါဘူး။ ကျွန်တော်တို့လှော်တက်တပ်ထားတဲ့ လှေနဲ့မြစ်က အတော်ပါပဲ"

"စောဖတုံးတို့ ဩဂက်စတင်းတို့လည်း ကျွန်မကိစ္စအတွက် အတော် ပင်ပန်းနေပြီနော်"

"ရပါတယ် မဆောင်းခင်ရယ်၊ ကျွန်တော်တို့က ဒီလောက် ကြမ်းတမ်းတဲ့ခရီးကိုလိုက်လာတဲ့ မဆောင်းခင်ကိုသနားနေမိတာ"

"မောင်းညိုကို ပြန်တွေ့ရင် စောဖတုံးတို့ကို ကျွန်မက ထိုက်ထိုက်တန်တန် ဆုချမှာပါ"

မဆောင်းခင်က သူတို့ကို ကောင်းကောင်းမွန်မွန် ချက်ပြုတ်ကျွေးသဖြင့် စောဖတုံးတို့က မဆောင်းခင် ဘဝလုံခြုံရေးအတွက် အထူး ဂရုထားသည်။ စောဖတုံးက ညဦးပိုင်းတွင် အရင်အိပ်သည်။ ဩဂတ်စတင်းက မဆောင်းခင် အိပ်နေသည်ကို ထိုင်စောင့်ပေးသည်။ ညဉ့် ၁ နာရီတွင် စောဖတုံးကိုအိပ်ရာမှနှိုးကာ စောဖတုံးက သူတို့နှစ်ဦးကို ထိုင်၍ကင်းစောင့်ပေးနေသည်။

နောက်တစ်နေ့ နံနက်တွင် သူတို့ခရီးဆက်ခဲ့ကြပြန်သည်။ သူတို့သွားရာလမ်းတလျှောက်တွင် အိမ်ဟူ၍မတွေ့ရ။ ကမ်းဟုလည်း မမြင်ရ။ မြစ်ဘေးတစ်ဖက်တစ်ချက်တွင် သစ်ပင်များ ထူထပ်စွာပေါက်





ရောက်နေသည့် တောများသာရှိသည်။

သံလွင်မြစ်၏မြင်ကွင်းသည် တဖြည်းဖြည်း ပြောင်းလဲလာခဲ့သည်။ စောစောပိုင်းက ငြိမ်သက်နေသော ရေပြင်သည် လှိုင်းတံပိုးများဖြင့် လှုပ်ရှားလာသည်။ လှေလှော်နေသူနှစ်ဦးမှာ ချွေးသီးချွေးပေါက်များကျအောင် လှော်ခတ်နေကြရသည်။ သို့မဟုတ်ပါက သူတို့လှေသည် ရေစီးနောက်သို့မျောပါသွားမည်ဖြစ်သည်။

မဆောင်းခင်တို့သုံးဦးသည် အတွေးကိုယ်စီဖြင့် လှေကိုရှေ့သို့သာ ရောက်ချင်နေကြသည်။ သူတို့အတွေးများကိုမေးကြည့်လျှင် တူညီနေမှာ သေချာသည်။ သူတို့သုံးယောက်က သူတို့သည် တောနက်ကြီးထဲသို့ တဖြည်းဖြည်းနှင့်သွားနေကြသူများဖြစ်သည်ဟု ယုံကြည်ထားကြသည်။

နောက်တစ်နေ့တွင် မြစ်၏ရေမှာ တဖြည်းဖြည်းနှင့်ပို၍ကြမ်းလာသဖြင့် လှေကို ခက်ခက်ခဲခဲလှော်နေသည်။ မဆောင်းခင်က သူတို့နှစ်ယောက်ကို ကြည့်ပြီး သနားနေမိသည်။

မြစ်ကွေ့တစ်ကွေ့ကို ကွေ့လိုက်သောအခါ ရေမှာစောစောကထက် ငြိမ်လာသည်။ ကျောက်ဟုံး ကျောက်ခဲများကိုလည်း တွေ့လာရသည်။

တစ်နေရာသို့အရောက်တွင် ခပ်လှမ်းလှမ်း၌ လှေကြီးတစ်စင်း



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့ရသည်။ လှေပေါ်တွင် အမျိုးသမီးတစ်ဦးကို လှမ်းမြင်ရသည်။

အမျိုးသမီးသည် လှေပေါ်တွင် ထိုင်နေရာမှ ထပြီးလှေပေါင်းမိုးအတွင်းသို့ဝင်သွားသည်။ ခဏကြာလျှင် အမျိုးသမီးသည် လူကြီးတစ်ယောက်နှင့်အတူ ပြန်ထွက်လာသည်။

သူတို့နှစ်ယောက်စလုံးက မဆောင်းခင်တို့၏လှေကို စိုက်ကြည့်နေကြသည်။

စောဖတုံးက ထိုလှေရှိရာသို့လှမ်းအော်သည်။ လှေသမားနှစ်ဦးကလည်း လှေကြီးအနီးသို့လှော်ကပ်လာသည်။

အမျိုးသမီးမှာ အသက်အရွယ် ငယ်ငယ်သာရှိသေးသည်။ သူမသည် ပြစ်မျိုးမဲ့မထင်အောင် လှပနေသည်။ ယောက်ျားကြီးမှာ သန်မာထွားကြိုင်းလှသည်။

မဆောင်းခင်တို့လှေအနီးသို့ ရောက်သောအခါ ယောက်ျားကြီးက ပြုံးရွှင်စွာဖြင့်

"မိတ်ဆွေတို့ ပင်ပန်းလာပြီထင်တယ်၊ ကြိုဆိုပါတယ်"

ဟု ပြောသည်။ ယောက်ျားကြီးက သူ့လှေကြီးကို ရှေ့မှသွားပြီး မြစ်ကမ်းဘေးတွင် ဆိုက်ကပ်လိုက်သည်။ မဆောင်းခင်တို့လှေကိုလည်း ရပ်တန့်စေသည်။ ထို့ကြောင့် ယောက်ျားကြီးနှင့်အမျိုးသမီးတို့က မဆောင်းခင်တို့သုံးဦးကို တောအတွင်းသို့ခေါ်သွားသည်။ တောထဲတွင်





အိမ်လေးတစ်လုံးကိုတွေ့ရသည်။ ယောက်ျားကြီးက မဆောင်းခင်တို့ကို သူ၏တဲအိမ်ပေါ်တွင် အမောအပန်းဖြေခိုင်းသည်။

ယောက်ျားကြီးက သူ့နာမည်မှာ ဘူးတရားဖြစ်ကြောင်း အရင်းမိတ်ဆက်သည်။ ဘူးတရားက ဗြိတိသျှအစိုးရပိုင်သစ်ကုမ္ပဏီတစ်ခုတွင် အမှုထမ်းခဲ့ဖူးကြောင်းပြောပြသည်။ ယခုတော့လည်း သူသည်အစိုးရအမှုထမ်းဖြစ်နေပါပြီ။ သူသည် အထက်မှမျှောချလိုက်သော သစ်လုံးများကိုလိုက်လံ စုဆောင်းပေးရသည်။

မိန်းကလေးငယ်မှာ သူ့သမီးဖြစ်သည်။ ဘူးတရားက သူ့သမီးကို 'ဂျမီလာ' ဟု အမည်ပေးထားသည်။ ဂျမီလာက စကားပြောသွက်လက်သည်။ မဆောင်းခင်တို့ သုံးဦးနှင့်သူတို့သားအဖစားရန် ဟင်းနှင့်ထမင်းကို မီးဖိုချောင်ထဲတွင် ချက်နေသည်။

မဆောင်းခင်နှင့်ဂျမီလာတို့က တွေ့တွေ့ချင်း ခင်မင်သွားကြသည်။ ဩဂတ်စတင်းက သစ်ပင်ရိပ်တွင် ပုဆိုးပိုင်းခင်းကာ အိပ်နေသည်။ သူတို့နှစ်ယောက် ပင်ပန်းခဲ့ကြသည် မဟုတ်လား။

မဆောင်းခင်က ဘူးတရားထံတွင် ကျောက်ဂူကြီးနှင့်ပတ်သက်ပြီး စုံစမ်းမေးမြန်းကြည့်သည်။ မဆောင်းခင်၏စကားကို ကြားတော့ ဘူးတရားက အားရပါးရရယ်မောနေသည်။

"ဘာလဲ ခင်ဗျားက ကျောက်ဂူကြီးထဲမှာ ရွှေတွေ ငွေတွေ



www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ ထင်နေလို့လား''

ဟု ဘုရားတရားက မဆောင်းခင်ကို မေးသည်။ စောဖတုံးက မဆောင်းခင်၏ချစ်သူ ကိုမောင်းညို၏အကြောင်းကို ပြောပြသည်။ မဆောင်းခင်၏ချစ်သူ ကိုမောင်းညိုက ကျောက်ဂူကြီး၏အနီးတွင် သေဆုံးသွားကြောင်း ဘုရားတရားကို ပြောသည်။ ထိုကျောက်ဂူကြီးရှိရာသို့ ဘုရားတရားက လမ်းညွှန်ပြနိုင်မည်လားဟု မေးသည်။

''နေ့လည်စာစားပြီးရင် လိုက်ပို့ပေးမယ်လေ''

ဟု ဘုရားတရားက အဖြေပေးသည်။

''ရှင် အဲဒီနေရာကို သိတယ်နော်''

မဆောင်းခင်က ဝမ်းသာအားရမေးသည်။ ဘုရားတရားက ပြုံးရွှင်စွာဖြင့် ခေါင်းညိတ်ပြသည်။

''အခု ကျွန်မတို့ကို ခေါ်သွားပါလား''

မဆောင်းခင်က စိတ်စောတက်ကြွနေသည်။ လှေကို အားသွန်ခွန်စိုက်လှော်ခတ်ထားရသဖြင့် ပင်ပန်းနွမ်းနယ်နေသော စောဖတုံးမှာ မဆောင်းခင်၏ပြောစကားကြောင့် အံ့အားသင့်သွားသည်။

''အား ဒီအချိန်မှာဆိုရင် နေသိပ်ပူတယ်၊ နေ့လည်စာစားသုံးပြီး အနားယူလိုက်ပါ၊ ခင်ဗျားတို့ ပင်ပန်းလာကြတယ် မဟုတ်လား။ နေပူရှိန်လျော့ပါးသွားတဲ့ အချိန်လောက်မှ ကျုပ်တို့သွားကြတာပေါ့''





ဘုရားတရားက သူ့သမီးကို အစားအသောက်များ ပြင်ဆင်နိုင်းလိုက်သည်။

''ဒါနဲ့ တာရာဖန်မြစ်ဝကို ရောက်အောင် ဘယ်လောက်သွားရဦးမလဲ''

မဆောင်းခင်က မေးသည်။

''ဒီမြစ်တစ်ကွေ့ပဲ ကျန်တော့တယ်၊ ကဲပါလေ၊ အစားအစာတွေကို စားလိုက်ကြပါဦး။ သမီးရေ သစ်ပင်အောက်မှာအိပ်နေသူကို ထမင်းစားမ[illegible] သွားပြောပါဦး''

ဘုရားတရားတို့ သားအဖက မဆောင်းခင်တို့သုံးဦးကို ပဲကုလားဟင်း၊ ငရုတ်သီးဆားထောင်း ဖြင့်ကျွေးမွေးသည်။ မဆောင်းခင်က သူသွားချင်သော ဂူကြီးရှိရာသို့ လိုက်ပို့ပေးမည့်သူတွေ့ပြီမို့ ဝမ်းသာနေလွန်းသဖြင့် ထမင်းမစားနိုင်။ စောဖတုံးနှင့်ဩဂတ်စတင်းတို့ကတော့ အားရပါးရစားနေကြသည်။

နေ့လည်စာစားပြီးသောအခါ ခဏနားကြသည်။ ပြီးမှ သူတို့လှုစုသည် ခရီးဆက်ခဲ့ကြသည်။ စောဖတုံးနှင့်ဩဂတ်စတင်းက လှေတစ်စီးနှင့် နောက်မှလိုက်ခဲ့မည်ဟု ပြောသည်။ ဘုရားတရားက လက်မခံ။ သူ့လှေကြီးနှင့်ခရီးဆက်ကြသည်။

သူတို့သည် အနည်းငယ်သွားမိပြီး မြစ်ကွေ့တစ်ကွေ့ကို ကျော်

www.burmeseclassic.com



လာလျှင် တာရာဇန်မြစ်ဝကို တွေ့ရသည်။

သူတို့သည် လှေကြီးကို မြစ်ကမ်းနံဘေးတွင် ကပ်ထားခဲ့ပြီး ကမ်းပါးပေါ်သို့တက်လာခဲ့ကြသည်။ သူတို့သည် ခြေလျင်ခရီးဆက်ခဲ့ကြပြန်သည်။

ခြေလျင်ခရီးသည် ရေလမ်းခရီးကဲ့သို့ သွားရေးလာရေး မလွယ်ကူပါ။ လမ်းဟူ၍မရှိ၊ ထို့ကြောင့် ခြုံနွယ်ထူထပ်စွာပေါက်ရောက်နေသော တောထဲတွင် ခက်ခဲပင်ပန်းစွာ လျှောက်နေကြရသည်။

မဆောင်းခင်မှာ အလွန်ပင်ပန်းနေရှာပြီ။ ဂျမီလာနှင့်စောဖတုံးတို့က သူမကို တစ်လှည့်စီတွဲခေါ်လာရသည်၊ ဘုရားနှင့်ဩဂုတ်စတင်းတို့က ရှေ့မှသွားနေကြသည်။

တစ်ခါတွင်မူ ရှေ့ဘက်ဆီမှ ဩဂုတ်စတင်း၏အော်ပြောသံကို ကြားလိုက်ရသည်။

"ဟော ဩဂုတ်စတင်းတို့ ကျောက်ဂူကြီးကို တွေ့သွားပြီထင်တယ်"

မဆောင်းညိုက ဝမ်းသာအားရပြောသည်။ သုံးလေးမိနစ်ခန့် ဆက်လျှောက်မိသောအခါ မဆောင်းခင်တို့က ဘုရားတို့ကို မှီလာသည်။

တောင်ကုန်းတစ်ခုပေါ်တွင် ကျောက်ဂူကြီးတစ်ခုကို တွေ့ရသည်။ ဂူ၏အဝတွင် ခြုံနွယ်ပိတ်ပေါင်းများက ပိတ်ဆို့နေသည်။ ဂူအနီးအနား





တွင် မည်သည့်သတ္တဝါကိုမှ မတွေ့ရ။

စောဖတုံးက အသင့်ယူလာသော မီးတုတ်ကို ထွန်းညှိပြီး ကျောက်ဂူထဲသို့ မီးခိုးမှိုင်းများသွင်းလိုက်သည်။ ဘုရားနှင့် ဩဂုတ်စတင်းတို့က ဂူပေါက်ဝရှေ့မှခြုံနွယ်ပိတ်ပေါင်းများကို ဓါးဖြင့်ခုတ်ထွင် ရှင်းလင်းနေသည်။ ထို့နောက် မီးတုတ်ကိုင်ထားသော စောဖတုံးက ဂူထဲသို့ဦးစွာဝင်သွားသည်။ ဂူအတွင်းမှ လင်းနို့များ၊ ဖီးကွက်များသည် အလန့်တကြားနှင့်ပျံထွက်လာသည်။

"ဟယ် ဖီးကွက်ကြီးလှလိုက်တာ"

မဆောင်းခင်က ဖီးကွက်အရှင်ကို ယခုမှမြင်ဖူးခြင်းဖြစ်သည်။ စောဖတုံး၏နောက်မှ မဆောင်းခင်တို့က မီးတုတ်များကို ကိုင်ကာ မဝံ့မရဲနှင့် ဝင်လာခဲ့သည်။ ကျောက်ဂူကြီးထဲတွင် စွတ်စိုထိုင်းမှိုင်းနေသည်။

သူတို့သည် မီးတုတ်များကို မြှောက်၍ ကျောက်ဂူနံရံတွင် ရှာကြည့်ကြသည်။ ကျောက်ဂူ၏နံရံတွင် စာများရေးသားထားမည်လားဟု သူတို့က ထင်နေကြသည်။

"ဟိုမှာ"

မဆောင်းခင်က အားလုံးကိုပြောသည်။ သူ့လက်ထဲမှ မီးတုတ်ကိုလည်း မြှောက်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းနေရာတွင် ဂူနံရံကိုတွေ့ရသည်။ နံရံ၏အောက်ခြေတွင် သစ်သားသေတ္တာရှည် စတ်ခုရှိနေသည်။

"ကျွန်တော်နဲ့စောဖတုံးတို့ ယူသွားမယ်"

ဟု ဩဂတ်စတင်းက ပြောသည်။ စောဖတုံးနှင့်ဩဂတ်စတင်းတို့သည် သေတ္တာအနီးသို့ တဖြည်းဖြည်းတိုးကပ်သွားကြသည်။ သစ်သားသေတ္တာကို သေချာစွာကြည့်နေသည်။

စောဖတုံးက သေတ္တာကို အားစိုက်၍ဖွင့်လိုက်သည်။ မီးတုတ်ကိုမြှောက်ကြည့်လိုက်လျှင် အတွင်းရှိ သစ်သားပေါ်တွင် စာများကိုတွေ့သည်။ စာများမှာ မြန်မာစာနှင့်ရေးသားထားသည်။

သို့ပေမယ့် မဝိမသ။ ပြတ်တောင်းပြတ်တောင်းနှင့်။ ထိုစာသားများကို ဖတ်ကြည့်လိုက်ရာ -

"သဖန်းပင်ကြီးဘက်မှလာသည့်လမ်းအတိုင်းထွက်ခဲ့သည်"

စောဖတုံးသည် မဆောင်းခင်အနီးသို့ရောက်လာမှန်း မဆောင်းခင် အနီးသို့ရောက်လာမှန်း မဆောင်းခင်က သတိထားမိသည်။ မဆောင်းခင်က သစ်သားသေတ္တာကို လှမ်းယူလိုက်သည်။ အားလုံးက မဆောင်းခင်ကို ဝိုင်းကြည့်နေကြသည်။

သေတ္တာအဖြစ်ပြုလုပ်ထားသော သစ်သားများမှာ ဆွေးမြည့်နေပြီဖြစ်ရာ မဆောင်းခင်၏လက်ထဲသို့ရောက်သည်နှင့်ပဲကြွေကျနိသည်။





မဆောင်းခင်၏လက်ထဲတွင် ကျန်ခဲ့သည့် သစ်သားပိုင်းလေးပေါ်တွင် စာတန်းလေးသုံးတန်းကျန်ခဲ့သည်။

"သဖန်းပင်ဘက်မှ
ထိုသစ်ကိုင်းမှ လမ်းလေးသို့
သေသေချာချာလှေ့လာပါက သင့်အတွက်"

ထိုမျှသာဖြစ်ပါသည်။

မဆောင်းခင်နှင့်ဂျမီလာတို့က လှေ၏ပေါင်းမိုးအောက်တွင် အိပ်စက်ကြသည်။ ယောကျ်ားများက လှေကုန်ပတ်ပေါ်နှင့်မြစ်ကမ်းပါးပေါ်တွင်လှဲခဲ့၍အိပ်သည်။

စောဖတုံးနှင့်ဩဂတ်စတင်းတို့က အိပ်မပျော်သေးသဖြင့် မြစ်ကမ်းနားမှ သစ်ပင်ရိပ်တွင်ထိုင်ကာ စကားပြောနေကြသည်။ ကောင်းကင်ပေါ်က လရောင်က သစ်ရွက်များကြားမှ တိုးဖောက်ပြီး မြေပြင်ပေါ်သို့ အစက်အပြောက်များသာ ကျရောက်နေသည်။

စောဖတုံးက မှဆိုးအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူ ဖြစ်သဖြင့် တောရိပ်တောင်ရိပ်အောက်တွင် နေထိုင်ရသည်ကို ပျော်မွေ့သည်။

"ငါ့သားလေး တိုးမောင်ကို သတိရလိုက်တာနော်"

စောဖတုံးက တသွင်သွင်စီးနေသော မြစ်ပြင်ကျယ်ကြီးကိုလှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း ပြောသည်။ တိုးမောင်က စောဖတုံးမွေးထားသည့် မျောက်ကလေးဖြစ်သည်။

''မင်းက အဲဒီမျောက်ကလေးကို အတော်သံယောဇဉ်ကြီးတာပဲနော်''

သြဂတ်စတင်းက ပြောသည်။

''ငါက သူ့ကိုအကြွေးဆပ်နေရတာကိုး''

''ဟင်''

စောဖတုံး၏စကားကြောင့် သြဂတ်စတင်းက အံ့သြသွားသည်။

''ဘယ်လို အကြွေးဆပ်ရတာတုန်း စောဖတုံးရဲ့''

''သူ့အမေရဲ့အကြွေးကိုလေ''

''မင်းပြောတဲ့စကားကို ငါ နားမလည်တော့ဘူး စောဖတုံးရယ် ငါ နားလည်အောင်လည်း ပြောပါဦး''

''ဒီလိုကွ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကပေါ့''

■ ■ ■

စောဖတုံး၏အိမ်သို့ စောတင်ဝင်းနှင့်စောကြံတိုင်းတို့ ရောက်လာကြသည်။ တောထဲသို့ အမဲပစ်ထွက်ရန် လာခေါ်ကြခြင်းဖြစ်သည်။ သူ့အဖေနှင့်အမေက စောဖတုံး အမဲပစ်ထွက်သည်ကို လုံးဝမကြိုက်။ အမဲပစ်ပြီးရသော ငွေဖြင့် ကျွေးသောထမင်းကို မစားပါရစေနှင့်ဟု





ပြောသည်။

စောဖတုံးကလည်း အမဲလိုက်ခြင်းကို ဝါသနာပါသည်။ သည်တော့ တစ်နေရာသို့ထွက်သွားဦးမည်ဟု သူ့မိဘနှစ်ပါးကို အကြောင်းပြသည်။ ထိုအချိန်က သူတို့သုံးဦးသည် ရွာ၏လုံခြုံရေးသမားများ တာဝန်ကို ယူထားရသည်။ သူတို့ကို သက်ဆိုင်ရာ အာဏာပိုင်များက ရပ်ရွာလုံခြုံရေးအတွက် ကာဘိုင်သေနတ်တစ်လက်စီ ပေးထားသည်။ သည်တော့သူတို့သုံးဦး၏ ဝါသနာနှင့်အတော်ပင်ဖြစ်သွားသည်။ စောဖတုံးတို့က သူတို့ရလာသည့် သားကောင်သားကို သက်ဆိုင်ရာအာဏာပိုင်လူကြီးများထံသို့ ပို့ပေးတတ်သည်။

''ဟဲ့ ကောင်လေး နင်စားချင်တာလဲ ကျွေးပြီးပြီ၊ အိမ်ရှေ့မှာ သွားဆော့နေရင် ကောင်းမယ်၊ ပြောမရရင်တော့ နင် အရိုက်ခံရတော့မယ်၊ သွားတော့''

မီးဖိုချောင်ထဲမှ သူ့အမေ၏အသံကို စောဖတုံးကြားလိုက်ရသည်။ တိုးမောင်က မျက်နှာငယ်လေးနှင့်အိမ်ရှေ့သို့ ထွက်လာသည်။ တိုးမောင်၏ကုတ်ချောင်း ကုတ်ချောင်းနှင့်အမူအရာကိုကြည့်ပြီး စောတင်ဝင်းနှင့်စောကြံတိုင်းတို့၏ မျက်နှာက ပြုံးစိစိနှင့်ဖြစ်သွားကြသည်။ ယခုအခါ တိုးမောင်၏အသက်က တစ်နှစ်ကျော်လာခဲ့ပြီ။ အမဲပစ်ထွက်ရင်း တောထဲတွင် တွေ့၍ခေါ်လာပြီး မွေးမြူထားခြင်းဖြစ်သည်။ အင်း အဲ



www.burmeseclassic.com

www.burmeseclassic.com



သည့်တုန်းက ဆိုပါတော့

စောဖတုံး၊ စောတင်ဝင်းနှင့် စောကြီးတိုင်းတို့သည် အမဲပစ်ထွက်ရန် တောထဲသို့လာခဲ့ကြသည်။ စောကြီးတိုင်းက တောစပ်သို့ ဝင်မိသည်နှင့် ခဏနားရန်ပြောသည်။ စောဖတုံးက သစ်ပင်၏ပင်စည်ကို မှီ၍ ထိုင်နေရင်း ရေဘူးထဲမှရေကိုတစ်ငုံသောက်သည်။ စောကြီးတိုင်းက အရက်ပုလင်းကိုထုတ်ပြီး မော့သောက်သည်။ စောကြီးတိုင်းက အရက်ကြိုက်သည်။ ဒါပေမဲ့ တစ်အားမူးအောင်တော့ မသောက်တတ်။ အစခဏတော့ နည်းနည်းချင်းသောက်တတ်ကြသည်။ စောကြီးတိုင်းက အရက်ရှိန်ကလေးပေါ်လာလျှင် စကားလျှပ်တစ်ပြက်ပစ်ရင်တောင် ထိမှန်သည်။

"ဘယ်လိုလဲ အမောမပြေသေးဘူးလား"

စောဖတုံးက ကြီးတိုင်းအားကိုလှမ်းမေးသည်။

"မမူးသေးဘူးလားလို့ မေးစမ်းပါကွာ"

"ကဲ ခရီးဆက်ကြဦးစို့"

စောဖတုံးတို့ သုံးဦးသည် တောတွင်းထဲသို့ ဝင်လာခဲ့ကြသည်။ တောကြက်များ၏တွန်သံကို ကြားရသည်။

"မျောက်သားမစားရတာကြာပြီ၊ တွေ့လို့ကတော့ အပစ်ဟဲ့ဟေ့"

စောကြီးတိုင်းက သေနတ်ကို အသင့်အနေအထားအတိုင်း ကိုင်လာသည်။





သည်လူက ပြောလျှင်ပြောသည့်အတိုင်း လုပ်တတ်သည့်သူ။ တောတိုးသံကြားသဖြင့် မျောက်များက သစ်ပင်ရိပ်တစ်ပင်ဖျားမှ တစ်ပင်သို့ ကူးပြီး ပြေးကြသည်။

"မင်းတို့က ငါ့ကိုသွေးတိုးစမ်းနေကြပြီ"

စောကြီးတိုင်းက သစ်ပင်တစ်ပင်ပေါ်တွင် ထိုင်နေသော မျောက်တစ်ကောင်ကို ချိန်၍ပစ်လိုက်သည်။

"ဒိုင်း"

"ဟာ"

မျောက်မကြီးမှာ သစ်ပင်ပေါ်မှအောက်သို့ နောက်ပြန်လဲကျသွားသည်။ ထို့ပြင် မျောက်ကလေးတစ်ကောင်သည် သစ်ပင်အောက်သို့ ကျသွားသည်ကို သူတို့မြင်လိုက်ရသည်။ စောကြီးတိုင်းက မျောက်မကြီးကျသွားသည့် နေရာသို့ပြေးသွားသည်။ စောဖတုံးနှင့်စောတင်ဝင်းတို့က နောက်မှလိုက်သွားသည်။ မျောက်မကြီးမှာ ဝမ်းဗိုက်အောက်နေကို ထိမှန်ထားသဖြင့်

"တောက် ဟင်း မျောက်မကြီးက မျောက်ကလေးကို ကျောပိုးထားမှန်းမိပါဘူးကွာ၊ အခုတော့ ဘာမှမတတ်နိုင်တော့ဘူး၊ လက်လွန်သွားပြီ ကျွတ် ကျွတ်"

စောဖတုံးက မျောက်ကလေးကို သနားသွားမိသည်။ စောဖတုံး



www.burmeseclassic.com

www.burmeseclassic.com



က မျောက်ကလေးကို ကြိုးဖြင့်ချည်နှောင်ထားပြီး ချော့မြှူနေသည်။

"စိတ်လောကြီးသွားလို့ မုဆိုးစည်းကမ်းကို ဖောက်ဖျက်ပစ်သလို ဖြစ်သွားပြီ၊ တောထဲကို အမဲပစ်သွားဖို့ မကောင်းတော့ဘူး"

စောကြံတိုင်းက စိတ်ပျက်စရာဖြင့် ပြောသည်။ တောတွင်းမှ ပြန်လည်ထွက်လာခဲ့ကြသည်။ စောဖတုံးက မျောက်ကလေးကို ပွေ့ချီလာသည်။ စောကြံတိုင်းက မျောက်မကြီးကို ပခုံးပေါ်တွင်တင်၍ယူလာသည်။

"စောဖတုံးက မျောက်ကလေးကို မွေးဖို့ယူလာတာ ကောင်းတယ်၊ ငါတော့ ဝဋ်လိုက်တော့မှာပဲ သနားစရာကွာ"

ကျေးရွာများသို့ဝင်ပြီး မျောက်ကလေးအား ငှက်ပျောသီးဝယ်ကျွေးကြည့်သည်။ ရွာသားများက မျောက်ကလေးကို သနားသဖြင့် နွားနို့ယူလာပြီး တိုက်ကြသည်။ မျောက်ကလေးက ကြောက်လန့်နေသည်။ မြို့သို့ရောက်သည်အထိ မျောက်ကလေးကို ဟိုအစာဒီအစာ ကျွေးရင်း ခေါ်လာရသည်။

စောကြံတိုင်းက မျောက်သားဟင်းချက်ထားမည်။ မနက်ဖြန် လာစားဟု စောဖတုံးနှင့်စောတင်ဝင်းကို ပြောသည်။ စောဖတုံးက မျောက်သားဟင်းကို ဟိုးယခင်ကတည်းက စားသူမဟုတ်သဖြင့် ခေါင်းခါပြလိုက်သည်။ စောဖတုံး အိမ်သို့ပြန်ရောက်တော့ အတော်ညဉ့်နက်နေပြီ။

"ဟင် ဖတုံး၊ နင်ပြောတော့ ခရီးသွားမလို့ဆို၊ အခု တော



ပစ် ထွက်ပြီး ပြန်လာတာ မဟုတ်လား၊ ဟယ် မျောက်သေးသေးလေးကိုလည်း ခေါ်လာတယ်၊ နင်တော့ ဝဋ်လိုက်တော့မှာပဲ"

"စောကြံတိုင်းက မျောက်ထီးဆိုပြီး ပစ်လိုက်တာ မျောက်မကြီးဖြစ်နေတယ်၊ မျောက်ကလေးကို တောထဲမှာ အစာငတ်၊ ရေငတ်နဲ့ သေသွားမှာ စိုးရိမ်လို့အိမ်ကိုခေါ်လာခဲ့တာ သနားလို့ပါ အမေရယ်"

"နို့စို့အရွယ်လေး ရှိဦးမည်ထင်တယ်"

"မျောက်ကလေးကို အဝတ်ကြိုးဖြင့် ချည်ထားရသည်။ နောက်တစ်နေ့ မနက်တွင် အရပ်ထဲက ကလေးတွေက မျောက်ကလေးကို လာကြည့်ကြသည်။

စောဖတုံးက မျောက်ကလေး၏နာမည်ကို တိုးမောင်ဟု မှည့်ခေါ်ထားသည်။ ကလေးတစ်ဦးကို မွေးထားရသည့် ပမာအလုပ်များလှသည်။ အစာကျွေးရသည်၊ ချေးကျုံးရသည်။ စောဖတုံးက မျောက်ကလေးကို သနားစိတ်ဖြင့် သံယောဇဉ်ဖြစ်နေရသည်။ ကြာလာတော့ တိုးမောင်သည် လူစကားနားလည်လာသလိုပင်။

စောဖတုံးအမေက တိုးမောင်ကို အစာလည်းကျွေးသည်။ စိတ်မထင်လျှင်လည်း ရိုက်တတ်သည်။ တိုးမောင်က စောဖတုံးအမေ ဒေါ်မေဖောအသံကြားသည်နှင့်ငြိမ်နေတတ်သည်။ ဒေါ်မေဖော ဈေးမှ ပြန်လာလျှင် မုန့်ကျွေးနေကျမို့ ဈေးခြင်းတောင်းမြင်သည်နှင့် တိုးမောင်က



www.burmeseclassic.com

ဂနာမငြိမ်တော့။ လှုပ်လှုပ်ရွရွ ဖြစ်လာသည်။

"ကောင်လေး ဘာဖြစ်နေတာလဲ"

"ခွီး ခွီး ခွီး"

"နင့်ဖို့ မုန့်ဝယ်မလာဘူး"

ဒေါ်မေဖောက လက်ခါ၍ပြသည်။ တိုးမောင်သည် ဒေါ်မေဖော ၏ စကားကို နားလည်သည့်နှယ်ပင်။ ကြမ်းပြင်ပေါ်တွင် လှဲအိပ်နေလိုက်သည်။ ဒေါ်မေဖောက ပဲလှော်ထုပ်ပြမှ မြူးတူးသွားသည်။

"ငါ ဟင်းချက်ရဦးမယ်၊ အိမ်ရှေ့မှာနေဦး။ ညနေသည်လာရင် အသံပြုဦး"

တိုးမောင်က အိမ်ရှေ့မှာ ပဲလှော်ထိုင်စားနေတတ်သည်။ စောဖတုံး အဖေ စောကြာပိုးက တိုးမောင်ကို ကလေးငယ်ပမာ သဘောထားသည်။ အိမ်ရှေ့ကတွင် ညနေသည်ရောက်နေလျှင် တိုးမောင်က တခွီးခွီး နှင့်အသံပေးတတ်သည်မှာ အလွန်ချစ်စရာကောင်းသည်။

"ဒီကောင်တောင် အတော်ကြီးလာပြီနော်၊ အဲဒီကတည်းက ငါတို့အမဲပစ်မသွားတာ ခုချိန်ထိပဲ၊ ဒီကောင်က ကြိုးမချည်ဘဲရလို့လား လျှောက်သွားနေမှဖြင့်"

စောကြိုတိုင်းက ပြောသည်။

"အိမ်အောက်ကို ညနေရောက်မှ ဆင်းပြီးတော့ ဆော့နိုင်းတာ





ကျန်တဲ့အချိန် အိမ်အောက်ကိုဆင်းဆော့ရင် အမေက တုတ်နဲ့ရိုက်တယ်"

တိုးမောင်က စောဖတုံး၏အနီးတွင် ဆောင့်ကြောင့်ကလေး လာထိုင်နေသည်။ စောကြိုတိုင်းက တိုးမောင်၏ခေါင်းကို လက်ဖြင့်သပ်သည်။

"ခွီး ခွီး ခွီး"

တိုးမောင်က စောကြိုတိုင်းကို ရန်ပြုရန်ပြင်သည်။

"ဟေ့ကောင် မလုပ်ရဘူးလေ၊ မင်းကိုချစ်လို့စ တာပဲ"

တိုးမောင်က ဒေါသဖြစ်နေသည်။

"သူ့အမေကို ငါသတ်ပစ်တာ၊ ဒီကောင်က မှတ်မိနေသလိုပဲ၊ ပြီးတော့ မျောက်မအသေကောင်ကြီးကို ငါက ထမ်းလာတာ မဟုတ်လား"

တိုးမောင်က စောကြိုတိုင်းကို စိုက်ကြည့်နေသည်။

"တိရစ္ဆာန်ပေမယ့် အမှတ်သညာကြီးတယ်၊ အေးလေ ငါက လည်း သူ့အမေကိုမှ သတ်ခဲ့မိတာကိုး"

စောဖတုံး၊ စောတင်ဝင်း၊ စောကြိုတိုင်းတို့က တောထဲသို့ အမဲပစ်ရန်ထွက်လာခဲ့သည်။ စပါးကြီးအိုင်ရွာမှ ဦးလေးအိမ်သို့ ဝင်ပြီး ခဏ နားကြသည်။ စောကြိုတိုင်းကို မခိုးစည်းကမ်းလိုက်နာရန် အမဲပစ်မထွက်မီကပင် သတိပေးထားရသည်။ သည်လူက အရက်မူးလာလျှင် စိတ်ထင် တိုင်းလုပ်တတ်သည်။ စောကြိုတိုင်းက လမ်းသွားရင်း အရက်ကို တစ်ငုံ

www.burmeseclassic.com



တစ်ငုံသောက်လာသည်။

"တောထဲမဝင်ခင် မူးလဲနေဦးမယ်"

"အဲသလောက်လည်း မဟုတ်ပါဘူး၊ ပျားရည်တစ်စစ်နဲ့စိမ်ထားတဲ့ အရက်မို့ သိပ်မမူးပါဘူး၊ လျက်မြန်ဖျတ်လတ်အောင် သွေးနှိုးထားတာ"

ထိုနေ့က တောထဲတွင် တစ်ညနားကြသည်။ ယူသွားသောဆန်ကို မာန်းကောချိုင့်ဖြင့်ချက်ပြီး ငါးခြောက်ဖုတ်နှင့်စားသည်။ ထမင်းစားပြီးလျှင် ရေနွေးကြမ်းခါးခါးကို သောက်ရင်း စကားပြောနေကြသည်။

"ဟိုတစ်ခါ မျောက်သားချက်စားတုန်းက ငါလည်း မစားဖြစ်ဘူး၊ ချက်တုန်းကတော့ စိတ်တိုင်းကျချက်တာပဲ၊ စားမယ်လုပ်တော့ မျောက်မကြီးနဲ့မျောက်ကလေးကို ပြန်မြင်ပြီး စားလို့မရတော့ဘူး"

စောကြီတိုင်းက စိတ်မကောင်းသည့်ဟန်ဖြင့် ပြောပြနေသည်။ ည အိပ်တန်းဝင်နေကြသည့် ကျေးငှက်များ၏အသံကို ကြားနေရသည်။

"ငါက မြို့နယ်ရုံးကိုတောင် မသွားဘူး၊ ဆရာက တောပစ်မထွက်ဘူးလားချည်းပဲ မေးနေတယ်၊ ကိုယ်တိုင်လိုက်ခဲ့ပါလားဆိုတော့လည်း မလိုက်ရဘူး"

"မျောက်သားပို့ပြီးကတည်းက ဘာမှမပို့ဖြစ်တော့ စားချင်မှာပေါ့၊ မနက်ဖြန်ကျရင်တော့ သားကောင်တစ်ကောင်လောက်ရအောင်





ပစ်ရမယ်၊ တောပိုင် တောင်ပိုင်တွေကိုလည်း တောင်းထားပါတယ်၊ အခုတော့ ခေါင်းထဲမှာ ရီဝေလာပြီမို့ အိပ်တော့မယ်"

စောကြီတိုင်းက သစ်ပင်ခြေရင်းတွင် ပုဆိုးပိုင်းကိုခင်းပြီး အိပ်နေသည်။ စောဖတုံးက မီးဖိုထဲသို့ ငါးအစိုများကိုထည့်ထားလိုက်သည်။ ဝါးလုံးပေါက်သံများသည် တစ်တောလုံး ဆူညံနေသည်၊ ဒါမှ တောကောင်ကြီးများသည် သူတို့အနားသို့ မလာရဲတော့ပေ။ မုဆိုးက သွားကောင်အစာဖြစ်သွားရသော ဖြစ်ရပ်များကို စော ဖတုံးက ကြားဖူးထားသည်။

စောဖတုံးက စောတင်ဝင်းနှင့်ယှဉ်လျက် အိပ်ရာခင်းသည်။ ခြေရင်းဘက်တွင်ရှိသော မီးဖိုမှ မီးခိုးငွေ့များက သူတို့ကိုဖြတ်သန်းသွားနေသဖြင့် ခြင်ကိုက်သက်သာသည်။ တစ်နေ့လုံး ခြေလျင်ခရီးနှင်လာရသဖြင့် အိပ်ရာတွင် ကျောခင်းလိုက်တော့မှ အညောင်းအညာပြေသွားသည်ဟု စောဖတုံးက ထင်လိုက်မိသည်။ မီးဖိုမှမီးညွှန့်ကျိုးသွားသဖြင့် မီးဖိုထဲတွင် နီရဲသောမီးခဲများကိုသာ မြင်ရသည်။

စောဖတုံးနှင့်စောတင်ဝင်းသည် တော်တော်နှင့်အိပ်မပျော်၊ နေ့ခင်းဘက်က နေပူထဲတွင် သွားလာခဲ့ရသဖြင့် တစ်ကိုယ်လုံးတွင် အပူငွေ့များပျံနေသည်။ စောကြီတိုင်းက အရက်မူးမူးနှင့်အိပ်ပျော်နေရှာလေပြီ။

"အိပ်မပျော်သေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



စောတင်ဝင်းက စောဖတုံးကို မေးသည်။

"အေးကွာ၊ ကိုယ်ထဲကအပူငွေ့တွေထွက်နေလို့ နေမထိ ထိုင်မသာဖြစ်နေတယ်၊ အိပ်ပျော်အောင်တော့ ကြိုးစားရမှာပဲ၊ မနက်ဖြန်ကျရင် အလုပ်ရှိသေးတယ် မဟုတ်လား"

စောဖတုံးက နှာသီးဝမှ ဝင်လေ ထွက်လေကို မှတ်သားနေမိသည်။ ခဏကြာတော့ မျက်ခွံတွေလေးလာသည်။ နားစွင့်နေလိုက်မိသည်။ စောတင်ဝင်းနှင့်စောကြံတိုင်းတို့ထံမှ အိပ်မောကျနေသံကို မကြားရ။ စောကြံတိုင်း၏ကိုယ်လုံး ရွေ့သံကို သတိပြုမိသည်။ ဘေးဘယ်ညာသို့ကြည့်နေမိသည်။

အမှောင်ထုထဲသို့ ကြည့်နေရသည်ဖြစ်၍ အတော်အာရုံစိုက်နေရသည်။ သားကောင်က အနံ့ခံရသကဲ့သို့ မုဆိုးကလည်း သားကောင်နံ့ကို ရသည်။ စောတင်ဝင်းက စောဖတုံးကို လက်ဖြင့်လှမ်း၍ စမ်းသည်။ စောဖတုံးက သူအိပ်ရာမနိုးနေကြောင်း အထာပြလိုက်သည်။ ယခုအချိန်ဆိုလျှင် ကိုကြံတိုင်းက သေနတ်ကို အသင့်အနေအထား ကိုင်ထားမည်ကို သိနေသည်။ သည်လူက လျင်ပြီးသား။

နှင်းလာသည့် ခြေသံက စောဖတုံးတို့နှင့် ပို၍နီးကပ်လာသည်။ သစ်ရွက်ခြောက်များကို နင်းလာသည့်ခြေသံကို အာရုံပြုပြီး သားကောင်ကြီးမှန်းတွက်ဆ၍ရသည်။ စောကြံတိုင်းက ဖြေးညှင်းစွာ ထထိုင်သည်။





သူလည်း သတိထားမိသည်ထင်ပါရဲ့။

စောကြံတိုင်းနှင့် (၁၀)ပေအကွာတွင် ရှိနေသည့် သစ်ကိုင်းများအကြားတွင် မျက်လုံးတစ်စုံကိုမြင်တွေ့နေရသည်။ သားကောင်၏သဏ္ဌာန်ကို မှန်းဆကြည့်နေမိသည်။ မြေပြင်နှင့်မျက်လုံးတို့၏ အမြင့်ကိုမှန်းဆကြည့်ရာ လေးပေကျော်မြင့်သည်။

"ဒိုင်း"

သေနတ်သံက တစ်တောလုံးဆူညံသွားသည်။ သစ်ရွက်ခြောက်များနင်းပြီး ပြေးသွားသံကို အတိုင်းသားကြားလိုက်ရသည်။

"တောက် နာလိုက်တာ"

စောကြံတိုင်းက သေနတ်ဖင်ကို မြေကြီးပေါ်သို့ ဆောင့်ချရင်းပြောသည်။ စောတင်ဝင်းနှင့်စောဖတုံးတို့က စောကြံတိုင်းအနားသို့ လျှောက်သွားသည်။

"ဘာကောင်လဲ ကြံတိုင်း"

"ဟင်းစားကောင်ကြီးကွ၊ သင်းကလည်း ငါတို့ကို အပိုင်တွယ်ဖို့ ချောင်းနေတာ၊ အသေအချာချိန်ရွယ်ပစ်ရဲ့သားနဲ့ လွဲသွားတယ်"

"ဒီကောင်ကြီးအနားကို တိုးကပ်လာကတည်းက အိပ်ရာနိုးနေတာ"

စောဖတုံးက မီးပုံထဲသို့ ထင်းခြောက်များထပ်ထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြာဖုံးနေသော မီးခဲများကို ယပ်ခတ်ပေးလိုက်သည်။ မီးကဟုန်းခနဲ ထတောက်လာသည်။ စောဖတုံးက မြေကြီးပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ စောဖတုံးက လက်မှနာရီကို မီးရောင်ဖြင့်ကြည့်လိုက်တော့ ညဉ့်(၂)နာရီခွဲနေပြီ။

"ခဏ ပြန်အိပ်ကြဦးစို့"

စောကြီတိုင်းက အိပ်ရာတွင်ပြန်လှဲနေသည်။ စောဖတုံးက အိပ်ရာထဲတွင် ပြန်လှဲနေပေမယ့် အိပ်မပျော်တော့။ သို့နှင့် မိုးစင်စင်လင်းလာသည်။ အိပ်ရာမှထကာ မျက်နှာသစ်ကြသည်။ မနက်စာကို အလျင်စလို စားသောက်ပြီး တောထဲသို့ ဝင်လာခဲ့ကြသည်။

"ဒီတောင်ကုန်းအလွန်မှာ မြက်ခင်းတောရှိတယ်၊ ဒရယ်တွေ၊ ဆတ်တွေရှိတတ်တယ်"

စောကြီတိုင်းက သေနတ်ကို ပခုံးပြောင်းလွယ်ရင်း ပြောသည်။ တောင်ကုန်း၏သည့်ဘက်အဆင်းရှိ သစ်ပင်ပေါ်သို့ တက်မည်ဟု မျက်စိနှိုင်ပြသည်။ စောဖတုံးက စောကြီတိုင်း၏သေနတ်ကိုယူ၍ ပခုံးတွင်လွယ်ထားလိုက်သည်။ စောကြီတိုင်းက သစ်ပင်ပေါ်သို့ လျင်မြန်စွာတက်သွားသည်။ စောကြီတိုင်း၏မျက်နှာက ဝင်းလက်သွားသည်။ သစ်ပင်ပေါ်မှဟိုသည် လျှောက်ကြည့်ပြီးမှ ဆင်းလာသည်။

"ဟော့ ဒရယ်တွေ၊ ဆတ်တွေကွင်းထဲမှာ အများကြီးပဲ၊ မြောက်





ဘက်မှာ တောင်ကုန်း၊ အနောက်တက်မှာ လျိုကြီးရှိတယ်၊ တောင်ဘက် မှာ တောအုပ်၊ ဒီတော့ စောဖတုံးက မြောက်ဘက်တောင်ကုန်းပေါ်ကို ရောက်အောင်သွားပြီးနေ၊ ဒီကောင်တွေ တောင်ကုန်းပေါ်ကိုတော့ ထွက် ပြေးလာမယ်မထင်ဘူး။ ငါနဲ့တင်ဝင်းက အရှေ့ဘက်နဲ့တောင်ဘက်မှာ နေရာယူမယ်၊ စောဖတုံးက ငါတို့အရိပ်အခြေကို လှမ်းကြည့်နေပေါ့"

စောကြီတိုင်းနှင့်စောတင်ဝင်းတို့က အရှေ့ဘက်နှင့်တောင်ဘက် တွင် နေရာယူရန်သွားကြသည်။ စောဖတုံးက တောင်ကုန်းပေါ်မှ သစ်ပ တစ်ပင်ကို အကာအကွယ်ယူ၍ နေလိုက်သည်။ စောကြီတိုင်းက အရှေ ဘက်မှ သစ်ပင်တစ်ပင်ကို ကွယ်၍နေရာယူထားသည်။ စောတင်ဝင်းက တောင်ဘက်အရပ်သို့သွားနေသည်။

ဒရယ်နှင့်ဆတ်တွေ ကောင်ရေ နှစ်ဆယ်ကျော်သည်။ အရွယ်စုံ သည်။ မြက်နုကလေးများကို စားကာ ပျော်မြူးနေကြသည်။ သူတို့အပေါ် ကျရောက်လာတော့မည့် အန္တရာယ်ကို သတိထားမိပုံမရ။ စောတင်ဝင်းက တောင်ဘက်အရပ်သို့ ရောက်သွားသည်။

စောကြီတိုင်းနှင့်စောတင်ဝင်းတို့က မြင်းခင်းအစပ်သို့ ပုန်းလျှိုး ပြီး ချဉ်းကပ်သွားရန် လက်ဟန်ခြေဟန်ဖြင့် လှမ်းပြနေသည်။ စောဖတုံး က သူတို့နှစ်ဦး၏လှုပ်ရှားမှုကို ကြည့်နေသည်။

စောတင်ဝင်းက စမ်းချောင်းရေထဲမှမြက်ခင်းအစပ်သို့ မိချောင်း



www.burmeseclassic.com

www.burmeseclassic.com



ပမာ ဝပ်တွားလာသည်။ စောကြိုတိုင်းကလည်း သေနတ်ကို အသင့်အနေအထားကိုင်ကာ ဝပ်တွားလာနေသည်။ မြက်ခင်းပေါ်တွင် သူတို့ကို ကျောပေးကာ အစာစားနေသည့် ဂျီ(ချေ)တစ်ကောင်ကို သေနတ်ဖြင့် အသေအချာချိန်ရွယ်နေသည်။ စောဖတုံးက ကြည့်နေရင်း အသည်းယားနေသည်။ စောဖတုံးကလည်း သေနတ်ကို မောင်းတင်ထားသည်။

စောကြိုတိုင်းက အပိုင်ရလျှင် ပစ်တော့မည်ဟု စောတင်ဝင်းကို ခေါင်းဆတ်ပြသည်။ စောတင်ဝင်းက အပိုင်သာပစ်တော့ဟု အချက်ပြသည်။ ကြိုတိုင်းက ချိန်ရွယ်ပြီးပစ်လိုက်သည်။

"ဒိုင်း"

သေနတ်သံမြည်ဟိန်းသွားသည်။ ဂျီသတ္တဝါသည် တစ်လံကွာခန့် လွင့်စင်ပြီးလဲကျသွားသည်။ အစာစားနေသော ဂျီနှင့်ဆတ်များသည် ကြောက်လန့်ပြီး ဦးတည်ရာမရှိတော့ဘဲ ခြေဦးတည့်ရာသို့ ပြေးတော့သည်။ ဆတ်သားပေါက်ကြီးတစ်ကောင်က စောတင်ဝင်းရှိရာသို့ ပြေးသွားသည်။ တောင်ကုန်းပေါ်သို့လည်း သုံးလေးကောင်ပြေးတက်လာသည်။ စောဖတုံးက အလတ်အစားအရွယ် ဆတ်တစ်ကောင်ကို သေနတ်ဖြင့်ပစ်ထည့်လိုက်သည်။ ပေါင်ကိုထိမှန်ပြီး ထော့နင်းထော့နင်းနှင့်ပြေးနေသည်။ စောကြိုတိုင်းက ပြေးလာသော ဆတ်ကို သေနတ်နှင့်တိုးချိန်သည်။ ခြေထောက်တွင် ဒဏ်ရာရထားသဖြင့် သိပ်မပြေးနိုင်တော့။





"ဒိုင်း"

ဒဏ်ရာရထားသော ဆတ်သည် ငှုမ်းပြန်ပြီး မြေကြီးပေါ်သို့ ကျသည်။ စောကြိုတိုင်းက ဝမ်းသာအားရဖြင့်

"တော်ပြီ ကျေနပ်ပြီ"

ဟုပြောရင်း စောတင်ဝင်းကို လက်မထောင်ပြသည်။ စောတင်ဝင်းက မြက်ခင်းကို ဖြတ်ပြီးပြေးလာသည်။ သူတို့သုံးဦးပျော်ရွှင်နေကြသည်။ ဆတ်နှင့်ဂျီတို့၏ ခြေနှင့်လက်တို့ကို ပုံး၍ကြိုးဖြင့်ချည်နေကြသည်။ ဖြောင့်စင်းသော ဝါးလုံးတစ်လုံးကို ဂျီနှင့်ဆတ်တို့ကို ဝါးလုံးလျှို၍ထမ်းလာကြသည်။

"ဂျီသား၊ ဆတ်သား ဝအောင်စားရပြီပေါ့ကွာ"

"ဂျီသားခြောက်၊ ဆတ်သားခြောက်လည်း လုပ်ရမယ်၊ ငါ့ဖထီးနဲ့အမိုးကို ကျွေးချင်လို့"

"ငါ့ဘက်ကို ဆတ်သားပေါက်ကလေးပြေးလာသားပဲ၊ မပစ်သင့်လို့ မပစ်ဘဲ ထားလိုက်တာ"

"မှဆိုး စည်းကမ်းလိုက်နာတာ ကောင်းတာပေါ့၊ တော်ကြာဒီလို ပစ်မိရင် စိတ်မကောင်းဖြစ်နေဦးမယ်"

"တိုးမောင်က ကျွန်တော်ကို မတွေ့လို့ ဟိုရှာသည်ရှာလုပ်နေမှာတော့ အမှန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



''မင်းတို့ သားအဖကလည်း သံယောဇဉ်ကြီးလိုက်တာ''

■ ■ ■

''စောဖတုံးရယ် မင်းရဲ့ မုဆိုးအတွေ့အကြုံတွေကို နားထောင်ရတာ အရသာရှိလိုက်တာ၊ ငါတောင် မင်းဆီမှာ သေနတ်ပစ်နည်းသင်ပြီး အမဲလိုက်ချင်စိတ်တောင် ပေါက်လာတယ်''

''မလုပ်ချင်ပါနဲ့ ဩဂတ်စတင်းရယ်၊ မုဆိုးအလုပ်က အသက်အန္တရာယ်များတယ်၊ တောတွင်းထဲမှာကျားဆိုးတို့ ဆင်ရိုင်းတို့နဲ့တွေ့လိုက်တော့ အသက်လုပြီးတိုက်ခိုက်ရတာ မလွယ်ပါဘူး၊ ပြီးတော့ ငှက်ဖျားကိုလည်း ကြောက်ရသေးတယ်''

''မင်းပြောသလိုဆို တောထဲသွားရမှာတောင် ကြောက်လာပြီ ငါက မင်းကို အားနာပြီးလိုက်ခဲ့တာနော်''

''ဆေးတွေယူသွားမှာကွာ၊ မင်းဘာမှမဖြစ်ပါဘူး။ ကဲ မနက်ကို ခရီးထွက်ရမှာဆိုတော့ အိပ်ကြစို့''

ညဘက်တွင် မဆောင်းခင်က အပြင်းဖျားသည်။ စောဖတုံးက မိုးလင်းလျှင် မဆောင်းခင်ကို ဘားအံသို့ပြန်ခေါ်သွားမည်ဟု ပြောသည်။ မဆောင်းခင်က ခေါင်းခါခဲ့သည်။

''မိုးလင်းတာနဲ့ ရှင်နဲ့ဩဂတ်စတင်းတို့ ကျွန်မတို့တွေ့ခဲ့တဲ့ ဂူ ရာကို ပြန်သွားပါ''





ဟု မဆောင်းခင်က ပြောသည်။

''ဂူတစ်ခုလုံး ကျွန်တော်တို့ အနှံ့အပြားရှာပြီးပြီမဟုတ်လား၊ ခင်ဗျားအမြင်ပဲလေ၊ ဒီတော့ ဂူထဲမှာ နောက်ထပ်တွေ့လိမ့်မယ်လို့ ကျွန်တော်တို့ မထင်ဘူး၊ ဒါပေမဲ့ ကျွန်တော်တို့ လက်မလျှော့သေးပါဘူး။ လောလောဆယ်မှာတော့ ခင်ဗျားက နေထိုင်မကောင်းဖြစ်နေတာမို့ ခင်ဗျားကို ဘားအံကိုပြန်ခေါ်သွား''

မဆောင်းခင်က လက်ကာပြပြီး ဟန့်တားလိုက်သည်။

''ကျွန်မ ပြောပါရစေ စောဖတုံး''

စောဖတုံးက ခေါင်းညိတ်သည်။

''ကျွန်မ နေမကောင်းဖြစ်နေမှန်း ကျွန်မသိပါတယ်၊ ကျွန်မ စိတ်လှုပ်ရှားနေတဲ့ အချိန်မျိုးမှာပေါ့၊ ကျွန်မအခုလို ဖြစ်တတ်တယ်၊ ဒါပေမဲ့ ကျွန်မမှာ သောက်စရာဆေးပါလာပါတယ်၊ ကျွန်မလုပ်ချင်တဲ့ ဆန္ဒတွေအားလုံး အောင်မြင်မယ်ဆိုရင် ဘယ်ဆရာဝန်နဲ့မှဆေးကုစရာ မလိုပါဘူး''

ဩဂတ်စတင်းက မဆောင်းခင်၏စကားကို ထောက်ခံသဖြင့် စောဖတုံးက လက်လျှော့လိုက်ရသည်။

''စောဖတုံးနဲ့ဩဂတ်စတင်းတို့က ကျွန်မကို ကူညီလက်စနဲ့ ကျွန်မဖြစ်စေချင်တဲ့ ဆန္ဒတွေအားလုံး အောင်မြင်အောင် ကူညီကြပါဦး''



www.burmeseclassic.com

www.burmeseclassic.com



"ကူညီမှာပါ မဆောင်းခင်၊ ခင်ဗျားရဲ့ကျန်းမာရေးအခြေအနေ ဆိုးသထက်ဆိုးလာမှာစိုးလို့"

"ဒီအတွက် ဘာမှမစိုးရိမ်ပါနဲ့ စောဖတုံး၊ ကျွန်မ မနက်ကျရင် ထူထူထောင်ထောင် ဖြစ်လာမှာ သေချာပါတယ်"

နောက်တစ်နေ့ နံနက်မိုးလင်းလျှင် စောဖတုံးနှင့်သြဂတ်စတင်းတို့က ကျောက်ဂူကြီးရှိရာသို့ ပြန်လာခဲ့ကြသည်။ သို့သော် ဘာမှမတွေ့။

ကျောက်ဂူအပြင်သို့ထွက်၍ လူသွားလမ်းကိုရှာဖွေကြည့်ပြန်သည်။ သစ်ပင်များမှလွဲ၍ သူတို့သည် ဘာကိုမှမတွေ့။ ထို့ကြောင့် သူတို့သည် လှေကြီးပေါ်သို့ ပြန်လာခဲ့ကြသည်။

လှေပေါင်းမိုးထဲသို့ သူတို့ဝင်လိုက်သောအခါ မျှော်လင့်ချက်ပြည့်ဝသော မျက်လုံးများဖြင့် ဆီးကြိုနေသည့် မဆောင်းခင်ကို မြင်ရသည်။

"ဘာတွေ ထက်တွေ့သေးလဲ စောဖတုံး"

မဆောင်းခင်က အလျင်စလိုမေးသည်။

"ဘာမှမတွေ့ဘူး မဆောင်းခင်"

"လူသွားလမ်းကော စောဖတုံး"

"ရှာလို့မတွေ့ဘူး"

"ဒါဖြင့် ရှင်တို့မြင်တဲ့အတိုင်း လိုက်သွားကြည့်ပါဦးလား"

"ဒီတောကြီးထဲမှာ လူသွားလမ်းရှာဖို့ မလွယ်ပါဘူး၊ မဆောင်း





ခင် ဘာပဲဖြစ်ဖြစ်လေ၊ ကျွန်တော်တို့ ကြိုးစားပြီးရှာဖွေကြည့်ပါဦးမယ်"

"ကြိုးစားပေးကြပါရှင်"

"ဒါနဲ့ ခင်ဗျားကို မြို့ကိုပြန်ခေါ်သွားပြီးဆေးကုပေးဦးမှ ဖြစ်မယ်ထင်တယ်"

"မလိုပါဘူး ပြောနေမှ စောဖတုံးရယ်၊ ကျွန်မပြောတာကို နားထောင်ပါဦး၊ လူသွားလမ်းနဲ့ပတ်သက်ပြီး ကျွန်မက ဂျမီလာကို မေးကြည့်တယ်၊ လမ်းကို သူသိထားပုံရတယ်၊ ဒါပေမဲ့ သူ့အဖေ သဘောတူမှပြောဝံ့မယ့်ပုံပဲ၊ ဒီတော့ ဘူးတာရားဆီမှာ စုံစမ်းကြည့်ရင် မကောင်းဘူးလား"

ဘူးတာရားက ကမ်းနံဘေးရှိသစ်ပင်ကြီးတစ်ပင်အောက်တွင် ထိုင်နေသည်။ စောဖတုံးတို့သူ့အနားကိုရောက်သည်အထိ ဘူးတာရားက သတိမထားမိချေ။

"ကျွန်တော်တို့ပြန်တော့မယ့် အကြောင်း ခင်ဗျားကို လာပြောတာပါ"

စောဖတုံးက ဘူးတာရားကို ပြောသည်။

"ခင်ဗျားတို့ပြန်ကြတော့မယ် ဟုတ်လား၊ အင်း အဲဒါ ကောင်းတယ်၊ ခင်ဗျားတို့ မော်လမြိုင်ကိုပြန်ပြီး မိန်းကလေးကို ဆေးကုတင်"

"ကျွန်တော်တို့ မော်လမြိုင်ကို မသွားပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



''ရွှေငွန်းလား''

''နားထောင်ပါဦး ဘုရား''

စောဖတုံးက ပြောသည်။

''ကျွန်တော်တို့ ရေလမ်းက အစုန်ခရီးကို သိပါပြီ၊ အခု ကျွန်တော်သိချင်တာက မြစ်ကိုဆန်တက်ရမယ့် ခရီးကိုသိချင်တယ်၊ အပေါ်ပိုင်းမှာလှူသွားလမ်းရှိတယ်လို့ ကျွန်တော်တို့သိထားတယ်၊ အဲဒီလမ်းဟာ ဘယ်နေရာက စသလဲ''

''ခင်ဗျားတို့ မိန်းကလေးကို ဆက်ပြီးခေါ်မသွားသင့်ဘူး၊ ခေါ်သွားမယ်ဆိုရင်တော့ ဟင်း''

ဘုံးတရားက သက်ပြင်းချသည်။

''ဟုတ်ပါတယ် မဆောင်းခင်ကို ဆေးရုံတင်ပြီးဆေးကုသနိုင်းရဦးမယ်ဆိုတာ သိပါတယ်၊ သူ့ဆန္ဒကိုလည်း ပြည့်ဝစေချင်တယ်၊ ဒါနဲ့ လှူသွားလမ်းက ဘယ်မှာရှိတာလဲ''

''လှူသွားလမ်းမဟုတ်ပါဘူး၊ တိရစ္ဆာန်သွားလမ်းပါ၊ အဲဒီလမ်းအတိုင်းသွားမယ်ဆိုရင် ခင်ဗျားတို့ကို ကျားတွေက မုန့်ကြွပ်ကလေးလို ဝါးစားမှာသေချာတယ်၊ ဆင်တွေကလည်း ခင်ဗျားတို့ကို ငါးခြောက်ကလေးလို နင်းသတ်လိမ့်မယ်၊ ဒီတော့ မဆောင်းခင်ကို မော်လမြိုင်သာ ခေါ်သွားကြပါ၊ ကျွန်တော်တို့တွေ့ခဲ့တဲ့ ခင်ဗျားတို့လှူကို ကျွန်တော်ကိုယ်





တိုင် မြေမြှုပ်ပြီးပါပြီ၊ ဒီတော့ သူ့အတွက် မျှော်လင့်ချက်မထားပါနဲ့'' ဟု ဘုံးတရားက ပြောသည်။

''အဲဒီလှူအပြင် အထက်ဘက်မှာ သေခဲ့တဲ့လူတစ်ယောက်ရှိနေသေးလို့ပါ''

ဟု စောဖတုံးက ပြောသည်။ ထိုစဉ်

''ကျွန်တော့်ကို ခွင့်ပြုကြပါဦး''

ဘုံးတရားက ပြောပြောဆိုဆိုပင် ထိုင်ရာမှထသွားသည်။ ဘုံးတရားသည် သံဃာတော်သုံးပါးနှင့်သွားရောက်တွေ့ဆုံသည်ကို စောဖတုံးတို့တွေ့လိုက်ရသည်။

''ဘုန်းကြီးတွေက ဘယ်ကလာတာ မြင်သလဲ''

စောဖတုံးက ဩဂတ်စတင်းကိုမေးသည်။

''ရေလမ်းကလာတာ မဟုတ်ဘူး''

ဩဂတ်စတင်းက ပြောသည်၊ ထိုသို့ပြောနေကြစဉ် ဘုံးတရားက ပြန်ရောက်လာသည်။

''ဘုန်းကြီးတွေ ပင်ပန်းလာပုံရတယ်''

ဘုံးတရားကပြောသည်။

''သူတို့ကို ကျွန်တော်တို့လှေနဲ့ပင့်သွားမယ်၊ ဘုန်းကြီးတွေနဲ့အတူ ခရီးသွားတာ ကောင်းတယ်၊ လူတိုင်းက ဘုန်းကြီးတွေကို လျှဒါန်းကူညီ



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်”

ဘူးတရားက ထပ်မံပြောသည်။

“ဘုန်းကြီးတွေက ဘယ်ကကြွလာတာလဲ”

စောဖတုံးက မေးသည်။

“နေရာအနှံ့အပြားကပဲ၊ ဘုန်းကြီးတွေက ဘယ်ကကြွလာပြီး ဘယ်ကိုကြွသွားမယ်ဆိုတာ ပြောတတ်ကြတာ မဟုတ်ဘူး”

“ဒါနဲ့ ဒီတောကြီးထဲမှာ ဘုန်းကြီးတွေက ဘယ်လိုလုပ်ပြီး ခရီးသွားခဲ့ကြတာလဲ”

“တိရစ္ဆာန်တွေသွားတဲ့လမ်းဟာ သူတို့တရားကျင့်ကြံအားထုတ်နေတဲ့ သူတော်စင်တွေအတွက် ဘာအန္တရာယ်မှမရှိနိုင်ဘူး။ ကဲလေ အဲဒါတွေထားလိုက်ပါတော့၊ ဘုန်းကြီးတွေကို ကျွန်တော် နံနက်စာဆွမ်းကပ်ပြီးရင် ခင်ဗျားတို့နဲ့မြို့ထဲကိုလိုက်ခဲ့မယ်”

ထို့နောက် ဘူးတရားသည် ဘုန်းကြီးများကိုလှေကြီးပေါ်သို့ ပင့်သွားသည်။

“ကျွန်တော်တို့ ဘုန်းကြီးတွေကို မေးလျှောက်ကြည့်ရင် မကောင်းဘူးလား”

ဩဂတ်စတင်းက ပြောသည်။

“ကောင်းသားပဲ ခင်ဗျားစဉ်းစားကြည့်လေ”





စောဖတုံးနှင့်ဩဂတ်စတင်းတို့ကလည်း လှေကြီးပေါ်သို့ တက်လာကြသည်။ ဘုန်းကြီးများက ဆွမ်းစားနေကြသည်။

“ကျွန်တော် ဘုန်းကြီးတွေကိုမေးကြည့်ချင်တယ်”

စောဖတုံးက ဘူးတရားကို တိုးတိုးပြောပြသည်။

“ဘုန်းကြီးတွေက ခင်ဗျားမေးတာကို ပြောမှာမဟုတ်ဘူး။ သူတို့က ကမ္မဋ္ဌာန်းအားထုတ်နေတဲ့ ဘုန်းကြီးတွေ”

စောဖတုံးက စကားမဆက်တော့။ မဆောင်းခင်ရှိရာ သစ်ပင်ရိပ်သို့လိုက်သွားသည်။

“ဘာများထူးခြားသေးသလဲ စောဖတုံး”

မဆောင်းခင်က လှမ်းမေးသည်။

“ဘူးတရားရဲ့လှေကြီးထဲမှာ ဘုန်းကြီးသုံးပါးရောက်နေတယ်”

“ဟုတ်လား။ ဘယ်ကကြွလာတာလဲ”

“မသိဘူး။ ဆရာတော်တွေက တောတောင်ထဲက ကြွလာတာတဲ့၊ လမ်းရှိတာတော့ သိရပြီ”

“လူသွားလမ်းရှိတယ် ဟုတ်လား”

“ဘူးတရားကတော့ တိရစ္ဆာန်သွားလမ်းလို့ပြောတာပဲ၊ ဩဂတ်စတင်းကတော့ အခြေအနေကို သွားကြည့်နေတယ်”

“ဒါဆို ကျွန်မတို့အတွက် မျှော်လင့်ချက်ရှိတာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



စောဖတုံးက လှေရှိရာသို့ ပြန်လာသည်။ ဘုန်းကြီးများကို ကမ်းပါးပေါ်တွင် မြင်ရသည်။ ဘုန်းကြီးများသည် ကိုမောင်ညိုတို့စခန်းချခဲ့သည့် ကျောက်ဂူကြီးထဲမှ ရုပ်တုများနှင့်ပတ်သက်၍ သိကောင်းသိနိုင်မည်ဟု စောဖဘုံးက ယုံကြည်ထားသည်။ ထို့ကြောင့် စောဖတုံးက ဘုရားတရားမှတဆင့် ဘုန်းကြီးများအား မေးလျှောက်ကြည့်သည်။

ဘုန်းကြီးများ၏ဖြေကြားချက်များသည် မေးခွန်းဆန်လှသည်။

ကျောက်ဂူကြီးတည်ရှိပုံနှင့်အနေအထား။

ရုပ်တုအမျိုးအစားတွေက ဘယ်လိုပုံစံတွေလဲ။

စောဖတုံးတို့ ကြားထားတဲ့ သတင်းတွေက ဘာတွေလဲ။ စောဖတုံးသည် ဘုန်းကြီးများထံမှ သူသိချင်သော အကြောင်းအရာကို မရရှိခဲ့ပေ။

စောဖတုံးက ဩဂတ်စတင်းကိုလိုက်ရှာသည်။ ဩဂတ်စတင်းသည် သစ်ပင်များကို ဖယ်ရှားပြီး တောထဲမှထွက်လာသည်ကို စောဖတုံးက မြင်တွေ့လိုက်ရသည်။ ဩဂတ်စတင်း၏ မျက်နှာက ရွှင်လန်းနေသည်။

"ငါ လမ်းတွေ့ခဲ့ပြီ စောဖတုံး"

ဩဂတ်စတင်းက ဝမ်းသာအားရပြောသည်။

"ဟုတ်လား သေချာရဲ့လား"

"သေချာပါတယ်"





ဩဂတ်စတင်းက လမ်းတည်နေရာကိုပြောပြသည်။

"ဒါဖြင့် ငါတို့မဆောင်းခင်ကို လိုက်ပို့ပြီးရင်"

"ငါတို့ နှစ်ယောက်စလုံးလိုက်မပို့သင့်ဘူး"

ဩဂတ်စတင်းက ပြောသည်။

"ဟုတ်တယ် ဟုတ်တယ်၊ တစ်ယောက်လိုက်ပို့ရင်း တစ်ယောက် ခရီးဆက်ရမယ်"

"အင်း အဲဒီသဘောကို ငါပြောတာ"

"ဒါဖြင့် မင်း မဆောင်းခင်ကိုလိုက်ပို့ဖို့"

"ဘာလဲ မင်းက အဲဒီလမ်းကို တစ်ယောက်တည်းသွားမလို့လား"

"ငါတစ်ယောက်တည်း မဟုတ်ပါဘူး။ ဘုရားတရားကို လူတစ်ယောက်ရှာဖွေခိုင်းပြီး ဒီလမ်းကိုရှာဖွေကြည့်ချင်တာ"

"ကဲပါလေ ဒီကိစ္စကိုသွားပြောကြဦးစို့"

မဆောင်းခင်က စောဖတုံးပြောသည့်စကားကို ခေါင်းတဆတ်ဆတ်ညိတ်ရင်း နားထောင်နေသည်။

"လူနှစ်ယောက်ရှာတာဟာ တစ်ယောက်တည်းရှာတာထက် ပိုကောင်းတယ်၊ ရှင်တို့နှစ်ယောက်စလုံး သွားကြပါ"

"ခင်ဗျားကို ကျွန်တော်တို့ ပစ်မထားနိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်မ အဲသလောက် မကျန်းမမာဖြစ်နေတာ မဟုတ်ပါဘူး။ ကျွန်မ ဂျမီလာတို့အိမ်မှာပဲနေခဲ့မယ်၊ ဘုရားတရားက ခွင့်ပြုတယ်၊ သူက လည်း မြစ်ရိုးတလျှောက် လှေတစ်စီးနဲ့ညအိပ်ညဥ့်နေသွားနေတာဆိုတော့ သူ့သမီးအတွက် အဖော်ရတာပေါ့တဲ့၊ ရှင်တို့ နှစ်ယောက်သာ ကိုယ်လုပ်ရမယ့်အလုပ်ကို ဆက်လုပ်ပါ''

ဂျမီလာက မဆောင်းခင်နေထိုင် မကောင်းမှန်းသိနေသဖြင့် အစစ အရာရာ ကူညီသည်။ ဂျမီလာတို့ သားအဖက ဟိန္ဒူဗုဒ္ဓဘာသာဝင်များဖြစ်သည်။ ဂျမီလာက မဆောင်းခင်ကို သူတို့ကိုးကွယ်သော မဟာပိန္နဲရုပ်ပုံ၏ရှေ့တွင် ဆုတောင်းခိုင်းသည်။

မဆောင်းခင်ကလည်း သူနှင့်မောင်ညိုတို့၏အကြောင်းကို ဂျမီလာအား ပြောပြသည်။

နှစ်ဖက်မိဘများက မောင်ညိုနှင့်မဆောင်းခင်ကို သဘောတူနေကြသည်။ မောင်ညိုက အသောက်အစား၊ လောင်းကစားမရှိ၊ လယ်ယာလုပ်ငန်းကို ဦးစီးလုပ်ကိုင်သည်။ မိဘနှစ်ပါးကို ဘာအလုပ်မှမလုပ်စေရ။ စပါးရိတ်သိမ်းချိန်တွင် တလင်းထဲသို့ လိုက်လာသည်ကိုပင် မကြိုက်၊ မိဘနှစ်ပါးကို ရိုသေကိုင်းရှိုင်းပြီး အလုပ်ကြိုးစားသော မောင်ညိုကို သမီးရှင်တိုင်းက သဘောကျကြသည်။ မောင်ညို၏အစ်ကို စံလုံးညိုက အလုပ်ကြိုးစားသည်တော့မှန်ပါရဲ့၊ အရက်သောက်တတ်သည်။ ဖဲရိုက်





တတ်သည်။ အရက်မူးလျှင် သွေးဆိုးသဖြင့် သမီးရှင်တွေက သဘောမကျ။

မောင်ညိုနှင့်မဆောင်းခင်က ငယ်စဉ်က ကစားဖော်တွေ မှန်ပေမယ့် အရွယ်ကလေးရောက်လာကြတော့ တစ်ယောက်နဲ့တစ်ယောက် ခပ်တန်းတန်း ဖြစ်သွားကြသည်၊ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင် တွေ့လျှင်ပင် နှုတ်ဆက်မေးထူးခေါ်ပြော အဆင့်လောက်သာ ရှိခဲ့သည်။

နှစ်ဖက်မိဘများက သဘောတူပြီး သူတို့နှစ်ယောက်ကို စေ့စပ်ကြောင်းလမ်း (တောအခေါ် နားဖောက်သည်ပေါ့)ပေးလိုက်တော့ တစ်ဦးအိမ်သို့ တစ်ဦး ဝင်ထွက်သွားလာကြသည်။ တစ်ဦးနဲ့တစ်ဦးပို၍ ရင်းနှီးလာကြသည်။ မဆောင်းခင်က မောင်ညိုပင်ပန်းသည်ကို မကြည့်ရက်၊ မောင်ညို၏လယ်ယာခွင်သို့ လာရောက်ကူညီလုပ်ကိုင်ပေးသည်။ ထို့ကြောင့် တစ်ဦးအပေါ်တစ်ဦး သံယောဇဉ်ပိုလာကြသည်။

တစ်နေ့ မောင်ညိုက သူ့အစ်ကို စံလုံးညိုနှင့်အတူ မြို့သို့ ဈေးသွားဝယ်သည်။ မနက်ဈေးသွားလျှင် ညနေကို ရွာပြန်ရောက်နိုင်သောခရီး။ သို့ပေမယ့် မောင်ညိုနှင့်စံလုံးညိုတို့က သုံးလေးရက်ကြာသည့်အထိ ရွာကို ပြန်ရောက်မလာကြသေး၊ ထို့ကြောင့် မောင်ညို၏အဖေက သားငယ်ခွေးညိုနှင့်အတူ မြို့သို့လိုက်သွားသည်။ မောင်ညိုတို့၏သတင်း



www.burmeseclassic.com

www.burmeseclassic.com



ကို စုံစမ်းသည်။ မောင်းညိုနှင့်စံလုံးညိုတို့ကို ဖက်ဆစ်ဂျပန်များက တော်လှန်ရေးသမားဟု ယူဆကာ ဖမ်းဆီးခေါ်ဆောင်သွားသည့်အကြောင်းကို သူတို့သိလိုက်ရသည်။

သည့်သတင်းကို မဆောင်းခင်သိလိုက်ရတော့ ရင်ထဲတွင် ဆို့နစ်သွားသည်။ မောင်းညိုအတွက် ရတက်မအေးနိုင်အောင် ဖြစ်သွားသည်။

"ဖက်ဆစ်တွေက မီးရထားလမ်းဖောက်ဖို့ ခေါ်သွားတဲ့အထဲမှာ မောင်းညိုတို့ ညီအစ်ကိုပါသွားတယ်တဲ့၊ အဲဒါဆိုရင်တော့ သေဖို့များသွားပြီ"

မောင်းညိုတို့ မိသားစုနှင့်မဆောင်းခင်မှာ မောင်းညိုတို့ ညီအစ်ကို၏သတင်းကို ဆက်လက်၍စုံစမ်းမရတော့။ မောင်းညိုတို့ ညီအစ်ကိုကို သေသွားပြီဟု သဘောထားရမလိုဖြစ်သွားပြီ။

လအနည်းငယ်အကြာတွင် စံလုံးညို ရွာသို့ပြန်ရောက်လာသည်။ မော်လမြိုင်ဆေးရုံမှ ဆင်းပြီး ရွာသို့ပြန်လာခြင်းဟု မဆောင်းခင်သိရသည်။ ပိန်ချုံးပြီး ကမ္ဘာ့ဒွန်းရုပ်ပေါက်နေသည်။

"စံလုံးညို မင်းညီ မောင်းညိုကောကွဲ."

မိဘနှစ်ပါးက မေးကြသည်။

"မောင်းညို သေပြီးကျန်ခဲ့ပြီ ကျွန်တော်တောင် ဖက်ဆစ်တွေ





ရဲ့ အနှိပ်စက်ကို အလူးအလဲခံရတာ အဖေ အမေတို့အမြင်ပဲ၊ မသေလို့ ရွာကို ပြန်လာနိုင်တာ"

စံလုံးညိုက အားယူပြီးပြောသည်။ သည်စကားကို ကြားရတော့ မဆောင်းခင် ဟန်မဆောင်နိုင်။ ချုံးပွဲချငိုသည်။ မောင်းညိုအတွက် ရည်စူးပြီး ဆွမ်းသွတ်ပေးသည်။ မဆောင်းခင်က မောင်းညိုအတွက် ဖြေမဆည်နိုင်အောင်ဖြစ်နေရသည်။ မဆောင်းခင်က မောင်းညိုနှင့်အိပ်မက်ထဲတွင် စကားပြောရတော့ ရွာထဲမှမိန်းကလေး သူငယ်ချင်းများအား တီးတိုးပြောပြသည်။

မဆောင်းခင်သူငယ်ချင်း ဂွမ်းပုံက တွေဝေကာ စဉ်းစားနေသည်။ ပြီးမှ

"သေသူက ညည်းကို အိပ်မက်ပေးတယ်ဆိုတော့ အင်း မောင်းညိုဟာ အဖေတို့ ပြောဖူးတဲ့ ဥပစ္ဆေဒယက်နဲ့ သေဆုံးသွားတာဆိုတော့ မကျွတ်မလွတ်သေးဘူးထင်တယ်၊ မောင်းညိုက သဘောမနောကောင်းတယ်၊ နင် မောင်းညိုအပေါ်မှာသံယောဇဉ်ကြီးမှန်း တစ်ရွာလုံးက သိကြပါတယ်၊ ဒါပေမဲ့ သူက ချောက်ထဲကျပြီး သူ့ကံအကြောင်းတရားနဲ့သူ သေသွားပြီဆိုတော့ နင့်စိတ်ကို ဖြေသိမ့်ပါ မဆောင်းရယ်"

ဂွမ်းပုံက မဆောင်းခင်၏ ပခုံးကို ဖက်ထားရင်း ပြောသည်။ မဆောင်းခင်၏မျက်ဝန်းအိမ်ထဲတွင် မျက်ရည်တွေ ရစ်ဝဲနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မဆောင်းခင်အတွက် တစ်ရွာလုံးက လူတွေက စိတ်မကောင်းဖြစ်နေကြသည်။

အမြဲတမ်း မျက်နှာလေး ပြုံးရွှင်နေတတ်သော မဆောင်းခင်။ ယခုတော့ မျက်နှာလေးညှိုးနွမ်းပြီး ငိုင်တွေနေတတ်သည်ကို အားလုံး မြင်ကြရသည်။

''ငါ ညဘက်အိပ်ပျော်နေရင်း ဆောင်းခင် ဆောင်းခင်ဆိုတဲ့ မောင်းညိုရဲ့ခေါ်သံကို အမြဲကြားနေရတယ်၊ မောင်းညို မသေဘူးလို့ ငါထင်တယ်၊ ငါနဲ့မောင်းညိုဟာ မနော(စိတ်)ချင်းဆက်သွယ်နေမိသလိုပဲ၊ တကယ်တမ်း မောင်းညို သေသွားပြီဆိုရင် ငါ ရူးမတတ်ခံစားရမှာပဲ၊ အခု မောင်းညိုသေတာကို မယုံရဲ ယုံရဲစိတ်တွေဖြစ်နေတယ်၊ မောင်းညိုနဲ့ငါ တစ်နေ့ပြန်တွေ့မှာပဲလိုပ ယုံကြည်နေမိတယ်''

ဂွမ်းပုံက မဆောင်းခင်၏မျက်နှာကို သေချာစွာကြည့်နေသည်။

''မဆောင်း နင့်စိတ်တွေဟာ ပုံမှန်အတိုင်းမှ ဟုတ်ရဲ့လား ဟယ်၊ မောင်းညို သေသွားတာကို ပရိဒေဝမီးတွေတောက်ပြီး နင် စိတ် ကယောင်ချောက်ချားများ ဖြစ်သွားပြီလား''

ဂွမ်းပုံက စိုးရိမ်တကြီးမေးသည်။

''ငါ ဘာမှမဖြစ်ပါဘူး ဂွမ်းပုံ၊ မောင်းညို မသေသေးဘူးဆိုတာ သိနေသလိုရှိတဲ့ ယုံကြည်စိတ်နဲ့ ငါစိတ်တွေခိုင်မာနေပါပြီ၊ နင် ငါ့အတွက်





ဘာမှ မစိုးရိမ်ပါနဲ့ မောင်းညို ကျန်ခဲ့တယ်ဆိုတာ ဒဏ်ရာတွေနဲ့ အသက်ရှင်ကျန်လျက် ကျန်ခဲ့တာပဲ ဖြစ်ရမယ်၊ ကျန်လူတွေက ဒဏ်ရာရနေတဲ့ မောင်းညိုကို တွဲမခေါ်ချင်လို့ မောင်းညိုကို ထားရစ်ခဲ့တာပဲလို့ ငါထင်တယ်၊ ငါ့ဆီမှာ မောင်းညိုပေးထားတဲ့ ရွှေဒင်္ဂါးပြားတွေ ရှိတယ်၊ ငါ စုထားတဲ့ငွေတွေရှိတယ်၊ ငါ မောင်းညိုကို သွားရှာမယ်လို့ ငါ စိတ်ကူးတယ်''

မဆောင်းခင်က အသံက တည်ကြည်နေသည်။

''ဟာ မဟုတ်တာ မဆောင်းရယ်၊ နင်က မိန်းကလေး၊ စစ်ကြီးပြီးတာ ဘာမှမကြာသေးဘူး၊ တိုင်းပြည်က မငြိမ်မသက်နဲ့ မစွန့်စားသင့်တာကို ဘာလို့ စွန့်စားချင်ရတာလဲ၊ စံလုံးညိုက သူညီမောင်းညို သူ့လက်ပေါ်မှာ သေဆုံးသွားတယ်လို့ ပြောထားမှပဲ၊ သူ့ညီမသေသေးဘဲ ဒဏ်ရာရနေတယ်ဆိုရင် စံလုံးညိုက သူ့ညီကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ခေါ်လာမှာပဲ''

ဂွမ်းပုံက မဆောင်းခင်၏ ပခုံးကို လက်ဖဝါးလေးဖြင့် ပုတ်နေရင်း ပြောသည်။ မဆောင်းခင်က ခေါင်းခါသည်။

''အို စံလုံးညိုက သူတောင် မသေရုံတမယ် ဒဏ်ရာ ဒဏ်ချက်တွေနဲ့ ရွာကို ပြန်လာတာ မဟုတ်လား၊ ပြီးတော့ စံလုံးညို စကားမှာ ဆန်းစရာတစ်ခုရှိနေတယ်၊ အဲဒါ ဘာလဲဆိုတော့ မောင်းညိုတကယ်ပဲ သေတယ် ထားပါဦး၊ သူ့ညီအလောင်းကို ခွေးစားစား ကျီးထိုးထိုး



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး နေရာမှာ တင်ထားခဲ့တာဟာ စာနာမှုကင်းမဲ့လွန်းတယ်၊ ကိုယ့်ညီလေးအလောင်းကို ကျန်တဲ့သူတွေနဲ့ မြေမြှုပ်သင်္ဂြိုဟ်သင့်တာပေါ့''

''ငါကတော့ နင့်ကို မောင်းညိုရှိတဲ့ အရပ်လိုက်မသွားဖို့ တားချင်တယ်၊ နင့်အတွက် အန္တရာယ်များလွန်းလို့''

ဂွမ်းပုံက ပြောပြီးသည်နှင့် သက်ပြင်းချသည်။

''ငါ ဆုံးဖြတ်ပြီးပြီ ဂွမ်းပုံ၊ ငါ မောင်းညိုကိုတွေ့အောင်ရှာမယ်''

''ခက်လိုက်တာ မဆောင်းရယ်''

ဂွမ်းပုံက စိတ်ပျက်သွားသည်။ စံလုံးညို ပြန်ရောက်လာတော့ မဆောင်းခင်က သူ့မိဘများအိမ်သို့ ပြန်နေသည်။ စံလုံးညိုထံမှ စကားသံကို တဆင့်စကား တဆင့်နားဖြင့် မဆောင်းခင်ပြန်ကြားရသည်။

''အဟင်း ဟင်း ဆောင်းခင်က ကျုပ်တို့ ညီအစ်ကို တကယ်သေသွားပြီထင်ပြီး အိမ်မှာလာပြီနေတာ မဟုတ်လား၊ အဖေ၊ အမေတို့က မောင်းညိုအတွက် အမွေပေးရင် သူရအောင် စိတ်ကူးထားမှာပေါ့''

''ဟော့ကောင် မင်း အဲသလို မပြောနဲ့၊ လူကြားလို့လည်း မကောင်းဘူး၊ မဆောင်းက ငါတို့ကို မိဘလိုသဘောထားပြီး ချက်ပြုတ်ကျွေးမွေးပြုစုတာကွ၊ မောင်းညိုကို သတိရတိုင်းငိုနေတာ ငါတို့အမြင်ပဲ၊ မောင်းညို တကယ်မသေခင်က သေပြီလို့ အောက်မေ့ပြီး ငါတို့နဲ့ တစ်သက်လုံး အတူနေမယ်ဆိုပြီး လာနေတာ၊ သူ့မိဘကလည်း အိမ်





မိုင်ခြိုပိုင် လယ်ပိုင်၊ နွားပိုင်တွေပါကွာ၊ သူတို့မောင်နှမနှစ်ယောက်ထဲ၊ မင်း ထင်တာတွေပြောတာ မကောင်းဘူး၊

မင်းပြန်လာတော့ မနေအပ်ဘူးဆိုပြီး ပြန်သွားတာ၊ ဒါတောင် ငါတို့စားဖို့ ဟင်းကိုချက်ပြီး လာပို့နေတာ၊ မင်းအမြင်ပဲ၊ မိန်းကလေးရဲ့ သဘောထားက ရိုးစင်းပါတယ်၊ မင်း တစ်မျိုးမမြင်ပါနဲ့''

မဆောင်းခင်က စံလုံးညို၏သဘောထားကို သိသွားပြီဖြစ်၍ စံလုံးညို မရှိသောအချိန်ကျမှ ယောက္ခမလောင်းအိမ်သို့သွားသည်။ ဝေယျာဝစ္စမှန်သမျှကို လုပ်ကိုင်ပေးသည်။ မောင်းညို၏အစ်ကို အကြီးဆုံး ကံအောင်ပု၊ အစ်မကြီး မစိန်ပုတို့က မဆောင်းခင်ကို ညီမလေးသဖွယ် ချစ်ခင်ကြသည်။ သူတို့က အိမ်ထောင်ကျသွားပြီဖြစ်၍ ရွာထဲတွင် ကိုယ့်အိမ်နှင့်ကိုယ် နေကြသည်။

''ငါ့သမီးလေးကို ချွေးမ မတော်ရတော့ပေမယ့် သမီးလေးလို သဘောထားပြီးသားပါ၊ သမီးလေးက သားအပေါ်မှာ အတော်သံယောဇဉ်ကြီးတယ်ဆိုတာ အမေတို့ သိပါတယ်၊ ငါ့သား မောင်းညိုက အသေဆိုးလိုက်တာ''

မောင်းညို အမေ၏အသံက ဝမ်းနည်းသံပါနေသည်။ မျက်ဝန်းထဲမှ မျက်ရည်ကို သုတ်နေသည်။

''သမီးကတော့ မောင်းညို မသေဘူးဆိုတာ သိနေတယ်၊ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လို့လဲဆိုတော့ အမေရယ်''

မဆောင်းခင်က မောင်းညိုကို သတိရနေသဖြင့် အိပ်မပျော်နိုင်ဘဲ ရှိနေခဲ့သည်။ ညဥ့်နက်ချိန်သို့ ရောက်မှ အိပ်ပျော်သွားသည်။

ခြံဝင်းထဲသို့ ချိုင်းထောက်နှင့်လူတစ်ယောက် ဝင်လာသည်။ ဦးထုပ်ပိုက်စိုက်ဆောင်းထားသည်။ မဆောင်းခင်က အိမ်ရှေ့သို့ထွက်လာပြီး ဒုက္ခိတဖြစ်နေသည်ကို ကြည့်နေမိသည်။ ထိုသူက ခေါင်းကိုမော့ပြီး အိမ်ဘက်သို့ လှမ်းကြည့်သည်။

''မောင်း မောင်းညို''

မဆောင်းခင်က ဝမ်းသာအားရနှင့်အိမ်ပေါ်မှ ခုန်ဆင်းလာသည်။ မောင်းညို၏လက်မောင်းကို ဆုပ်ကိုင်ထားရင်း

''မောင်းညို နင် မသေဘူးနော်၊ ငါကလည်း နင်မသေဘူးလို့ ထင်ထားတာပဲ၊ အခုတော့ မှန်နေပြီ''

မဆောင်းခင်က ဝမ်းသာအားရနှင့်ပြောသည်။

''ငါက ဘာလို့သေရမှာလဲ၊ မသေလို့ ပြန်လာတာပေါ့၊ စံလုံးညိုတို့ကို ငါက ပြန်နိုင်းလိုက်တာ၊ ဒဏ်ရာကြောင့် ငါ့ကိုယ်ငါ သေမယ်ထင်လို့ အခု စံလုံးညိုရွာကို ပြန်ရောက်နေပြီမဟုတ်လား၊ သူ့အတွက် ငါက စိုးရိမ်နေတာ လမ်းခရီးမှာ ဖက်ဆစ်တွေနဲ့တွေ့ပြီး ဒုက္ခရောက်မှာစိုးလို့''





တစ်ကိုယ်လုံးတွင် ဒဏ်ရာဒဏ်ချက်တွေနှင့် မောင်းညိုကို ကြည့်ပြီး မဆောင်းခင်က စိတ်မကောင်းဖြစ်နေသည်။

''နင့်အစ်ကိုက နင့်ကိုထားရစ်ခဲ့တာ မဟုတ်ဘူးလား''

မဆောင်းခင်က စံလုံးညိုကို မကျေနပ်စိတ်ဖြင့် ပြောသည်။

''မဟုတ်ပါဘူး ဟယ်၊ ငါက သူတို့ငါ့ကို ငဲ့နေရင် ဒုက္ခရောက်ကုန်မှာစိုးလို့ ပြန်နိုင်းလိုက်တာ''

''ကဲ လား နင်ရပ်နေတာ ပင်ပန်းပါတယ်၊ အိမ်ပေါ်သွားရအောင်''

မဆောင်းခင်က မောင်းညိုကိုတွဲပြီး အိမ်ပေါ်သို့ ခေါ်လာသည်။ မောင်းညို၏အဖေနှင့်အမေက သူ့သား မောင်းညိုကိုဖက်ပြီး ပြုံးပျော်နေကြသည်။

မဆောင်းခင်လောက် ပျော်နေတဲ့သူ ရှာ၍တွေ့မည်မဟုတ်။ မဆောင်းခင်မှာ ပျော်နေသဖြင့် အယောင်ယောင် အမှားမှားနှင့်။

''စံလုံးညို ဘယ်မှာလဲ''

မောင်းညိုက သူ့အစ်ကိုကို မေးသည်။

''ရွာထဲသွားနေတယ် ထင်တယ်''

''နေဦး သွားရှာပြီးခေါ်လာခဲ့မယ်''

မဆောင်းခင်က ရွာထဲတွင် စံလုံးညိုကို လိုက်ရှာသည်။ စံလုံးညို

www.burmeseclassic.com

www.burmeseclassic.com



က ရွာမြောက်ပိုင်းမှ ဘကြီးဖြိုး၏အိမ်တွင် စကားပြောနေသည်။

"ကိုစံလုံးညို၊ မောင်ညို ပြန်ရောက်နေပြီ၊ အစ်ကို့ကို တွေ့ချင်လို့တဲ့"

မဆောင်းခင်၏စကားကြောင့် စံလုံးညို၏မျက်နှာမှာ သုန်သုန်မှုန်မှုန်ဖြစ်နေသည်။

"ဆောင်းခင် နင်ရူးသွားပြီ၊ မောင်ညိုက ငါ့မျက်စိရှေ့မှာတင် သေသွားတာ၊ အခု ပြန်ရောက်နေပြီဆိုတော့ မဖြစ်နိုင်တာ၊ သွားစမ်းပါဟယ်၊ အရူးမ"

"ကျွန်မ တကယ်ပြောတာ ကိုစံလုံးညို"

"ဟာ သွားစမ်း"

မဆောင်းခင် အိပ်ပျော်နေရာမှ လန့်နိုးသွားသည်။ အိပ်မက်ကို ပြန်တွေးပြီး စိတ်မကောင်းဖြစ်နေမိသည်။

"အခု မောင်ညိုနဲ့မတွေ့ရသေးပေမယ့် မောင်ညို မသေသေးဘူးဆိုတာ သိရတော့ အစ်မ သိပ်ဝမ်းသာနေမိတယ်၊ မောင်ညိုကို အမြန်ဆုံးတွေ့ပါရစေလို့ အချိန်တိုင်း ဆုတောင်းနေမိတယ်"

"အစ်မက နေမကောင်းဖြစ်နေတာ မဟုတ်လား။ ကိုမောင်ညိုကို ပြန်တွေ့မှာပါ၊ အချိန်လည်း ညဉ့်နက်လာပြီ အစ်မ အနားယူတော့"

"အေးပါကွယ်၊ ညီမလေးတို့ သားအဖက အစ်မကို ကူညီနေ





တာ ကျေးဇူးတင်မဆုံး ဖြစ်ရပါတယ်"

"ရပါတယ် အစ်မရယ်၊ ကူညီခွင့်ကြုံလို့ ကူညီရတာပဲလို့ သဘောထားပါတယ်၊ အစ်မလိုအပ်တာကို ပြောပါ၊ ကျွန်မ ကူညီမှာပါ"

■ ■ ■

စောဖတုံးနှင့်ဩဂတ်စတင်းတို့သည် မနက်မိုးလင်းသည်နှင့် မြစ်ကြောင်းအတိုင်း ဆန်တက်ခဲ့ကြသည်။

စောဖတုံးကပဲ့ကိုင်သည်။ ဩဂတ်စတင်းက သူတွေ့ခဲ့သော ကမ်းသည် မြစ်၏အပေါ်ပိုင်းတွင် ပြန်လည်ပေါ်လာရမည်ဟု တွက်ဆထားသည်။

မှန်ပါသည်။

ဩဂတ်စတင်းတွက်ဆထားသကဲ့သို့ လမ်းကလေးသည် မြစ်၏အထက်ပိုင်း တစ်နေရာသို့အရောက်တွင် ပြန်ပေါ်လာသည်၊ လမ်းကလေးသည် (၅)ဖာလုံခန့်အကွာအဝေးအထိ မြစ်နှင့်ယှဉ်နေသည်။

စောဖတုံးတို့က လှေငယ်ကို မြစ်ကမ်းဘေးတွင် ကပ်ပြီး နီးစပ်ရာသစ်ပင်တွင် ကြိုးချည်ထားခဲ့သည်။ လမ်းကလေးအတိုင်း လိုက်လာခဲ့သည်။ သူတို့နှစ်ဦးသည် ဗိုက်ထဲတွင် ဆာလောင်နေကြပေမယ့် အနားမယူကြ။ စိတ်ကို မြဲသိပ်ထားပြီး ဆက်လျှောက်လာခဲ့ကြသည်။

သူတို့သည် မည်သည့်တိရစ္ဆာန်နှင့်မျှ မတွေ့ရသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



သားရဲတိရစ္ဆာန်များအပေါ် ကြောက်နေသည့်စိတ်မှာ မပျောက်ကြပေ။

ညနေဘက်သို့ရောက်သောအခါ လမ်းမှာဆုံးသွားတော့သည်။ သူတို့သည် အနီးပတ်ဝန်းကျင်ရှိ ကျောက်တောင်များ၊ သစ်ပင်ကြီးများကိုလှည့်ပတ်ကြည့်ရှုသည်။

စောဖတုံးက ကျောက်တောင်ခြေရင်း သစ်ပင်ရိပ်တွင် သစ်ဝါးအခြောက်များကိုစုပုံပြီး မီးဖိုသည်။ သားရဲတိရစ္ဆာန်တို့၏အန္တရာယ်ကို ကြောက်ရွံ့သောကြောင့် ဖြစ်သည်။ မီးဖိုထားလျှင် ခြင်အကိုက်လည်းသက်သာသည်။ ဩဂတ်စတင်းက ဝါးလုံးစိမ်းများကို ခုတ်၍စုပုံထားသည်။ ဘူးတရားက တောထဲတွင် ကျားရှိသည်ဟုပြောသဖြင့် သူတို့နှစ်ယောက်ကြောက်နေကြသည်။

ဘူးတရားက သစ်တောကမ္ဘာတွင် အမှုထမ်းဖူးသဖြင့် တောထဲတွင် ကျားသစ်ပေါ်များသည်ဟုလည်း ဆိုသည်။ ကြောက်တတ်သူကိုပို၍ကြောက်အောင် ဖြချောက်သလိုဖြစ်နေသည်။

ညနေမှောင်ရိပ်သန်းလာလျှင် ဘူးတရား၏သမီး ဂျမီလာ ချက်ပြုတ်ပေးလိုက်သော ကောက်ညှင်းထမင်းနှင့် ငါးခြောက်ဖုတ်ကို ညစာအဖြစ်သူတို့နှစ်ယောက် စားကြသည်။ ကောင်းကင်ပေါ်တွင် လမင်းကြီးက ထိန်ထိန်သာနေသည်။

"စောဖတုံး လရောင်က ပတ်ဝန်းကျင်ကို အထင်းသား မြင်နေ





ရတာပဲ၊ ငါတို့ခရီးဆက်ကြရအောင်၊ ထိုင်ပြီးစကားပြောနေရင် အချိန်ကုန်တာပဲရှိမယ်၊ ငါတို့သွားလာရင်း အိပ်ချင်လာတော့မှ ရောက်တဲ့နေရာမှာ စခန်းချပြီး အိပ်စက်ကြတာပေါ့"

ဩဂတ်စတင်းက ပြောသည်။

"အေး ငါကလည်း ပြောမလို့၊ မင်းသိပ်ပင်ပန်းနေတယ်အောက်မေ့ပြီး မပြောတာ"

"ငါတို့ စိတ်တူနေမှပဲ၊ ခရီးဆက်ရအောင်"

စောဖတုံးနှင့် ဩဂတ်စတင်းက မီးပုံကိုငြိမ်းသတ်လိုက်သည်။ ထို့နောက် သူတို့သည် ကျောပိုးအိတ်များကို ပြန်လွယ်ပြီး လမ်းအဆက်ကိုရှာဖွေကြည့်သည်။

သူတို့သည် တောင်ကုန်းလေးတစ်ခုကို ကျော်ဖြတ်ကြည့်သည်။ ထိုအခါ စောစောကထက်ကျယ်သော လူသွားလမ်းကိုတွေ့ရသည်။ သူတို့သည် ခရီးဆက်ခဲ့ကြပြန်သည်။

မြစ်လက်တက်နှစ်ခုသို့ ရောက်လာသည်။ သူတို့သည် မည်သည့်မြစ်လက်တက်သို့ ဆက်လိုက်ရမှန်းမသိဖြစ်သွားကြသည်။ ထို့ကြောင့် သူတို့သည် ရောက်သည့်နေရာတွင် တစ်ညတာ စခန်းချရန် ဆုံးဖြတ်လိုက်ကြသည်။

နောက်တစ်နေ့နံနက်တွင် မည်သည့်မြစ်လက်တက်သို့ ဆက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သင့်ကြောင်း စောဖတုံးနှင့်ဩဂတ်စတင်းတို့ဆွေးနွေးကြသည်။

နောက်ဆုံးတွင် လက်ဝဲဘက်မြစ်လက်တက်ကို ဆက်လိုက်ရန် ဆုံးဖြတ်လိုက်ကြသည်။

ထိုခရီးကား သူတို့အတွက် ပင်ပန်းလွန်းလှသည်။

သူတို့သည် ခရီးဆက်ရင်း တစ်နေကုန်၍ တစ်မိုးချုပ်သောအခါ မီးဖိုပြီး ခြေပစ်လက်ပစ်အိပ်ပစ်လိုက်ကြသည်။

နောက်တစ်နေ့ နံနက်တွင် သူတို့ခရီးဆက်ခဲ့ကြပြန်သည်။ လမ်းခရီးတွင် ကိုမောင်းညိုတို့တွေ့ခဲ့သည်ဆိုသော ကျောက်ဂူကြီးကို မတွေ့ရသေးချေ။

သူတို့နှစ်ဦးသည် စိတ်ဓာတ်များကျလာကြသည်။ ပို၍ဆိုးသည်မှာ စောဖတုံး အပြင်းဖျားခြင်းပင်ဖြစ်သည်။ စောဖတုံးသည် တစ်ညနှင့် နောက်တစ်နေ့လုံး တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူကာ အဖျားတက်နေသည်။ ဩဂတ်စတင်းက မဆောင်းခင်ပေးလိုက်သော အဖျားပျောက်ဆေးများကို စောဖတုံးအား တိုက်သည်။

''ငှက်ဖျားက တော်တော်ကြမ်းတာပဲ၊ အဆစ်အမြစ်တွေ ပြုတ်ထွက်လုမတတ် ကိုက်ခဲနေတယ်၊ တစ်ကိုယ်လုံးချမ်းလိုက်ပူလိုက်နဲ့''

စောဖတုံးကလည်း ညည်းညူရင်း ဝေဒနာကိုခံစားနေရသည်။ ဩဂတ်စတင်းကလည်း စောဖတုံးကို နာရီပိုင်း၍ဆေးတိုက်နေသည်။





ဘယ်မှမသွားဘဲ ဂရုစိုက်သည်။ တစ်ညလုံးမအိပ်ဘဲ ထိုင်စောင့်နေသည်။

''ဩဂတ်စတင်း မင်းလည်းပင်ပန်းနေတာပဲ အိပ်လိုက်ဦး။ ငါ လိုအပ်တော့ ပြောမှာပေါ့''

''ရပါတယ်၊ စောဖတုံး၊ မင်းသက်သာရဲ့လား၊ ငါတို့နေ့စဉ်ရက်ဆက်နေပူထဲမှာ ခရီးသွားနေတာဆိုတော့ ဖျားတော့တာပေါ့''

''မဆောင်းခင်က သူ့ချစ်သူကိုသိပ်တွေ့ချင်နေရှာတာ၊ သူ့ကိုသနားလို့ ကိုမောင်းညိုကိုလိုက်ရှာပေးနေတာ''

''ဟုတ်ပါတယ် ငါကလည်း မင်းကိုခင်မင်မှုနဲ့သူ့ကိုကူညီနေတာ''

''ကိုမောင်းညို မသေဘူးဆိုတာ သိနေတော့ တွေ့အောင်ရှာချင်နေမိတယ်၊ မကြာခင်မှာ ကိုမောင်းညိုကိုတွေ့လိမ့်မယ်လို့ ငါယုံကြည်နေမိတယ်၊ အလှမ်းမဝေးတော့ပါဘူး''

''မင်းလည်း အိပ်ပါ ဩဂတ်စတင်း''

နောက်တစ်နေ့ နံနက်တွင် စောဖတုံးက အဖျားကျသွားသည်။ တစ်ရက်ခန့်နားနေပြီးမှ ခရီးဆက်ကြမည်ဟု စောဖတုံးက ဩဂတ်စတင်းကို ပြောသည်။

''ကျောက်ဂူကြီးကိုမတွေ့ဘဲ မဆောင်းခင်ကို မျက်နှာချင်းဆိုင်ရမှာ ငါရှက်မိတယ်၊ ဒီတော့ ကျောက်ဂူကြီးကို ငါ မတွေ့တွေ့အောင်



www.burmeseclassic.com

www.burmeseclassic.com



ရှာချင်တယ်၊ ငါတို့ ဖွဲ့မလျှော့မှဖြစ်မှာနော် ဩဂတ်စတင်း''

''စိတ်ချပါ စောဖတုံးရယ် ငါကလည်း မင်းပြောပြတဲ့ ကျောက်ဂူကြီးကိုတွေ့ချင်နေတာ''

■ ■ ■



အခန်း (၅)

မရှာဘဲတွေ့တဲ့ ရေသဖန်းပင်

တောခရီးလမ်းက တဖြည်းဖြည်းနှင့်ကြမ်းသည်ထက်ကြမ်းလာသည်။

စောဖတုံးတို့နှစ်ယောက်မှာ လမ်းကြမ်းသည်က တစ်ကြောင်း မောပန်းသည်က တစ်ကြောင်းတို့ကြောင့် ယခင်ကဲ့သို့ ခရီးကို ခရီးလမ်းတွင်ကျယ်စွာ မသွားနိုင်ကြတော့ချေ။

တောက မသိမသာကြဲလာသည်။ သူတို့သည် ခရီးဆက်ရင်းရှေ့တွင် ကျောက်တောင်တစ်တောင်ကို အမှတ်မထင်တွေ့လာရသည်။ သူတို့သည် တောင်ခြေတွင် ရပ်ရင်းအခြေအနေကို အကဲခတ်သည်။ အမှတ်အသားများကို ရှာဖွေကြည့်သည်။

''ဟို ဟိုမှာကြည့်စမ်း ဩဂတ်စတင်း''



www.burmeseclassic.com

www.burmeseclassic.com



စောဖတုံးက ဝမ်းသာအားရနှင့်လက်ညှိုးထိုးပြသည်။ သူ့လက်ညှိုးထိုးပြသောနေရာတွင်ကား သဖန်းပင်ကြီးတစ်ပင်။

''သစ်သားပြားပေါ်မှာ ရေးထားတဲ့ သဖန်းပင်ကြီးဆိုတာ ဒီရေသဖန်းပင်ကြီးလား''

ဟု စောဖတုံးက ပြောသည်။

''ဟုတ်လိမ့်မယ်ထင်တယ်''

ဩဂတ်စတင်းကလည်း ထောက်ခံစကားဆိုသည်။

စောဖတုံးတို့သည် တောင်ပေါ်သို့တက်လာကြသည်။ တောင်ပေါ်သို့တက်ရင်း မိုးချုပ်လာသဖြင့် သူတို့နှစ်ဦးသည် တောင်ခါးပန်းတွင် စခန်းချကြသည်။

နောက်တစ်နေ့နံနက်တွင် သူတို့နှစ်ဦးသည် တောင်ပေါ်သို့ ခရီးဆက်ခဲ့ကြပြန်သည်။ တောင်ပေါ်သို့တက်ရာလမ်းသည် မတ်စောက်နေရာမှ ဆင်ခြေလျှောဖြစ်ကာ ပြေးတက်လို့ပင်ရနေသည်။

ခရီးကို ဆက်လက်ထွက်ခွာလာခဲ့ရာ တစ်နေရာသို့အရောက်တွင် တဲအိမ်အချို့ကို မမျှော်လင့်ဘဲတွေ့ရသည်။

ရွာကလေးသည် လူသူမရှိဘူးဟု ထင်ရလောက်အောင် တိတ်ဆိတ်နေရာမှ ခွေးဟောင်သံက ပေါ်ထွက်လာသည်။ ထို့နောက် တဲအိမ်များနှင့်ခြုံပုတ်များကြားမှ လူအချို့ထွက်လာကြသည်။





စောဖတုံးနှင့်ဩဂတ်စတင်းတို့က သူတို့တွင် မည်သည့်လက်နက်မှမပါကြောင်း လက်များကို မြှောက်ရမ်းပြသည်။ ရွာသားအချို့သည် သူတို့အနီးသို့ကပ်လာကြသည်။

စောဖတုံးနှင့်ဩဂတ်စတင်းတို့က သူတို့ကို စကားပြောကြည့်သည်။ မေးခွန်းများမေးကြည့်သည်။ သို့သော် ရွာသားများက အဖြေမပေး။

စောဖတုံးက စာရွက်နှင့်ခဲတံကိုထုတ်ပြီး ကျောက်တောင်ပေါ်တွင် ဂူကြီးတစ်လုံးရှိနေသည်ကို ပုံဆွဲပြသည်။ လူတစ်ယောက်လဲနေသည်ကိုပုံဆွဲပြသည်။ သို့သော် ရွာသားများက နားလည်ပုံမပေါ်။

စောဖတုံးတို့က သကြားလုံးများထုတ်ပေးသည်။ ကလေးများက သကြားလုံးလိုချင်၍ရှေ့သို့ထွက်လာကြသည်။ လူကြီးများက သူတို့ကို စိတ်ဆိုးစွာဖြင့် ပြန်လာရန်ခေါ်သည်။

ပထမဆုံးအနေဖြင့် သူတို့၏စကားပြောသံပေါ်ထွက်လာသည်။ စောဖတုံးတို့သည် ကလေးများကို သကြားလုံးများပစ်ပေးပြီး ခရီးဆက်ခဲ့ကြသည်။

''ဒီရွာလေးဟာ ကိုမောင်းညိုတို့ ကျောက်ဂူကြီးကိုမတွေ့မီ နောက်ဆုံးတွေ့ခဲ့တဲ့ရွာလေး ဖြစ်ကောင်းဖြစ်နိုင်တယ်''

စောဖတုံးက သူ၏ထင်မြင်ချက်ကို ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုနေ့တွင်လည်း သူတို့နှစ်ယောက်သည် ကျောက်ဂူကြီးကိုမတွေ့။ တစ်နေကုန်ခဲ့ရပြန်သည်။

သူတို့သည် သဖန်းပင်ကြီးတစ်ပင်အနီးတွင် တစ်ညတာ စခန်းချကြသည်။ သဖန်းပင်ကြီး၏ခပ်မြင့်မြင့်သစ်ကိုင်းနှစ်ကိုင်းကြားတွင် ဝါးဖြင့်လုပ်ထားသော အိမ်ကလေးတစ်အိမ်ကို တွေ့ရသည်။

"ဒါဟာ တောစောင့်နတ်တွေအတွက် လူတွေကဆောက်ထားတဲ့အိမ်လေးတစ်အိမ်ဖြစ်မယ်"

စောဖတုံးက ဩဂတ်စတင်းကို ရှင်းပြသည်။

သူတို့နှစ်ဦးသည် ပင်ပန်းလှပြီဖြစ်၍ ညစာစားပြီး ခဏလဲလျောင်းသည်နှင့်အိပ်မောကျသွားသည်။

သန်းခေါင်ယံခန့်တွင် စောဖတုံးက လန့်နိုးလာသည်။ သူ့စိတ်ထဲတွင် ကြောက်လန့်စိတ်များလွှမ်းမိုးနေသည်။ ဘယ်အတွက်ကြောင့် ဘာအကြောင်းကြောင့် ကြောက်လန့်နေမိသည်ကို စောဖတုံးကိုယ်တိုင်စဉ်းစားမရ။

ညဥ့်ကားတိတ်ဆိတ်ငြိမ်သက်နေသည်။ သစ်ကိုင်းများကြားမှ ပြိုးပြိုးပျက်ပျက်လက်နေသည့် ကြယ်များကိုတွေ့ရသည်။ ဩဂတ်စတင်းကလည်း ထထိုင်နေသည်ကို စောဖတုံးက တွေ့ရသည်။

"အိပ်မပျော်လို့ ထထိုင်နေတာလား ဩဂတ်စတင်း၊ ငါကတော့





အိပ်ပျော်ရင်းက လန့်နိုးတာ၊ ကြက်သီးတွေထနေတယ်"

"တစ်ယောက်တစ်ယောက်က ကျွန်တော်တို့ကို စောင့်ကြည့်နေသလိုပဲ"

ဩဂတ်စတင်းက ပြောသည်။

"မင်း စိတ်ထဲက ထင်နေလို့ဖြစ်မှာပါ"

"မဟုတ်သေးဘူး သူတကယ်ရှိနေတယ်"

"ကဲ ဒါဖြင့် သူဘယ်မှာလဲ"

"ကျွန်တော်လည်း အိပ်ရာက ထလိုက်ရော သူထွက်ပြေးသွားတယ်"

"ရှာသားတစ်ယောက်များလား ဩဂတ်စတင်းရယ်"

"အဲဒါတော့ ငါလည်း မသိဘူး"

ထိုညအဖို့ သူတို့နှစ်ယောက်စလုံးအိပ်မပျော်တော့ချေ။ သို့သော် မိုးလင်းသောအခါ ညကကိစ္စနှင့်ပတ်သက်၍ သူတို့နှစ်ဦး ဘာမှမပြောကြတော့ချေ။

စောဖတုံးက သဖန်းပင်ကြီး၏တဝိုက်ကို လှည့်ပတ်ကြည့်ရှုနေသည်။ သူသည်သဲလွန်စကိုရှာနေခြင်းဟု ဩဂတ်စတင်းက နားလည်သည်။

"ဒီမှာ လာကြည့်စမ်း ဩဂတ်စတင်း"



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာလျှင် စောဖတုံးက ဝမ်းသာအားရ လှမ်းခေါ်သည်။ ဩဂုတ်စတင်းက စောဖတုံးထံသို့သွားသည်။

စောဖတုံးက သဖန်းပင်ကြီး၏ပင်စည်တစ်နေရာကို လက်ညှိုးထိုးပြသည်။ ပင်စည်ပေါ်တွင်ကား ချွန်ထက်သောအရာဝတ္ထုနှင့်ထွင်းထား ရေးထားသည့် စာများကိုတွေ့ရသည်။ စာများမှာ မှုန်မွှားမွှားပျောက်ကွယ် လုလုရှိနေသဖြင့် စောဖတုံးက ကြိုးစားပြီးဖတ်ယူရသည်။

“ဒီအနီးအနားမှာ နေသွားသည်။

ဘယ်အတွက်ကြောင့်နေသည်ကို

နတ်များသိသည်။”

စောဖတုံးနှင့်ဩဂုတ်စတင်းတို့က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြသည်။

ထို့နောက် သူတို့တွင် ပါလာသော ဓားများဖြင့် မြေကြီးကို စတင်တူးလေတော့သည်။ မြေကြီးက မာလွန်းသဖြင့် သူတို့တူးနေသည်မှာ အရာမရောက်လှ။ ပင်ပန်းခြင်းသာ အဖတ်တင်သည်။

ခဏကြာလျှင် စောဖတုံးက မြေကြီးတူးနေခြင်းကို ရပ်ပြီး မတ်တပ်ထရပ်လိုက်သည်။ ဩဂုတ်စတင်းက စောဖတုံး၏မျက်နှာကို ကြည့်နေသည်။

“ဩဂုတ်စတင်း ငါတို့လက်နဲ့မလုပ်ဘဲ ဦးနှောက်နဲ့အလုပ်





လုပ်ကြရအောင်”

ဩဂုတ်စတင်းက စာကို ဒုတိယအကြိမ်ဖတ်သည်။

“အင်း ကျောက်ဂူထဲမှာ ရေးထားတဲ့စာတန်းလိုပဲ၊ အဓိပ္ပါယ် အတိအကျကောက်လို့ မရဘူး”

ဩဂုတ်စတင်းက ညည်းညည်းညူညူပြောသည်။ စောဖတုံးက ခေါင်းကိုကုတ်ရင်း စဉ်းစားနေသည်။

“သဘောကတော့ စာတမ်းနဲ့ပတ်သက်ပြီး မသက်ဆိုင်သူတွေ နားလည်သွားမှာစိုးရိမ်လို့ ဖြစ်ရမယ်”

ဩဂုတ်စတင်းက သဖန်းပင်ကြီးကို မော့ကြည့်လိုက်သည်။ သူ့ မျက်လုံးများသည် နတ်ကွင်းထံသို့ရောက်သွားသည်။

“ဒီစာရဲ့ဆိုလိုရင်းကို ဘယ်လိုလူမျိုးမှ သိနိုင်မှာမဟုတ်ဘူး”

ဩဂုတ်စတင်းက ပြောပြောဆိုဆိုနှင့်သစ်ပင်ကြီးပေါ်သို့ ရေးကြီးသုတ်ပျာ တက်သွားသည်။ စောဖတုံးက ဩဂုတ်စတင်းကို တအံ့တဩ ငေးကြည့်နေမိသည်။ ဩဂုတ်စတင်းတက်သွားသော နတ်ကွန်းကို မြင်သည်။

ဩဂုတ်စတင်းက နတ်ကွန်းထဲသို့ လက်နှိုက်ပြီး တစ်စုံတစ်ရာကို လှမ်းယူလိုက်သည်။ သူ့လက်ထဲတွင် သံချေးတက်နေသော သံဘူး အသေးတစ်ဘူးပါလာသည်။ ဩဂုတ်စတင်းက စောဖတုံးကို လှမ်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သစ်ပင်ပေါ်မှ အလျင်အမြန်ဆင်းလာသည်။

သံဘူးလေးမှာ စီးကရက်ထည့်သည့် သံဘူးဟောင်းဖြစ်သည်။ သံချေးများတက်နေသဖြင့် ဩဂုတ်စတင်းက ခက်ခက်ခဲခဲဖွင့်ရသည်။

စီးကရက်သံဘူးလေး ပွင့်သွားသည်။ ဘူးထဲတွင် စာတစ်စောင်ကိုတွေ့ရသည်။ မညီညာသော လက်ရေးဖြင့် ရေးသားထားသည်။ စာကို ဖတ်ကြည့်မိသောအခါ

အရှေ့ဘက် (၁၀)မိုင်ခန့်အကွာအဝေးသို့ မှန်းဆမိပါတယ်။ အဲဒီနေရာက တောင်ပေါ်မှာ မောင်ညိုကို ခြေကျိုးလျက်ထားခဲ့ရပါတယ်။ ဒီသံဘူးထဲက စာကိုတွေ့သူများ မောင်ညိုကို ကယ်တင်ပြီး ဆေးဝါးကုသပေးကြပါ၊ ကျောက်ဂူကြီးရှိရာသို့ အမြန်ဆုံးသွားကြပါ

စာက ဒါပဲဖြစ်သည်။

"ကိုမောင်ညိုကိုထားခဲ့ပြီး ခရီးဆက်လက်ထွက်လာတာ ငါးယောက်လို့ မဆောင်းခင်က ပြောတယ်၊ ဒီငါးယောက်ထဲက တစ်ယောက်ယောက်က ရေးပြီး သံဘူးထဲမှာထည့်ခဲ့တာဖြစ်မယ်"

စောဖတုံးက ပြောသည်။

"စောဖတုံးရယ် မင်းထင်တာမှန်တယ်ပဲထားပါဦး၊ တောတွင်းထဲသွားလာနေတဲ့သူတွေမြင်သာအောင် သံဘူးထဲထည့်ထားခဲ့တဲ့စာဟာ ဘယ်နှယ်ကြောင့် နတ်ကွန်းပေါ်ကို ရောက်နေရတာလဲ"





စောဖတုံးနှင့်ဩဂုတ်စတင်းတို့ စဉ်းစားနေကြသည်။

"အေး အဲဒါကတော့ ဟုတ်တယ်၊ ဒီအချက်ကတော့ တွေးရင်းတွေးရင်း ဦးနှောက်လည်သွားတယ်"

"အဟုတ်ပဲဗျာ၊ ကိုမောင်ညိုရဲ့အစ်ကို စံလုံးညိုက သူညီဟာ ကျောက်တောင်ပေါ်က လိမ့်ကျပြီး ခြေထောက်နှစ်ဖက်စလုံး ကျိုးသွားတယ်၊ ပါးစပ်ထဲက သွေးတွေအန်ပြီး သူ့လက်ပေါ်မှာ သေဆုံးသွားတာလို့ မဆောင်းခင်ကို ပြောပြခဲ့တယ်၊ ဒီစာထဲမှာ ကိုမောင်ညို ခြေကျိုးပြီး ကျန်ခဲ့လို့ ကယ်တင်ဖို့ အကူအညီတောင်းထားတာပဲ၊ အကြောင်းအရာ နှစ်ခုက ကွဲလွဲနေတယ်"

"ကွဲလွဲတာ တူညီတာက ငါတို့ကိစ္စမဟုတ်ဘူး၊ ငါတို့ကိစ္စက ကိုမောင်ညိုကို တွေ့အောင်ရှာဖို့ပဲ"

စောဖတုံးနှင့်ဩဂုတ်စတင်းတို့က အချိန်ဆိုင်းမနေဘဲ အရှေ့ဘက်အရပ်သို့ ခရီးဆက်ခဲ့ကြသည်။

သူတို့နှစ်ဦးသည် ခပ်လှမ်းလှမ်းတွင် ကျောက်တောင်ကြီးကို လှမ်းမြင်လာရသည်။ သူတို့နှစ်ဦး၏ခြေလှမ်းများမှာ ပို၍သွက်လာသည်။

သူတို့နှစ်ဦးက တောင်ခြေရင်းမှ တဆင့်အပေါ်သို့ တဖြည်းဖြည်း တက်လာခဲ့သည်။ တောင်ပေါ်သို့ရောက်သောအခါ ကျောက်ဂူဟူ၍ မတွေ့ရချေ။ သစ်ပင်ခြုံနွယ်များနှင့်သာပြည့်နှက်နေသည့် ကျောက်တုံးကြီး

www.burmeseclassic.com



များကိုတွေ့ရသည်။

သူတို့နှစ်ဦးသည် တစ်နေရာသို့အရောက်တွင် ပုရွက်ဆိတ်များ တစ်သီတစ်သန်းကြီး ဝင်သွားသည့် နေရာကိုအမှတ်မထင်မြင်မိသည်။

ဩဂတ်စတင်းက ပုရွက်ဆိပ်များသည် အပေါက်ရှိ၍ သာဝင်သွားခြင်းဖြစ်သည်ဟု ပြောသည်။

သူတို့နှစ်ဦးသည် ပုရွက်ဆိတ်များဝင်သွားသည့် နေရာကို သေချာစွာကြည့်ကြသည်။ ပုရွက်ဆိပ်များဝင်သွားရာလမ်းသည် ပျောက်နေသည်။ ဩဂတ်စတင်းက တုတ်တစ်ချောင်းဖြင့်ထိုးကြည့်သည်။ ကျောက်ခဲလုံးအနည်းငယ်ကိုထိုးမိသည်မှအပ ထူးခြားမှုမရှိချေ။

သူတို့နှစ်ဦးသည် ကျောက်တောင်အပေါ်ပိုင်းရှိ ကျောက်တုံးကြီး တစ်တုံးကို တက်ကြည့်ရန် လှေကားလိုကြောင်း နားလည်လာသည်။ ထို့ကြောင့် လာလမ်းအတိုင်း ပြန်ဆင်းပြီး ဝါးပင်များကိုခုတ်လှဲ၍ လှေကား ပြုလုပ်သည်။ ထို့နောက် လှေကားကို နှစ်ယောက်မပြီး တောင်ပေါ်သို့ ပြန်တက်လာခဲ့ကြသည်။

ကျောက်တောင်ပေါ်ရှိ ကျောက်တုံးကြီးရှိရာသို့ ဝါးလှေကားကို မနည်းထောင်ယူရသည်။ ဝါးအစိုများဖြင့်ပြုလုပ်ထားသော လှေကားဖြစ်၍ အလွန်လေးလံနေသည်။

စောဖတုံးက နွယ်ပင်များ၊ သစ်ပင်များကို ခုတ်ထွင်ရှင်းလင်း





ပြီး လှေကားမှ တဖြည်းဖြည်းတက်သွားသည်။ လှေကားဆုံးသောအခါ စောဖတုံးက အပေါက်တစ်ခုကိုတွေ့သည်။

ထိုအပေါက်မှာ ကျောက်ဂူကြီးထဲသို့ဝင်ရာအပေါက်ဖြစ်သည်။

"ဘာတွေ့ရသလဲ စောဖတုံး"

ဩဂတ်စတင်းက အောက်မှလှမ်းအော်သည်။

"ကျောက်ဂူတစ်ဂူတော့တွေ့နေပြီကွ၊ ခဏနေဦး ဩဂတ်စတင်း သေချာအောင် ငါလှေ့လာဦးမယ်"

"အထဲက မြွေပါးကင်းပါး အန္တရာယ်ကိုလည်း ကြည့်ဦး စောဖတုံး"

ပထမတွင် စောဖတုံးသည် ဂူအဝမှ တစ်ပါး ဂူအတွင်းသို့ လှမ်းမမြင်နိုင်။ ခဏကြာမှ ဂူထဲကိုမြင်နိုင်သည်။ ဂူထဲတွင် မည်သည့် အရာဝတ္ထုမှမတွေ့ရ။ ပုရွက်ဆိတ်များသွားလာနေသည်ကိုသာ မြင်ရသည်။

ဩဂတ်စတင်းကလည်း ကျောက်တောင်ပေါ်သို့တက်လာသည်။ သူတို့နှစ်ယောက်သည် ကျောက်ဂူကြီးထဲသို့ ဝင်လာခဲ့ကြသည်။

"ဒီဂူမှဟုတ်ရဲ့လား၊ စောဖတုံးရယ်"

ဩဂတ်စတင်းက ပြောသည်။

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



''အဲဒါဆိုရင်တော့ ငါတို့သိလွန်စတစ်ခုခုတော့ တွေ့ကြရမယ် ထင်တာပဲ''

''ဒီမှာကြည့်စမ်း''

စောဖတုံးက ပြောသည်။ စောဖတုံးသည် ကျောက်တုံးလေး တစ်တုံးဟုထင်ရသော အရာဝတ္ထုကို ဩဂတ်စတင်းနှင့်စကားပြောနေစဉ် ခြေထောက်နှင့်လှမ်းကန်ပစ်လိုက်သည်။ သို့သော် ထိုအရာဝတ္ထုမှာ ကျောက်ခဲမဟုတ်ဘဲ ပိန်ချိုင့်သွားသည်ကို တွေ့ရသည်။

သူတို့နှစ်ဦးသည် ထိုအရာဝတ္ထုကို ကောက်ယူကြည့်မိကြသည်။

''ထိုအရာဝတ္ထုမှာ စစ်တပ်သုံးရေဘူးလေးတစ်ဘူးဖြစ်နေသည်။ သူတို့နှစ်ဦးက ရေဘူးကိုဖွင့်ကြည့်သည်။ လွယ်လွယ်နှင့်ဖွင့်မရ။ ရေဘူး၏ ဘူးဆို့မှာ သံချေးတက်ပြီးကျပ်နေသည်။

စောဖတုံးက ဂူအပြင်သို့ ပြန်ထွက်ပြီး နေရောင်တွင် နှုတ်ခမ်း ဝကို ဓားသွားဖြင့်ဆောင့်ပြီးဖွင့်လေသည်။ ရေဘူးနှုတ်ခမ်းဝမှာ ပွင့်ထွက် လာသည်။

ရေဘူးထဲမှ စာအုပ်ငယ်လေးတစ်အုပ်ထွက်လာသည်။ တစ်ရာ ခန့်ရှိသော စာမျက်နှာများ၊ ဖောင်တိန် မှင်အနီရောင်ဖြင့် အရွယ်အစား သေးသေး ညီညာလှပစွာရေးသားထားသော စာများကိုတွေ့ရသည်။

စာအုပ်လေးမှာ မဆောင်ခင်၏နာမည်တပ်ထားသော မှတ်တမ်း





စာအုပ်ကလေးဖြစ်သည်။

စာအုပ်၏ အစပိုင်းတွင် ဖက်ဆစ်ဂျပန်အကျဉ်း စခန်းတွင် ကြုံတွေ့ခဲ့ရသည်များ၊ သည့်နောက် အကျဉ်းစခန်းမှထွက်ပြေးခဲ့သည့် ခရီးလမ်းကြောင်း၊ ကျောက်ဂူကြီးထဲသို့ရောက်ခဲ့ရပုံအကြောင်းများကို ရေးသားထားသည်။ စာအုပ်မှာမဆုံးသေး။ သူတို့နှစ်ဦးက ဂူအပြင်သို့ထွက် ၍ နေရောင်ခြည်အောက်တွင် ထိုင်ကာ တစ်မျက်နှာပြီးတစ်မျက်နှာ ဖတ်ကြည့်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

## ဝဋ်ကြွေးမလွတ်တဲ့ မောင်းညို

မဆောင်းခင်က ကျန်းမာရေး ကောင်းမွန်လာသည်။ ဦးဘုန်းတရား၏သမီး ဂျမီလာကလည်း မဆောင်းခင်အပေါ် ခင်မင်စိတ်ဖြင့် အစစအရာရာ ကူညီဆောင်ရွက်ပေးသည်။ ဦးဘုန်းတရားက ကရင်ဆေးဆရာတစ်ဦးကိုခေါ်လာပြီး မဆောင်းခင်ကို ကုသပေးသည်။

ဂျမီလာက မဆောင်းခင်ကို ဘာစားချင်သလဲမေးပြီး ချက်ပြုတ်ကျွေးသည်။ မဆောင်းခင်ထံမှ မြန်မာဟင်းချက်နည်းကို သင်ယူသည်။ ညနေတွင် ထမင်းစောစောစားပြီး မြစ်ကမ်းနားတွင် နှစ်ယောက်အတူ လမ်းလျှောက်ကြသည်။

မဆောင်းခင်က သူနှင့်သူ့ချစ်သူမောင်းညိုတို့၏ ယယ်စဉ်တုန်းက အကြောင်းများကို ဂျမီလာအားပြောပြသည်။





စောယတုံးနှင့်ဩဂတ်စတင်းတို့သည် တောင်ကုန်းပေါ်မှ ကျောက်ဂူကြီးကိုရှာဖွေမတွေ့သဖြင့် စိတ်ပျက်ပြီး နေရပ်သို့ ပြန်သွားကြလေပြီလား။

မဆောင်းခင်၏ခေါင်းထဲတွင် အတွေးပေါင်းစုံက ရှုပ်ထွေးနေသည်။ ဂျမီလာက စိတ်အားမငယ်ဖို့သူ့ကိုပြောသည်။

တစ်နေ့တွင် ဘုန်းဆရာအားက တောတွင်းထဲတွင် သွားလာကာ တရားအားထုတ်ကျင့်ကြံနေသော ဘုန်းကြီးတစ်ပါးကို ဆွမ်းကပ်ရန် လှေကြီးပေါ်သို့ပင့်လာသည်။ မဆောင်းခင်နှင့်ဂျမီလာတို့က ဆွမ်းဟင်းချက်ပြုတ်ပြီး ဆက်ကပ်သည်။

မဆောင်းခင်က တောတွင်းထဲမှ ကျောက်ဂူကြီးအကြောင်းကို ဆရာတော်အား မေးလျှောက်သည်။ ဆရာတော်က ဒကာမလေး ဘာကြောင့် သိချင်တာလဲဟုမေးသည်။ မဆောင်းခင်က မောင်းညိုအကြောင်းကို လျှောက်တင်လိုက်သည်။ သည်တော့ ဆရာတော်က မောင်းညိုသည် ဟိုးဘဝက ပြုလုပ်ခဲ့သောမကောင်းမှုကံကြောင့် သည်ဘဝတွင် ဝဋ်ကြွေးကိုပေးဆပ်နေရခြင်းဖြစ်သည်ဟု မိန့်သည်။

"အတိတ်က ကောင်းတာလုပ်ခဲ့ရင် ဒီဘဝမှာ ကောင်းတဲ့အကျိုးခံစားရမယ်၊ မကောင်းတာလုပ်ခဲ့ရင်တော့ အဲဒီ ဝဋ်ကြွေးကို မလွဲမသွေ ပေးဆပ်ရမှာပဲ၊ ဒကာမလေးနှစ်ယောက်က ဘုန်းကြီးကိုဆွမ်းဟင်းချက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဆက်ကပ်ခဲ့တဲ့အလှူရှင်တွေဆိုတော့ ကောင်းမှုအကျိုးနဲ့ မကောင်းမှုအကျိုးကို သိအောင် ဘုန်းကြီးပြောပြမယ်–

■ ■ ■

ဒီကမ္ဘာမှာ ပြန်လည်ရေတွက်မည်ဆိုပါလျှင် (၉၁)ကမ္ဘာအထက် သက်တော်ရှစ်သောင်းရှည်ကြသည့် ဝိပဿီမြတ်စွာဘုရားရှင် လက်ထက်တော်အခါက ဖြစ်သည်။

ထိုခေတ်အခါက အချိန်က နေပြည်တော်၏အမည်မှာ'ဗန္ဓုမတီ' အုပ်ချုပ်သည့်မင်းကား 'ဗန္ဓုမ' ဟုအမည်ရသည်။ ဗန္ဓုမမင်းသည် ဝိပဿီဘုရားရှင်၏ခမည်းတော်လည်းဖြစ်သည်။

တစ်နေ့သောအခါ ဝိပဿီဘုရားရှင်သည် နောက်ပါသံဃာတော်ပေါင်း တစ်သိန်းရှစ်သောင်းအားခြံရံလျက် ဗန္ဓုမတီတိုင်းပြည်သို့ ကြွချီတော်မူလာသည်။ ဝိပဿီဘုရားရှင်နှင့်သံဃာတော်အပေါင်း ကြွချီတော်မူလာရာလမ်းတစ်လျှောက်သည် ကျက်သရေမင်္ဂလာတို့နှင့် ဖုံးလွှမ်းနေသည်။ ဘုရားရှင်၏တန်ခိုးတော်ကြောင့်ဖြစ်သည်။

ထိုသတင်းကို ဗန္ဓုမဘုရင်ကကြားသိလေလျှင် မြို့သူမြို့သားတို့အားခေါ်၍ ဆွမ်းအလုပ်အကျွေးပြုရအောင် ချက်ချင်းဆောင်ရွက်စေသည်။ နန်းတော်သူ နန်းတော်သား၊ မိဖုရားများက တစ်နေ့တစ်လှည့်စီ ဆွ ံးကျွေးကြရန် တိုင်ပင်ဆုံးဖြတ်ကြသည်။





ပထမနေ့တွင် ဗန္ဓုမဘုရင်က ဘုရားရှင်နှင့်သံဃာတော်အပေါင်းတို့အား ဆွမ်းခဲဖွယ်အစုံအလင်နှင့်ဆက်ကပ်လှူဒါန်းသည်။ တိုင်းသူပြည်သားများက ဘုရင်လှူသည့်အလှူကိုကြည့်ပြီး နောက်တစ်နေ့တွင် ဘုရင်ထက်သာအောင် ဟင်းလျာအမျိုးမျိုးကို ချက်ပြုတ်လှူဒါန်းကြသည်။

ဘုရင်ကလည်း တိုင်းသူပြည်သားများဆက်ကပ်ရာတွင် မပါဝင်သေးသည့် စားသောက်ဖွယ်ရာများကို ချက်ပြုတ်စေပြီး ဆက်ကပ်လှူဒါန်းသည်။ ထိုသို့ တစ်နေ့ပြီးတစ်နေ့ ဘုရင်နှင့်ပြည်သူပြည်သားတို့သည် အလှူပြိုင်ပွဲဆင်နွှဲလာကြရာ မည်သူကမည်သူ့ကိုမှမနိုင်ဘဲရှိနေသည်။

တိုင်းသူပြည်သားတစ်ယောက်က

''ငါတို့ကျွေးမွေးလှူဒါန်းရာမှာလည်း မပါ၊ အရှင်မင်းကြီး ကျွေးမွေးလှူဒါန်းရာမှာလည်း မပါသေးတဲ့ စားသောက်ဖွယ်ရာတစ်မျိုးကို စဉ်းစားကြစမ်းပါဦး''

ဟု ဆိုသည်။

တိုင်းသူပြည်သားများက ဝိုင်းဝန်းစဉ်းစားနေကြသည်။

''အင်း ရိုးတာဆန်းတာက အဓိကမဟုတ်ပါဘူး၊ မီးနဲ့လည်း ကျိုချက်စရာမလိုဘဲ ပျားရည်ကို ဘုရားရှင်နဲ့သံဃာတော်အပေါင်းကို ဆက်ကပ်လှူဒါန်းရင် မကောင်းပေဘူးလား၊ ထောပတ် နို့ဓမ်း၊ မလိုဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာတွေက ဆပ်ကပ်တိုင်း အချိုပွဲမှာအမြဲပါနေတာပဲ၊ ပျားရည်သက်သက်ကတော့ ငါတို့လျှုတဲ့အထဲမှာ မပါသေးဘူး၊ အရှင်မင်းကြီးလှူတဲ့အထဲမှာလည်း မပါသေးဘူး၊ ဒီစားသောက်ဖွယ်ရာ အရသာထူးကို ငါတို့က ဦးအောင်ဆက်ကပ်နိုင်ရင်တော့ ဘုရင်ထက်ထူးတာပဲ''

ဟု တိုင်းသူပြည်သားကြီးတစ်ယောက်က အကြံပေးသည်။

''အို ကောင်းလိုက်တဲ့စိတ်ကူး၊ ထူးလိုက်တဲ့အကြံ ဝေဖန်စရာမရှိပါဘူး၊ အင်း အဘိုးအိုပြောတဲ့ အကြံကတော့ သိပါပြီ၊ ဒီလောက်များပြားလှတဲ့ သံဃာတော်တွေ ဘုဉ်းပေးသုံးဆောင်ဖို့ ပျားရည်က ဘယ်လိုရနိုင်ပါ့''

''သံဃာတော်အပေါင်း ဘုဉ်းပေးသုံးဆောင်ဖို့ ဆောင်ထားရင်တောင် အသစ်မဖြစ်နိုင်တော့ဘူး၊ လတ်လတ်ဆတ်ဆတ် ပျားရည်ဖြစ်ဖို့သာ လိုတယ်၊ ဒီတော့ မြို့တံခါးလေးပေါက်မှာ လူလေးယောက်ကျစီငွေတစ်ထောင်စီပေးပြီး စောင့်ခိုင်း၊ ပျားရည်အသစ်လာရောင်းတဲ့သူတွေ့ရင် ဈေးမဆစ်နဲ့ ရအောင်သာဝယ်ထားခဲ့ဖို့ မှာထားပေါ့''

အဘိုးအိုရဲ့အကြံပေးချက်အတိုင်း ယောကျ်ားလေးယောက်က မြို့တံခါးလေးပေါက်စီတွင် ငွေတစ်ထောင်ကျပ်စီနှင့်ပျားရည်အသစ်ကို ဝယ်ယူရန်စောင့်ဆိုင်းနေကြသည်။

ထိုသို့ မြို့တံခါးလေးပေါက်တွင် လူလေးယောက် စောင့်နေသည့်





အခါ တောရွာတစ်ရွာမှလူတစ်ယောက်သည် ပျားအုံကြီးကိုထမ်းပြီး လမ်းလျှောက်ပြီးလာသည်။

ထိုပျားအုံမှာ ရောင်းရန်မဟုတ်ဘဲ မြို့ထဲတွင် ရှိသော ရွာစားကြီးတစ်ဦးအား ရွာသားကလက်ဆောင်ပေးရန်ယူလာခြင်းဖြစ်သည်။

မြို့တံခါးတွင်စောင့်နေသော လူလေးယောက်က ပျားအုံကြီးထမ်းလာသည့် ရွာသားကိုတွေ့တော့

''ဗျို့ ရွာသား ခင်ဗျားယူလာတဲ့ ပျားအုံကြီးကို ရောင်းပါလား၊ ဘယ်ဈေးနဲ့ရောင်းမှာလဲ''

ဟု မေးကြသည်။ ရွာသားက

''ရောင်းဖို့မဟုတ်ပါဘူး ခင်ဗျာ၊ လက်ဆောင်ပေးဖို့ယူလာတာပါ''

ဟုပြောသည်။

ထိုအခါ ပျားအုံကိုဝယ်မည့်လူလေးယောက်တို့က

''လက်ဆောင်ကိုနောက်မှပေးပါလားဗျာ၊ အင့် ပျားအုံဖိုးဘစ်ကျပ်''

ဆိုပြီး ရွာသားကိုပေးသည်။ ရွာသားက

''ခင်ဗျားတို့ပေးလာတဲ့ ငွေတစ်ကျပ်က ပျားအုံကိုထမ်းလာတဲ့ အလီခတောင် မရှိတာမို့ မရောင်းပါဘူးဗျာ''



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောသည်။

ပျားရည်ဝယ်သူလေးယောက်တို့က

"အလို ကိုရှာသားရယ်၊ ကုသိုလ်ရယ်၊ ဘာရယ်သဘောထားပြီး ပေးတာမဟုတ်ပါဘူး။ မိတ်ဆွေ၊ နှစ်ကျပ်ပေးပါ့မယ် ရောင်းခဲ့ပါဗျာ"

ဟု ဝိုင်းပြောကြသည်။ ထိုအခါ ရွာသားက

"ဟာ ခင်ဗျားတို့ မြို့သားတွေက ကျုပ်တို့တောသားဆိုပြီး နှပ်တာလား၊ နှစ်ကျပ်လည်းမရပါဘူးဗျာ"

ပျားရည်ဝယ်ချင်သူတွေက သုံးကျပ်မှ တစ်ထောင်အထိ ဈေးတက်ပေးကြသည်။

"ကျုပ်တို့က ဘုရားအမှူးရှိတဲ့ သံဃာတော်များကို ဒီပျားရည် ကိုလှူဒါန်းချင်နေတာ ဆိုတော့"

ပျားအုံကို ဝယ်သူလေးယောက်တို့က နေ့စဉ်လှူနေကျ ခွဲမွယ် ဘောဇဉ်များတွင် ပျားရည်မပါသေးသဖြင့် မြို့တံခါးလေးပေါက်မှ လူလေး ယောက်ဆီမှ ငွေတစ်ထောင်ကျပ်စီဖြင့် စောင့်ဝယ်ပြီး ပျားရည်လှူဒါန်း ချင်နေပုံကို ပြောပြသည်။

ထိုအခါ ရွာသားက 'ကျုပ်ရဲ့ပျားရည်က ဘယ်လောက် တန်ဖိုးမရှိပါဘူး၊ ဘုရားနဲ့သံဃာတော်တွေကို လှူဒါန်းဖို့ဆိုရင်တော့ အလကား လှူလိုက်ပါ့မယ်ဗျာ၊ ကျုပ်ထမ်းလာတဲ့အခကို အမှုပဲပေးသော





တော့"

ရောင်းသူနှင့်ဝယ်သူနှစ်ဦး သဘောတူသွားကြသည်။ ပျားအုံ ကြီးကို အဖိုးများစွာထိုက်တန်သော ရွှေခွက်ကြီးထဲသို့ညှစ်ထည့်သည် အလွန်သန့်ရှင်းသော နို့ရည်နှင့်ပေါင်းစပ်ပြီး ဘုရားအမှူးရှိသော သံဃာ တော်များအား ဆက်ကပ်လှူဒါန်းသည်။ ဘုရားရှင်နှင့် သံဃာတော် အပေါင်းတို့ ဘုဉ်းပေးသော်လည်း မကုန်။ လူအများက စားသုံးသော် လည်း မကုန်ဖြစ်နေသည်။

ထိုပျားရည်ကို လှူဒါန်းသော အလှူရှင်သည် ရှင်သီဝလိလောင် လျာဖြစ်သည်။ ထိုသို့ ဘုရားအမှူးရှိသော သံဃာတော်တို့အား ပျားရည် လှူဒါန်းသော ကုသိုလ်ကြောင့် ရှင်သီဝလိလောင်းလျာသည် သေလွန် သောအခါ တာဝတိံသာနတ်ပြည်တွင် ပျားရည်နတ်သားဖြစ်သည်။ လာဘ် လာဘအလွန်ပေါများသော နတ်သားအဖြစ်ထင်ရှားသည်။ နတ်ထ နတ်နန်းကို စွန့်ခွာရသည့်အခါ ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီး ဓါသားတော်ဖြစ်ရပြန်သည်။

ထိုသို့ ဗြဟ္မဒတ်မင်းကြီးဓါသားတော်မဖြစ်မီ ရှင်သီဝလိလောင် သည် မယ်တော်ဓါဝမ်းကြာတိုက်၌ ခုနစ်နှစ်နှင့်ခုနစ်လ ပဋိသန္ဓေအဖြ နေရရှာသည်။

ခုနစ်ရက်တိုင်တိုင် မီးမဖွားနိုင်သေးသော မယ်တော်ဓါဝမ်းတွ

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခဝေဒနာကို သားသမီးနှစ်ယောက်စလုံး ခံစားရသည်။

ထိုသို့ ဒုက္ခဝေဒနာကို ခံစားရခြင်းမှာ ရှင်သီလဝိလောင်းသည် အတိတ်ဘဝက ပြုခဲ့သော မကောင်းမှုကံကြောင့် ဗြဟ္မဒတ်မင်း၏သားတော်ဖြစ်မည့်ဘဝတွင် ခံစားရခြင်းဖြစ်သည်။

ရှင်သီဝလိလောင်း၏ရှေးဘဝက ဖြစ်ရပ်မှာဤသို့တည်း။

လွန်လေပြီးသောအခါက ရှင်သီဝလိလောင်းသည် ဗာရာဏသီပြည်မှ ခတ္တိနွယ်ရိုး ဘုရင်မျိုးဖြစ်ခဲ့ဖူးသည်။ ခမည်းတော်နတ်ရွာစံသည့်အခါ ရှင်သီဝလိလောင်းသည် ဖခင်၏အရိုက်အရာကို ဆက်ခံရသည်။ ထီးနန်းပိုင်၍ ဘုရင်ဖြစ်လာသည့်အခါ ရှင်သီဝလိလောင်းသည် လောဘမျက်လုံးဖြင့်နယ်ချဲ့ချင်လာသည်။ တိုင်းငယ်ပြည်ငယ်မှ ဘုရင်ထံသို့ စစ်ကြေညာသည်။

မင်းတို့မာန်နှင့်ရာဇသံပေးသည့်အခါ တိုင်းငယ်ပြည်ငယ်မှ ဘုရင်သည် စစ်မက်လည်းမခင်းလို၊ တိုင်းပြည်ကိုလည်း မအပ်နိုင်ကြောင်း ပြောကြားလာသည်။ ထိုအခါ ဗာရာဏသီမင်းသည် ကြီးစွာသောဆင်အား အလုံးအရင်းနှင့်ထိုတိုင်းပြည်အား ဝိုင်းဝန်းပိတ်ဆို့ထားသည်။

ခုနစ်နှစ် ခုနစ်လကြာအောင် အစာငတ်၊ ရေငတ်အောင် ဆောင်ရွက်ပေးထားသည်။ မလွယ်ပေါက်မှသွားလာခွင့်ပေးထားသဖြင့် မြို့တွင်းသို့မြင်းစာ၊ နွားစာ၊ လူစာကို မသေရုံတမယ် စားသောက်ခွင့်



သာရကြသည်။

ဗာရာဏသီမင်း၏မယ်တော်က သားတော် တိုင်းပြည်မှထွက်ခွာသွားသည်မှာ ခုနစ်နှစ်၊ ခုနစ်လကြာသည့်တိုင် တိုင်းပြည်ငယ်အားမသိမ်းပိုက်နိုင်သည်မှာ အဘယ်အကြောင်းကြောင့်နည်းဟု မေးတော်မူသည်။ ဗာရာဏသီမင်းက မြို့တွင်းသို့မလွယ်ပေါက်မှ အစာရေစာတင်သွင်းခွင့်ပေးထားသည်ကို သိသဖြင့်

"မိုက်လိုက်သည့်သားတော်ရယ်၊ မလွယ်ပေါက်ကို ပိတ်ထားမှ မလွယ်ပေါက်ကလူတွေ အစာငတ်ရေငတ်ပြီး မခံမရပ်နိုင်အောင် ဆောင်ရွက်မှ ဒီတိုင်းပြည်ကိုရတော့မှာပေါ့"

ဟု မင်းချင်းလုလင်ဖြင့် အကြံဉာဏ်ပေးတော်မူသည်။

ဗာရာဏသီမင်းက မယ်တော်ပေးသည့်အကြံအတိုင်း ဆောင်ရွက်ရာ မြို့တွင်းမှလူများသည် ခုနစ်ရက်သာခံနိုင်ကြပြီး ဘုရင်က တိုင်းပြည်အား ဗာရာဏသီမင်းထံသို့အပ်သည်။

ထိုသို့ မကောင်းသောအကြံဉာဏ်ကိုပေးသော မယ်တော်နှင့်ကိုယ်တိုင်ဆောင်ရွက်ခဲ့သော ရှင်သီဝလိလောင်း၊ ဗာရာဏသီမင်းတို့၏အကုသိုလ်ကံသည် ရှင်သီဝလိဖြစ်မည့် ဘဝတွင် အမိဝမ်းကြာတိုက်၌ခုနစ်နှစ်နှင့်ခုနစ်လနေခဲ့ရသည်။ မယ်တော်မှာ ခုနစ်ရက်လုံးလုံး မီးမဖွားနိုင်သော ဒုက္ခကိုခံစားရလေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းမှုကံ မကောင်းမှုကံဆိုတာတွေက ဘဝမှာနွားနောက်က လှည်းဘီးလိုက်သည့်ပမာ ထက်ကြပ်မကွာ ခံစားရမှာပဲ၊ ခန္ဓာကိုယ်သွားတဲ့နောက်ကို အစဉ်အမြဲလိုက်နေတဲ့ အရိပ်ပမာနဲ့လည်းတူတယ်

ပုထုဇဉ်လူသားမဆိုထားနဲ့ လာဘ်လာဘပေါ်များတဲ့ နေရာမှာ အမြတ်ဆုံးသော တေဒင်္ဂတွဲထူးကို ရရှိတော်မူထားတဲ့ ရှင်သီလဝိမထေရ် မြတ်ကြီးသည်ပင် ဝဋ်ကြွေးကိုပေးဆပ်ရတယ်၊ ဒါယကာမလေးရဲ့ချစ်သူ မောင်းညိုက ပုထုဇဉ်ဆိုတော့ ဝဋ်ကြွေးပေးဆပ်ရတယ်လို့ပဲ သဘောထားပြီး ဖြေသိမ့်ပါ၊

ဘုန်းကြီးရဲ့အကျင့်တရားအရ မောင်းညိုနဲ့ဒါယကာမလေးတို့ ပြန်တွေ့ကြမှာပါ။ ဒါယကာမလေး လွှတ်လိုက်တဲ့ ဒကာနှစ်ယောက်က မောင်းညိုနဲ့ပတ်သက်ပြီး ဝမ်းသာစရာစကားပြောကြပါလိမ့်မယ်၊ ဒါယကာမလေးကလည်း ဆုတောင်းပေးပေါ့ကွယ်"

"မှန်ပါ့ဘုရား"



## အခန်း (၇)

## ချစ်သူကိုလွမ်းလို့တမ်းတတဲ့စာ

ငါ့ခြေထောက်နှစ်ချောင်းစလုံး ကျိုးသွားခဲ့ရပြီ မဆောင်း။ ငါ ရေပြည်ရောက်နေရပြီ။ ဒါပေမဲ့ ဘုရားရှင်က ငါ့ကိုစာရေးဖို့ခွန်အားတော့ ပေးထားသေးတယ်။

ငါဟာ အသက်ရှင်နေသေးတယ်ဆိုရင်တောင် ဒုက္ခိတဘဝနဲ့ နေရတော့မယ်။ လူမသေပေမယ့် ဘဝသေသလိုချည်း ဖြစ်သွားပြီ။

ငါဟာ တောင်ပေါ်ကလိမ့်ကျခဲ့တယ်။ စံလုံးညိုက ငါကျသွားတဲ့ ဆောင်အောက်ကို ဆင်းပြီးလိုက်လာတယ်။ ကျန်တဲ့လူတွေက ငါ့ကိုအပေါ် ရောက်အောင် ဆွဲတင်ကြတယ်။

သူတို့တတွေဟာ တီးတိုးပြောနေကြတယ်။ ဘာတွေပြောနေကြ သယ်ဆိုတာ ငါမကြားဘူး။ ကြားဖို့လည်း မလိုပါဘူး။ သူတို့ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြောနေကြတယ်ဆိုတာ ငါသိပါတယ်။ ဒါနဲ့ငါက ငါ့ကိုထားရစ်ခဲ့ဖို့ သူတို့ကိုပြောခဲ့တယ်။ သာထူးက ဝါးပင်တွေကိုဖြတ်ပြီး ငါ့အတွက် ရေထည့်ပေးခဲ့တယ်။ ငါ့အနေနဲ့ကလည်း ရေအလုံအလောက်ကိုသာ ပေးခဲ့ဖို့ တောင်းခဲ့တာကိုး။

သူတို့က မြစ်ကမ်းနားကိုသွားကြမှာမို့ သူတို့ရှေ့ရေးကို ငါက ကြိုတင်သိနေတယ်။ သူတို့ဟာ အဖမ်းခံရဖို့ သေချာတယ်။

မင်းအတွက် ရွှေရောင်ကျားရုပ်ကလေးကို ငါ့ကျောပိုးအိတ်ထဲက ထုတ်ပြီးယူသွားဖို့ စံလုံးညိုကိုငါတောင်းပန်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ငါ့အနေနဲ့ကတော့ မျှော်လင့်ချက်ကိုတယ်တော့မှ မစွန့်လွှတ်ဘူး မဆောင်း။

အဲဒါကြောင့် သူတို့သွားရာလမ်းတစ်လျှောက်မှာ ငါရှိတဲ့နေရာကို အမှတ်အသားတွေနဲ့ပြသွားတာပါ။ ဒါမှ ရွာသားတွေက ငါ့ကိုလာပြီးကယ်တင်နိုင်လိမ့်မယ်လို့ စံလုံးညိုကိုငါမှာတယ်။ စံလုံးညိုကလည်း ကတိပေးတယ်။ နောက်တော့ ဘတုတ်နဲ့ဖိုးထင်က တောင်အောက်ကိုဆင်းသွားကြတယ်။

သာထူးနဲ့နက်ကျော်က ငါ့အတွက် မီးဖိုပေးရင်း ကျန်ခဲ့တယ်။ မီးရောင်ကို မြင်ရင် ရွာသားတွေက ငါ့ကိုလာကယ်နိုင်မယ်လို့ ငါယုံကြည်ခဲ့တယ်။ စံလုံးညိုက သာထူးနဲ့နက်ကျော်ကို သွားနှင့်ခိုင်းတယ်။

နာကျင်မှုဟာ ငါ့တစ်ကိုယ်လုံးမှာ ပြည့်နက်လာခဲ့တယ်။ ငါက





မျက်လုံးကိုမှိတ်ထားရတယ်။

"မင်းရဲ့အခြေအနေ မကောင်းဘူး"

လို့ ငါ့အစ်ကို စံလုံးညိုက ပြောတယ်။

"မီးခြစ်ပေးခဲ့ပါ" လို့ ငါကတောင်းတယ်။ စံလုံးညိုက သစ်သားမီးခြစ်ဘူးထဲက မီးခြစ်ဆံထိပ်ဖူးအချို့ကို ငါ့ပါးစပ်ထဲထည့်ပေးပြီး "မျို ချလိုက်" လို့ ငါ့ကိုပြောတယ်။

ငါက မျက်လုံးကို မဖွင့်သေးဘဲနဲ့ မီးခြစ်ဆံတွေကို ဆွဲထုတ်ပြီး

"ငါလိုတော့မှ ငါ့ဘာသာသုံးမယ်လို့ ပြောလိုက်တယ်"

"အခု ပဲမျိုချလိုက်လေ၊ ဒါဟာ မင်းအတွက် ငါနောက်ဆုံးပေးနိုင်တာပဲ" လို့ စံလုံးညိုက ပြောတယ်။

ငါမျက်လုံးကိုဖွင့်လိုက်တယ်။ စံလုံးညိုရဲ့မျက်နှာပေါ်က အမူအရာကြောင့် ငါအံ့ဩသွားမိတယ် မဆောင်းရေ ။

ငါတို့မှာ ဒီညီအစ်ကိုနှစ်ယောက်ပဲရှိတာ မင်းအသိပဲ။ စံလုံးညိုက စိတ်ထားတစ်မျိုးဆိုတာ ငါငယ်ငယ်ကလေးဘဝတည်းက သိတာပေါ့။ အခုတော့ သူ့မျက်နှာက သူ့စိတ်သဘောထားကို ပြနေပြီ။ ကိုယ့်သွေးသားအရင်း အစ်ကိုရဲ့စိတ်ထားဟာ ငါ့အပေါ်မှာ ဒီလိုပါလားဆိုတာ သိလိုက်ရတော့ ဝမ်းနည်းသွားမိတယ်။

ငါ့ကို ရွာသားတွေကကယ်ဖို့ဆိုတာ အပုံတစ်ရာပုံမှ တစ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



လောက်သာရှိနေတယ်၊ ဒါပေမဲ့ စံလုံးညိုက အဲဒီတစ်ပုံလောက်ကိုတောင် မကယ်တင်စေချင်တဲ့ ဆန္ဒတွေရှိနေတယ်။ သူက ငါ့ကိုသေစေချင်နေတယ်။

တောင်အောက်က သာထူးရဲ့အော်ခေါ်သံကို ကြားလိုက်ရတယ်၊ စံလုံးညိုက ထိုင်ရာကထလိုက်တယ်။

"လာပြီဗျို့"လို့အော်ပြောပြီး စံလုံးညိုက ငါ့ကိုတစ်ချက်ကြည့်ပြီး လှမ်းထွက်သွားတော့တယ်။

သူ ငါ့မျက်စိအောက်ကလည်း ကွယ်ပျောက်သွားရော ငါ့လက်ထဲက ဆေးပြားကလေးတွေကို ငုံ့ကြည့်လိုက်မိတယ်၊ ဆေးပြားလေးတွေက ရန်သူအဖမ်းခံရရင်၊ အနှိပ်စက်ခံရရင် ကိုယ့်ကိုကိုယ် အဆုံးစီရင်နိုင်ဖို့ ဖက်ဆစ်ဂျပန်တွေသုံးတဲ့ ဆေးပြားလေးတွေဖြစ်နေတယ်။ အင်မတန် အစွမ်းထက်တဲ့ ဆေးပြားကလေးတွေပဲ။

ငါက ငါ့စိတ်ကိုထိန်းထားနိုင်ခဲ့တယ်။ ဒါပေမဲ့ ငါ့ခေါင်းတည့်တည့်ပေါ်မှာ ကျနေတဲ့ နေပူရှိန်၊ ခြေကျိုးသွားဟဲ့အတွက် ခံစားနေရတဲ့ ဝေဒနာတွေဟာ ငါ့အတွက် မေ့မျောလုနီးပါးဖြစ်ခဲ့ရတယ်။

ငါ အနားယူလိုက်မိတယ် မဆောင်း။

ဒါပေမဲ့ ငါအနားမယူနိုင်ခဲ့ပါဘူး။ မင်းအတွက် ငါစာရေးပြီး ပြောပြချင်တာတွေက ရှိသေးတယ်။





မဆောင်း။ မင်းသာငါနဲ့အတူရှိနေရင် ဘယ်လောက်ကောင်းလိုက်မလဲနော်။ ဒီစာကို ရေးနေရင်း မင်းရဲ့မျက်နှာလေးကို ငါမြင်ယောင်နေမိတယ်။

တဖြည်းဖြည်းနဲ့နေစွယ်ကျိုးခဲ့ပြီပေါ့ မဆောင်းရယ်၊ ငါ့ပတ်ဝန်းကျင်ဟာလည်း အမှောင်ထုဖုံးလွှမ်းလာတော့တယ်။ မှောင်သော၊ အဖော်ကင်းသော ဒီတောရဲ့ညမှာ ဝေဒနာကိုခံစားနေရဦးမှာပဲ။

ငါဟာ နောက်တစ်နေ့မကူးမီ သေချင်သေသွားနိုင်တယ်၊ ငါဟာ မျက်စိကိုမှိတ်ပြီး ဝေဒနာကိုခံစားနေရတယ်။

အဲဒီအချိန်မှာ လက်တစ်ဖက်က ငါ့ပခုံးကိုလာကိုင်တယ်။ အေးစက်နေတာကြောင့် ငါကမျက်စိကိုဖွင့်ကြည့်လိုက်မိတယ်။

"အစ်ကို"

ဆိုပြီး ငါ့ကိုခေါ်တယ်။ ငါက "မင်းဘယ်သူလဲ"မေးတော့ သူက ဆင်ဦးစီး မောင်နီ တဲ့။ သူက ငါတို့ကျောက်ဂူကြီးထဲဝင်သွားတာကို မြင်ပြီး တစ်နေရာက စောင့်ကြည့်နေတာတဲ့။ သူက ကျောက်ဂူကြီးထဲက အရုပ်ကလေးတွေကိုတွေ့တော့ ကြောက်လန့်တကြား ထွက်ပြေးခဲ့တယ်။

ငါတို့အဖြစ်အပျက်ကို သူကောင်းကောင်းမြင်ခဲ့တယ်၊ ငါ့ကိုသဲ သူတို့တောင်ပေါ်ကဆင်းသွားတော့ မောင်နီက စိတ်မကောင်းဖြစ်ခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



မောင်နီက ငါ့ကိုသနားနေတယ်။

နောက်တောင်အောက်မှာ ဖက်ဆစ်ဂျပန်တွေက သူတို့ကို ဖမ်းသွားတာကိုလည်းမြင်ရော မောင်နီက ငါ့အတွက် ဝါးကျည်တောက်တွေထဲရေထည့်ပြီး ငါ့ဆီလာခဲ့တယ်။

မောင်နီက ငါ့ကိုရေအနည်းငယ်တိုက်တယ်။ နောက် ဝါးလုံးတွေနဲ့ငါ့ခြေထောက် နှစ်ဖက်စလုံးကို ကျပ်စီးပေးခဲ့တယ်။ သူဟာ ငါ့ကို တစ်ညလုံးပဲ ပြုစုနေခဲ့တယ်။

မိုးလင်းတော့ မောင်နီက ငါ့ကိုတောင်အောက်ကို ထမ်းချသွားတယ်။ နောက်တော့ တောထဲမှာ ဝှက်ထားခဲ့တဲ့ သူ့ဆင်ကိုသွားခေါ်တယ်။ သူက ငါ့ကို သူ့ဇာတိရပ်ရွာကိုခေါ်သွားဖို့ စီစဉ်တယ်။ ငါက သူ့ကို ဒုက္ခမပေးချင်ဘူး။ ငါ့ဒုက္ခနဲ့ငါပဲ နေချင်တော့တယ်။ အစာငတ်ရေငတ်ပြီး သေချင်သေပစေပေါ့။

အဲဒါကြောင့် ငါက မောင်နီကို ကျောက်ဂူကြီးဆီကို ပြန်ပို့ဖို့ ပြောခဲ့တယ်။ မောင်နီက ငါ့ကိုထမ်းပြီး ဂူကြီးဆီကို တက်ခဲ့တယ်။ ဂူထဲလည်း ရောက်ရော ငါဟာ မေ့မြောသွားခဲ့တယ်။

အခုတော့ ငါဟာ လှုပ်ရှားဖို့လည်း မလိုတော့ပါဘူး။

ငါ့မှာခွန်အားရှိနေသရွေ့တော့ မင်းအတွက် မှာတမ်းတွေကို ငါဆက်ရေးနေမိမှာပဲ မဆောင်။ ဒါပေမဲ့ စာရေးချင်ရင် နာကျင်မှုနဲ့အရင်း





တည်မှ စာရေးလို့ရတယ်။ အဲဒါကြောင့် ငါအနားယူမှဖြစ်မယ်လေ။

ငါ့အသိ၊ငါ့အတွေးထဲက မင်းကိုကြိုးစားပြီး မေ့ဖျောက်ပစ်ရတော့မယ်။ ငါ့အခြေအနေဟာ မျှော်လင့်ချက်ဝေးလေ၊ လူတွေနဲ့ထပ်မတွေ့နိုင်တော့လေ။ ငါ့အဖြစ်က မှတ်တမ်းတင်ဖို့အတွက် ကိုယ်ရေးနိုင်သမျှ ရေးရလေဖြစ်မှာပဲ။

အခြေအနေကတော့ ဆိုးဝါးခဲ့တယ် မဆောင်။

ကျောက်တောင်အောက်မှာ ငါသေပြီလို့ သူတို့ယုံကြည်ကြမှာကသေချာတယ်။ ငါ့အထင်က ဒီဂူကြီးထဲမှာ ငါဟာ သေမင်းနဲ့လက်တစ်ကမ်းပဲလိုတော့တယ်။ မောင်နီရှာပေးတဲ့ သစ်သီးအချို့ကလွဲလို့ ဘာအစားအစာမှမရှိဘူး။ မောင်နီက ငါ့ကိုနောက်ဆုံး တွေ့ခဲ့တဲ့ရွာမှာ လူတွေမရှိတော့ဘူး။ ဖက်ဆစ်ဂျပန်တွေကို ကြောက်ပြီး ထွက်ပြေးကုန်ကြပြီ။ ဘယ်တော့မှလည်း ရွာကိုပြန်လာကြမှာ မဟုတ်တော့ဘူးလို့ ပြောတယ်။

မောင်နီက ကျောက်ဂူကြီးထဲကို မဝင်ဘူး။ ဂူဝကနေပြီး သစ်သီးနဲ့ရေကို လှမ်းပေးတယ်။ ကျောက်ဂူအမိုးပေါ်က ရေစိမ့်ပြီး တစ်စက်တစ်စက်ကျနေတာ ရှိပေမယ့် အဲဒီနေရာကို ရောက်အောင်သွားဖို့ ကြိုးစားတိုင်း နာကျင်လွန်းလို့ ငါမကြိုးစားဝံ့တော့ဘူး။ ငါ့အခြေအနေဟာ တော်တော်လေးဆိုးဝါးလာတယ်ဆိုတာ ငါသိတယ် မဆောင်။

မောင်နီကို ဖက်ဆစ်ဂျပန်တွေက မတွေ့ပါစေနဲ့လို့ ငါမှာနေစဉ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့အမျှ ဆုတောင်းနေရတယ်။ မောင်နီမရှိပြန်ရင်လည်း ငါက အစာငတ်၊ ရေငတ်မှာသေချာတယ်။ သူဆက်ပြီးနေမယ်ဆိုပြန်ရင်လည်း ဆင်က ဂူရှိတဲ့နေရာကို ဖက်ဆစ်ဂျပန်တွေသိအောင် ညွှန်ပြသလိုဖြစ်နေမယ်။

ဘာပဲဖြစ်ဖြစ် ငါတစ်ခုခုကို ဆုံးဖြတ်မှဖြစ်တော့မယ်။ မောင်နီကတော့ ငါ့ကိုသူ့အစ်ကိုလို ခင်မင်ပြီးရင်းနှီးစွာ ပြောဆိုဆက်ဆံနေတာကို သတိထားမိတယ်။ တကယ်တော့ မောင်နီဟာ ငါတွေ့ဖူးတဲ့လူတွေထဲမှာ သစ္စာအရှိဆုံး လူသားတစ်ယောက်ဖြစ်တယ်။

မောင်နီက ရွာလေးဆီကိုပြန်သွားတော့ ရွာသူရွာသားတွေ ပြန်ရောက်နေတာကို တွေ့ရတယ်။ သူတို့ဟာ ပြေးရင်းလွှားရင်း တောထဲမှာပျံလွန်တော်မူခဲ့တဲ့ ဘုန်းကြီးရဲ့ရုပ်အလောင်းကို ပြန်ယူလာကြတယ်။ ရွာသူရွာသားတွေဟာ ဘုန်းတော်ကြီးနဲ့ပတ်သက်ပြီး အတော်စိတ်ထိခိုက်နေကြတယ်။ ဒါပေမဲ့ သူတို့က မောင်နီ့ကို အစားအစာတွေပေးလိုက်ကြတယ်။

ရွာသားတွေကလည်း သူတို့ရွာကို 'ငါတို့ရွာ'ဟုနာမည်တပ်ခေါ်တတ်ကြောင်း မောင်နီကပြောပြတယ်။ ကျောက်ဂူကြီးဘယ်မှာရှိတယ်ဆိုတာကို ငါကထပ်ပြီး မေးမကြည့်တော့ဘူး။ မေးကြည့်မယ်ဆိုရင်လည်း မောင်နီပြောပြတာကို ငါက နားလည်သဘောပေါက်မှာ မဟုတ်ဘူး။

ငါ့အနေနဲ့ဒီအနီးအနားမှာ မြို့ရှိသလားလို့ သိချင်နေတာပဲ။





ငါ့အနေနဲ့ သတင်းပို့ချင်တယ်။ မောင်နီဟာ ငါနိုင်းသမျှကို အန္တရာယ်တွေကြားထဲက လုပ်ပေးရှာတယ်။

မနေ့ညပိုင်းကတည်းက ငါ့ခြေထောက်နှစ်ဖက်ဟာ အခြေအနေပိုပြီးဆိုးဝါးလာခဲ့တယ်။ ငါ့ခြေထောက်ဘာဖြစ်တယ်ဆိုတာ ငါမသိတော့ဘူး။ ငါ့အရိုးတွေ၊ အသားတွေကို ပုရွက်ဆိတ်တွေက ကိုက်ချီသွားပြီလား မသိဘူး။

ငါဟာ အလန့်တကြားနဲ့အော်လိုက်မိတယ်။ ငါ့အသံဟာ ကျောက်ဂူကြီးထဲမှာ ပဲ့တင်ထပ်သွားတော့တယ်။

"အစ်ကို ကျွန်တော် ဒီမှာရှိပါတယ်"

ဆိုတဲ့အသံဟာ ငါ့အနီးကထွက်လာတယ်။ မောင်နီဟာ ဘယ်တုန်းကမှ ကျောက်ဂူကြီးထဲကို ဝင်တာမဟုတ်ဘူး။ အစားအသောက်နဲ့ ရေကိုတောင် အပြင်ဘက်က လှမ်းပေးတတ်တာဖြစ်တယ်။ ဒါပေမဲ့ အခုတော့ မောင်နီဟာ ငါ့နံဘေးမှာရောက်နေတယ်။

သူက ငါ့ကိုအမျိုးမျိုးပြုစုတယ်။ နည်းနည်းတော့ သက်သာသလိုရှိလာတယ်။ ဒါပေမဲ့ ငါဟာ တစ်ယောက်တည်းဆက်မနေဝံ့တော့ဘူး။ ငါက မောင်နီလက်ကိုဆွဲထားတယ်။ သူကလည်း သူ့လက်တွေကို ရှုန်းနေကြောင်း ငါသိတယ်။ ငါက သူ့လက်ကို အတင်းဆုပ်ကိုင်ထားပြီး ငါ့ကိုပစ်မသွားဖို့ တောင်းပန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မောင်နီဟာ ဘာမှမပြောဘဲ ငါ့ကိုမှီပြီးထိုင်နေတယ်။ ငါကတော့ သူ့လက်ကိုမလွှတ်ဘူး။ သူ့လက်ဟာ အေးစက်လာကြောင်း ငါသတိထားမိတယ်။

မိုးလင်းလို့ မောင်နီကိုကြည့်လိုက်တော့ မောင်နီဟာ အေးစက်ပြီး တောင့်နေတယ်။ သူ့မျက်လုံးတွေဟာ ပြူးကျယ်ပြီး ရုပ်တုတွေကို ကြည့်နေတယ်။

ငါကကြောက်လန့်စိတ်တွေနဲ့ သူ့ကိုဂူဝရောက်အောင် တွန်းထုတ်မိတယ်။ ငါ့ဒဏ်ရာနဲ့ဝေဒနာကိုတောင် သတိမထားမိတော့ဘူး။

မောင်နီဟာ ကျောက်ဂူအဝကို ရောက်တော့ ထူးဆန်းတဲ့အသံတစ်ခုကို အော်လိုက်တယ်။ အံ့ဩစရာကောင်းလိုက်တာ မဆောင်းရယ်။ တောင်အောက်က သူ့ဆင်ကြီးရဲ့နှာမောင်းဟာ ဂူဝကိုရောက်လာပြီး သူ့သခင်ကိုဆွဲချသွားတော့တယ်။

နောက်ခါင်နေ့မှာ ငါဟာကိုယ်ကိုထိန်းရင်း ကျောက်ဂူကြီးထဲကနေ ဂူဝကိုဒရွတ်တိုက်ရွှေ့ပြီး ထွက်လာခဲ့တယ်။

ဂူအပြင်မှာ မောင်နီကိုရော ဆင်ကြီးကိုရော မတွေ့ရတော့ဘူး။ သူတို့ရှိတဲ့ အရိပ်အယောင်ကိုတောင် မတွေ့ရတော့ဘူး။ ဒါပေမဲ့ ဆင်ကြီးဟာ ဝါးလှေကားကို နင်းချေသွားတာတွေ့ရတယ်။

အခုတော့ ငါကမ္ဘာဟာ တစ်သီးတစ်ခြားဖြစ်သွားပြီ မဆောင်း





ရယ်။

ကျောက်ဂူဝကနေ ကျောက်တောင်ခြေရင်းကို အမြင့် (၁၅)ပေလောက်ရှိလိမ့်မယ်။ ဒီနေ့မနက် အပေါ်ကနေ တောင်အောက်ကို ကြည့်လိုက်တော့ ပန်းစည်းအချို့ကိုမြင်မိတယ်။

ငါဟာ ငါ့ကိုယ်ငါ စိုးရိမ်လာမိတယ်။ ငါဟာ ကယောင်ကတမ်းဖြစ်နေပြီလို့ နားလည်လာမိတယ်။ ဒီဘဝမျိုးရောက်ရမှာကို ငါ အကြောက်ဆုံးပဲ။ ဒါနဲ့ငါဟာ မျက်လုံးကို ခဏမှိတ်ပြီး ကြည့်လိုက်ပြန်တယ်။ ပန်းစည်းတွေကတော့ ရှိနေတုန်းပဲ။

အို တကယ်တော့ ပန်းစည်းတွေဟာ ငါစိတ်ချောက်ချားတာမဟုတ်ဘဲ တကယ်လာချထားတဲ့ ပန်းစည်းတွေပါလား။

ငါဟာ အခြေအနေကို သေသေချာချာ စဉ်းစားလိုက်မိတယ်။ မောင်နီဟာ အခုလောက်ဆို သေပြီလို့ ငါယုံကြည်နေမိတယ်။ မောင်နီဟာ ဘယ်နည်းနဲ့မှ ပန်းစည်းတွေကို ယူလာပြီးထားမှာမဟုတ်ဘူး။

ဒီရွာသားတွေဟာ ဒီရက်တွေအတွင်းမှာ ကျောက်ဂူကြီးကို အကဲခတ်မိကြလိမ့်မယ်။ ဆင်ကြီးရောက်လာတာကို တွေ့ကြမှာအမှန်ပဲ။

ငါကျောက်ဂူကြီးထဲမှာ ရှိနေတာကိုလည်း သိထားကောင်းသိထားကြလိမ့်မယ်။ သူတို့ဟာ ငါ့ကိုအရိုသေသမှုနဲ့ပန်းစည်းတွေလာချသွားတာလား။ ဒါမှမဟုတ် ကျောက်ဂူကြီးထဲမှာ ငါသေနေပြီလို့ ထင်နေ



www.burmeseclassic.com

ကြတာများလား။

ပန်းစည်းတွေလာချတာဟာ ကျောက်ဂူကြီးအတွက် ဒါမှမဟုတ် ရှေးယခင်က ဂူကြီးထဲမှာနေထိုင်သွားသူတွေအတွက် လာချတာတော့ မဖြစ်နိုင်ဘူး။ ငါ့အတွက်လာချတာပဲဖြစ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ငါတို့လူစုရောက်လာတုန်းက ဒီနေရာမှာ ဘာပန်းစည်းမှမတွေ့ခဲ့ရလို့ပဲ။

ဘာပဲဖြစ်ဖြစ် ငါ့ဘဝရဲ့မကောင်းတဲ့ နိမိတ်လား။ ကောင်းတဲ့ နိမိတ်လား ငါမသိဘူး။

ငါဟာ နာရီပိုင်းအတွင်းမှာ သေမင်းနဲ့တွေ့ရတော့မယ် ထင်တယ်။ ငါ့မှာ အစားအစာမရှိတော့ဘူး။ ရေဆိုတာလည်း နည်းနည်းပဲ ကျန်တော့တယ်။

နောက်တစ်နေ့မှာ ငါဟာ နံနက်မိုးလင်းက မှောင်လာတဲ့အထိ ကျောက်ဂူဝမှာထိုင်ပြီး တောင်အောက်ကို စောင့်ကြည့်နေမိတယ်။ သစ်ပင်တွေ၊ တောင်တွေကလွဲလို့ ငါ ဘယ်သူ့ကိုမှ မတွေ့ခဲ့ဘူး။

ငါဟာ အမှောင်ထဲမှာလည်း ဆက်စောင့်နေခဲ့တယ်။ ဒါပေမဲ့ ဘာမှ အကြောင်းမထူးခဲ့ပါဘူး။

နောက်တစ်နေ့ အာရုဏ်တက်အိပ်ရာက နိုးလို့ မနက်ကလာ ချသွားတဲ့ ပန်းစည်းနေရာကို ကြည့်လိုက်တော့ ပန်းစည်းအသစ်တွေ လာချသွားတာ တွေ့လိုက်ရတယ်။

■ ■ ■





နောက်တစ်နေ့မှာ ငါဆက်ပြီးစောင့်ကြည့်နေမိပြန်တယ်။ တိရစ္ဆာန်တွေရဲ့လှုပ်ရှားမှုကလွဲလို့ ဘာမှမတွေ့ခဲ့ရဘူး။

တကယ်လို့ တစ်ယောက်ယောက်ကိုသာ တွေ့မိရင် ငါလိုချင်တာဟာ ပန်းတွေမဟုတ်ဘဲ အစားအစာတွေဆိုတာ ပြောပြလိုက်မှာပဲ။

■ ■ ■

နောက်တစ်နေ့မှာပေါ့။

ပြီးခဲ့တဲ့နေ့က ငါ့ဆန္ဒကို သိလို့လားတော့ မသိပါဘူး။ သူတို့ဟာ ငါ့အတွက် အစားအစာတွေယူလာကြတယ်။ ထမင်းအနည်းငယ်ကို ဖက်နဲ့ထုပ်ပြီး လာထားသွားတယ်။ ထမင်းထုပ်က ပန်းစည်းတွေချထားတဲ့ နေရာမှာလေ။ ငါနဲ့ (၁၅)ပေကွာဝေးတဲ့ တောင်ခြေမှာ လာထားသွားတာဖြစ်တယ်။

ငါ့အနေနဲ့ ဘယ်လိုလုပ်ပြီး ထမင်းထုပ်ကိုယူစားနိုင်မှာတဲ့လဲ။ ရယ်စရာတော့ အကောင်းသား။

■ ■ ■

နောက်တစ်နေ့

မင်းဆီက တိုက်ရိုက်လာတဲ့ အိပ်မက်များလား မသိပါဘူး မဆောင်းရယ်။ ငါက စာတစ်စောင်ရေးပြီး ငါနဲ့အမြဲမကွာထားတဲ့ရေဘူး ထဲမှာ ထည့်တယ်။ ရေဘူးကိုနွယ်ကြိုးနဲ့ချည်ပြီး တောင်အောက်ကို ညှိုး



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းကတည်းက ချထားလိုက်တယ်။

နောက်တစ်နေ့မနက်မှာ ငါထမင်းစားရတော့မယ်လို့ ယုံကြည်ထားခဲ့တယ်။

■ ■ ■

ပြီးခဲ့တဲ့ညက ငါ့ခြေထောက်က ဒဏ်ရာဟာပိုပြီးဆိုးဝါးလာခဲ့တယ်။ ပိုပြီးနာကျင်လာတယ်။ ငါ သေလိမ့်မယ်လို့ လုံးဝယုံကြည်သွားတယ်။ ကယောင်ကတမ်းတွေတောင် ဖြစ်မိတယ်။

ငါ့မှာ အင်အားတွေလည်း ကုန်ခမ်းလာပြီ။ ငါဟာ ရေကိုတဝကြီးသောက်ပစ်လိုက်တယ်။ နံနက်ရောင်နီပျို့လာတာနဲ့ တောင်စောင်းကိုသွားပြီး ရှိသမျှအင်အားနဲ့ တောင်အောက်မှာချထားတဲ့ ရေဘူးကိုဆွဲတင်လိုက်တယ်။

ငါ့ဆုလာဘ်ကတော့ အံ့သြစရာပါပဲ။ ရေဘူးထဲမှာ ထမင်းနဲ့ဟင်းအပြည့်ပါလာတယ်။

ငါ့မျက်လုံးထဲက မျက်ရည်တွေဟာ ငါထမင်းကို အားရပါးရစားနေတုန်းမှာ တစိမ့်စိမ့်ကျလာတော့တယ်။ ထမင်းစားပြီးတော့ ငါနှစ်နှစ်ခြိုက်ခြိုက်နဲ့ အိပ်ပျော်သွားတယ်။

အခုတော့ မင်းအတွက် မှတ်တမ်းတွေရေးဖို့ ငါ့မှာအားအင်တွေပြည့်လာပြီ မခေါင်းရေ။

■ ■ ■





သီတင်းတစ်ပတ်ကုန်ခဲ့ပြီ။

ငါ့ဘဝကတော့ ဖက်ဆစ်ဂျပန်တွေရဲ့လက်ထဲကတုန်းကလိုပဲ အကျဉ်းသားဘဝနဲ့ဘာထူးလို့လဲ။

ငါ့မှာ စကားပြောစရာလူမရှိ။ ဘယ်သူကမှလည်း ငါ့ကိုစကားလာမပြော။

ငါ့အဖော်တွေကတော့ ကျောက်ဂူကြီးထဲမှာရှိတဲ့ ရုပ်တုတွေပဲ။ သူတို့အားလုံးကပဲ ငါ့ကိုမျက်မှောင်ကုပ်ပြီး ကြည့်နေကြတယ်။ မောင်နီကိုသတ်ခဲ့တာလည်း သူတို့ပဲဖြစ်မယ်။ ငါ ဒီအရုပ်တွေကို မုန်းတယ်။ တကယ်လို့ ငါ့မှာသာ အင်အားရှိမယ်ဆိုရင် ဒီအရုပ်တွေအားလုံးကို ရိုက်ချိုးပစ်မိမှာ အမှန်ပဲ။

ဒါပေမဲ့ ငါက မတ်တတ်ရပ်နိုင်တဲ့လူလည်း မဟုတ်ဘူး။ ငါ့ခြေထောက်နှစ်ချောင်းဟာ ကျိုးသွားခဲ့ပြီမဟုတ်လား။ ငါ့ဝေဒနာဟာ နာကျင်မှုလွန်ကဲလွန်းလို့ ငါ့ခန္ဓာကိုယ် အောက်ပိုင်းမှာဘာတွေဖြစ်နေမှန်းတောင် မသိတော့ဘူး။

ငါ့အစ်ကို စံလုံးညိုပေးခဲ့တဲ့ ဆေးလုံးလေးတွေကို ငါမကြာခဏသတိရတယ်။ ဒီဆေးလုံးလေးတွေဟာ ငါ့ရဲ့နာကျင်မှုတွေကို လုံးဝပျောက်ကင်းသွားလိမ့်မယ်လို့ စံလုံးညိုက ပြောခဲ့တယ်။

စံလုံးညို ပြောခဲ့တာ တကယ်ပဲ မှန်သလား။ ဒါပေမဲ့ ငါဟာ



www.burmeseclassic.com

www.burmeseclassic.com



ငါ့အစ်ကိုရဲ့ထောင်ချောက်ထဲကို မဝင်ဖို့ဆုံးဖြတ်ခဲ့တယ်။ ငါက ဆေးလုံးလေးတွေကို လွှင့်ပစ်ဖို့တောင် စိတ်ကူးခဲ့တယ်။ ဒါပေမဲ့ လွှင့်မပစ်ရဲသေးဘူး။ လိုအပ်ရင်တော့ အသုံးချရတော့မယ်ပေါ့။

ငါချစ်ရတဲ့ မဆောင်းရေ

ငါ့အန္တရာယ်၊ငါ့ဒုက္ခတွေကို တွန်းလှန်ကာကွယ်ပေးမယ့်သူဟာ မင်းတစ်ယောက်ထဲရှိပါတယ်ကွယ်။ ငါမင်းကို သိပ်သတိရတယ်။ မင်းမျက်နှာလေးကို မြင်ယောင်နေမိတယ်။ မင်းလက်မောင်းအိုးကလေးကို ထိတွေ့မိတယ်။

ဒါပေမဲ့ လက်တွေ့နဲ့ဆန္ဒဟာ တခြားစီပါ မဆောင်းရယ်။

■ ■ ■

ငါ စာရေးခဲ့တဲ့ အချိန်ဟာ အတော်ကြာကြာများလာခဲ့ပြီ။ အဲဒါကိုတော့ ငါကောင်းကောင်းကြီးမှတ်မိနေတယ်။

အဲဒီရက်တွေအတွင်းမှာ ငါဟာ ဝေဒနာကို ခံစားရင်း ရှေ့အစီအစဉ်တွေကို စိတ်ကူးဖယားမှာ ရေးဆွဲခဲ့တယ်။

ငါမတ်တတ်ရပ်နိုင်တဲ့အချိန်ကျရင် ငါကိုယ့်ငါ မသန်စွမ်းသူအဖြစ် မရပ်တည်ဘူး။ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းတွေ လုပ်မယ်။ ကျောက်ဂူကြီးထဲမှာ လှည့်ပတ်လမ်းလျှောက်ရင်း ငါ့ခြေထောက်ကြွက်သားတွေကို လှုပ်ရှားစေမယ်။ အလုပ်ပေးမယ်။





ငါ့ကျန်းမာရေးအခြေအနေ စိတ်ချရပြီဆိုရင် နွယ်ကြိုးနဲ့တောင်အောက်ကို ဆင်းမယ်။ မြစ်လက်တက်တလျှောက် စုန်ဆင်းသွားမယ်။ ငါက ဖက်ဆစ်ဂျပန်ကို မကြောက်ပါဘူး။ အဲဒီအချိန်မှာ စစ်ကြီးက ပြီးသွားရင်ပြီးသွားမယ်။ ငါ့မှာ ဆံပင်တွေလည်း ရှည်နေပြီ၊ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတွေလည်း ထူပြောနေလောက်ရောမယ်။

ဘာပဲဖြစ်ဖြစ် မျှော်လင့်ချက်တွေနဲ့တော့ ငါ့ကိုယ်ငါ မလှည့်စားခဲ့ဘူး။ သတိလက်လွတ် မဖြစ်စေခဲ့ဘူး။ ငါ့အနေနဲ့အချိန် အတော်ကြာအောင် အားအင်တွေကုန်ခန်းနေမယ် ဆိုတာ ငါသိတယ်။

ငါ့ရဲ့ပထမဆုံးရည်ရွယ်ချက်ကတော့ အနီးဆုံးမှာရှိတဲ့ ဘုန်းတော်ကြီးတစ်ကျောင်းကို ရောက်အောင်သွားချင်တယ်။ ဘုန်းတော်ကြီးဆီက တရားရေအေးတွေကို နာကြားချင်တယ်။ အဲဒါမှ ငါခံစားနေရတဲ့ ဝေဒနာတွေ ပျောက်မှာမဟုတ်လား။

ဒီကျောက်ဂူကြီးထဲမှာ တစ်ယောက်တည်း နေရတာကတော့ စိတ်ချောက်ချားစရာပဲ။ ဒီနေ့မှာတော့ ငါ့ခြေထောက်တွေဟာ အရင်နေ့ကလောက် ဝေဒနာ မပြင်းထန်တော့တာကို ငါသတိထားမိတယ်။

ဒီအတိုင်းဆိုရင်တော့ မနက်ဖြန်မှာ ခြေထောက်မှာ ဝါးခြမ်းတွေ ညှပ်ထားရက်နဲ့ငါထကြည့်မယ်။ ငါ့စိတ်တွေဟာ လှုပ်ရှားနေတယ်။

ကပါလေ။ မနက်ဖြန်မရောက်ခင် ဒီတစ်ညလုံး အိပ်ရေးဝ



www.burmeseclassic.com

www.burmeseclassic.com



အောင်အိပ်လိုက်ဦးမှပါ

ကောင်းသောညပါ မဆောင်း

သတိရမိတယ် မဆွေဆောင်းရယ်။

■ ■ ■

ငါဟာ တောင်အောက်က ရွာကိုဆွဲတင်တယ်။ နံနက်စာကို စားပြီးပြီးချင်း ကျောက်ဂူကြီးရဲ့နံရံကိုမှီထိုင်လိုက်တယ်။ နောက်တော့ နံရံကိုအားပြုပြီး ခြေထောက်တွေကို ဖေးမလို့ထကြည့်လိုက်တယ်။

ငါ့တစ်ကိုယ်လုံးဟာ ခြေထောက်နှစ်ချောင်းပေါ်မှာလည်း ရပ်မိရော ခြေထောက်တွေက နာကျင်လွန်းလို့တာကြောင့် ဆက်မရပ်နိုင်တော့ဘဲ ရှေ့ဘက်ကိုလဲကျသွားတော့တယ်။

ငါဟာလဲနေရာက တော်တော်နဲ့မထနိုင်ခဲ့ဘူး။ ငါ့အဖြစ်ကို နားလည်သွားပြီ။ ငါဟာ မသေသေးမီကာလအထိ ဘဝရဲ့အကျဉ်းသား ဖြစ်ရတော့မှာပါလား။

ငါက ဒူးနဲ့လက်တွေကို အားပြုပြီးကုန်းထတယ်။ ကျောက်ဂူ အဝဟာ ငါနဲ့သုံးကိုက်အကွာမှာ ရှိနေတယ်။ ငါဟာ မင်းနာမည်ကို အော်ခေါ်ရင်း ရပ်လိုက်ပြန်တယ်။

မင်းက ငါ့ရှေ့မှာပေါ်လာတယ် မဆောင်း။

မင်းဟာ လှတုန်းပဲ။ ချစ်စရာကောင်းတုန်းပဲ။ ငါက မင်းရင်ခွင်





ထဲကို လဲကျသွားတယ်။

ငါသတိရတော့ ငါဟာ ကျောက်ဂူဝကိုရောက်နေကြောင်း သတိထားလိုက်မိတယ်။ ငါဟာ မင်းအတွက် မှာတမ်းကိုရေးနိုင်တဲ့အထိ ငြိမ်ငြိမ်လေးနေလိုက်မိတယ်။ ငါ့ခြေထောက်တွေက နာကျင်လွန်းနေပေမယ့် ကြိတ်မှိတ်ပြီးခံစားခဲ့တယ်။

မင်းကို ငါတကယ်ပဲတွေ့နေတယ် မဆောင်း။

ဒါပေမဲ့ မင်းက ငါ့ကိုတစ်ချက်လှည့်ကြည့်ပြီး ဂူအပြင်ကိုထွက်သွားတယ်။ ကိစ္စမရှိပါဘူး။ မင်းငါ့ဆီကိုပြန်လာမယ်ဆိုတာ ငါသိနေတယ်။

■ ■ ■

ဘာဖြစ်လို့ မင်းပြန်မလာတာလဲ မဆောင်းရယ်။

မင်းက ငါ့ကိုတကယ်ပဲ အဖော်မဲ့စေခဲ့ပြီလား။

အခုတော့ ကျောက်ဂူထဲကိုလှည့်ကြည့်ရင် မင်းကိုမတွေ့ရတော့ဘူး။ ငါတွေ့နေရတာတွေက ကြောက်စရာအရုပ်တွေ၊ ငါမုန်းတဲ့အရုပ်တွေ။

ငါ့ခြေထောက်တွေကတော့ လုံးဝရပ်လို့မရတော့ပါဘူး။ ကုစားလို့ရတော့ပါဘူး။ ငါဘယ်တော့မှ လမ်းလျှောက်နိုင်တော့မယ် မထင်တော့ပါဘူး။

■ ■ ■

www.burmeseclassic.com



မျှော်လင့်ချက်ကင်းမဲ့နေတဲ့ ဘဝမျိုးမှာ ငါဘာလို့အသက်ရှင်နေချင်ရတာလဲ။

ဒီကျောက်ဂူကြီးထဲမှာနေသမျှတော့ ငါ့အတွက်အစားအစာဟာ လုံလောက်နေမှာပဲ။ ရွာကလူတွေဟာ ပွဲကိုမမြင်ရပေမယ့် တောင်စောင့်နတ်၊ တောင်စောင့်နတ်ထင်ပြီး ပူဇော်ပသနေကြတယ်။ ဒီတော့ ငါ့အနေနဲ့ ဒီကျောက်ဂူကြီးထဲမှာနေရင် အစာငတ်ပြီးသေမှာတော့ မစိုးရိမ်ရတော့ပါဘူး။

ဒီကျောက်ဂူကြီးထဲက ထွက်သွားမယ်ဆိုတဲ့ မျှော်လင့်ချက်ကိုတော့ ငါမစွန့်လွှတ်ဘူး။ ငါဟာ ဘယ်လိုကာလမျိုးမှာပဲဖြစ်ဖြစ် တောထဲမှာလျှောက်သွားရင်း ငါလွတ်လမ်းကိုရှာရမယ်။

ငါဘယ်လိုလုပ်ပြီး လွတ်လမ်းကိုရှာရမလဲ။ တွားသွားမလား ဖင်ဒရွတ်တိုက်ဆွဲသွားမလား။

■ ■ ■

ငါ စိတ်ဓာတ်ကြံ့ခိုင်တယ်ဆိုတာ မင်းလည်းအသိပဲ။ ငါ့စိတ်ဓာတ်မှာ စွမ်းအားရှိတယ်။ ဒီတော့ ငါ့ဘဝကိုအလျှော့ပေးပြီး ငါဟာ သေမင်းကိုအလွယ်တကူ မတွေ့ဆုံခဲ့ခြင်းဖြစ်တယ်။ ငါ့မှာအင်အားရှိသမျှတော့ ငါအသက်ရှင်ရေးအတွက် ကြိုးစားသွားမယ်။

တစ်ဖက်မှာလည်း ငါ့အစ်ကို စံလုံးညိုကြောင့် ငါအသက်ရှင်





ရေးကို လိုလားခဲ့တယ်။ ငါ့အစ်ကိုဟာ ငါ့အပေါ်မှာလုံးဝမကောင်းခဲ့ဘူး။ ညှာတာထောက်ထားစိတ်မရှိဘူး။

ရွာရောက်တာနဲ့ ငါသေသွားပြီလို့ ဝမ်းသာအားရပြောနေမှာပဲ။ သူ့ကိုယ်သူတော့ ကိုယ်ရည်သွေးမှာသေချာတယ်။ ရွာကလူတွေက သူ့ကို အထင်ကြီးအောင်ပြောလိမ့်မယ်။

အဲဒါကြောင့် ငါအသက်ရှင်ဖို့ လှုပ်ရှားနေတာပဲ။ ဒါပေမဲ့ ဘယ်လိုလှုပ်ရှားရမလဲ။

အချိန်ဟာ ခပ်လှမ်းလှမ်းမှာမြင်နေတဲ့ မြစ်လက်တက်လေးလို တရွေ့ရွေ့လှုပ်ရှားကုန်လွန်ခဲ့တယ်။ ငါ့မှာတော့ အချိန်တိုင်းမှာ နာကျင်မှု စိတ်ဆင်းရဲမှု၊ မသာယာမှုတွေနဲ့သာ ရင်ဆိုင်ခဲ့ရတော့တယ်။ ကြာတော့ နက်ဖြန်ဆိုတာ ရောက်လာမှာကိုတောင် ငါကြောက်လာမိတော့တယ်။

နာကျင်စေမှုဆိုတဲ့ မကောင်းဆိုးဝါးကောင်ကတော့ ငါ့ကိုဆက်သက်နှိပ်စက်နေတော့မှာပဲ။ ဒီကောင့်ကို အသေသတ်နိုင်မှဖြစ်မယ်။ ဒီကောင့်မျက်နှာကို ငါမကြည့်ချင်ဘူး။

ငါက အနီးမှာရှိတဲ့ ဝါးလုံးပိုင်းပြတ်နဲ့ တအားလွှဲရိုက်လိုက်တယ်။

ထိခိုက်မိသံနဲ့အတူ ငါ့အနားမှာရှိတဲ့ အရုပ်တွေဟာ ကွဲထွက်သွားတယ်။ အရုပ်က ကွဲသွားတယ်ဆိုရင် ဘဲအရုပ်ထဲက ရော်ဘာလိုမိုအရာဝတ္ထုတွေ ထွက်လာတယ်။ အနံ့ကတော့ စိမ်းရွှေရွှေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအနံ့ကို ငါကောင်းကောင်းမှတ်မိတယ်။ မန္တလေးကို စစ်ကြီး မဖြစ်မီ ငါလာတုန်းက ဘိန်းစခန်းတစ်ခန်းကို လေ့လာတဲ့အနေနဲ့ရောက် ခဲ့တယ်။ အဲဒီကတည်းက ဘိန်းနံ့ကို သိခဲ့တာ မမေ့အထိပဲ။

ဟုတ်တယ်။ အရုပ်ထဲက ထွက်လာတာဟာ ဘိန်းတွေ။

ဘယ်အတွက်ကြောင့် ဒီအရုပ်ထဲကို ဘိန်းရောက်နေသလဲဆို တာ ငါစဉ်းစားကြည့်တယ်။

ဒီဂူကြီးကို စတွေ့ကတည်းက အရုပ်တွေဟာ ထူးခြားနေတယ်။ လက်ရာတွေဟာ မြန်မာပြည်က လက်ရာမဟုတ်တာကိုတော့ သိနေတယ်။

အင်း ငါသိပြီ။ ငါသိပြီ။ တရုတ်တွေရဲ့ လက်ရာပဲဖြစ်ရမယ်။

ရာဇဝင်အရဆိုရင် တရုတ်တွေဟာ ၁၃-ရာစုနှစ်လောက်က ကိုလိုနီနယ်ပယ်ချဲ့ထွင်ရေးအတွက် ဒီနေရာကို ရောက်ခဲ့ကြတယ်။ ဒါပေမဲ့ မြန်မာဘုရင်တွေက သူတို့ကိုမောင်းထုတ်တိုက်ခိုက်ခဲ့ကြတယ်။

ဒီအရုပ်တွေရဲ့ပိုင်ရှင်ဟာ ခေတ်မီတဲ့တရုတ်တွေဖြစ်ရမယ်။ အဲဒီ လူတွေဟာ ဘိန်းကုန်သည်တွေဖြစ်ရမယ်လို့ ငါတွေးမိတယ်။

ဘိန်းကုန်ကူးတဲ့လုပ်ငန်းကို မြန်မာပြည်မှာပိတ်ပင်ထားတာမို့ တရုတ်ကုန်သည်တွေဟာ ဒီတော်လမ်းက တဆင့်ခိုးသွင်းခဲ့ကြတာဖြစ် မယ်။ ဒီဂူကြီးရှိတဲ့နေရာကို လူတွေမလာဝံ့အောင် ဘိန်းကုန်သည်တွေက အရုပ်တွေကိုလာထားပြီး စခန်းချသွားတာဖြစ်မယ်။





ဖက်ဆစ်ဂျပန်က စစ်ဘီလူးကို မြန်မာ့ပြည်ထဲပို့လိုက်တော့ ဘိန်းကုန်သည်တရုတ်တွေအနေနဲ့ဒီဂူကြီးရှိတဲ့နေရာကို အရောက်မလာ နိုင်တော့ဘဲ အဆက်အသွယ်ပြတ်တောက်သွားတာဖြစ်မယ်။

ငါက ဘိန်းကိုတစ်ခါမှမစားဘူးပေမယ့် အခုတော့ ဖြစ်ချင်ရာ ဖြစ်ဆိုပြီး နည်းနည်းစားကြည့်တယ်။ စားကာစက ခေါင်းကိုက်သလိုရှိ တယ်။ နောက်တော့ မူးဝေပြီး သတိမေ့မျောသွားတယ်။

ငါ့ရဲ့ညှိရွယ်ချက်က နှစ်ပိုင်းရှိတယ်။ တစ်ပိုင်းက (၁၅)ပေမြင့် တဲ့ တောင်အောက်ကိုဆင်းဖို့ တစ်ပိုင်းက 'မင်းရှိတဲ့ငါ့ရွာကိုအရောက် ပြန်ဖို့ပါပဲ။

တစ်နေ့တော့ ငါဟာစာရွက်ပေါ်မှာလော့ကားပုံဆွဲပြီး တောင် အောက်က ငါ့ကိုကြည့်ညှိသူတွေမြင်သာအောင် ကြိုးနဲ့ဆွဲချပြီး ထားတယ်။ ဒါပေမဲ့ ဘာမှဖြစ်မလာဘူး။

နောက်တစ်ကြိမ်ထပ်ကြိုးစားခဲ့ပြန်တယ်။ ဘာမှမထူးခြားပြန် ဘူး။ ငါဟာ ပန်းချီဆရာတစ်ယောက်မဟုတ်ပေမယ့် ငါဆွဲထားတဲ့လော့ကား ပုံကတော့ မြင်တဲ့တွေ့တဲ့သူ သိနိုင်မယ်လို့ငါယုံကြည်တယ်။ ရွာသားတွေက နားလည်မှာပါ။ သူတို့ဘာလို့ မသိကြတာလဲ။ ဘာအကြောင်းကြောင့်ပဲ ဖြစ်ဖြစ် ငါဟာအကျဉ်းသားတစယောက်ပမာ ဖြစ်နေရတုန်းပါပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



တောထဲမှာရှိတဲ့ သစ်ပင်တွေဟာ လူတွေရဲ့မျက်နှာဖြစ်ကုန်တယ်လို့ ငါအိပ်မက်မက်တယ်။ အဲဒီ သစ်ပင်မျက်နှာတွေက ငါ့ကိုဝိုင်းကြည့်ပြီး ဟားတိုက်ရယ်မောနေကြတယ်။

နောက်တစ်ခါအိပ်မက်တစ်ခု မက်ပြန်တယ်။

ငါဟာ ကျောက်ဂူကြီးထဲက ရုပ်တုတစ်ခုဖြစ်နေတယ်။ ကယ်ဆယ်တဲ့သူတွေ ရောက်လာတယ်။ သူတို့ဟာ ကျောက်ဂူအနှံ့လိုက်ရှာပြီး

''သူ ဒီမှာမရှိဘူး''

လို့ပြောနေကြတယ်။ ငါက သူတို့မြင်သာအောင် လှုပ်ရှားပြတယ်။ ဒါပေမဲ့ သူတို့က မမြင်ဘူး။

''ဒီလူသေပါပြီ''

လို့ပြောပြီး ကယ်ဆယ်ရေးသမားတွေက ဂူထဲကထွက်သွားကြတယ်။

■ ■ ■

ငါဟာ ဝါးကျည်တောက် (၉)ခုထဲမှာ အကြောင်းကြားစာတွေ ရေးထည့်ထားတယ်။ အဲဒီ ဝါးကျည်တောက်တွေကို တစ်နေ့တစ်ခုမြစ်ထဲကို မျှောချဖို့စိတ်ကူးထားတယ်။

■ ■ ■

ငါ့ရဲ့ပထမခရီးစဉ်ဖြစ်တဲ့ (၁၅)ပေအမြင့်ကနေ တောင်ခြေကို





ဆင်းရမှာအတွက် စိုးရိမ်ခြင်းဖြစ်နေမိတယ် မဆောင်း။

မင်းငါ့ကို ဘာလို့လာပြီး မကယ်ထာလဲဟင်။

ငါ အကူအညီလိုနေတယ်။ ငါတစ်ယောက်တည်း မဆင်းရဲဘူး။

ငါမင်းကို စောင့်နေတယ်လေ။ ငါ့မှတ်ဆိတ်တွေဟာ ရင်ဘတ်ပေါ်ကိုတောင် ရောက်နေပြီ။ မင်းငါ့ကိုမှတ်မိပါတော့မလား မဆောင်းရယ်။ မင်းငါ့ကိုမှတ်မိမှာပါ။ မင်းငါ့ဆီကိုလာမှာပါ။

မင်းငါ့ဆီကိုလာနေတာကို မြင်တယ်။ ဟုတ်တယ်။

မင်းငါ့ဆီကို လာနေပြီ မဆောင်း။ မင်းဟာ ငါတမ်းတတဲ့အခါ ငါ့အနားကိုရောက်လာတယ်။ ငါ့အဖော်အဖြစ်ရှိနေတယ်။ မင်းက ချစ်စဖွယ်ပြုံးတယ်။ စကားတွေလည်း တတွတ်တွတ်ပြောနေတယ်။ မင်းသိပ်လှနေပါလား မဆောင်းရယ်။

ငါဘာကိုမှ မကြောက်တော့ဘူး။ မရွံ့တော့ဘူး။ ငါ့မှာသတ္တိတွေ စိတ်ဓာတ်ကြံ့ခိုင်မှုတွေရှိလာပြီ။

ငါက ဘာကိုမှမမေ့ခဲ့ဘူး။ ဒါကိုလည်း ငါက မင်းကိုတစ်ခါတုန်းက ပြောပြခဲ့ဖူးတယ်မဟုတ်လား။

ဒါတွေနဲ့ပတ်သက်ပြီး မင်းက အားလုံးကို နားလည်လိမ့်မယ်လို့ ငါယုံကြည်ထားတယ်။ ဒီစာသားတွေမှာ မင်းအတွက်မှတ်တမ်းတွေ ...သားခြင်းသာဖြစ်တယ်။ ဒီမှတ်တမ်းလေးကို မင်း ဗိုရှောင်ရေးရင်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာမှု၊ ငြိမ်းချမ်းမှုကို ငါရှာခဲ့ထားရခဲ့ပါပြီ။

ဒါကြောင့် ဒီမှတ်တမ်းကို ငါဆက်ရေးဖို့ မလိုတော့ဘူး။ ငါဟာ ဒီမှတ်တမ်းကို စိတ်ချလုံခြုံတဲ့နေရာမှာ သိမ်းဆည်းထားပြီး ဖြစ်လာမယ့် ပြဿနာ၊ ဖြစ်လာမယ့် အခြေအနေတွေကို ရင်ဆိုင်ပါတော့မယ် မဆောင်းရယ်။

■ ■ ■



## အခန်း (၈)

## အန္တရာယ်လွှမ်းတဲ့ လမ်းခရီး

စောဖတုံးက မှတ်တမ်းကိုဆုံးအောင်ဖတ်ပြီး သွားသောအခါ တုန်လှုပ်သွားမိသည်။ သူတို့သည် မှတ်တမ်းထဲတွင်ပါသည့် တစ်နေရာသို့ရောက်နေကြောင်းကို သတိထားမိသည်။

ကျောက်ဂူကြီးထဲတွင်ကား ဘာမှမရှိ။ ပုရွက်ဆိတ်တန်းများသာ ဟိုဟိုသည်သည်သွားလာနေကြသည်။

"မင်း ဒီမှတ်တမ်းကို ဖတ်ပြီး ဘယ်လိုထင်သလဲ ဩဂတ်စတင်း"

စောဖတုံးက ကောက်ကာငင်ကာ မေးလိုက်သည်။

"သူသေဆုံးသွားပြီလို့ ငါထင်တယ်"

ဟု ဩဂတ်စတင်းက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်လဲ"

"သူ ဒီဂူထဲကထွက်သွားတာဖြစ်ရမယ်"

"လှေကားမရှိဘဲနဲ့ထွက်သွားတာလို့ မင်းကပြောတာလား"

"ဟုတ်တယ် ဂူထဲက တောင်အောက်ကို ဆင်းဖို့ကြိုးစားရင်း လိမ့်ကျပြီး သေကောင်းသေသွားလိမ့်မယ်၊ ဒါမှမဟုတ် အောက်ကိုဆင်းသွားနိုင်မယ်ဆိုရင်လည်း ဝေးဝေးကိုမရောက်ခင် သေသွားကောင်းသေသွားလိမ့်မယ်"

"ဒီလိုဆိုရင် သူဒီနေရာမှာပဲ သေဖို့များတယ်၊ အဲဒါဆိုရင် သူ့ အလောင်း"

ဩဂတ်စတင်းက တွေဝေကာ စဉ်းစားနေပြီးမှ

"သူ့အလောင်းကို ပုရွက်ဆိတ်တွေက အစအနမကျန်အောင် စားပစ်လိုက်တာ ဖြစ်မယ်"

"ဟင် မင်းကလည်း အရိုးတော့ကျန်မှာပေါ့၊ ပုရွက်ဆိတ်တွေက အရိုးတွေကုန်အောင်တော့ စားနိုင်ပါ့မလား"

"ကပါလေ အဲဒါတွေတွေးရင်း ဦးနှောက်ပိုခြောက်လာလိမ့်မယ်"

"ဒီတော့ ငါတို့ မဆောင်းခင်ဆီကို ပြန်သွားပြီး ဒီမှတ်စုအုပ်ကိုပြလိုက်ရုံပဲ"

စောဖတုံးက မှတ်စုစာအုပ်ကလေးကို ရှေ့ဘူးကလေးထဲသို့





ပြန်ထည့်သည်။ ဩဂတ်စတင်းက ဂူအပြင်သို့ထွက်သွားသည်။

"စောဖတုံး"

ဩဂတ်စတင်းက ဂူဝမှလှမ်းခေါ်သည်။

"လာပြီဟေ့"

"ကိုမောင်ညို အောက်ကို ဘယ်လိုဆင်းသွားတယ်၊ ဒါမှမဟုတ် မဆင်းသွားခဲ့ဘူးဆိုတာ ငါတို့လေ့လာရအောင်"

"မင်းက ဘာကိုဆိုလိုချင်တာလဲ"

"ငါတို့တက်လာခဲ့တဲ့ လှေကားမရှိတော့ဘူး"

သူတို့နှစ်ယောက်သည် တောင်စွန်းမှအောက်သို့ ငုံ့ကြည့်လိုက်သည်။ အကယ်၍ လှေကားသည် ပြုတ်ကျခဲ့သည်ဆိုပါက လှေကားကို တောင်ခြေတွင်တွေ့ရမည်ဖြစ်သည်။ ယခုမူ ဘာကိုမှမတွေ့ရ။

"ငါတို့တွေ့ခဲ့တဲ့ ရွာသားတွေက ငါတို့ကိုသိပ်ပြီးလိုလားခဲ့ပုံမရဘူး ဩဂတ်စတင်း"

စောဖတုံးက ပြောသည်။

"သူတို့က ငါတို့ကို ဒီအပေါ်မှာ ရှိနေစေချင်ပုံရတယ်၊ နောက်ပြီး အရှာတာက သူတို့ဟာ ကိုမောင်ညိုကို လှေကားမပေးခဲ့"

"ငါတို့အောက်ကိုဆင်းဖို့ မြန်မြန်ဆန်ဆန် လုပ်မှဖြစ်မယ်"

သူတို့နှစ်ယောက်သည် နွယ်ကြိုးများဖြင့် အောက်သို့ပြန်ဆင်း



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ လှေကားမရှိတော့သဖြင့် အပေါ်သို့တက်တုန်းကကဲ့သို့ သူတို့မှာလွယ်လွယ်ကူကူမရှိခဲ့ချေ။ စောဖတုံး ဆင်းနေစဉ် နွယ်ကြိုးပြတ်ကျသွားသဖြင့် ခြေထောက် နာကျင်သွားသည်။

မည်သို့ပင်ဖြစ်စေ။ သူတို့နှစ်ယောက်သည် လာလမ်းအတိုင်း ပြန်နိုင်ခဲ့ကြသည်။ သူတို့သည် မြစ်လက်တက်အတိုင်း လိုက်ခဲ့ကြသည်။

''ငါတို့နောက်ကို ဘယ်သူမှလိုက်မလာဘူးဆိုရင်တော့ ငါတို့ဟာ ချောချောမောမော ပြန်ရောက်သွားမှာပဲ''

ဟု စောဖတုံးက ပြောသည်။

''ဒီလမ်းလေးကို ဘယ်သူအသုံးချသလဲ''

ဟု ဩဂတ်စတင်းက မေးသည်။

''မေးမယ်သာ မေးတာပါ၊ အဖြေကိုလည်း ငါမသိချင်သေးပါဘူး၊ ဘာပဲဖြစ်ဖြစ် ငါတို့အမှောင်ထဲမှာ ခရီးသွားရင်တော့ ပိုပြီးစိတ်ချရတယ်''

သူတို့နှစ်ယောက်သည် တစ်ညလုံးခရီးဆက်ခဲ့ကြသည်။ နောက်တစ်နေ့ နေထွက်လာသောအခါ တောလမ်းခရီးတစ်နေရာတွင် ခေတ္တရပ်နားကြသည်။ တောထဲမှာတွေ့သော သစ်သီးများကို ခူးဆွတ်စားသုံးကြသည်။ နေ့ခင်းဘက်တွင် နေပူရှိန်က အလွန်ပြင်းထန်သည်။ သူတို့နှစ်ဦးသည်အိပ်စက်ကြသည်။





ညနေတွင် ခရီးဆက်ခဲ့ကြပြန်သည်။ ညသည်နေ့ထက်ခရီးတွင်စေသည်။ ကောင်းကင်ပေါ်မှလရောင်ကို အားပြုပြီး သူတို့ခရီးဆက်ခဲ့ကြခြင်းဖြစ်သည်။

သူတို့နှစ်ဦးခရီးထွက်ခဲ့သော နှစ်ညလွန်မြောက်သောနေ့တွင်ဖြစ်သည်။ အရှေ့တက်ချိန်တွင် စောဖတုံးတို့အတွက် မမျှော်လင့်သော အန္တရာယ်များပေါ်ပေါက်လာသည်။

စောဖတုံးတို့လမ်းလျှောက်သွားနေစဉ် သေနတ်သံတစ်ချက်သည် တောထဲတွင် ပဲ့တင်ထပ်မြည်ဟီးသွားသည်။

စောဖတုံးတို့နှစ်ယောက်သည် တုံ့ဆိုင်းခြင်းမရှိဘဲ အနီးရှိ မြက်ပင်ရှည်ကြီးများထဲသို့ ပြေးဝင်လိုက်ကြသည်။

''ဘယ်ဘက်က ကြားတဲ့သေနတ်သံလဲ''

ဩဂတ်စတင်းက မေးသည်။

''အတိအကျတော့ မသိဘူး၊ ငါအခြေအနေကို ကြည့်လိုက်ဦးမယ်''

ပြောပြောဆိုဆိုပင် စောဖတုံးက ကုန်းထကာ မြက်ပင်ရှည်ကြီးများကို ဖြဲ၍ကြည့်လိုက်သည်။ ထိုစဉ် သေနတ်သံတစ်ချက်ကို ကြားလိုက်ရပြန်သည်။

''ငါတို့တော့ လူဆိုးတွေနဲ့တွေ့ရတော့မယ် ထင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



စောဖတုံးက ပြောသည်။

ထိုအခိုက် သေနတ်သံတစ်ချက်က ပေါ်လာပြန်သည်။

''ငါတို့ရှေ့ကိုက်သုံးရာအကွာလောက်မှာ လူဆိုးတွေရှိနေတယ်''

''မင်းက သူတို့ကို တွေ့နေရလို့လား''

''တွေ့တော့ မတွေ့ရသေးဘူး၊ ဒါပေမဲ့ မကြာခင်မှာ တွေ့ရလိမ့်မယ် ထင်တယ်၊ သူတို့ဟာ ငါတို့ရှိနေတဲ့ နေရာကိုလာကောင်းလာနေလိမ့်မယ်''

''ခန့်မှန်းရတာ လူဆိုးတွေဟာ မိုင်ဝက်လောက်မှာရှိမယ် ထင်တယ်''

''ငါတို့ ကံကောင်းတာက လူဆိုးတွေက ငါတို့ကိုမမြင်ရဘဲ ရမ်းပစ်နေတာပဲ''

သူတို့နှစ်ယောက်သည် မြက်ပင်များကြားတွင် မြှားပြားဝပ်ရင်း မှောက်နေကြသည်။

ဩဂတ်စတင်းက သူ့လွယ်အိတ်အတွင်းမှ ကိုမောင်ညို၏ရေဘူးကို စောဖတုံးကို ပေးသည်။

''ဘာ ဘာဖြစ်လို့လဲ''

''မင်း ဒီမှာနေခဲ့ပါ၊ ငါသူတို့ကို ကိုယ်ရှောင်ပြီး မင်းနဲ့ဝေးတဲ့နေရာ အရောက်ခေါ်သွားမယ်၊ ငါလွတ်လမ်းကို ငါကြည့်သွားနိုင်ပါတယ်





မင်းနဲ့ငါ မော်လမြိုင်ဈေးထဲမှာ ပြန်ဆုံကြမယ်''

''မဟုတ်သေးပါဘူး၊ မင်းနဲ့ငါဟာ အတူတူလာတာပါ''

''ဟုတ်တယ် စောဖတုံး၊ ငါတို့ဟာ ရည်ရွယ်ချက်တစ်ခုတည်းအတွက် ဒီကိုလာတာပါ၊ ငါတို့ဟာ ငါတို့လိုချင်တာကို ရခဲ့ပြီလေ၊ ဒီတော့ ငါတို့ဟာ လူခွဲသင့်ရင်ခွဲရမယ်၊ ငါတို့တစ်ယောက်ရဲ့လက်ထဲမှာ ဒီမှတ်တမ်းရှိနေဖို့က အရေးကြီးဆုံးပဲ၊ ကဲ ပါ၊ ငါနဲ့အငြင်းအခုံလုပ်မနေစမ်းပါနဲ့၊ ငါ့ကို သူတို့မဖမ်းမိနိုင်ပါဘူး၊ ငါက အရှောင်အတိမ်းတတ်ပါတယ်''

ဩဂတ်စတင်းက ကုန်းထပြီး မြက်တော၏တစ်ဘက်သို့ တဖြည်းဖြည်း ထွက်သွားသည်။ ထို့နောက် သူသည် အရှိန်သွက်သွက်ဖြင့် ဟိုကောက်သည်ကွေ့ ပြေးသည်။ ဩဂတ်စတင်းသည် ခဏအတွင်းမှာပင် စောဖတုံး၏မြင်ကွင်းထဲမှ ပျောက်သွားသည်။

ဩဂတ်စတင်း ထွက်ပြေးသွားသောဘက်မှ သေနတ်သံများ ကြားလိုက်ရသည်။ လူဆိုးတွေက ဩဂတ်စတင်း၏နောက်သို့ လိုက်နေပြီဟု စောဖတုံး နားလည်လိုက်သည်။

စောဖတုံး၏ရင်ထဲတွင် စိုးရိမ်စိတ်၊ ထိတ်လန့်စိတ်တို့ပြင်းထန်လာသည်။

မည်သို့ပင်ဖြစ်စေ သူ့အနေနှင့်တုံ့ဆိုင်းနေ၍မဖြစ်ပေ။ သူ့အတွက် အချိန်အရေးသာခိုက် ဤအန္တရာယ်တောမှလွတ်မြောက်အောင် ပြေးရ



www.burmeseclassic.com

www.burmeseclassic.com



မည်ဖြစ်သည်။

စောဖတုံးက ဝပ်နေရာမှ ကုန်းထလိုက်သည်။ စောဖတုံးသည် တောကြိုအုံကြားထဲတွင် ပြေးသွားရင်း ချုံပုတ်တစ်ခုအနီးသို့ရောက် သွားသည်။ စောဖတုံးသည် အနားယူရန် ချုံစပ်သို့ကပ်လိုက်သည်။ သူ့အနေဖြင့် ပင်ပန်းလွန်းနေပြီဖြစ်ရာ အနားယူရန်လိုအပ်နေသည်။

စောဖတုံးသည် ပတ်ဝန်းကျင်၏အခြေအနေကို အကဲခတ်၍ ချုံပုတ်ထဲသို့ဝင်လိုက်သည်။ ထိုအခါ သူ့အတွက် မမျှော်လင့်သောအရာ တို့ကို တွေ့လိုက်ရသည်။

ချုံပုတ်ထဲတွင် စက်ဘီးသုံးစီးကို တွေ့ရသည်။ စောဖတုံးသည် အခြေအနေကို ချက်ချင်း ရိပ်စားမိလိုက်သည်။ တောထဲတွင် တစ်နေရာ မှတစ်နေရာသို့သွားရန် စက်ဘီးများသည် အကောင်းဆုံးဖြစ်သည်။ ထိုနည်းကို ဖက်ဆစ်ဂျပန်တို့က သုံးခဲ့သည်။ လူဆိုးများက ဖက်ဆစ် ဂျပန်တို့ထံမှ အတုယူထားခြင်းဟု စောဖတုံးက နားလည်လိုက်သည်။

စောဖတုံးက စက်ဘီးသုံးစီးထဲမှအကောင်းဆုံးစက်ဘီးကို ရွေး ချယ်က တောလမ်းလေးအတိုင်း အရှိန်ပြင်းစွာဖြင့် နင်းလာခဲ့သည်။

မဆောင်းခင်၏မောင်လေး ဖိုးချမ်းကို ဘူးတရားက သူ့အိမ် သို့ခေါ်လာသည်။

''အစ်မရယ်၊ နင့်စွန့်စားမှုက မလွယ်ဘူးထင်တယ်နော်၊ နင်





စိတ္တဇဖြစ်ပြီး စိတ်ထင်ရာတွေလျှောက်လုပ်နေတာလား၊ ငါတို့ မောင်နှမ ပျောက်နေလို့ အဖေနဲ့အမေတို့ စိတ်ပူနေကြမှာ အမှန်ပဲ၊ ငါတို့ ရွာပြန် ကြရအောင်''

ဖိုးချမ်းက မဆောင်းခင်နှင့်တွေ့သည်နှင့် ပြောသည်။

''ကိုမောင်ညို မသေမှန်းသိလို့ အစ်မ မိတ်ဆွေနှစ်ဦးက သွား ရှာနေကြပြီ၊ ခဏသည်းခံစောင့်ပါဦး မောင်လေးရယ်၊ ကိုမောင်ညိုနဲ့ အစ်မ မတွေ့ရဘဲ ရွာကိုမပြန်ချင်ဘူး၊ လက်တစ်ကမ်းအလိုရောက်မှ ပြုတ်ကျတာမျိုး အစ်မ အဖြစ်မခံနိုင်ဘူး''

ဖိုးချမ်းက သည်နယ်သည်ဒေသမှာ နေရတာ မပျော်သလို ဖြစ်နေ၏။ မြစ်ကမ်းနားတွင် သွားထိုင်ပြီး တွေဝေငေးမောနေတတ် သည်။ မဆောင်းခင် သိပေမယ့် ကိုယ့်ဝမ်းနာကိုယ်သာသိသလို ဖိုးချမ်း အဖြစ်ကို မသိကျိုးကျွံပြုနေလိုက်ရသည်။

ဘူးတရားက အိမ်မှာအနေနည်းသည်။ အလုပ်ကိစ္စဖြင့် မြစ် ကြောင်းတစ်ကြောင်း သွားလာနေရသည်။ ဖိုးချမ်းက ဂျမီလာကို အားနာ သဖြင့် ထင်းခွဲ၊ ရေခပ် ကိစ္စများကို ကူညီလုပ်ကိုင်ပေးသည်။

''ဖိုးချမ်း နင်ရွာကို ပြန်ချင်နေပြီလား''

ဂျမီလာ ကွယ်ရာတွင် မဆောင်းခင်က မေးသည်။

''အစ်မ မပြန်သေးဘဲ ကျွန်တော်က ဘာလို့ပြန်ရမှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးချမ်း ဖိုးချမ်း နင် နင့်ကိုယ်နင်သာ လိမ်လို့ရမယ်၊ နင် ငါ့ကိုတော့ လိမ်လို့မရဘူး၊ နင့် မျက်လုံးတွေက ဂျမီလာကို စိတ်ဝင်စားနေတဲ့ အမူအရာတွေပေါ်နေတာ ငါမသိဘူး မှတ်သလား"

ဖိုးချမ်း မျက်နှာတွင် ရှက်သွေးဖြန်းသွားသည်။

"ဟုတ်တယ် အစ်မ၊ ငါ ဂျမီလာကို စိတ်ဝင်စားနေပြီ"

"လူငယ်တွေရဲ့သဘာဝကို အစ်မသိပါတယ်၊ မောင်လေးရယ် ဂျမီလာက မင်းကို လက်ခံလာအောင် ကြိုးစားပေါ့၊ အစ်မ မသိချင်ယောင်ဆောင်နေမယ်၊ အစ်မက အောင်သွယ်ပေးလို့တော့ မကောင်းဘူး ဟုတ်ပြီလား"

"အစ်မသိနေတာ ရှက်လိုက်တာ"

"ဘာမှရှက်မနေပါနဲ့ မောင်လေးရယ်၊ ဂျမီလာက [illegible] မိန်းပသားပီသတယ်၊ သူချက်တဲ့ ပဲကုလားဟင်းက အတော်စား[illegible] ကောင်းတယ်၊ အစ်မကို့အညာမှာလည်း ပဲပေါတော့ ဟန်ကျတာပေါ့"

"ဟာ အစ်မကလဲ"

ဖိုးချမ်းက မြစ်ကမ်းနားဘက်သို့ ပြေးထွက်သွားသည် မဆောင်းခင်က တဟားဟားနှင့်ရယ်မောရင်းကျန်ခဲ့သည်။

ဘာမှမကြာပါချေ။ ဖိုးချမ်းနှင့်ဂျမီလာတို့ ချစ်သူတွေဖြစ်[illegible] ကြသည်။ မဆောင်းခင်က ဂျမီလာကို ကျေးဇူးတင်နေမိသည်။ ဖိုး[illegible]





ကို ရှာမပြန်ချင်အောင် မေတ္တာတရားဖြင့် နှစ်သိမ့်ထား၍ဖြစ်သည်။ မဆောင်းခင်နှင့်ဂျမီလာက သမီးယောင်းမတော်စပ်ကြရတော့မည်မို့ ပို၍ ချစ်ခင်သွားကြသည်။

"စောဖတုံးနဲ့ဩဂတ်စတင်းတို့ တောထဲသွားကြတာ ကြာပြီ၊ ကျောက်ဂူကြီးကို ရှာမတွေ့သေးဘူး ထင်တယ်"

မဆောင်းခင်က ညည်းညည်းညူညူ ပြောသည်။

"စောဖတုံးက မှဆိုးဆိုတော့ ကျောက်ဂူကြီးကို တွေ့အောင် ရှာမှာပါပဲ၊ မတွေ့သေးလို့သာ ရက်ကြာနေတာပါ"

မဆောင်းခင်က ဂျမီလာတို့ ဘုရားကျောင်းသို့ သွားပြီး ဆုတောင်းနေမိသည်။ ထိုညတွင်

"ဟေ့ မဆောင်းခင်"

ခေါ်သံကြောင့် မဆောင်းခင်က လှည့်ကြည့်သည်။

"ဟင်"

မဆောင်းခင်၏မျက်လုံးများ အရောင်တောက်သွားသည်။ စောဖတုံးနှင့်ဩဂတ်စတင်းက မောင်ညိုကိုတွဲ၍ခေါ်လာသည်။

"မောင်ညို"

"မဆောင်း"

မဆောင်းခင်က မောင်ညိုထံသို့ ပြေးသွားပြီး တင်းကျပ်ဝင်တွဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ မောင်းညိုက လုံးဝမမှတ်မိနိုင်လောက်အောင် ဒဏ်ရာဒဏ်ချက်တွေနဲ့ ရုပ်ပျက်ဆင်းပျက်။ စောဖတုံးနှင့်သြဂတ်စတင်းတို့က တွဲခေါ်လာ၍သာ မောင်းညို ဟု ထင်မှတ်လိုက်ရခြင်းဖြစ်သည်။

"မောင်းညိုရယ် နင့်အဖြစ်က မသေရုံတမယ်ဆိုတာမျိုးပါလား"

"ဟုတ်တယ် မဆောင်း၊ သေတဲ့သူတောင် ငါ့လောက်မနာဘူးလို့ ပြောရမလိုဖြစ်နေပြီ"

မောင်းညိုကို သစ်ပင်ရိပ်တွင် ထိုင်ခိုင်းလိုက်သည်။

"မဆောင်းရယ်၊ နင် ငါ့နောက်ကို ဘာလို့လိုက်လာရတာလဲ"

မောင်းညိုက အသံမာမာဖြင့်ပြောသည်။

"နင်က ငါ့ခင်ပွန်းလောင်းလေ"

"ငါ့ကို စံလုံးညိုက သေပြီလို့ ထင်သွားတာ၊ ငါကို သေပြီဆိုတဲ့အသိနဲ့ နင်ဘာလို့မနေတာလဲ"

"နင်မသေဘူးဆိုတာ ငါ့နှလုံးသားထဲက သိနေတယ်၊ ဘယ်သူက သေတယ်ပြောပြော ငါမယုံဘူး၊ နင်နဲ့ငါနဲ့ မနော အာရုံချင်းက ဆက်နွယ်နေတာကို နင့်ကိုငါလာရှာတာ ကြာပြီ"

"မဆောင်းရယ်"

မောင်းညို၏မျက်ဝန်းအိမ်ထဲမှ မျက်ရည်များက ပါးပြင်ပေါ်သို့ လိမ့်ဆင်းကျလာသည်။ မဆောင်းခင်က မောင်းညိုကို ခေါင်းခါပြသည်။





မောင်းညို၏ပါးပြင်မှ မျက်ရည်များကိုလည်း တယုတယသုတ်ပေးသည်။

"မဆောင်းရယ်၊ နင် ငါ့အပေါ်မှာ သံယောဇဉ်ကြီးလိုက်တာ၊ ငါ့ဘဝက လူဖြစ်ရကျိုးနပ်သွားပြီ"

"ဟာ မဟုတ်တာပဲ၊ မဆောင်းခင်ဆိုတဲ့ မိန်းမက မောင်းညိုကို ချစ်တာ ဘယ်ဘဝရောက်ရောက် ချစ်နေမှာပဲဆိုတဲ့ စိတ်နဲ့ချစ်ခဲ့တာ"

"ငါ ဝမ်း ဝမ်းသာ"

ပြောရင်း မောင်းညိုက မေ့လဲသွားသည်။

"မောင်းညို မောင်းညို"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

## လာရာလမ်းကို ပြန်ခဲ့တယ်

စောဖတုံးသည် ပထမတွေ့ခဲ့ရသည့် ဂူအနီးသို့ရောက်လာသည်။ အချိန်မှာ မွန်းလွဲပြီဖြစ်၍ စောဖတုံးတစ်ကိုယ်လုံးမှာ ချွေးများဖြင့် စိုရွှဲနေသည်။ ထိုနေရာတွင် လမ်းကလေးမှာ ဆုံးသွားပြီဖြစ်သည်။ စောဖတုံးက စက်ဘီးကလေးကို ချုံပုတ်အတွင်းသို့ ပစ်ထားလိုက်သည်။

စောဖတုံးသည် မြစ်ကမ်းနံဘေးသို့ရောက်ရန် နာရီဝက်ကြာမျှ ခက်ရာခက်ဆစ် သွားရသည်။ စောဖတုံးက မြစ်အတိုင်း မည်သို့ စုန်ဆင်းရမည်ကို စဉ်းစားနေခိုက် သီချင်းသံကို ကြားရသည်။

လှေကြီးတစ်စင်းနှင့်မြန်မာစစ်သားအချို့ကို စောဖတုံးတွေ့ရသည်။ လှေဦးတွင် စစ်ဗိုလ်တစ်ဦးပါလာသည်။

လှေကကမ်းသို့ကပ်ပြီး စောဖတုံးကိုခေါ်သည်။ စောဖတုံး





အားရဝမ်းသာစွာဖြင့် လှေပေါ်သို့တက်လိုက်သည်။

"ကဲ ခင်ဗျားကြည့်ရတာ အတော် ပင်ပန်းနေပုံရတယ်၊ စိတ်အေးလက်အေးနဲ့ အနားယူလိုက်ပါဦး"

မြန်မာစစ်ဗိုလ်က ရည်မွန်သောစကားကို ဆိုသည်။ စောဖတုံးက ရှော့ရဲရဲ ပြုံးပြလိုက်သည်။

ထိုအခိုက် စစ်ဗိုလ်က တစ်စုံတစ်ရာကို အမှတ်ရသွားဟန်ရှိသည်။

"ခဏနေပါဦး စစ်အတွင်းတုန်းက သေခဲ့တဲ့လူတစ်ယောက်ကို ရှာဖို့ခင်ဗျား ဒီကိုလာခဲ့တာ မဟုတ်လား"

စောဖတုံးက ခေါင်းညိတ်ပြလိုက်သည်။

"ခင်ဗျားနဲ့ခင်ဗျားအဖော်တစ်ယောက်တို့ တောတွင်းထဲမှာလိုက်ရှာနေကြတာ မဟုတ်လား"

စောဖတုံးက အဖြစ်အပျက်ကို အကျဉ်းချုံး၍ ရှင်းပြလိုက်သည်။

"ခင်ဗျားတို့ကို သေနတ်နဲ့ပစ်ခဲ့တာဟာ တောတွင်းလူဆိုးတွေပဲ၊ ကျုပ်တို့က အဲဒီလူဆိုးတွေကို တိုက်ခိုက်ဖို့ လှည့်ကင်းထွက်လာကြတာ"

စစ်ဗိုလ်က ပြောပြသည်။ သူဆိုးများမှာ ဘိန်းကုန်ကူးသူများနှင့်ဆက်သွယ်မှုရှိကြောင်း စောဖတုံးကို စစ်ဗိုလ်က ရှင်းပြသည်။ စောဖတုံး၏စိတ်ထဲတွင် စစ်ဗိုလ်နှင့်အဖွဲ့ကို တောထဲသို့ပြန်သွားစေချင်



www.burmeseclassic.com

www.burmeseclassic.com



သည့်ဆန္ဒဖြစ်လာရသည်။ ဘုရားတရားမှာဘိန်းကုန်ကူးသူများနှင့်အဆက်အသွယ်ရှိနေသလားဟု သံသယဖြစ်သွားမိသည်။

"ကဲ မနက်ဖြန် မနက်မှာ ခင်ဗျားတို့ကိစ္စကို ကျွန်တော်သင့်တော်သလို စီစဉ်ပေးပါ့မယ်"

ဟု စစ်ဗိုလ်က စောဖတုံးကို အားပေးစကားပြောသည်။

ခဏကြာလျှင် လှေကြီးကိုကမ်းပါးဘေးတွင် ဆိုက်ကပ်ပြီးစစ်သားများက တောတွင်းထဲသို့ထွက်သွားကြသည်။ စောဖတုံးက ပင်ပန်းနွမ်းနယ်နေသဖြင့် လှေကြီးပေါ်တွင်ကျန်ခဲ့သည်။

အမှောင်ထုက တဖြည်းဖြည်း မင်းမူလာသည်။ ညမှာလည်းတဖြည်းဖြည်း အေးလာသည်။ ကောင်းကင်ပေါ်က ကြယ်လေးများကအရောင်တလက်လက်။

စောဖတုံးမှာ မောပန်းနေရုံမက ကျောက်တောင်ပေါ်မှဆင်းစဉ်က နွယ်ကြိုးပြတ်၍လိမ့်ကျခဲ့သဖြင့် သူ့ဒူးဆစ်မှာ နာကျင်နေသည်၊ စောဖတုံးမှာ အိပ်၍မရ။

သူ့နားထဲတွင် ဩဂတ်စတင်း နောက်ဆုံးပြောသွားသောစကားများကို ပြန်လည်ကြားယောင်နေမိသည်၊ မော်လမြိုင်တွင် ပြန်လည်ဆုံတွေ့ကြစို့ဟူသော ဩဂတ်စတင်း၏စကားက နားထဲမှမထွက်။

စောဖတုံးသည် လှေကြီး၏နံဘေးတွင်ပါလာသော လှေငယ်လေး





အတွင်းသို့ဆင်းလိုက်သည်။ ထို့နောက် လှေနှံချည်ထားသော ကြိုးကိုဖြေလိုက်သည်။ လှေငယ်သည် ရေစုန်တွင် မျောပါသွားလေပြီ။

စောဖတုံးသည် သူ့ဆုံးဖြတ်ချက်ကိုမှားသည် မှန်သည်ဟု မစဉ်းစားနိုင်ဘဲ လှေကိုသာ သတိထား၍မှဲ့ကိုင်လာသည်။ သို့သော် သူသည်များစွာပင်ပန်းနေပြီဖြစ်သည်။ သူ့မျက်လုံးများမှာ တဖြည်းဖြည်းစင်းသာသည်။ လေးလာပြီ။

ရေစီးထဲတွင် မျောပါရင်း စောဖတုံးသည် လှေကလေးပေါ်တွင်အိပ်မောကျသွားသည်။

လှေငယ်က တစ်စုံတစ်ရာကို ဝင်တိုက်မိတော့မှ စောဖတုံးသည်အိပ်ရာမှလန့်နိုးသွားသည်။ မျက်လုံးကိုဖွင့်ကြည့်လိုက်သောအခါ လှေစီးသင်္ဘော၏နံဘေးတွင် ရောက်နေကြောင်း စောဖတုံး သတိပြုမိတော့သည်၊ လှေကြီးပေါ်တွင် မဆောင်းခင်နှင့်ဂျမီလာကို တွေ့လိုက်ရသည်။

စောဖတုံးသည် ဝမ်းသာစွာဖြင့် လှေထဲမှ လူးလဲထလိုက်သည်၊ မဆောင်းခင်ကမ်းပေးသော လက်ကိုဆွဲကာ လှေကြီးပေါ်သို့တက်လိုက်သည်။

မဆောင်းခင်က သူကောင်းစွာနေကောင်းနေပြီဖြစ်ကြောင်းပြောပြသည်။ ဘုရားတရားက စစ်သားများမြစ်အထက်ပိုင်းသို့ဆန်တက်သွားသည်ကိုမြင်၍ စောဖတုံးတို့အတွက် စိုးရိမ်ကာ လိုက်လာခြင်းဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောပြသည်။

စောဖတုံးက သူတို့အဖြစ်အပျက်ကို အတိုချုံး၍ပြောပြလိုက်သည်။ စောဖတုံးနှင့်မဆောင်းခင်က ဩဂုတ်စတင်းကို စောင့်ရန် မော်လမြိုင်သို့သွားဖို့ စီစဉ်သည်။

စောဖတုံးက မှတ်တမ်းစာအုပ်ကလေးကို မဆောင်းခင်ထံသို့ ပေးသည်။ မဆောင်းခင်က မှတ်တမ်းစာအုပ်ကလေးကို ဖတ်ကြည့်နေစဉ် မဆောင်းခင်၏အမူအရာကို စောင့်ကြည့်နေမိသည်။ ထိုသို့ကြည့်နေရင်းပင် စောဖတုံးမှာ ပင်ပန်းလွန်း၍အိပ်ပျော်သွားပြန်သည်။

အိပ်ရာမှလန့်နိုးလာသောအခါ မဆောင်းခင်မှာ မတုန်မလှုပ်ထိုင်နေကြောင်းတွေ့ရသည်။ မဆောင်းခင်၏မျက်နှာရိပ်မျက်နှာကဲကို စောဖတုံးက မဆုံးဖြတ်နိုင်။

"ဖတ်လို့ မပြီးသေးဘူးလား"

ဟု စောဖတုံးက မေးလိုက်သည်။

"အစအဆုံး တစ်ခေါက်တော့ ဖတ်ပြီးပြီ"

ဟု မဆောင်းခင်က ပြောသည်။

"အရေးကြီးတဲ့နေရာကိုတော့ ထပ်ဖတ်ခဲ့တယ်၊ သူ့ခံစားချက်တွေကို ကျွန်မ နားလည်တယ်၊ တစ်ယောက်တည်းနေရတာ အကူအညီမဲ့နေတာ၊ နောက်ပြီး ချစ်ခြင်း မေတ္တာ"





"ခင်ဗျားစကားပြောပုံက အသက်ရှင်နေတဲ့လူတစ်ယောက် အကြောင်းကို ပြောပြနေသလိုပဲ"

"ဟုတ်တယ်လေ သူ့အလောင်းကို ရှင်တို့တွေ့ခဲ့လို့လား"

"ကျွန်တော်တို့ ဒီမှတ်တမ်းစာအုပ်ကလေးကလွဲလို့ တခြားဘာကိုမှ မတွေ့ခဲ့ဘူး။ ဒီကိစ္စမှာ ကျွန်တော်တို့စစ်အတွင်းတုန်းက သဘောမျိုး ခင်ဗျား နားလည်ထားစေချင်တယ်၊ စစ်သားတစ်ယောက် ပျောက်နေတယ်ဆိုရင် ကျန်တဲ့လူတွေက အဲဒီစစ်သားကို သေပြီလို့ လက်ခံထားကြတယ်"

"ဘာဖြစ်လို့ လက်ခံရမှာလဲ၊ ယုံကြည်ရမှာလဲ"

"ဘယ်လိုလုပ်ပြီး ခြေကျိုးပြီး၊ အားကုန်နေတဲ့လူတစ်ယောက်ဟာ အဲဒီ ဂူကြီးထဲက အောက်ကိုဆင်းနိုင်မှာလဲ၊ ကျွန်တော်တို့လို သန်သန်မာမာလူတောင်မှ တောင်ပေါ်ကလိမ့်ကျပြီး ဒူးမှာနာကျင်ခဲ့ရတယ် မဟုတ်လား၊ တောကြီးထဲမှာဆိုတာကလည်း သေခါစမှာတွေ့ရင်တွေ့ မတွေ့ရင်ကြာတော့ လုံးဝပျောက်ကွယ်သွားတတ်တာမျိုးပါ၊

ကိုမောင်ညိုဟာ လုံးဝပျောက်ကွယ်သွားတာပါ၊ တကယ်လို့ သူမသေသေးဘူးဆိုရင် သူ့ဆီက ဘာဖြစ်လို့ အဆက်အသွယ်မရတာတဲ့ သဲ သူကကော ဘာအကြောင်းကြောင့် ပျောက်နေရတာလဲ၊ ဒီအချိန်မှာ မဆောင်းခင်အနေနဲ့အေးအေးဆေးဆေး အိမ်ပြန်သင့်ပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မဆောင်းခင်၏မျက်လုံးအိမ်ထဲမှ မျက်ရည်များကျလာသည်။

"ရှင် အဲသလိုပြောလိမ့်မယ်လို့ ကျွန်မ ဘယ်တုန်းကမှ မထင်ခဲ့ဘူး"

"မဆောင်းခင် ဒီစကားကို ကျွန်တော်ပြောကို ပြောရမယ်၊ ခင်ဗျားအနေနဲ့လည်း ဒီစကားကို လက်ခံရမယ်၊ တကယ်လို့ သူသာ အသက်ရှင်နေဦးမယ်ဆိုရင် သူဟာ ခင်ဗျားနဲ့တွေ့ရအောင် အဆက်အသွယ်လုပ်လာမှာပဲ"

မဆောင်းခင်က သက်ပြင်းရှည်ကြီးချပြီး ခေါင်းကိုညိတ်ပြသည်။

"ကိုမောင်းညိုရှိတဲ့နေရာကို ရှင်တို့တွေ့လိမ့်မယ်လို့ ကျွန်မ မထင်ခဲ့ဘူး၊ အခု ရှင်တို့က ဒီမှတ်တမ်းကိုတွေ့ခဲ့တော့ ကျွန်မက ကျေးဇူးလည်းတင်၊ ဝမ်းလည်းသာမိပါတယ် ရှင်၊ ဒါပေမဲ့ ကျွန်မ မပြန်ခင် ကိုမောင်းညိုနဲ့ပတ်သက်ပြီး အတိအကျသိသွားချင်တယ်၊

ကျွန်မ ဘူးတရားတို့သားအဖနဲ့အတူနေရင်း သစ်ကုန်သည်တစ်ဦးနဲ့တွေ့ခဲ့တယ်၊ သူ့နာမည်က ဦးဘထွန်းတဲ့၊ ဦးဘထွန်းက မြန်မာပြည်အနှံ့အပြားကို အရောင်းအဝယ်ကိစ္စနဲ့ပတ်သက်ပြီး ရောက်နေတတ်သူဖြစ်တယ်၊ သူက လူအမျိုးမျိုးနဲ့တွေ့တတ်တယ်၊ သူနဲ့ကျွန်မလိုက်သွားမယ်၊ တွေ့သမျှလူတွေထဲမှာ ကိုမောင်းညို သတင်းကို စုံစမ်းမယ်"

"မဆောင်းခင် အဲဒါဟာ စိတ်ကူးယဉ်လွန်းလှပါတယ်"





"ဘာဖြစ်လို့လဲ စောဖတုံးရယ်"

"မဆောင်းခင် ပြောတာ မဟုတ်သေးဘူးလေ၊ လက်တွေ့အခြေအနေကို လေ့လာစမ်းပါ။ ကျွန်တော်တို့လက်ထဲမှာ အလွန်စိတ်ဝင်စားစရာကောင်းတဲ့ မှတ်တမ်းကို ရထားပြီ။ ဩဂတ်စတင်းကိုယ်တိုင် ဒီစာကိုရဖို့ အသက်စွန့်လိုက်ရပြီလား မသိဘူး။ ကျွန်တော်တို့ မော်လမြိုင်ကို အမြန်ဆုံးသွားပြီး ဩဂတ်စတင်းကို စောင့်နေမှဖြစ်မယ်"

နောက်တစ်နေ့တွင် စောဖတုံးနှင့်မဆောင်းခင်တို့က မော်လမြိုင်သို့ရောက်အောင်သွားကြသည်။ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် တည်းခိုကြသည်။ သုံးရက်မြောက်သောနေ့တွင် သူတို့နှစ်ဦးသည် ဩဂတ်စတင်းနှင့်တွေ့ဆုံသည်။

"မင်း ဘာမှမဖြစ်လို့ တော်ပါသေးရဲ့"

တွေ့တွေ့ချင်းပင် စောဖတုံးက ပြောသည်။

"ငါက ရှေ့ကပြေး လူဆိုးတွေက သေနတ်နဲ့လိုက်ပစ်တယ်၊ [illegible] ဒီပုန်းပြေးလွှားရင်း လူဆိုးတွေက ငါ့ကိုမျက်ခြေပြတ်သွားတယ်၊ [illegible] သွားရင်းလာရင်း ကရင်ရွာလေးတစ်ရွာကို ရောက်သွားတယ်၊ [illegible]တွေကို ငါက ပြောပြအကူအညီတောင်းတော့ သူတို့က ငါ့ကိုကျွေး[illegible]ခဲ့ရှောက်ထားကြတယ်၊ တောထဲမှာ ငါ့ကိုသေနတ်နဲ့လိုက်ပစ်တဲ့[illegible]တွေဟာ ဘိန်းကုန်ကူးနေတဲ့သူတွေတဲ့၊ အဲဒီ လူဆိုးတွေဟာ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ရွာကိုလည်း ရောက်လာပြီး ရိက္ခာတောင်းတယ်၊ မပေးရင် ရွာသားတွေကို နှိပ်စက်ညှင်းပန်းကြတယ်၊ ငါ့ကိုလည်း ဒီတောထဲကို ဘာလာလုပ်တာလဲလို့ မေးကြတယ်၊ ငါက ကိုမောင်ညိုကိုလာရှာတဲ့ အကြောင်းပြောပြတော့ သူတို့ရွာနဲ့မလှမ်းမကမ်းက ရွာမှာ ခြေထောက်နှစ်ဖက်ကျိုးနေတဲ့ လူတစ်ယောက်ကို ရွာသားတွေက ကယ်တင်ပြီး ကျွေးမွေးထားတယ်လို့ ပြောကြတယ်၊ ငါလည်း စိတ်ဝင်စားသွားတာပေါ့၊ အဲဒါနဲ့ ရွာသားနှစ်ယောက်ကို လိုက်ပို့ခိုင်းပြီး အဲဒီဒုက္ခိတကို သွားတွေ့တော့ ကိုမောင်ညို ဖြစ်နေတယ်''

''ဟင်''

မဆောင်းခင်၏မျက်နှာက ဝင်းလက်သွားသည်။

''ပြောပါဦး ဩဂုတ်စတင်းရဲ့''

''လာပါ ဈေးထဲမှာ ရပ်ပြောရတာ မကောင်းပါဘူး၊ မဆောင်းခင်က ဒကာလုပ်မယ်ဆိုတာ သိနေတော့''

သူတို့သုံးယောက်သည် လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့သွား၍ ထိုင်ကြသည်။ ဩဂုတ်စတင်းက စားပွဲပေါ်တွင် တွေ့သော မုန့်များကို ယူစားရင်း

''ကိုမောင်ညိုက ကျန်းမာရေး မကောင်းသေးဘူး၊ ဖက်ဆစ်ဂျပန်တွေ နှိပ်စက်ထားတဲ့ဒဏ်၊ ခြေကျိုးထားတဲ့ဒဏ်တွေကြောင့်ပေါ့





ကျွန်တော်က မဆောင်းခင်နဲ့ကျွန်တော်တို့နှစ်ယောက်က ကိုမောင်ညိုကို လိုက်ရှာနေတဲ့အကြောင်း ပြောပြတော့ သူတော်တော် အံ့သြသွားတယ်၊ ကျွန်တော်တို့ နှစ်ယောက် သူနေခဲ့တဲ့ ကျောက်ဂူကြီးကို ရောက်ခဲ့တဲ့ အကြောင်း၊ သူရေးထားပြီး ရေဘူးထဲမှာထည့်ထားခဲ့တဲ့ မှတ်တမ်းကို ယူလာခဲ့တဲ့အကြောင်း သူ့ကိုပြောပြလိုက်တယ်၊

သူက ရေဘူးထဲမှာ လေ့ကားပုံဆွဲထားတဲ့ စာရွက်ထည့်ပြီး ထောင်အောက်ကို ချထားတော့ ရွာသားတွေက လှေကားလုပ်ပြီး ထောင်ပေးထားတယ်တဲ့၊ ဒါပေမဲ့ သူက ခြေထောက်ကျိုးနေတာမို့ တောင်အောက်ကိုဆင်းလို့မရဘူး။

တစ်နေ့မှာတော့ သူ အခုရောက်နေတဲ့ ရွာကရွာသားတွေက ထောင်ကုန်းလေးနားကို ရောက်လာကြတယ်၊ တောင်ကုန်းလေးပေါ်မှာ ကျောက်ဂူကိုလည်းတွေ့တယ်၊ ဝါးလှေကားထောင်ထားတာကိုလည်း တွေ့တော့ အပေါ်ကိုတက်ကြည့်တယ်၊ ရွာသားတွေက ခြေကျိုးနေတဲ့ ကိုမောင်ညိုကိုတွေ့တော့ သနားသွားကြတာပေါ့၊ ကျောက်ဂူကြီးထဲမှာ အရိုးတွေကိုတွေ့တော့ အံ့သြသွားတာပေါ့၊ ရွာသားတွေက ကိုမောင်ညိုကို ထောင်အောက်ကို ခက်ခက်ခဲခဲ သယ်ချတယ်၊ ကျောက်ဂူထဲက အရိုးတွေကိုလည်း ယူတယ်၊ ရွာသားတွေက ကိုမောင်ညိုကို တစ်ထောက်တစ်လဲ ထမ်းပြီး ရွာကိုခေါ်လာကြတယ်''



www.burmeseclassic.com

www.burmeseclassic.com



''သူ အတော်ကံကောင်းတာပဲ''

''ကျွန်တော်တို့က ကိုမောင်းညိုကို မော်လမြိုင်ခေါ်ဖို့ စီစဉ်တယ်၊ ကိုမောင်းညိုက မလိုက်ဘူး။ သူနဲ့တွေ့ခဲ့တဲ့အကြောင်း၊ မဆောင်းခင်ကို မပြောဖို့ ကျွန်တော့်ကို အထပ်ထပ်အခါခါ မှာတယ်၊ ကျောက်ဂူထဲမှာ ရှိနေတုန်းက စိတ်ဓာတ်ကြံ့ခိုင်နေခဲ့တဲ့ သူဟာ အခုမှ ဘာလို့ စိတ်ဓာတ် ကျဆင်းသွားရသလဲဆိုတာ ကျွန်တော်စဉ်းစားလို့မရဘူး''

''ကိုမောင်းညိုရှိနေတဲ့ရွာကို ဩဂတ်စတင်း မှတ်မိတယ် မဟုတ်လား''

''မှတ်မိပါတယ်''

''ဒီနေ့တော့ ဩဂတ်စတင်း၊ အနားယူပါဦး၊ ကျွန်မက ရှင်ကို နှစ်ယောက်ကို ဂုဏ်ပြုတဲ့အနေနဲ့ ထင်ကျင်စားတော်ဆက်မှာ ထမင်း ကျွေးပါ့မယ်''

စောဖတုံးက ဩဂတ်စတင်းနှင့်လမ်းခွဲပြီး ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကို ဩဂတ်စတင်းအား ပြောပြခဲ့သည်။ မဆောင်းခင်က ဝမ်းသာနေပုံရသည်။

''သူနဲ့ကျွန်မက နှစ်ဖက်မိဘတွေက သဘောတူထားကြတာ၊ သူ ဒီဘဝရောက်မှ ကျွန်မ ဥပက္ခာပြုလို့ ဘယ်ဖြစ်မလဲ၊ သူ့အပေါ် သံယောဇဉ်ဖြစ်နေလို့ မိန်းမသားတန်မဲ့ ရှင်တို့ကို အကူအညီတောင်းပြီး





လိုက်ရှာနေတာ ဘယ်လောက်ကြာပြီလဲ၊ သူ့အစ်ကို စံလုံးညိုက သူသေ သွားပြီလို့ပြောတာကို ကျွန်မက မယုံကြည်ခဲ့ဘူး၊ သူမသေဘူးလို့ ကျွန်မ ထင်ထားတာတွေဟာ အခုတော့ လုံးဝမှန်သွားပြီ''

■ ■ ■

နောက်တစ်နေ့ နံနက်တွင် မဆောင်းခင်က စောဖတုံး၊ ဩဂတ် စတင်းတို့နှင့်အတူ ကိုမောင်းညိုရှိသည့် ရွာလေးသို့ လာခဲ့သည်။ ခရီးဝေး ၍ လမ်းကကြမ်းပေမယ့် မဆောင်းခင်၏မျက်နှာက ရွှင်လန်းနေသည်။ လမ်းခရီးတွင် မကြာခဏနားကြရသည်။ ညနေစောင်းမှ ထိုရွာကလေးသို့ ရောက်သွားကြသည်။

''ကိုမောင်းညို''

''ဟင် မဆောင်း မင်းငါ့ဆီလိုက်လာတယ်''

''လိုက်လာတာပေါ့ ကိုမောင်းညိုရယ်၊ ရှင်ပဲ ရှင့်ရဲ့မှတ်တမ်း ထဲမှာ ကျွန်မကို ရှင့်အနားမှာ ရှိနေစေချင်တယ်ဆို''

''ငါ့ဘဝက ဒုက္ခတရောက်နေပြီ မဆောင်းရဲ့''

''အဲဒါတွေကို ပြောမနေပါနဲ့တော့ ကိုမောင်းညိုရယ်၊ ရှင်နဲ့ ကျွန်မ အညာက ကျွန်မတို့ရွာကိုပြန်ဖို့ပဲစိတ်ကူးထား''

ကိုမောင်းညိုထံသို့ မဆောင်းခင်တို့ရောက်လာကြသဖြင့် ရွာသူ ရွာသားများက အထူးအဆန်းဖြစ်ကာ လာကြည့်ကြသည်။ မဆောင်းခင်

www.burmeseclassic.com



ဓါးမျက်နှာက ပြုံးရွှင်နေသည်။

မဆောင်းခင်သည် စောဖတုံးနှင့်ဩဂတ်စတင်းတို့၏ အကူအညီဖြင့် ကိုမောင်းညိုကို အညာသို့ခေါ်လာခဲ့သည်။

■ ■ ■

ကိုညိုအောင်က မင်းဒိဗ္ဗ၏စာမူကြမ်းကို ဖတ်ပြီး ပြုံးလိုက်သည်။

"ကောင်းတယ်ဗျာ၊ ဆရာ မင်းဒိဗ္ဗ ကျွန်တော့်မှတ်တမ်းကို ဆရာက ဇာတ်လမ်းဆင်ပြီးရေးလိုက်တော့ သိပ်ကောင်းသွားတာပေါ့"

"ကိုညိုအောင် မှတ်တမ်းထဲမှာက ကိုမောင်းညိုနဲ့မဆောင်းခင်တို့ အညာပြန်သွားတာမှာ အဆုံးသတ်ထားတယ်၊ ကျွန်တော် သိချင်သေးတာက သူတို့အညာကိုပြန်ရောက်ပြီး ဘာဖြစ်ကြသေးသလဲဆိုတာပဲ"

"ဘမောင်းညိုနဲ့ဘွားဆောင်းတို့ အညာက ရွာကိုပြန်လာတော့ ဘမောင်းညိုရဲ့မိဘနှစ်ပါးက မရှိတော့ဘူး။ ဘစံလုံးညိုက အဘိုးအဘွားတို့ကျန်ခဲ့တဲ့ လယ်ယာမြေတွေ၊ အိမ်တွေ၊ နွားတွေ၊ အတွင်းပစ္စည်းတွေကို အမွေရပြီး တောသူဌေးဖြစ်နေတာပေါ့။

ဘမောင်းညို ပြန်ရောက်လာတော့ သူအံ့ဩသွားတယ်။ ရွာကသူကြီးကလည်း တရားမျှတတယ်။ မိမွေဘမွေကို နှစ်ယောက်အညီအမျှ ခွဲဝေပေးတယ်။ ဘမောင်းညိုနဲ့ဘွားဆောင်းတို့ မင်္ဂလာဆောင်ကြတယ်။ ဘွားဆောင်းက လယ်ယာလုပ်ငန်းကို ဦးဆောင်လုပ်ကိုင်တယ်။ ဘမောင်း





ညိုက စီစဉ်ပေးရုံပဲ။ သူတို့နှစ်ဦးရဲ့သားသမီးတွေက ဆက်လက်ပေါက်ဖွားလာတော့ ကျွန်တော်တို့ဖြစ်လာတာပဲ"

"ကျွန်တော်က ဇာတ်လမ်းကို အဲသလို အဆုံးသတ်ချင်တာ၊ ဒီစာအုပ်ကို ကျွန်တော် အမြန်ဆုံးထုတ်ဝေမယ်၊ မနက်ဖြန် ကျွန်တော် ပြန်တော့မယ်၊ စာအုပ်ထုတ်ဝေပြီးတာနဲ့ ကိုညိုအောင်ကို စာအုပ်လက်ဆောင်နဲ့ အမှတ်တရလက်ဆောင်လာပေးဦးမယ်"

"ဒီည ကျွန်တော်ကလည်း နှုတ်ဆက်ညစာကျွေးမယ်ဗျာ"

ကိုညိုအောင်နှင့်မင်းဒိဗ္ဗတို့သည် ညစာစားရန် ထန်ကျင်းစားတော်ဆက်ရှိရာသို့ ထွက်လာခဲ့ကြပါသတည်း။

အစဉ်သဖြင့်
နိုင်ဗိမာန်



www.burmeseclassic.com